www.burmeseclassic.com

မင်းလူ

# ရယ်မောခြင်းလက်ကျန်



www.burmeseclassic.com

www.burmeseclassic.com

# နတ်သမီးစာအုပ်တိုက်

ရဲ့

# အစီအစဉ် (၅၂)

ပန်းရွက်ဝေ စာပေ
၃၂-လမ်း မှ
တစ်ပြည်လုံးသို့ ဖြန့်ချိသည်

နတ်သမီးစာအုပ်တိုက်
ဖုန်း - ၇၂၅၅၁၀၀ ၊ ၂၇၁၀၈၇
အမှတ် (၂၉၁)၊ လမ်း (၄၀)၊ (အထက်)
ကျောက်တံတားမြို့နယ်

www.burmeseclassic.com

www.burmeseclassic.com

### တို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | တို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | တို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | တို့အရေး |

### ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

"အမှာစာကို အရင်ဖတ်ပါ"

ကျွန်တော်သည် သဘာဝနှင့် ဟာသဝတ္ထုကလေးများကို ရေးသားပြီး စာအုပ်အဖြစ် စုစည်းထုတ်ဝေခဲ့ပါသည်။ ရှေ့ပိုင်းတွင် ရယ်စရာ မောစရာ (၁၉၈၇၊ ၁၉၉၅) ငိုအားနှင့် ရယ်အား (၁၉၉၆) ရင်မောခြင်းနှင့် ရယ်မောခြင်း (၁၉၉၇) တို့ ထွက်ရှိခဲ့ပါသည်။ ထိုစာအုပ်များထဲမှ ဇာတ်ဆောင်တွေ တူညီသော၊ ဇာတ်လမ်းချင်း အချိတ်အဆက်ရှိသော ဝတ္ထုများကို ရွေးထုတ်စုစည်းပြီး ရယ်မောခြင်း သက်ရွှေးစင် (၁၉၉၉) စာအုပ်ကို ထုတ်ဝေခဲ့ပါသည်။

ထိုအခါ သီးခြားဇာတ်လမ်းတစ်ပုဒ်စီအဖြစ် ရေးထားသော ဝတ္ထုများ ကျန်ရစ်ခဲ့သည်။ ယခု ထိုဝတ္ထုများကို စုစည်း၍ တင်ဆက်လိုက်ပါသည်။ ထို့ကြောင့် ဤစာအုပ်ကို "ရယ်မောခြင်း လက်ကျန်"ဟု အမည်ပေးလိုက်ခြင်း ဖြစ်ပါသည်။

ဤစာအုပ်တွင်

- နေ့မိုးရွာ
- ကညီပါနေခဲ
- ဘုန်းကြီးပါပေါင်
- ဒုံရင်း ဒုံရင်း

တို့ ပါဝင်ပါသည်။ ထိုဝတ္ထုများကို မဖတ်ဖူးသေးသူများနှင့် တစုတစ်စည်းတည်း ပြန်လည်ဖတ်ရှုလိုသူများအတွက်သာ သီးသန့်ရည်ရွယ် ထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။

ရိုသေလေးစားလျက်

မင်းလူ

www.burmeseclassic.com

www.burmeseclassic.com

ပထမအကြိမ် ရိုက်နှိပ်ခြင်း (၂၀၀၄၊ စက်တင်ဘာလ) အုပ်ရေ (၅၀၀)
စာမူခွင့်ပြုချက်အမှတ် | ၆၇၅ / ၂၀၀၄ (၅) | နှင့်
မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၇၇၆ / ၂၀၀၄ (၇) | တို့အရ
ဦးကျော်ဝဏ္ဏ (ယာယီ ၆၅၇) နတ်သမီးစာပေ၊
အမှတ် (၁၆၄)၊ အခန်း (၂၆)၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်မှ ထုတ်ဝေပြီး
မျက်နှာဖုံးနှင့် အတွင်းစာသားများကို ဦးဇော်မြင့်ဝင်း (၀၆၈၂၁)
ကာလာဒုံပုံနှိပ်တိုက် (၁၀၄/ဘီ)၊ ၃၁-လမ်း၊ ရန်ကုန်တွင် ပုံနှိပ်သည်။

တန်ဖိုး (၉၀၀) ကျပ်

# ရယ်မောခြင်းလက်ကျန်

## ပင်းလူ

www.burmeseclassic.com

www.burmeseclassic.com

နတ်သံမီးစာအုပ်တိုက်မှ ထုတ်ဝေပြီးသည့် မင်းလူ၏ စာအုပ်များ

၁။ ရွှေရောင်မမရဲ့ပုံတူ [ မင်းလူ၊ နီကိုရဲ၊ သွန်းနေစိုး ]
၂။ မင်းမဆိုးပါဘူး [ မင်းလူ ]
၃။ အချစ်သည် ဿက်တော်ရာကျော်ရှည်ပါစေသတည်း [ မင်းလူ ]
၄။ ခေတ်ပေါ်ငါးယောက် [ ဂျူး၊ မင်းလူ၊ ဝင်းဝင်းလတ်၊ နီကိုရဲ၊ သွန်းနေစိုး ]
၅။ အမည်မဖော်လိုသူအချစ် [ မင်းလူ ]
၆။ ရင်ထဲက ဆောင်းရာသီ [ မင်းလူ ]
၇။ ငှက်ကလေး [ မင်းလူ ]
၈။ သူတို့ပျော်ကြလေပြီ [ မင်းလူ ]
၉။ ဘာမှ မတတ်နိုင်ဘူး [ မင်းလူ ]
၁၀။ ခုနစ်စဉ်အလွှမ်း [ မင်းလူ ]
၁၁။ ဖော်ကွာဝေး [ မင်းလူ ]
၁၂။ သူငယ်ချင်းတစ်ယောက်အကြောင်း [ မင်းလူ ]
၁၃။ အသပြာလုလင် [ မင်းလူ ]
၁၄။ သူကလည်းသူ ကျွန်တော်ကလည်းကျွန်တော် [ မင်းလူ ]
၁၅။ သုံးနာညီ [ မင်းလူ ]
၁၆။ ကျွန်တော် ကျွန်မတို့သည် [ မင်းလူ ]



www.burmeseclassic.com

www.burmeseclassic.com



# နေပူမိုးရွာ

BURMESE CLASSIC .com

သူတို့ကိုယ် သူတို့ တေက်ပြားအုပ်စုဟု ခေါ်ကြသည်။ ဟိုးရှေးရှေးက နာမည်ကျော် စူပါသူခိုးကြီး တေက်ပြားကို အားကျပြီး မှည့်ခေါ်ထားခြင်း ဖြစ်သည်။

ခါးခေါ် ခါးပိုက်နှိုက်များ၊ ဓားခေါ် ဓားပြများလိုပင် သူတို့သည်လည်း ဥပဒေပြင်ပကလူများ ဖြစ်သည်။ သို့ရာတွင် တစ်အုပ်စုနှင့် တစ်အုပ်စု မစည်းလုံးမိကြချေ။

တကယ်တော့လည်း လူဆိုးသူခိုး ဆိုသူများသည် တစ်ခါတစ်ရံ ကိုယ့်ကိုယ်ကိုယ်ပင် သစ္စာဖောက်ချင် ဖောက်တတ်သူများဖြစ်ရာ တခြားအုပ်စုတွေနှင့် စည်းလုံးမှုရှိဖို့ မလွယ်ချေ။ ထို့ကြောင့်ပင် သူတို့ကို ဥပဒေဘက်တော်သားများက အမြဲအနိုင်ရနေခြင်း ဖြစ်သည်။ သူတို့တွေ အချင်းချင်း မရိုင်းပင်းကြခြင်းကပင် လူကောင်းသူကောင်းတို့အဖို့ ကံကောင်းနေခြင်းဟု ယူဆရမည်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဓားပြ**တွေက** သူတို့သည် လူချမ်းသာ၍ တိုက်ရဲသူများ ဖြစ်၍ သတ္တိရှိသူများ ဖြစ်သည်။ ခါးပိုက်နှိုက်များသည် လူအလစ်တွင်သာ နှိုက်ရကြသည်။ သူခိုးများကား အိပ်ပျော်နေသော လူများ၏ပစ္စည်းကို ယူခြင်းဖြစ်၍ သူရဲဘောနည်းသူများဟု ဆို၏။

ခါးပိုက်နှိုက်သူများကလည်း မိမိတို့သည် အနှိုက်ခံရမည့်သူနှင့် ပညာချင်းပြိုင်၍ အရယူခြင်းဖြစ်သည်။ ဓားပြတွေလို လက်နက်အား မကိုး။ သူခိုးတွေလိုလည်း ညအမှောင်ကို အကာအကွယ်ယူသူများ မဟုတ်ဟု ချေပကြသည်။

သူခိုးတွေကလည်း ဓားပြဆိုသည်မှာ လက်နက်မဲ့သူကို အကြောင်းမဲ့ သက်သက် အနိုင်ကျင့်ခြင်း ဖြစ်သည်။ လူသတ်တတ်သည်။ ခါးပိုက်နှိုက်များကား အဆင့်အတန်းနိမ့်သည်။ အုပ်စုလိုက် ဘင်းကျန်းတတ်သည်။ မိမိတို့လို တစ်ကိုယ်တော် မစွန့်စားရဲ။ မိုင်အခံ့ ကာရံထားသော အိမ်များထဲသို့ ပညာသားဝါပါ ထိုးဖောက် ဝင်ရောက်နိုင်သူများမှာ မိမိတို့သာဖြစ်၍ ဂုဏ်ယူထိုက်သည်ဟု ယူဆကြလေသည်။

၁ ၁ ၁

တောက်ပြားအုပ်စုများမှာ တစ်နေရာတွင် မကြာခဏဆုံကြသည်။ လူစုံတက်စုံတော့မဟုတ်။ ထိုနေရာသို့ ရောက်ခွင့်ကြုံသူများသာဖြစ်သည်။

ထိုအခါတွင် တစ်ယောက်နှင့် တစ်ယောက် အတွေ့အကြုံချင်း ဖလှယ်ကြသည်။ ဝါရင့်ပြီးသူတွေက နုသေးသူတွေကို သင်ခန်းစာပေးကြသည်။





"ခါးတွေ၊ ဓားတွေနဲ့ ငါတို့နဲ့ မတူတဲ့ ကိစ္စကတော့ သူတို့က လူအုပ်စုတောင့်မှ ကောင်းတာ၊ ငါတို့ကျတော့ လူနည်းလေ ကောင်းလေပဲ၊ အများဆုံး နှစ်ယောက်လောက်ပဲ ကောင်းတယ်၊ အကောင်းဆုံးကတော့ တစ်ကိုယ်တော်ပဲ၊ ငါတို့လို့ လူမျိုး ဆိုတာကကိုယ်က ကျူးရင် ကိုယ့်ဒူးတောင် ယုံရတာမဟုတ်ဘူး၊ စကားအဖြစ် ပြောတာမဟုတ်ဘူး ကိုယ့်လူတို့ တကယ်ကွ၊ တစ်ခါက ငါ အိမ်တစ်အိမ် ဝင်ခိုးရင်းက စားပွဲပေါ်တင်ထားတဲ့ ပန်းအိုးကို ဒူးနဲ့ဝင်တိုက်မိလို့ ပန်းအိုးက ကျကွဲရော၊ အိမ်ရှင်တွေ နိုးလာလို့ မနည်းလွတ်အောင် ပြေးခဲ့ရတယ်"

တစ်ကိုယ်တော် ဘကြိုင်က ပြောလိုက်သည်။ ဘကြိုင်ဆိုသော နာမည်မှာ သူ့နာမည်ရင်းတော့ မဟုတ်။ သူ့နာမည်ရင်းကိုတော့ ဘယ်သူမှ မသိကြချေ။ သူသည် အလုပ်ကလေးဖြစ်လို့ ငွေယားကလေးရှိပြီဆိုလျှင် သုံးလိုက်၊ ဖြုန်းလိုက်နှင့် နေတတ်သည်။ ဖဲကစားဝါသနာပါသည်။ မကောင်းသော အလုပ်ဖြင့်ရသော ပိုက်ဆံသည် မကောင်းသည့် နည်းနှင့်ပင် ကုန်တတ်သည့် သဘာဝအတိုင်း အမြဲလိုလို ဖဲရှုံးတတ်သည်။ ထို့ကြောင့်လည်း သူသည် အမြဲလိုလို 'ဘိုင်ကျ' နေတတ်သည်။ ဤသို့ဖြင့် သူ့နာမည် 'ဘကြိုင်' တွင်လာခြင်းပင်။

သူသည် အားလုံးထဲတွင် ဝါအရင့်ဆုံး အသက်အကြီးဆုံး ဖြစ်၏။ ငါးဆယ်နီးပါးပင် ရှိနေပြီ။ တကယ်ဆိုလျှင် သူ့အသက်အရွယ်နှင့် ဒီအလုပ်လုပ်ဖို့ မကောင်းတော့။ ဒီအလုပ်ဆိုတာကလည်း ကျော်ဟယ်လွှားဟယ် ပြေးဟယ်နှင့် သွက်လက် ဖျတ်လတ်နေမှ ကောင်းသည် မဟုတ်လား။

သူနှင့် သက်တူရွယ်တူ ခေတ်ပြိုင်တွေဆိုလျှင် တချို့လည်း



www.burmeseclassic.com

www.burmeseclassic.com



အမြင်မှန်ရပြီး ကောင်းရောင်း ကောင်းဝယ် လုပ်ကိုင်စားကြ တချို့လည်း အခြားပြစ်မှုမျိုးစုံနှင့် ထောင်ဒဏ် နှစ်ရှည်ကျခံနေကြရသည်။

သူသာလျှင် သားမယား သံယောဇဉ်ကလည်း မရှိ။ သုံးလွယ်ဖြုန်းလွယ်သဖြင့် ကုန်ခန်းသွားလိုက်၊ အကြံအဖန်ကလေး ပြန်လုပ်လိုက်ဖြင့် ဝဋ်သံသရာထဲမှာ လုံးလည်ချာလည် လိုက်နေတုန်း။

"သူခိုးဆိုတာ ဘယ်တော့မှ လက်နက်မကိုင်ရဘူးကွ၊ လက်နက်ဆိုတာ လက်ထဲမှာ အသင့်ရှိနေရင် အရေးကြုံလာတဲ့အခါ သုံးမိမှာပဲ။ တစ်မှုက နှစ်မှုဖြစ်အောင် လုပ်တာနဲ့ တူတူပဲ အကောင်းဆုံးက ဟန်ပုံမပေါ်ရင် ထွက်ပြေး၊ မြေးပေါက်မရှိဘဲဖြစ်နေရင် အသာတကြည် အဖမ်းခံလိုက်၊ ဝိုင်းရိုက်တော့မယ်ဆိုရင် မရှိလို့ လုပ်စားရတာပါ ဘာညာဆိုပြီး သနားလောက်အောင်ပြော၊ အိမ်ရှင်ကို ရန်မမူမိစေနဲ့ကွ၊ ငါ့သူငယ်ချင်း တစ်ယောက်ဆိုရင် အိမ်ရှင်က မိသွားတာကို ဓားနဲ့ထိုးသတ်လိုက်မိလို့ ထောင်အနှစ်နှစ်ဆယ် ကျသွားတယ်" ဟု ဩဝါဒပေးတတ်လေသည်။

"ကိုဘကြိုင်ပြောတာ မှန်တယ်ဗျ"

တစ်ယောက်က ထောက်ခံလိုက်သည်။

"ဟုတ်တယ်၊ ကိုယ်ကကျူးရင် ကိုယ့်ဒူးတော်င် မယုံရဘူးဆိုတာ သိပ်မှန်တယ်"

မဟာကာဘော်လိပ်က ဝင်ပြောသည်။ ညီဖြစ်သူ စူဠကာဘော်လိပ်က သူ့အစ်ကိုကို မျက်ထောင့်နီကြီးနှင့် မကျေမနပ် ကြည့်လိုက်၏။

၁ ၁ ၁





သူတို့ ညီအစ်ကိုသည် သူခိုးသာ ဖြစ်မလာဘူးဆိုလျှင် လေယာဉ်ပျံ တီထွင်သူ 'ရိုက်ညီနောင်'လို ကျော်ကြားကောင်း ကျော်ကြားသာနိုင်ပေသည်။

သူတို့နှစ်ယောက်ကား အဆောက်အအုံတစ်ခု အတွင်းသို့ ဖောက်ထွင်းဝင်ရောက်ရာတွင် ပစ္စည်းကိရိယာ အမျိုးမျိုးကို အသုံးပြုခြင်း၌ အလွန်ဝါသနာထုံ၏။

ညီဖြစ်သူသည် နိုင်ငံခြား ရုပ်ရှင်ကားများထဲမှ ဆန်းထူးထူးသော ပစ္စည်းကိရိယာဆန်းတို့ကို သုံးပြီး ဘဏ်တိုက်ကြီးတွေ၊ ရတနာတိုက်ကြီးတွေကို ဖောက်ထွင်းသည့် စာရမင်းသားတွေကို အလွန်အားကျသည်။ ထိုသို့သောနည်းဖြင့် ကြီးကြီးကျယ်ကျယ် ခိုးယူသော လူတစ်ယောက်အကြောင်းဖြစ်သည့် ဒိုင်ယာဘောလစ် ဇာတ်ကားအကြောင်းကို မကြာခဏ တဖွဖွပြောသည်။ ဒိုင်ယာဘောလစ် ဖြစ်ချင်၏။ ထို့ကြောင့် သူ့ကို ဒိုင်ယာဘောလစ်နှင့် ခပ်ဆင်ဆင် ကာဘော်လိပ်ဟု ခေါ်ကြခြင်း ဖြစ်သည်။ သူက အငယ်ဖြစ်၍ စူဠကာဘော်လိပ်။ သူ့အစ်ကိုကို မဟာကာဘော်လိပ်ဟု ခေါ်ကြ၏။

သူတို့ညီအစ်ကို နှစ်ယောက်သည် သော့တူအမျိုးမျိုး၊ လွန်ပူများ၊ မှန်ဖြတ်စိန်သွား၊ သံဖြတ်ကတ်ကြေး စသည့်တို့ကို ကျွမ်းကျင်စွာ အသုံးချတတ်သည်။

ထို့အပြင် သူများတွေ မသုံးဖူးသေးသော နည်းများကိုပင် တီထွင် အသုံးပြုတတ်၏။ အောင်မြင်ခဲ့တာတွေလည်း ရှိသည်။

စတိုးဆိုင်တစ်ဆိုင်ကို ဖောက်ထွင်းဝင်ရောက်ဖူးသည်။ ဆိုင်ပိုင်ရှင်က သူ့ဆိုင်၏ လုံခြုံမှုကို အထင်ကြီးထားပုံရ၏။ ဖြစ်နိုင်လောက်သည်။ တံခါးက သံတံခါးဖြစ်သည်။ ဘယ်လိုမှ ဖောက်ထွင်းဖို့ မလွယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နည်းပဲ ရှိသည်။ ဆွဲတံခါးဖြစ်၍ အောက်ခံဘီးကို မြောင်းထဲက လွတ်အောင်မပြီး အံလွဲအောင်လုပ် လူတစ်ကိုယ်စာ ဝင်နိုင်အောင် ဟရမည်။ ဒါကလည်း အတော်မလွယ်သည့် ကိစ္စ၊ သံတံခါးကြီးကို ဆွဲမဖို့ လူအင်အားအနည်းဆုံး ဆယ်ယောက်လိုမည်။ လူနည်းနည်းနှင့် တိတ်တိတ်ဆိတ်ဆိတ် လုပ်ရမည့်ကိစ္စမှာ လူဆယ်ယောက်လောက် 'ဟေး ဟား ဗလေဆူပ်'အော်ပြီး လုပ်နေလို့ ဘယ်ဖြစ်ပါ့မလဲ။

သို့ရာတွင် သူတို့ညီအစ်ကို နှစ်ယောက်တည်းနှင့် ဖြစ်အောင် လုပ်သွားသည်။ မော်တော်ကား ဂျိုက်ထောက်ရာတွင် သုံးသော 'ဂျိုက်'ကို အသုံးပြုသည်။ လေးငါးတန်ရှိသော ကားကြီးတွေကိုပင် မြောက်ကြွသွားအောင် ဂျိုက်ထောက်လို့ ရသေးတာ၊ သံတံခါးလောက်က အသာကလေးပင်။

သူတို့ အောင်မြင်သည်။ မြုံးမြုံးမြတ်မြတ်ကလေး စားလိုက်ရသည်။ သို့ဖြင့် နေ့ခက်တစ်ကြိမ် အကြံကြီး ကြံကြပြန်၏။

ဒီတစ်ခါ ပိုပြီး အနုစိတ်ရသည်။ ပစ္စည်းကိရိယာစုံအောင် ယူသွားရသည်။ ရေစုပ်စက် မော်တာတစ်လုံးကို ဝင်ဖြုတ်ကြမည် ဖြစ်သည်။

ကြိုတင်စနည်းနာထားချက်အရ သိထားသမျှမှာ မော်တာက ဂျပန်လုပ် အသစ်စက်စက်ဖြစ်သည်။ အပြင်ဈေးငါးထောင်လောက် တန်သည်။

ည လူခြေတိတ်ချိန်လောက်တွင် သူတို့ညီနောင် ခြံစည်းရိုးနား ချဉ်းကပ်သွားသည်။ သံဆူးကြိုး အဟောင်းတွေ လျော့ရိလျော့ရဲ ကာထားသဖြင့် သိပ်မခက်ခဲဘဲ ဝင်နိုင်သည်။





ညီဖြစ်သူ ကာဘော်လိပ်က နိုင်ငံခြားရုပ်ရှင်ကားတွေထဲကလို မျက်နှာတွေ လက်တွေကို ဆေးမည်းခြယ်သွားဖို့ အကြံပေးခဲ့သေးသည်။ အစ်ကိုက

"မလိုပါဘူးကွာ၊ ငါတို့အသားက နဂိုတည်းက မည်းပြီးသားပါ"

ဟု ပယ်ချလိုက်သည် သို့တိုင်အောင် ညီကာဘော်လိပ်က ဂျာကင်နက်ပြာရောင်နှင့် ဘောင်းဘီအနက်ကို ဝတ်ပြီး ကင်းဗတ်ဖိနပ်ကို ဆေးမည်းသုတ်၍ စီးလာခဲ့သည်။ ခါးမှာ သူကိုယ်တိုင် တီထွင်ထားသော ခါးပတ်။ ပလာယာ၊ ဝက်အူလှည့်၊ လွန်သွား စသည်တို့ကို သူ့နေရာနှင့် သူ တည့်ထားချိတ်ထားနိုင်သည်။ ကျောကုန်းမှာတော့ ဒီနေ့ကိစ္စအတွက် အရေးပါဆုံးဖြစ်သည့် ဂက်စ်ဘူး။ သူ့ကိုယ်သူ ရေငုပ်သမားတစ်ယောက်နှင့် တူသည်ဟု ထင်ပြီး အတော်ကျေနပ်နေမိသည်။

အုတ်တိုက် အဆောက်အအုံငယ်ကလေးဆီသို့ ကျွမ်းကျင်တိတ်ဆိတ်စွာ ပြေးကပ်လိုက်ကြသည်။ အရေးအကြီးဆုံး အပိုင်းက တံခါးကို ဖွင့်ဖို့ပင် ဖြစ်သည်။ တော်ရုံတန်ရုံနှင့် ဖွင့်ဖို့ မလွယ်။ တစ်မတ်နီးပါးရှိသည့် သံတံခါး။ သော့ကလည်း အာမခံ သော့ကြီး။

သို့ရာတွင် ကိစ္စမရှိ။ သူတို့မှာ ပစ္စည်းကိရိယာတွေပါသည်။

အစ်ကိုဖြစ်သူက လက်တို့လိုက်သောအခါ ညီက ဆိတ္တူရှင်းအငယ်စားလေးဖြင့် ကလန့်လိုက်သည်။ သော့ကွင်းပြုတ်ထွက်သွား၏။ ညီဖြစ်သူက ဝမ်းသာအားရဖြင့် စိတ်လောကြီးပြီး သော့ကို ဖြုတ်ရန် လှမ်းကိုင်လိုက်သည်။

"အမယ်လေးဗျ"

လန့်ပြီးအော်သည်။

၁၁၁



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောကောင်းမလဲဗျာ၊ ခွေးပြေးဝက်ပြေး ပြေးလိုက်ရတာ
ဘယ့်နှယ်ဗျား ဂက်စ်မီးတောက်နဲ့ ဒီလောက်တောင် အမှုပေးထားတဲ့
သော့ကို သွားကိုင်တာကိုး၊ ဒီကောင်က အဲဒီလောက် စိတ်မချရတာ"

မဟာကာဘောလိပ်က သူ့ညီကို အပြစ်တင်သည်။ စူငှက
ဘော်လိပ်ကလည်း။

"အောင်မယ်၊ မင်းကကောကွ၊ လူတွေနိုးပြီး ထလိုက်တော့
ကိုယ်လွတ်ရုန်းပြီး တစ်ယောက်တည်း ပြေးတာ မဟုတ်လား
ငါ့မှာသာ ဂက်စ်ဘူးကြီးက တစ်ဖက်၊ ပစ္စည်းကိရိယာတွေ
ထိုးလိုးတွဲလောင်းနဲ့ အထွက်မှာ ခါးပတ်က သံဆူးကြိုးနဲ့
ငြိပြီးကဏန်းလက်မတစ်ခုနဲ့ ပလာယာတစ်ခု ကျကျန်
ခဲ့သေးတယ်၊ ကိုယ်က မရတဲ့အပြင် ကိုယ့်ဆီက ပစ္စည်းတောင်
ပြန်ပါသွားသေးတယ်"

"ဟား ဟား ဟား အစ် အစ် အစ်"

ဖိုးထောင်က သူတစ်ယောက်တည်းသာ ရယ်တတ်သော တကို
ကျိအသံဖြင့် ရယ်လိုက်သည်။ ထို့ကြောင့်ပင် သူ့ကို ပုရစ်ဟု ခေါ်ကြ





ခြင်း ဖြစ်သည်။

"မင်းတို့ ညီအစ်ကိုနှစ်ယောက်က သိပ်မထူးပါဘူးကွာ၊ ဟိုပုံပြင်
ရှိပါရောလား၊ ကျေးညီနောင်လေ၊ လေမုန်တိုင်းကျပြီး တကွဲစီ
ပျံသွားကြတာ၊ တစ်ကောင်က သူတော်ကောင်း ရသေ့ကြီးဆီ
ရောက်ပြီး တစ်ကောင်က လူဆိုးတွေဆီ ရောက်သွားတာလေ၊
မင်းတို့ ညီအစ်ကိုကတော့ လေမုန်တိုင်း တိုက်ရင် လူဆိုး
တွေဆီကိုချည်း နှစ်ကောင်စလုံး သွားထက်ငါ ဦးအောင်
ပျံကြမယ် ကောင်တွေ"

ညီအစ်ကို နှစ်ယောက်က ပုရစ်ကို တစ်ယောက် တစ်ခွန်းစီ
ပျစ်ပျစ်နှစ်နှစ် ဆဲလိုက်သည်။

ဆေးပေါ့လိပ်တိုကလေးဖွာ၍ မှိန်းရင်း လှဲနေသော မော်ဆရာ
က ထထိုင်လိုက်ပြီး

"အင်း... ကိုယ်နဲ့ အဖော်ခေါ်သွားတဲ့ သူက အသုံးမကျရင်
ပြဿနာ ဖြစ်တတ်တယ်ဆိုတာ မှန်ပါတယ်၊ တစ်ခါတစ်လေ
ကျတော့လည်း အဖော်မပါဘဲ တစ်ယောက်တည်း ခံရတတ်
တယ်ကွ"

၁၁၁

မော်ဆရာသည် ဝါးထရံကို အသာဖြဲ၍ လျှို့ဝင်လိုက်သည်။
အိမ်ထဲရောက်ပြီ။ လက်မောင်းမှာ ချည်လာသော လက်ဖွဲ့ကို စမ်း
ကြည့်သည်။ ဒီလက်ဖွဲ့က အလွန်စွမ်းသည်။ လက်ဖွဲ့အစွမ်းကြောင့်
တော်ရုံတန်ရုံဖြင့် သူ့ကို လူတွေမမြင်နိုင်။ ဒီညအဖို့ ပိုတောင်မမြင်နိုင်၊
မီးတွေ ပြတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ခြေသံကို လုံအောင်ထိန်းပြီး နေရာရွှေ့လိုက်သည်။ မှောင်ထဲမှာ မျက်စိကျင့်သားရအောင် ခဏစောင့်သည်။ ညအမှောင်မှာ ကြည့်နေကျမို့ အမြင်အာရုံက ခဏချင်းမှာ ထက်မြက်လာသည်။

နေ့လယ်က အိမ်မှားဝင်မိသလိုလိုနှင့် လေ့လာထားခဲ့သည့်အတိုင်း ကက်ဆက်က စားပွဲပေါ်မှာ ရှိနေသည်။ ထိုနေရာသို့ အသာကလေး ရွှေ့လာသည်။ ကက်ဆက်ရှိရာသို့ လက်အလှမ်းလိုက်တွင်

"ဟေ့ကောင်၊ မလှုပ်နဲ့"

တုံ့ခနဲဖြစ်သွားသည်။ အိမ်ရှင် နိုးနေပြီ။

"ခွေးမသား၊ မင်း ဝင်လာကတည်းကသိလို့ စောင့်နေတာကွ"

အိမ်ရှင်သည် သူနှင့်လေးငါးပေအကွာမှာ ရပ်နေသည်။ လက်ထဲမှာ တစ်ခုခုရှိကြောင်း သူခန့်မှန်းမိသည်။ ဓားမြှောင်ဖြစ်မည်။ သူ့ကို အလစ်ဝင်မဆော်ပုံထောက်တော့ သိပ်သတ္တိကောင်းမည့်ပုံမပေါ်။ ဟန်ကိုယ့်ဖို့ လုပ်ရမည်။ ထွက်ပြေးစရာ ထွက်ပေါက်ကလည်း မရှိ။ ထရံကိုဖြိုပြီး ပြန်ထွက်ဖို့လည်း အချိန်ရမည်မဟုတ်။

အိမ်ရှင်က ရှေ့မတိုးရဲဘဲ ဖြစ်နေသည်။ ထို့ကြောင့် မော်ဆရာက သူ့မှာလည်း လက်နက်ရှိနေသည့် ဟန်မျိုးဖြင့် လက်ကို တစ်ခုခု ကိုင်ထားသလိုလုပ်ပြီး နည်းနည်းမြှောက်လိုက်သည်။

အိမ်ရှင်က နောက်တစ်လှမ်း ဆုတ်သွား၏။ ဟန်ကျပြီ။ မော်ဆရာ ရှေ့တစ်လှမ်းတိုးသည်။ အိမ်ရှင် ထပ်ဆုတ်သည်။

"ဟေ့ကောင် သူခိုး၊ ရှေ့မတိုးနဲ့နော်"

သူခိုးက မပြေးရဘဲ အိမ်ရှင်က ပြေးမည့်ကိန်းနှင့် လာဆိုက်နေပြီ။ မော်ဆရာက အခွင့်အရေးကို သက်လွှတ်မခံ။ ရှေ့ဆက်တိုးသည်။ အိမ်ရှင်က နှစ်လှမ်းသုံးလှမ်း ဆုတ်သည်။





မှောင်ထဲမှာမို့ နည်းနည်းဝေးသွားလျှင် ကောင်းကောင်း မမြင်ရတော့။ ခုနေခါထွက်ပြေးရ ကောင်းမလား ။ မဖြစ်သေး။ တစ်ချက်လောက်တော့ ထပ်လှန့်လိုက်ရဦးမည်။ မော်ဆရာ ရှေ့တစ်လှမ်းအတိုး

"ဟေ့ကောင် မင်းနော် ထပ်မတိုးနဲ့တော့၊ ငါထပ်ပြီး နောက်ဆုတ်လို့ မရတော့ဘူး၊ ထရံနဲ့ကျောနဲ့ ကပ်နေပြီ"

အိမ်ရှင့်အသံက တုန်နေပြီ။ မော်ဆရာက အခွင့်သာခိုက် ခုန်အုပ်မည့်ဟန်ဖြင့် ဟေ့ ... ဆို ခြောက်လိုက်သည်။ အိမ်ရှင်ကလည်း ယောင်ပြီး လက်ထဲက ဓားမြှောင်ကို လွှတ်ချ၍

"သ... သ... သ"

အထစ်ထစ်အငေါ့အငေါ့။ သူခိုးဟု အော်တော့မည်။ မော်ဆရာက ခုန်အုပ်လိုက်သည်။ နှစ်ယောက်သား လုံးထွေးနေသည်။ မော်ဆရာက ခိုရာကို လှမ်းထိုးသည်။ မျက်ခွက်ကို ထိုးမိ၏။ အိမ်ရှင်ကလည်း ခြေထောက်ဖြင့် ကြောက်ကန်ကန်ထည့်လိုက်သည်။ မော်ဆရာ ပက်လက်လန်ထွက်ပြီး တိုင်နှင့်နောက်စေ့ အရှိန်ပြင်းစွာ ဆောင့်သည်။ မိုက်ခနဲ၊ ပြာခနဲ ဖြစ်သွား၏။

အမူးပြေသွားတော့ သူ့ကို တိုင်မှာ ကြိုးနှင့်တုတ်ထားကြောင်း သိလိုက်ရသည်။ သူ့ရှေ့မှာ အိမ်ရှင်က မီးခွက်တစ်ဖက် ဓားမြှောင်တစ်ဖက်ကိုင်၍ ရပ်နေသည်။ မျက်လုံးတစ်ဖက်က သူထိုးထားသဖြင့် ဖူးရောင်နေသည်။ ဒေါသထွက်နေပုံလည်း ရသည်။ မော်ဆရာက မျက်လုံးကလေး ကလည်ကလည်ဖြင့် မော့်ကြည့်သည်။

"ခွေးသူခိုး၊ ဒီမှာကြည့်စမ်း မင်းထိုးထားတဲ့ ဒဏ်ရာ၊ မင်းမျက်လုံးကို ပြန်ဖောက်ပစ်မယ်ကွ"

ဓားမြှောင်က မျက်နှာနား ဝဲလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မလုပ်ပါနဲ့ ဆရာရယ်၊ ချမ်းသာပေးပါ"

"ဘာကွ ဟင်း၊ မင်းနားရွက်ကိုပါ ဖြတ်ပစ်မယ်"

"ကြောက်ပါပြီ ခင်ဗျ"

ဓားတကိုင်ကိုင်ဖြင့် ပြောသာပြော၊ ကြိမ်းသာကြိမ်းနေသော်လည်း တကယ်မလုပ်ရဲ။ ခြေထောက်နှင့် တစ်ချက် ပိတ်ကန်ပြီးနောက် ခေါက်တုံ့ခေါက်ပြန် လျှောက်နေပြန်သည်။ အတော်ကြာမှ တစ်စုံတစ်ခု စဉ်းစားမိဟန်ဖြင့် မီးခွက်နှင့် ဓားမြှောင်ကို စားပွဲပေါ် တင်ပြီး နောက်ဖေးဘက် ထွက်သွားသည်။

ပြန်ထွက်လာတော့ လက်ထဲမှာ ရေပုံးတစ်ပုံးကို ဆွဲလာသည်။

"ဟား ဟား၊ မင်းကို အကောင်းဆုံးနည်းနဲ့ ပညာပေးရမယ်"

မော်ဆရာ့ခေါင်းပေါ် သို့ ရေလောင်းချသည်။ အား ... ရေခဲရေတမျှ အေးစက်နေတဲ့ ညသိပ်ရေတွေ၊ တစ်ကိုယ်လုံး ရွဲနစ်သွားသည်။ ကျောထဲက စိမ့်ခနဲ ဖြစ်သွား၏။

အိမ်ရှင်က ပြတင်းပေါက်တံခါးကို သွားဖွင့်လိုက်သေးသည်။ ဆောင်းလေ၏ အအေးဆုံး မြောက်ပြန်လေက တိုးဝင်လာသည်။ မော်ဆရာ တုန်သွား၏။

အိမ်ရှင်က ကျေနပ်အားရစွာပြုံးပြီး ပက်လက်ကုလားထိုင်ကို ဆွဲ၍ ထိုင်သည်။ ရှေ့တည့်တည့်မှ မြိန့်မြိန့်ကြီး အရသာခံကာ တစိမ့်စိမ့် ထိုင်ကြည့်နေသည်။

အတော်ကြီးကြာတော့ မော်ဆရာ ခိုက်ခိုက်တုန်နေပြီ။ အိမ်ရှင်သည် စိတ်ကူးပေါက်တိုင်း ရေထထလောင်းသည်။ ထိုမျှနှင့် အားမရသေးဘဲ ယပ်ခတ်ပေးသေးသည်။ မော်ဆရာ မခံနိုင်တော့။

"ဟော့လူ ရိုကြီးခိုးပါရဲ့ဗျာ၊ ရလက်အပ်မှာဖြင့် အပ်ပါတော့၊ ဒီမှာ





ချမ်းလို့ သေတော့မယ်"

"မအပ်သေးဘူးကွ၊ မနက်ကျမှ အပ်မယ်"

မော်ဆရာကား မေးချင်းရိုက်နေပြီ။ တဖြည်းဖြည်း တစ်ကိုယ်လုံး တုန်တက်လာသည်။ ငုပ်နေသော ငှက်ဖျားရောဂါ ပြန်ထလာပြီ။

မော်ဆရာ တဟီးဟီးအော်ပြီး တုန်နေသည်ကို ကြည့်ရင်း အိမ်ရှင်မှာ လန့်လာဟန်တူသည်။

"ဟော့ကောင် မင်း... မင်း... သိပ်ချမ်းနေပြီလား"

"ဟုတ်၊ ဟုတ်၊ အမယ်လေး ငှက်ဖျားတက်နေပြီဗျ ဟီး ဟီး"

အိမ်ရှင်သည် ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။ မော်ဆရာက အထစ်ထစ်အငေါ့ငေါ့ဖြင့်

"ရေ... ရေနွေးလေး တစ်... တစ်ခွက်လောက် ပေးပါဗျာ"

အိမ်ရှင်လည်း ယောင်ယောင်ကန်းကန်းဖြင့် ရေနွေးသွားယူသည်။ ကြိုးဖြေမပေးရဲသဖြင့် ပါးစပ်နားတေ့ပြီး သူကိုယ်တိုင် တိုက်သည်။ မော်ဆရာက ရေနွေးတစ်ငုံကို မှုတ်သောက်ပြီး

"ဟင်း ဟင်း... တလက်စတည်း ပါရာစီတမော့လေး တစ်လုံးလောက်ပါ တိုက်... တိုက်ပါလားဗျာ"

၁ ၁ ၁

"ဟား ဟား... ဒါနဲ့ မင်းကို ဆေးတိုက်ပြီး သနားလို့ လွှတ်လိုက်ရောလား"

ဟု ကြွက်စုတ်ခေါ် ဉာဏ်ကျယ်က ဝင်မေးသည်။

"ဘယ်လွှတ်မလဲကွ၊ ဆေးရုံကို ခေါ်သွားတာပေါ့၊ ဆေးရုံကလည်း ဆင်းရော ဟဲ ဟဲ... အချုပ်ထဲ တန်းဝင်ရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"လူမိခံရတဲ့ထဲမှာတော့ ငါ့အဖြစ်မျိုးက အတော်ရယ်ရတယ်ကွ"

ပုရစ်ကပြောသည်။ ထို့နောက် တကျိကျိမြည်အောင် ရယ်လိုက်ပြီး

"အဲဒီနေ့က ငါ့မှာ အိမ်တစ်အိမ်ကို ဝင်မယ်လို့ စိတ်ကူးမရှိဘူးကွ၊ ဟိုလျှောက် ဒီလျှောက် လျှောက်ရင်း အိမ်တစ်အိမ်ရဲ့ နောက်ဖေးတံခါးက နည်းနည်းဟနေတာ သွားတွေ့တယ်ကွ၊ အချိန်က အချိန်မတော်ကြီး၊ မီးတွေလည်း မှိတ်လို့၊ တမင်ဖွင့်ထားတာ မဖြစ်နိုင်ဘူး၊ မေ့ပြီး တံခါးမပိတ်မိတာ ဖြစ်မယ်၊ ဘာပဲဖြစ်ဖြစ် အခွင့်သာရင် အလုပ်ဖြစ်သွားမှာပဲဆိုပြီး အိမ်နားအသာကပ်သွားတယ်၊ လူသံသူသံ မကြားရဘူး၊ အိပ်နေကြပြီထင်တယ်၊ အတော်ကြာအောင် နားစွင့်ကြည့်သေးတယ်။ သေချာပြီဆိုမှ တံခါးဖွင့်ပြီး အိမ်ထဲဝင်လိုက်တယ်။ ငါ့စိတ်ကူးက ရတဲ့ပစ္စည်းလေးတွေ သိမ်းကျုံးဆွဲပြီး လစ်မလို့ဘဲ"

ပုရစ်က ကာဘော်လိပ်အငယ်ကောင် လက်ထဲမှ ဆေးပေါ့လိပ်ကိုယူ၍ နှစ်ဖွာသုံးဖွာ ဖွာပြီးမှ ဆက်ပြောသည်။

"မီးဖိုချောင်ထဲအရောက်မှာ ခြေထောက်ကတော့ ဖွနင်းတာပဲ၊ ကြမ်းကိုက မနိုင်တော့ ကျွိခနဲ မြည်သွားရော၊ အဲဒီအချိန်မှာ အိပ်ခန်းထဲက မိန်းမသံ တစ်သံ ထွက်လာတယ်၊ အစ်ကိုလား... တဲ့"

နားထောင်နေကြသူများ စိတ်ဝင်စားလာသည်။

"ငါက ငြိမ်နေတော့ နောက်တစ်ခါ အစ်ကိုလား ထပ်မေးပြန်ရော၊ ငါ့ကို သူ့ယောကျ်ားနဲ့မှားနေပြီလို့ ထင်တယ်၊ အိပ်ခန်း





ထဲက လှုပ်လှုပ်ရှားရှား အသံကြားတော့ ငါလည်း ဘာလုပ်ရမှန်း မသိဘူး၊ ငြိမ်ကုပ်နေတုန်း..."

"လာလေ ဟိုနွားကြီး အပြင်သွားပါပြီ အစ်ကိုရဲ့ တဲ့ လက်စသတ်တော့ အဲဒီမိန်းကလေးက သူ့လင်ကြီး ကွယ်ရာမှာ ဖောက်ပြန်နေတာကိုး၊ ငါ့ကို သူ့ အကောင်မှတ်လို့"

"မင်းက ယောရောရှိ ဝင်မလုပ်ဘူးလား"

"နေစမ်းပါဦး၊ အဲ့ဒါနဲ့ ငါကလည်း ယောင်ယောင်ကန်းကန်းနဲ့ အဟမ်းဆိုချောင်းဟန့်သံပေးလိုက်ရော၊ အဲ... အဲဒီမှာပဲ ပြဿနာက အိမ်ထဲမှာ ငါတစ်ယောက်တည်း မဟုတ်ဘူး၊ အခြားတစ်ယောက် ရှိသေးတယ်၊ သူ့အကောင်ပေါ့၊ သူကလဲ အဟမ်းဆို ချောင်းသံအပေး နှစ်ယောက်ပြိုင်တူ ထွက်သွားတာပေါ့၊ ဖြစ်ပုံက ဒီကောင်က ငါ့ကို လင်ကြီး ပြန်လာပြီး သူ့ကို ချောင်းတယ်မှတ်လို့ လန့်ပြီး ပုန်းနေတာ၊ အထဲက မိန်းမကလည်း စိတ်မရှည်တော့ဘဲ ထွက်လာတော့ ဟိုကောင်ကလည်း လန့်ပြီး နောက်ဖေးပေါက်ကအထွက်၊ ငါကလည်း လစ်အပြေး နှစ်ယောက်ဝင်တိုက်မိကြရော၊ အလဲလဲ အပြိုပြိုပေါ့ကွာ၊ မိန်းမက မီးဖွင့်လိုက်တော့ ငါ့ကို တွေ့သွားတာပေါ့"

"အော်ရောလား"

"ဘယ်အော်ရဲမလဲကွ၊ အော်လို့ လူတွေရောက်လာရင် သူ့အကောင်ပါ မိမှာကိုး၊ ဒါနဲ့ငါလည်း အိမ်မှားဝင်မိလို့ဗျာ၊ ဆောရီးပဲ ဆိုပြီး လစ်ထွက်လာရတယ်"

ရယ်ကြသည်။

"လူမမိဘဲ တစ်ယောက်တည်း ပိတ်မိနေတာမျိုးက ပိုပြီး ဖြုံဖို့ကောင်းတာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကြောင်လိမ်လေ့ကားက အားကျမခံ ပြောလိုက်သည်။ သူက ကြောင်လည်း ကြောင်သည်။ လိမ်လည်း လိမ်တတ်သည်။ အစလည်း ထောင်တတ်သည်။ ထို့ကြောင့် ကြောင်လိမ်လေ့ကားဟု ခေါ်ကြခြင်း ဖြစ်၏။

၁ ၁ ၁

သူသည် ကျီးမနိုးပွဲလုပ်သူများနှင့်အတူ ရောယောင်၍ လိုက်ရင်း အခြေအနေကြည့်သည်။ ဘယ်အိမ်ကိုဝင်လျှင် ချောင်မလဲဟု အကဲခတ်သည်။ တဖြည်းဖြည်း လူပါးလာသည်။ ကျီးမနိုးပွဲ လုပ်သူများလည်း မောပြီး လူစုကွဲကုန်ပြီ။ တန်ဆောင်တိုင် ပွဲကြည့်ရာမှ ပြန်လာသော လူအချို့သာ ကျန်တော့သည်။

သူက အိမ်တစ်အိမ်ကို ရွေးထားသည်။ ခြံဝင်းကလေးထဲက အိမ်တစ်အိမ်။ သစ်ပင်တွေ အုပ်အုပ်ဆိုင်းဆိုင်း ရှိသဖြင့် အကာအကွယ် ကောင်းကောင်းရသည်။ တခြားအိမ်တွေနှင့်လည်း နည်းနည်းလှမ်းသည်။

အဆင်ပြေဆုံး အချက်က အိမ်ထဲမှာ လူတစ်ယောက်မျှ မရှိခြင်းပင်။ ထိုအိမ်မှမိသားစု ထွက်အလာတွင် သူဘေးမှ မယောင်မလည်လိုက်ရင်း ပြောသံဆိုသံနားထောင်ခဲ့သည်။ ထိုအိမ်က လူများသည် မြို့ထဲမှာ တန်ဆောင်တိုင်ပွဲလျှောက်ကြည့်ကြမည်။ ပြီးတော့ မြို့ထဲမှာ အိပ်မည်။ အိမ်ပြန်လာမည်မဟုတ်။ အေးအေးဆေးဆေး ဖောက်ဝင်ရုံသာ။

လူရှင်းအောင် စောင့်သည်။ နှစ်နာရီကျော်မှပင် လူခြေတိတ်သွား၏။ သစ်ပင်ရိပ်များကို အကာအကွယ်ယူပြီး ခြံဝင်းထဲ ဝင်သည်။





အိမ်နားကို အသာကပ်သည်။ အိမ်ရှေ့တံခါးကို သော့ခတ်ထား၏။ သော့က ဖွင့်ဖို့မလွယ်။ ပြီးတော့ အိမ်ရှေ့ဆိုတော့ လူမြင်နိုင်သည်။

အိမ်ဘေးကို ကွေ့လာခဲ့သည်။ ပြတင်းပေါက်တွေ အခြေအနေကို ကြည့်သည်။ သိပ်မလွယ်။ အိမ်က သစ်ကောင်း ဝါးကောင်းတွေနှင့် ဆောက်ထားသဖြင့် ခိုင်ခံ့သည်။

နောက်ဖေးဘက် လှည့်ခဲ့ပြန်သည်။ နောက်ဖေးတံခါးပေါက်၏ အခြေအနေကို ကြည့်သည်။ တံခါးက မူလတံခါးမဟုတ်။ အသစ်ပြန်ပြင်ထားခြင်း ဖြစ်သည်။ ဟာကွက်၊ ပျော့ကွက်တွေ ရှိနေသည်။

နာရီဝက်လောက် နည်းမျိုးစုံသုံးပြီး ကြိုးစားကြည့်ရာ တံခါးပွင့်သွားသည်။ အိမ်ထဲသို့ ဝင်လိုက်သည်။ အေးအေးဆေးဆေး ကိုယ်ကြိုက်ရာ ပစ္စည်းတွေ ရွေးယူရုံသာ ရှိတော့သည်။ ကြည့်ရတာ အဖိုးတန်ပစ္စည်းတွေရှိမည့် အိမ်မျိုး။ ကံကောင်းလျှင် အတွင်းပစ္စည်းတွေတောင် ရနိုင်သည်။

သူ စိတ်ကူးဖြင့် ရွေးချယ်ကြည့်သည်။ ဝန်ကျဉ်းကျဉ်းဖြင့်အလုပ်ဖြစ်မည့် ပစ္စည်း။ တိုင်ကပ်နာရီ၊ ကက်ဆက်၊ မီးပူ၊ စားပွဲတင်ပန်ကာ၊ ဒီထက်ပိုပြီး အဆင်ပြေနိုင်တာက ရွှေထည်လက်ဝတ်ရတနာနှင့် ငွေသား။ အိပ်ခန်းထဲဝင်မွှေဖို့ ဆုံးဖြတ်လိုက်သည်။

အိပ်ခန်းတံခါးကိုလည်း သော့ခတ်သွားသည်။ သို့ရာတွင် သော့က အကောင်းစားမဟုတ်။ နည်းနည်းပါးပါး ကလိလိုက်ရုံဖြင့် ပွင့်သွားသည်။

အိပ်ခန်းထဲဝင်သည်။ လက်နှိပ်ဓာတ်မီး အသေးစားကလေးကို ထုတ်လိုက်သည်။

လက်နှိပ်ဓာတ်မီးဖြင့် ဝေ့ကြည့်သည်။ ခုတင်ခြေရင်းမှာ သံ



www.burmeseclassic.com

www.burmeseclassic.com


သော့ခတ်ထားပုံမရ။ ဗီရိုကို အသာဆွဲဖွင့်သည်။ အထဲမှာ အဝတ်အစားတွေချည်း။ အံဆွဲနှစ်လုံးကို ဆွဲဖွင့်သည်။ စာရွက်စာတမ်းတွေ။

နည်းနည်းတော့ စိတ်ပျက်သွားသည်။ဘာပဲဖြစ်ဖြစ် ရှိကိုရှိရမည်ဟု တွေးလိုက်ပြန်သည်။ လက်နှိပ်ဓာတ်မီးဖြင့် ဟိုဟိုဒီဒီ ထိုးကြည့်သည်။ အခန်းထောင့်မှာ ကျွန်းသေတ္တာကလေး တစ်လုံး။ အာမခံသော့ဖြင့် ခတ်ထားသည်။ ကျိန်းသေပြီ။ ဒါပဲ ဖြစ်ရမည်။

သေတ္တာလိုက် မ,သွားလျှင် ကောင်းမလား။ ဖွင့်ပြီး အထဲက ပစ္စည်းကို ထုတ်ယူလျှင် ကောင်းမလား။ သေတ္တာလိုက် ယူသွားလျှင် လမ်းမှာ သူများတွေ မသင်္ကာစရာ ဖြစ်နိုင်သည်။ ပြီးတော့ သေတ္တာထဲက ပစ္စည်းက သူလိုချင်တာ မဟုတ်ဘဲ စာချုပ်စာတမ်းတွေ ဘာတွေ ဖြစ်နေလျှင် အလကားဖြစ်နေမည်။

အချိန်လည်းရသဖြင့် ဖွင့်ကြည့်မည်ဟု စိတ်ကူးလိုက်သည်။ စိတ်ချလက်ချလုပ်နိုင်အောင် အခန်းတံခါးကို အသာကလေး စေ့လိုက်သည်။

"ချောက်"

အသံတစ်သံ ကြားရသည်။ သူ ထိတ်ခနဲ ဖြစ်သွား၏။ တံခါး ချက်ကျသွားသည့်အသံ။ တံခါးကို ဆွဲဖွင့်ကြည့်သည်။ မရ။

သူ ခေါင်းနပန်းကြီးသွား၏။ သွားပြီ။ အခန်းထဲမှာ ပိတ်မိနေပြီ။ သေတ္တာကိုဖွင့်ဖို့တောင် သတိမရတော့။ တံခါးကို နှံ့ပြီး ဖွင့်ကြည့်သည်။ မရ။ ခိုင်လိုက်တဲ့ တံခါး။

ထွက်ပေါက်များရှိမလားဟု လက်နှိပ်ဓာတ်မီးနှင့် ဟိုဟိုဒီဒီ ထိုးကြည့်သည်။ ပြတင်းပေါက်လည်း မရှိ။ အခန်းနံရံကို ကျော်ထွက်ရအောင်ကလည်း သံဇကာနှစ်ထပ်နှင့် အခိုင်အခံကာရံထားသည်။



သူ့ဇောချွေးတွေ ပြန်လာ၏။

"မင်း ထွက်လို့ မရဘူးပေါ့

"ရတာပေါ့ကွ"

"ဘယ်လိုထွက်တာလဲ"

"ဟား ဟား.... မင်းတို့တောင် မစဉ်းစားမိဘူး မဟုတ်လား။ ငါလည်း ရုတ်တရက်မို့ လန့်ဖျပ်ပြီး ထူပူသွားလို့ မစဉ်းစားမိတာ၊ ရှင်းရှင်းလေးပဲကွ၊ ချက်ကျသွားတဲ့ ကလန့်က အတွင်းဘက်က ဟာပဲ၊ အဲဒါကို သတိမထားလိုက်မိတာ၊ နောက်မှ ငါ့နှယ် ကြောင်လိုက်တုံးလိုက်တာလို့ သတိရပြီး ချက်ကို ဆွဲဖွင့်ပြီး ထွက်လာရတာပေါ့"

"အေးဟ၊ ဟုတ်သားပဲ"

တစ်ကိုယ်တော် ဘကြိုင်က ခေါင်းတညိတ်ညိတ်လုပ်၍ပြုံးရင်း "အဲဒါပဲကွ၊ လူဆိုတာ တစ်ခါတစ်ခါ ကြောင်တတ်တယ်၊ ငါတို့ သူခိုးဆိုတဲ့ ကောင်တွေက အိမ်အပြင်ကနေ အတွင်းကို ဖောက်ထွင်းဖို့သာ စိတ်ဝင်စားတာ၊ အိမ်ထဲကနေ အိမ်ပြင်ကို ထွက်ဖို့ စိတ်ဝင်စားတာ မဟုတ်ဘူး၊ ပြီးတော့ အခိုင်အခံ့ ပိတ်ထားတဲ့ တံခါးတွေကို ခက်ခက်ခဲခဲ အပြင်ကနေ ဖွင့်ဖို့သာ စိတ်ကူးထားကြတာကိုး၊ အထဲကနေ အပြင်ကို အလွယ်တကူ ထွက်လို့ရတာကို မေ့မေ့နေတတ်တယ်၊ ငါတို့ အလုပ်ကလည်း သူများတွေနဲ့ ပြောင်းပြန်ကိုးဟ"

"ဒါနဲ့ နေစမ်းပါဦး လှေကားရဲ့ မင်း သေတ္တာကော ရခဲ့လား"


www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ရမလဲကွာ၊ တံခါးဖွင့်လို့ ရတာနဲ့ ဝမ်းသာအားရ ပြေးထွက်လာမိတာ၊ ဘာပစ္စည်းမှ ယူခဲ့ဖို့ သတိမရဘူး"

"ဟား ဟား၊ ဒါမှ တကယ်ကြောင်တာ။ ဒါကြောင့်လဲ မင်းကို ကြောင်လိမ်လေ့ကားလို့ ခေါ်တာပဲ"

၁ ၁ ၁

အုန်းဆံနီကလည်း သူ့ အတွေ့အကြုံကို ပြောပြပြန်သည်။ သူသည် အုန်းဆံမွေးများကဲ့သို့ နီကျင်ကျင် ရှုပ်ထွေးထွေး ဖြစ်နေသော ဆံပင်များကို တဗျစ်ဗျစ် ကုတ်ဖွရင်း

"ငါ့အလုပ်က ဟန်တယ်ကွ၊ သိပ်ဝေးဝေးလံလံ သွားနေစရာ မလိုဘူး၊ ကိုယ့် ရပ်ကွက်ထဲတွင်လှည့်ပြီး အလုပ်ဖြစ်နေတာကွ"

"လူတွေက မရိပ်မိဘူးလား"

"ဘယ်ရိပ်မိမလဲ၊ ငါက တစ်ကိုယ်တည်း လူပျိုကြီး တစ်ယောက်၊ စကားနည်းတယ်၊ နားအေးပါးအေး နေတတ်တယ်ပေါ့ကွာ၊ ကျန်းမာရေးကြောင့် ဆေးပင်စင်ယူပြီး အငြိမ်းစားလုပ်နေတယ်ပေါ့၊ တစ်ခါတလေကျမှ ရွှေပွဲစား၊ စိန်ပွဲစားအဖြစ် ကြုံသလို လုပ်တယ်ပေါ့"

"မင်းပုံစံကို ယုံကော ယုံကြရဲ့လားကွာ"

"ယုံတာပေါ့ကွ၊ ငါက အဲဒီတုန်းက ခုလိုပုံမှ မဟုတ်ဘဲ၊ သားသားနားနားကွ၊ ရပ်ကွက်ထဲက ငါ့ကို လူကြီးလူကောင်းဆိုပြီး လေးစားကြတယ်၊ ငါက ဘယ်လောက်ပိရိသလဲဆိုရင် တစ်ဖက်အိမ်မှာနေတဲ့ လူတောင် မရိပ်မိဘူး၊ ဟဲ ဟဲ... ရယ်စရာတော့ အကျောင်းသား၊ ငါ့ကို ဘယ်လောက်ယုံကြည်ကြသလဲ





ဆိုတော့ ရပ်ကွက် သာရေးနာရေးအသင်း အမှုဆောင်ထဲမှာတောင် ထည့်မလို့ ပြောကြသေးတယ်၊ အမယ် ဒါတောင် ငါက ရပ်ကွက်ထဲ ရောက်တာ သိပ်မကြာသေးလို့တဲ့၊ သူတို့က အသင်းရဲ့ အရေးပါတဲ့နေရာ ပေးချင်တာဆိုပဲ"

" ဟား ဟား... "

"အေးကွ၊ ငါလည်း ကျန်းမာရေး မကောင်းလို့ပါဆိုပြီး တော်တော် ငြင်းယူရတယ်၊ ငါက လူခြေတိတ်မှ ရပ်ဖျက်ပြီး ထွက်တာကိုး၊ ကိုယ့်ရပ်ကွက်ထဲက အိမ်တွေဆိုတော့ ဘယ်လို ဝင်ရင်ရမယ်ဆိုတာ ကြိုသိနေပြီးသားပေါ့၊ အတော်ဟန်ကျတယ်ပေါ့၊ ခဏခဏတော့ လုပ်လို့ မဖြစ်ဘူးပေါ့၊ တစ်လ တစ်ခါ၊ နှစ်လတစ်ခါလောက် တစ်ချိုကောင်းလေးတွေ ဆော်ရတာပေါ့၊ အဲ. တစ်နေ့တော့... "

"ဖြစ်ရမယ်လေ၊ ငါတို့တွေဟာ တစ်နေ့တော့ ဆိုတာမျိုးနဲ့ ကြုံရတာချည်းပါပဲ၊ မင်း အလိမ်ပေါ် သွားရာ ဆိုပါတော့"

"ဘယ်ဟုတ်မလဲ၊ ငါက ညလူခြေတိတ်တဲ့အချိန် အလုပ်လုပ်ဖို့ အသာကလေးထွက်လာခဲ့ရော... အဲဒီနေ့က အလုပ်မဖြစ်ဘူးကွ၊ ရပ်ကွက်ထဲမှာ အသုဘတစ်ခုရှိတော့ လူက သိပ်မပြတ်ချင်ဘူး၊ ဒါနဲ့ ငါလည်း လက်လျှော့ပြီး အိမ်ပြန်လာတော့ လားလား ငါ့အိမ်ထဲက ပစ္စည်းတွေကို တစ်ကောင်ကဝင်ပြီး အကုန်မ,သွားတာပဲ"

"ဟေ! ဘယ်သူလဲ"

"ဟိုဘက်အိမ်က ကောင်ပေါ့ကွ၊ သူကလည်း ငါ့လိုကောင်ပဲ၊ ငါ့အိမ်ကို ဒီကောင် ချောင်းနေတာ ကြာပြီထင်တယ်၊ ငါ့



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကိုလည်း သိနေဟန် တူတယ်၊ ဒါကြောင့် တစ်ချိ
ကောင်းကြဲသွားတာပေါ့"

"မင်း ခံလိုက်ရတာ နာသကွာ"

"နာတာမှ မခံချိ မခံသာကို နာတာ၊ ဒီကောင်က ဟိုဘက်အိမ်
ကနေ ငါ့ကို အမျိုးမျိုး မခံချင်အောင်စတယ်ကွ၊ အဆိုးဆုံး
ကတော့ ငါ့ဆီက ခိုးသွားတဲ့ ရေဒီယိုကြီးကို အကျယ်ကြီး
ဖွင့်ဖွင့်ပြတာပဲကွာ"

"ဟာ ဒါဆို မင်းဆီက ခိုးရာပါပစ္စည်း ဒီကောင့်ဆီမှာ သက်သေ
ခံရှိတာပဲ၊ ရပ်ကွက်ကောင်စီလူကြီးတွေခေါ်ပြီး ဝင်ဖမ်းပေါ့ကွ၊
ရပ်ကွက်က မင်းကို ယုံပြီးသားပဲ"

"ဘယ်ဖြစ်မလဲကွ၊ အဲဒီရေဒီယိုဆိုတာလဲ ငါ တခြားအိမ်က
ခိုးထားတာကွ၊ အပြင်ထုတ်ရောင်းဖို့က အခွင့်မသာသေးလို့ပဲ၊
အဲဒါ သွားဖော်လိုက်ရင် မီးခိုးကြွက်လျှောက်လိုက်ပြီး ငါပါ
ခံရမှာပေါ့"

"အဲဒါပဲကွ၊ ကိုယ်ကကျူးရင် ကိုယ်ဒူးတောင် မယုံရဘူးဆို တာ"
တစ်ကိုယ်တော် ဘကြိုင်က ဝင်ပြောသည်။ ထိုအခါ ကြွက်စုတ်

က

"ကျုပ်ကတော့ဗျာ၊ ကိုယ်ကကျူးရင် ကိုယ့်လက်တောင် မယုံရ
ဘူးလို့သာ ပြောချင်တော့တာပဲ"
ဟု ဆိုလိုက်လေသည်။

) ) )

ကြွက်စုတ်သည် ပိန်ပိန် သေးသေးကွေးကွေးလေး ဖြစ်၏။ ဤ





သည်ကပင် သူ့အား ကံတရားက လုပ်ကိုင်စားသောက်နိုင်အောင်
ဖန်တီးပေးထားသလို ဖြစ်နေ၏။

အကြောင်းကား...

လူတစ်ယောက် ဘယ်လိုမှ မဝင်နိုင်ဟု စိတ်ချလောက်သော
အပေါက်တစ်ပေါက်ကို သူက ဝင်နိုင်သည်။ ကလေးတစ်ယောက်
ယောက်၏ လက်တောင်မှ နှိုက်လို့မရဟု ထင်ရသော အပေါက်ကို
သူ့လက်ဖြင့် ရအောင်နှိုက်နိုင်သည်။ သူ့အရိုးအဆစ်များ ထူးခြားစွာ
ပျော့ပျောင်းနေသောကြောင့် ဖြစ်လေသည်။

သူက လျှင်လည်း လျင်သည်။ မပိုင်ရင် မလုပ်။ လုပ်ရင် လည်း
ထွက်ပေါက်ကို အရင်ရှာထားသည်။ သူ အလုပ်လုပ်ရင် ပိပိရိရိရှိပြီး
လွှတ်လွှတ်ကျွတ်ကျွတ် အောင်မြင်သည်ကများသည်။ ကြွက်လိုပင်
အပေါက်ရှာကောင်းသဖြင့် ဒီနာမည် တွင်နေခြင်း ဖြစ်၏။

သူ ယနေ့ရွေးချယ်ထားသော အိမ်က အပျိုကြီး တစ်ယောက်
တည်းနေသောအိမ် ဖြစ်သည်။ ရက်ပေါင်းများစွာ ကြိုတင် စနည်းနာ
အကွက်ချထားချက်အရ...

အပျိုကြီးသည် အသက် လေးဆယ့်ငါးနှစ်လောက်ရှိပြီး ဘာ
အလုပ်မှ မလုပ်ဘဲ ထိုင်စားနေနိုင်လောက်အောင် အတွင်းပစ္စည်းတွေ
ရှိသည်။ ထိုပစ္စည်းတွေကို လူတွေမရိပ်မိအောင် သိုသိုသိပ်သိပ်ထား
သည်။

ထားပုံသိုပုံက ပညာပါ၏။ အဝတ်အစား အဟောင်းအစုတ်
တွေ ကြားထဲတွင် ရွှေထည်တွေကို ညှပ်ထည့်ပြီး ထဘီစုတ်တစ်ထည်
ဖြင့် ထုပ်၍ ခုတင်အောက်မှာ ထားသည်။ ဘယ်သူကမှ အဖိုးတန်
ပစ္စည်းဟု ထင်မိမည်မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ကြွက်စုတ်ကတော့ ဒါကို သိနေသည်။ အပျိုကြီးဆီမှာ ပစ္စည်း ပေါင်ဖူးသော မိန်းမတစ်ယောက်ဆီက သတင်းရထားခြင်း ဖြစ်၏။

ကြွက်စုတ်သည် အိမ်အောက်သို့ ကြိုကြိုတင်တင် ရောက်နှင့်နေသည်။ သူ့အကြံက သိပ်ပိုင်သည်။ ခုတင်အောက်နှင့် တည့်တည့် ကြမ်းခင်းနှင့်.ကပ်လျက်ရှိသော ပျဉ်တစ်ချပ်ကို ဟရုံကလေးခွာမည်။ ပြီးတော့ လက်ကို အသာကလေး လျှိုမည်။ အဖျားမှာ ချိတ်သို ကောက်ထားသော သံချောင်းရှည်ကလေးနှင့် အထုပ်ကို စမ်းပြီး ဆွဲယူမည်။ ဓားဖြင့် ခွဲ၍ အထဲက ရွှေထည်တွေကို ကဲ့ယူမည်။ ပြီးတော့ အထုပ်ကို ပြန်ထားခဲ့မည်။

မိန်းမကြီးအထုပ်ကို မဖြေမချင်း အခိုးခံရကြောင်း သိရမည် မဟုတ်။ ပြီးတော့ ဒီကိစ္စမှာ အိမ်ထဲတောင် ဝင်စရာမလို။

မိန်းမကြီးက တော်တော်နှင့် မအိပ်။ အခန်းထဲ ဝင်လိုက် အပြင်ထွက်လိုက် လုပ်နေသည်။ တစ်ခါကျတော့ အခန်းထဲက အသံထွက်လာသည်။

"မင်း သိပ်ဆိုးတယ်ကွယ်"

ကြွက်စုတ် ပခုံးတွန့်လိုက်မိသည်။ ဒီအပျိုကြီး ဘယ်လို ဖြစ်နေပြီလဲ။

"မင်းကို ကျွေးမွေးပြုစုရတာ၊ အလကားပဲ၊ ဘာမှ ကူညီဖော်မရဘူး၊ စားလိုက် အိပ်လိုက်... ဟင်း... ဒီကြားထဲ"

ကြမ်းပေါ်သို့ တစ်စုံတစ်ခု ဘုတ်ခနဲ ပြုတ်ကျသံ ကြားသည်။ ပြီးတော့ 'ညောင်'ဆိုသော အော်သံကြားရ၏။

"ဟဲ့ ပူစီ၊ ဘယ်သွားဦးမလို့လဲ၊ လာလာ... မိမိ"

ကြွက်စုတ် မရယ်မိအောင် သတိထားနေလိုက်သည်။ ခဏကြာ





တော့ မိန်းမကြီး အိမ်ရှေ့ခန်းထွက်သွား၏။ ဘုရားရှိခိုးသံ ကြားရသည်။ ငါးမိနစ်၊ ဆယ်မိနစ်တော့ အချိန်ရမည်။

ပျဉ်ကာကို အသာကလေးဟသည်၊ သံတူရွင်းယ်ကို ကိုင်ပြီး ခပ်မျှဉ်းမျှဉ်း ဆွဲရသည်။ ကျွတ်ခနဲ ခပ်အုပ်အုပ်မြည်ပြီး အနည်းငယ် ဟသွားသည်။ ရလောက်ပြီ။

လက်ဝါးလျှိုကြည့်သည်။ ရသည်။ လက်ဝါးအရင်းပိုင်းက တစ်နေသည်။ ကိစ္စမရှိ။ ဒီလောက်ကတော့ နည်းနည်းချင်း နဲ့သွင်းလို့ရသည်။

မိန်းမကြီး အခန်းထဲပြန်ဝင်လာသည်။ ကြွက်စုတ်ငြိမ်နေလိုက်သည်။ မိန်းမကြီးက အတော်ကြာအောင် အိပ်မပျော်သေး။ ခုတင်ပေါ်မှာ ဟိုဟိုဒီဒီ လှိမ့်နေပုံရသည်။ အတော်ကြာတော့မှ ငြိမ်သွားသည်။ ကြွက်စုတ်က နားကို အခွမ်းကုန် စွင့်လိုက်သည်။ အသက်ရှူသံ ခပ်မှန်မှန် ကြားရသည်။ အိပ်ပျော်နေပြီ။

သေချာအောင် နာရီဝက်လောက် စိတ်ရှည်ရှည်စောင့်လိုက်သည်။ အသက်ရှူသံတို ခန့်မှန်းကြည့်ရာ ကောင်းကောင်းအိပ်မောကျနေပြီ ဖြစ်ကြောင်း သိရသည်။

အလုပ်စလို့ရပြီ။

ကြွက်စုတ်သည် ဟနေသော ပျဉ်ပြားကြားသို့ လက်လျှိုလိုက်သည်။ တဖြည်းဖြည်းနှဲ့သည်။ လက်ဖဝါး ဝင်သွားပြီ။ အထုပ်ရှိရာနှင့် လှမ်းလိမ့်ဦးမည် ထင်သည်။ သံချောင်းကို သုံးရမလား။ လက်နှင့် အရင်စမ်းကြည့်ဦးမည်။ လက်ကို နည်းနည်းထပ်သွင်းပြီး စမ်းလိုက်သည်။ အရာဝတ္ထုတစ်ခုကို စမ်းမိ၏။ ဘာပါလိမ့်။

'ဖြောင်း'ခနဲ အသံမြည်သွားသည်။ သူ့လက်ကို အရာတစ်ခုခု



www.burmeseclassic.com

www.burmeseclassic.com



က ပြင်းထန်စွာ ညှပ်ထားလိုက်သည်။

"အား"

သူ မအောင့်နိုင်ဘဲ အော်မိသည်။ သူ့လက်က ကြွက်ထောင်ချောက်မှာ မိနေပြီ။

"ဟဲ့... ဟဲ့"

မိန်းမကြီး နိုးလာပြီ။ ကြွက်စုတ်က အသံမထွက်အောင် နှုတ်ခမ်းကို ဖိကိုက်ပြီး လက်ကို ပြန်ဆွဲထုတ်သည်။ မရ။ ကြွက်ထောင်ချောက်က သူ့လက်ကို ညှပ်လျက်သား အပေါက်မှာ ကန့်လန့်ခံနေသည်။ ထောင်ချောက်၏ သံဆူးတွေက သူ့လက်ဖဝါးထဲသို့ နစ်ဝင်နေသည်။ အသည်းခိုက်အောင် နာလာသဖြင့် ကျွတ်ကနဲ အသံထွက်သွားသည်။

မိန်းမကြီးက ခုတင်အောက်ကို ငုံ့ကြည့်ပြီး လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်ဟန် တူသည်။ မြင်သွား၏။

"ဟဲ့. . . အမယ်လေးဟာကြီးလဲ"

ကြွက်စုတ်က လက်ကို အတင်းရုန်းသည်။ ကျန်လက်တစ်ဖက်ကလည်း ဘယ်လိုမှ ကူလို့မရ။ ရုန်းလေ သံဆူးတွေက နစ်ဝင်လေဖြင့် မခံမရပ်နိုင်အောင် နာလာသည်။

"သ... သ... သရဲ"

မိန်းမကြီးက အထစ်ထစ်အငေါ့အငေါ့။ ကြွက်စုတ်က

"သရဲ မဟုတ်ဘူးဗျ၊ လူဗျ... လူ၊ အမယ်လေး နာတယ်ဗျ။ ဖြုတ်ပေးပါဗျ"

"မ... မ... မဖြုတ်ရဲဘူး"

မတတ်နိုင်တော့၊ နာလှပြီ၊ ကြွက်ထောင်ချောက်ကနေ လွတ်ဖို့





သာ လောလောဆယ် အရေးကြီးနေသဖြင့်

"ဒါဆို တခြားလူတွေ ခေါ်လိုက်ပါဗျ၊ ခေါ်ပါဗျ မြန်မြန်"

မိန်းမကြီးကလည်း အကြောက်လွန်ပြီး ကယောင်ကတမ်း ဖြစ်နေပုံရသည်။ မအော်နိုင်တော့ဘဲ ကြမ်းပေါ်မှာ ခုန်နေသည်။

ထို့ကြောင့် ကြွက်စုတ် မနေသာ။ သူ့ဘာသာသူ အော်ရတော့သည်။

"လာကြပါဗျို့၊ ကယ်တော်မူကြပါ၊ သူခိုးဗျို့... သူခိုး"

အသံကုန်ဟစ်သည်။ လက်ကလည်း တဆစ်ဆစ် အရမ်းနာနေပြီ။

"သူခိုးဗျို့...သူခိုး၊ မြန်မြန်လာပါ"

လူတွေ ဝိုင်းလာသည်။ အသံတွေ ဆူညံနေသည်။

"ဟေ့ ဘယ်မှာလဲ သူခိုး"

"ဒီမှာဗျ၊ အိမ်အောက်မှာ၊ အမယ်လေးဗျ၊ နာလှပါပြီ မြန်မြန်လာပါဗျ"

လက်နှိပ်ဓာတ်မီးရောင်တွေ သူ့အပေါ် ကျလာသည်။

"ကျွန်တော်ပဲဗျ သူခိုး"

သူခိုးကိုယ်တိုင်က သူ့ကိုယ်သူ ပြန်အော်ပြီး ဖော်နေသဖြင့် လူတွေ ကြောင်နေသည်။

"လာပါဗျ၊ မြန်မြန်ဖြုတ်ပေးပါ၊ ဒီမှာ သေတော့မယ်၊ လာဖမ်းကြပါဗျ၊ အမယ်လေးဗျ"

ကြွက်စုတ်က ရှုံ့မဲ့ပြီး ခုနစ်သံချီ အော်လိုက်သည်။

၁ ၁ ၁

"အဲဒါပါပဲဗျာ၊ ဒါကြောင့် ကျုပ်က ကိုယ်က ကျူးရင် ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



လက်တောင့် မယုံရဘူးလို့ ပြောတာပေါ့"

ဟုဆိုပြီး ကြွက်ထောင်ချောက်ညှပ်ထားသည့် ဒဏ်ကြောင့် အကြောတို့ဆိုင်းကာ ကွေ့ကွေ့ကောက်ကောက်လေး ဖြစ်နေသော သူ့လက်ကလေးကို ကြည့်၍ ပြောလိုက်သည်။

ထိုအချိန်မှာပင်

"ဟော့ ဘယ်သူတွေလဲကွ စကားများနေတာ၊ နာချင်လို့လား။ အိပ်ချိန်ကွ အိပ်ချိန်"

ဟု လှမ်းအော်လိုက်သော တာဝန်ကျ အစောင့်၏ အသံကို ကြားရသည်။ သူတို့အုပ်စုလည်း ကပျာကယာ ကိုယ့်နေရာ ကိုယ် သွားပြီး ကွေးကွေးလေးတွေ လှဲအိပ်လိုက်ကြရသည်။

အတန်ကြာသောအခါ ရဲဘက် အကျဉ်းစခန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွား၏။ မနက်ကျလျှင် အစောကြီးထပြီး ကျောက်ထု စခန်းမှာ မိမိတို့ ကျူးလွန်ခဲ့သော ပြစ်မှုများအတွက် ချွေးဖြင့် ပြန်လည် ပေးဆပ်ကြရပေဦးမည်။

(ရယ်စရာမောစရာ စာအုပ်
၁၉၈၇ ဒီဇင်ဘာ
၁၉၉၅ နှစ်)

) ) )





www.burmeseclassic.com

www.burmeseclassic.com


## ကူညီပါရစေ

သူသည် ရန်ကုန်မြို့လယ်သို့ မရောက်ဖြစ်တာ လအနည်းငယ် ကြာသွားပြီ။ သူ့အနေဖြင့် အကြောင်းကိစ္စမရှိဘဲ မြို့ထဲလာလေ့ မရှိ။ အကြောင်းကိစ္စဆိုတာကလည်း မြို့ထဲက ရုံးတစ်ရုံးရုံးကို သွားရန် ဆော်လည်းကောင်း၊ ရုပ်ရှင်ကြည့်ရန် ဆော်လည်းကောင်း၊ ကုန်တိုက်တွေ မီနီမတ်ကက်တွေမှာ ပစ္စည်းဝယ်ရန်ဆော်လည်းကောင်း စသည် ဖြင့် ဖြစ်နိုင်သည်။

သူ့အဖို့တော့ ဒါတွေလုပ်ရော မသိချေ။ ရန်ကုန်မြို့လယ်က ရုံးပြင်ကနားကြီးများမှာ သူနှင့် ဘာမျှမဆိုင်။ သူတို့မြို့နယ်က ရုံး ကလေးကိုတောင် အိမ်ဆောင်စုစာရင်းလုပ်ဖို့က တစ်ခါ နိုင်ငံသား စိစစ်ရေးကတ် ပျောက်သွားတုန်းက တစ်ခါသာ ရောက်ဖူးသည်။

မြို့လယ်မှာ ရုံတင်နေသော ရုပ်ရှင်ကားကြီးတွေကိုလည်း ဘကူးတကန့် သွားမကြည့်နိုင်ပါ။ သူတို့ဆီက ရုံကလေးကို လာပြ သည့်အခါ ကြည့်ချင်ကြည့်။ ဒါမှမဟုတ် ဗီဒီယိုရုံမှာပြသည့် ကားတွေ ကြည့်လိုက်လျှင် ပြီးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကုန်တိုက်ကြီးတွေ၊ မီနီမတ်ကက်တွေ ဆိုတာကလည်း ပိုက်ဆံပေါပေါသုံးနိုင်မှ ဝင်လို့ကောင်းတာကလား။ သူဝယ်လိုသော ခရန်ဆီမီးအိမ်တို့၊ ငါးသုံးလုံး ခရော်ဘာဖိနပ်တို့က မီနီမတ်ကက်တွေ၊ စူပါမတ်ကက်တွေမှာ ဝယ်လို့ မရှိ။ သူ့ဘိုမြို့နယ်ရှိ ဈေးထဲက ကိုစန်းမောင်တို့ ကုန်စုံဆိုင်မှာ ဝယ်မှရသည်။

သည်တော့ တော်ရုံနှင့် မြို့ထဲမရောက်ဖြစ်တာ သိပ်ဆန်းလှသည်တော့ မဟုတ်ချေ။

သည်နေ့တော့ ရပ်ကွက်ထဲမှ ဦးကုလားက ခိုင်းသဖြင့် မြို့ထဲထွက်လာခဲ့ခြင်း ဖြစ်၏။ ဘုန်းကြီးဆွမ်းကပ်ချင်သောကြောင့် သက်သတ်လွတ်ဒံပေါက် ဝယ်ပေးပါဟု အကူအညီတောင်းထားသည်။ ထို့ကြောင့် လမ်းသုံးဆယ်မှတ်တိုင်မှာ ဆင်းပြီး ဆူးလေဘုရားလမ်းအတိုင်း အထက်ဘက်သို့ လျှောက်လာခဲ့သည်။

သက်သတ်လွတ်ဒံပေါက် ရနိုင်မည့်နေရာကို ဦးကုလားက သေသေချာချာ ညွှန်လိုက်သည်။ ရဲရင့်ရုပ်ရှင်ရုံ နောက်ဘက်ကပ်လျက် သုံးဆယ့်သုံးလမ်းထဲရှိ လစ်ဘာတီမုန့်ဆိုင်မှာ ရသည်။ သူသည် ငိုက်စိုက် ငိုက်စိုက်လျှောက်လာရင်း ဗိုလ်ချုပ်လမ်းနှင့်ဆုံရာ အရောက်တွင် ညာဘက်ကို ကြည့်ပြီး ပါးစပ်အဟောင်းသား ဖြစ်သွား၏။ ရဲရင့်ရုံကို ရှာလို့ မတွေ့တော့။ သူ ခေါင်းကုတ်လိုက်သည်။ လမ်းမှားတာတော့ မဖြစ်နိုင်။ ရဲရင့်ရုံဆိုတာကို သူ မသိတာလည်း မဟုတ်။ ဟိုအရင်တုန်းက 'ရွှီးလေး'၊ 'စလိုးနား' ဆိုသော နာမည်ကြီး အိန္ဒိယရုပ်ရှင်တွေ နှစ်ခါ၊ သုံးခါ လာကြည့်ဖူးသည်။ မြို့ထဲအရောက်အပေါက်နည်းသည့်တိုင် သည်လောက်တော့ မျက်စိလည်စရာ အကြောင်းမရှိ။

ရဲရင့်ရုံဆိုတာ ပပဝင်းရုံနှင့် မျက်နှာချင်းဆိုင်ပဲဆိုပြီး လမ်းတစ်





ဖက်သို့ ဖျတ်ခနဲယောင်၍ ကြည့်မိ၏။ ပပဝင်းရုံက ဖျက်ထားပြီးနေပြီ။ ဒါတော့ သူသိသည်။ ပပဝင်းနှင့် မျက်နှာချင်းဆိုင်ဆိုတော့ ဟိုဘက်ခြမ်းမျက်နှာချင်းဆိုင်များလားဟု ဇဝေဇဝါဖြစ်ချင်သွားမိသေးသည်။ လှမ်းကြည့်တော့ မီးရထားရုံကြီးကို မြင်ရသည်။

သူသည် ရဲရင့်ရုံနေရာတွင် အုတ်ကျိုးအုတ်ပဲ့တွေ ပုံထားသော ကွက်လပ်ကြီး ဖြစ်နေသည်ကို တအံ့တသြ ကြည့်နေမိ၏။ အံ့သြနေလို့ မပြီးသေး။ ဒံပေါက်ဝယ်ဖို့က ရှိသေးသည်။ ဆယ့်တစ်နာရီအရောက်ပြန်နိုင်မှ ဆွမ်းကပ်ဖို့မီနိုင်မည်။ ထို့ကြောင့် ကွက်လပ်ကြီးကိုပတ်ပြီး သုံးဆယ့်သုံးလမ်းထဲ ဝင်လာသည်။

လစ်ဘာတီမုန့်ဆိုင်ကို ရှာမတွေ့ဘဲ ဖြစ်နေပြန်၏။ အနီးအနားမှာ မေးကြည့်တော့ ရဲရင့်ရုံဖျက်ရာတွင် မုန့်ဆိုင်လည်းပါသွားကြောင်း သိရ၏။

သက်သက်လွတ်ဒံပေါက် ဝယ်လို့မရကြောင်း ဦးကုလားကို အချိန်မီ ပြန်ပြောမှ ဖြစ်မည်။ ဒါမှ အခြားတစ်ခုခု အမြန်စီစဉ်နိုင်မည်။

ပန်းဆိုးတန်း မှတ်တိုင်မှ ဘတ်စ်ကားပြန်စီးမည်ဟု စိတ်ကူးပြီး အောက်ဘက်သို့ ဆင်းလာသည်။ အနော်ရထာလမ်းကို ဖြတ်ကူး၊ မဟာဗန္ဓုလပန်းခြံလမ်းအတိုင်းလျှောက်၊ မဟာဗန္ဓုလလမ်းကို ဖြတ်ကူးမည်အပြုမှာပင် ပလက်ဖောင်းအစွန်းမှာ ရပ်နေသော အဘွားအိုကြီးတစ်ယောက်ကို တွေ့လိုက်ရသည်။

အဘွားကြီးမှာ အတော်အသက်ကြီးပြီ။ ခုနစ်ဆယ်ကျော် ရှစ်ဆယ်အတွင်းလောက်ရှိမည်။ မျက်စိလည်း ကောင်းပုံမရ။ လက်ဝါးတလေးကို နဖူးပေါ်မှာ အလေးပြုသလို ကာပြီးကြည့်နေသည်။ သို့ပို



www.burmeseclassic.com

www.burmeseclassic.com



ချတုံ ဖြစ်နေပုံလည်း ပေါ်သည်။

လမ်းကူးဖို့ အခက်အခဲ ဖြစ်နေသည် ထင်၏။ ထိုနေရာမှာ လမ်းကလည်း ကျယ်သည်။ ကားကလည်း ရှုပ်သည်။ ကားများသည် ဆူးလေဘုရားကိုကွေ့ပြီး အရှိန်နှင့် ထွက်လာသဖြင့် ဝီးခနဲ ဝီးခနဲ ဖြတ်ဖြတ်သွားနေသည်။ အဘွားကြီးမှာ ကုန်းကုန်းကုန်းကုန်းနှင့် ယောင်ချာချာ ဖြစ်နေ၏။ တစ်စုံတစ်ယောက်မှ မကူညီလျှင် သည်နေ့အဖို့ လမ်းတစ်ဖက်ကို ဖြတ်ကူးရောက်ရှိနိုင်စရာ အကြောင်းမမြင်။

သည်လိုကိစ္စမျိုးတွေမှာ သူက ကူညီနေကျဖြစ်၏။ ထို့ကြောင့် အဘွားကြီးနားသို့ သူလျှောက်သွားသည်။ ကံကောင်းချင်တော့ ထိုအချိန်တွင် ကားတွေကလည်း ရုတ်တရက် ရှင်းသွား၏။ သူက အဘွားကြီး၏ လက်မောင်းကို ကိုင်လိုက်ပြီး...

"လာ အမေကြီး"

ဟု ပြော၍ ပလက်ဖောင်းပေါ်မှ လမ်းပေါ်သို့ တွဲချပေးသည်။ ထို့နောက် ဂရုတစိုက်ထိန်းကိုင်ပြီး လမ်းတစ်ဖက်သို့ ခေါ်လာခဲ့သည်။ အဘွားကြီးမှာ တုန်ချည့်တုန့်ချည်နှင့် လိုက်ပါလာသည်။ ပါးစပ်ကလည်း...

"ရပါတယ်ကွယ်၊ ကိစ္စမရှိပါဘူး၊ ရပါတယ်ကွယ်"

ဟု တတွတ်တွတ် ပြောလာ၏။ လမ်း၏ သုံးချိုးနှစ်ချိုးလောက် အရောက်တွင် ဗင်ကားတစ်စီး လာနေသည်ကို မြင်ရ၏။ သူက လက်ပြလိုက်ရာ ကားက အလိုက်သိစွာပင် အရှိန်လျှော့ပေးသည်။ သူတို့လည်း လမ်းတစ်ဖက်သို့ ခပ်မှန်မှန်ကူးပြီး အဘွားကြီးကို ပလက်ဖောင်းပေါ် တွဲတင်ပေးလိုက်၏။

"ကဲ အမေကြီး သွားလို့ရပြီ"





ဟု သူကပြောလိုက်သည်။ အဘွားကြီးက သူ့ကို ကြောင်တောင်တောင်ကြည့်ပြီး...

"ဘယ်ကိုသွားရမှာလဲ"

ဟု ပြန်မေးသည်။

"အမေကြီး သွားစရာရှိတာ ဆက်သွားပေါ့"

"အမေကြီးက ဘယ်မှသွားစရာ မရှိပါဘူးကွယ်"

"ဗျာ...ဒါနဲ့"

"အမေကြီး မြေးလေးကို မုန့်ဟင်းခါး သွားဝယ်ခိုင်းထားလို့ စောင့်နေတာ၊ အဲဒါ မောင်ရင်လေးက အမေကြီးလာလာဆိုလို့ ဘုမသိ ဘမသိ လိုက်လာခဲ့ရတာကွယ့်"

"ဟိုက်"

"အခု အမေကြီး ဟိုဘက်ကို ပြန်မကူးတတ်တော့ဘူး၊ အဲဒါ ငါ့သားပဲ ပြန်လိုက်ပို့ပေးပါဦးနော်"

ဟု တောင်းတောင်းပန်ပန် ပြောနေသည်။ သူသည် စိတ်ကူးဖြင့် သူ့နဖူးသူ ဖြန်းခနဲ ရိုက်လိုက်မိလေ၏။

) ) )

အထက်ပါ အဖြစ်အပျက်သည် ရုပ်ရှင်တို့၊ ဝတ္ထုတို့မှာဆိုလျှင် ဇာတ်ကောင်စရိုက်ကို မိတ်ဆက်သည့် အနေဖြင့်လည်းကောင်း၊ ဇာတ်လမ်းအပေါ် စိတ်ဝင်စားမှု ရှိစေရန် ကြို၍ခင်းထားသည့် အနေဖြင့်လည်းကောင်း ပြလေ့၊ ရေးလေ့ရှိသည့် သဘောမျိုး ဖြစ်၏။

ခုလည်း လူတစ်ယောက်အကြောင်းကို ပြောပြချင်သောကြောင့် အချက်တစ်ချက်ကို နမူနာအဖြစ် ထုတ်နုတ်ပြခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့နာမည်မှာ အောင်ဘာလေဟု ခေါ်၏။ ဒီနာမည် ဖြစ်ပေါ်လာရခြင်းမှာလည်း အကြောင်းရှိသည်။ သူ့ကိုမွေးခါနီး သူ့အမေဗိုက်နာနေတုန်းမှာ ထီလက်မှတ် ပွေ့ရောင်းသူ တစ်ယောက် အိမ်ရှေ့က ဖြတ်လျှောက်ရင်း

"တစ်ရွက်ပဲ ကျန်တော့တယ်နော်၊ တစ်ရွက်ကျန် တစ်သက်စံတဲ့"

ဟု အော်သွားသည်။ အဖေလုပ်သူက ဒါကိုကြားသဖြင့် တိုက်ဆိုင်သည်ဟုတွက်ပြီး ယင်းထီလက်မှတ်ကို ဝယ်လိုက်သည်။

ထိုစဉ်မှာပင် သူလည်း အမိဝမ်းတွင်းမှ ထွက်လာပြီး "အူဝဲ"ဟု အော်ငိုလိုက်သည်။

"ဘာလေးလဲဟော့"

သူ့အဖေက အခွင်းခန်းသို့ အော်မေးသည်။ ဝမ်းဆွဲလက်သည်က 'ယောကျ်ားလေးတော်ရေ'ဟု ပြန်အော်သည်။ ထီလက်မှတ်လာရောင်းသည့် အချိန်မှာ မွေးသဖြင့် သူ့ကို 'အောင်ဘာလေ'ဟု အမည်မှည့်ခေါ် လိုက်လေသည်။

ထီဖွင့်သောအခါ သူတို့ထိုးထားသော ထီလက်မှတ်က ပေါက်တော့ပေါက်သည်။ ဆုကြီးမဟုတ်။ ထောင့်ငါးရာဆုသာ ဖြစ်၏။ သို့တိုင်အောင် သူ့အဖေကတော့ အောင်ဘာလေကို လာဘ်ကောင်းသူ အကျိုးပေးမည့်ကလေးဟု သတ်မှတ်ခဲ့လေ၏။

အောင်ဘာလေသည် ရိုးသားပြီး စိတ်ကောင်းရှိသူ ဖြစ်၏။ သူ၏ ထူးခြားချက်ကတော့ သူတစ်ပါးကို အလွန်ကူညီလိုသော စိတ်ထားရှိခြင်းပင် ဖြစ်သည်။ တစ်ခုရှိတာက တစ်ဖက်လူက လိုအပ်လို့ အကူအညီတောင်းမှ ကူညီခြင်းမျိုးမဟုတ်။ သူ့အနေဖြင့် ကူညီသင့်





သည်ထင်လျှင် လိုသည်ဖြစ်စေ၊ မလိုသည်ဖြစ်စေ အတင်းဝင်ကူညီတတ်သည်။

တချို့လူတွေကျတော့ တကယ် အကူအညီလိုတာ မဟုတ်။ တချို့ကလည်း ကိုယ့်ကိစ္စကို သူများက ဝင်ကူညီတာ သဘောမတွေ့တတ်ကြ။ သို့ရာတွင် အောင်ဘာလေကတော့ ဒါတွေ ဂရုမစိုက်။ စိတ်ကူးပေါက်လျှင် ဘာမျှမစဉ်းစားဘဲ ဝင်ကူညီလိုက်တာပဲ ဖြစ်၏။ သို့ဖြင့် တစ်ခါတလေ အလိုက်ကမ်းဆိုး မသိသလို ဖြစ်ရသည်။ တစ်ခါတလေ တလွဲတချော် မတော်မတည့်တာတွေ ကြုံရသည်။ ဘာပဲဖြစ်ဖြစ် သူကတော့ လူတစ်ဖက်သားကို ဘယ်လိုကူညီရမလဲဆိုတာသာ ရှာကြံစဉ်းစားမြဲ စဉ်းစားလျက်ပင် ရှိလေသည်။

သူက ကျေးဇူးအတင်ခံချင်သောကြောင့် အကျိုးခံစားခွင့် တစ်ခုခု တုံ့ပြန်ရယူချင်သောကြောင့် ကူညီခြင်းလည်း မဟုတ်။ များသောအားဖြင့် ကူညီစရာရှိတာ ဝင်ကူညီပြီးလျှင် သူမဟုတ်သလို မသိဘာသာ နေတတ်သည်။ ခပ်အေးအေးပင် သွားစရာရှိတာ ဆက်ထွက်သွားတတ်သည်။ ကူညီခံရသူတွေကသာ ကြောင်တိကြောင်တောင်ဖြစ်ပြီး ကျန်ခဲ့တတ်သည်။

၁ ၁ ၁

အောင်ဘာလေသည် အမိဝမ်းတွင်းမှ ကျွတ်ခါနီးဆဲဆဲကစ၍ သူ့မိဘကို ကူညီခဲ့သည်။ (ထီထောင့်ငါးရာဆုပေါက်ခြင်း)။ မွေးလာပြီးတော့လည်း သန့်ကောင်းသော ကလေးငယ်တစ်ယောက် ဖြစ်လာသည်။ မိဘကို ဒုက္ခမပေး။ နို့ဆာလို့ အော်ငိုတာမျိုး မရှိ။ အမေက သတိရလို့ တိုက်မှ တပြွတ်ပြွတ် အငမ်းမရ စို့တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တချို့ကလေးတွေလို ညဘက်မအိပ်ဘဲ ဂျီကျတာမျိုးလည်း မရှိ။ မအိပ်ချင်လျှင်လည်း မျက်လုံးကလေး အပြူးသားနှင့် သူ့ဘာသာ ငြိမ်ငြိမ်ကလေး နေတတ်သည်။ သေးစို ချေးလူး ဖြစ်နေသည့်တိုင် ယက်ကန်ယက်ကန်နှင့်သာ နေတတ်သည်။

နည်းနည်းလေး သိတတ်သောအရွယ် ရောက်သည်နှင့် သူ၏ ကူညီချင်တတ်သော ဗီဇက ပြလာသည်။ တစ်ရက်တွင် သူ့အဖေက ထမင်းစောစော ဆာသဖြင့်...

"ထမင်းစားမယ်ဟေ့"

ဟုပြောသည်။ သူ့ အမေက...

"ဟင်းမကျက်သေးဘူး"

"ဟာ... မင်းဟာက နောက်ကျလှချည်လား"

"စောစော စားချင်ရင် ကျွန်မ ဈေးသွားနေတုန်း ရှင်က ထမင်းအိုးလေး တည်ထားနိုင်ပါလား၊ ကြက်သွန်လေး ငရုတ်သီးလေး ထောင်းထားနိုင်ပါလား၊ ဒီမှာ တစ်ကိုယ်တည်းနဲ့ အားလုံး လုပ်နေရတာ"

အဖေနှင့် အမေ အပြန်အလှန် ပြောနေကြတာကို ရှစ်နှစ်သားအရွယ် အောင်ဘာလေက ကြားသည်။ နောက်တစ်နေ့ကျတော့ အဖေလည်း ထမင်းစောစောစားရအောင် အမေလည်း သက်သာအောင်ဆိုပြီး သူ့အမေ ဈေးသွားနေတုန်း အောင်ဘာလေက ထမင်းအိုး တည်သည်။ တည်တတ်လို့တော့ မဟုတ်။ သူ့အမေလုပ်တာ ကြည့်ထားပြီး လိုက်လုပ်ခြင်း ဖြစ်၏။

ဆန်ဘယ်နှစ်လုံး ထည့်ရမည်ကို သူမသိ။ သုံးယောက်စားမှာမို့ သုံးလုံးထည့်မည်ဟု သူ့ဘာသာ ဆုံးဖြတ်သည်။ ဆန်ဆေးပြီးတော့





ရေထည့်သည်။ သုံးယောက်ဆိုတော့ ရေဖလားနှင့် သုံးခွက်ထည့်လိုက်သည်။ မီးမမွေးတတ်သဖြင့် နာရီဝက်လောက်ကြာမှ မီးတောက်သည်။ ထမင်းအိုး တင်ထားပြီးနောက် ကြက်သွန်နွှာသည်။ ငရုတ်သီးထောင်းသည်။ ငရုတ်သီးဖတ် မျက်စိထဲဝင်သောအခါ ပူစပ်ပူလောင်ဖြစ်ပြီး ဘာလုပ်ရမှန်းမသိသဖြင့် အော်ငိုသည်။ ထိုအခါကျမှ သူ့အဖေ မီးဖိုထဲ ပြေးဝင်လာသည်။

မျက်စိကို ရေဆေးပေး၊ ခြေမပေါ်ရေလောင်း လုပ်ပြီး ဘယ်လိုဖြစ်တာလဲ မေးရသည်။ အောင်ဘာလေက အဖေထမင်းစောစောစားရအောင် လုပ်တာဖြစ်ကြောင်း ပြောပြသည်။အမေပြန်လာတော့ ခုလိုဖြစ်ရတာ သူ့ကြောင့်၊ ငါကြောင့်ဆိုပြီး အဖေနှင့်အမေ ရန်ဖြစ်ကြသည်။

အောင်ဘာလေ တည်ထားသော ထမင်းအိုးကလည်း ဆန်ပြုတ်ဖြစ်သွား၏။ ထမင်းရည်အိုးငှဲ့သည့်အဆင့် မရောက်တာ ကံကောင်းသည်။ သွားငှဲ့လိုက်မိပြီး မတော်လို့ ထမင်းရည်ပူလောင်လျှင် အောင်ဘာလေတစ်ယောက် သည်ရုပ်သည်ရည် ဖြစ်ချင်မှတောင် ဖြစ်လာမည်။

အောင်ဘာလေကတော့ မမှတ်သေး။ အမေ့ကို ကူညီပြီး တော့ အဖေ့ကို မကူညီလျှင် မျက်နှာလိုက်ရာ ကျမည်ဟု တွေးသည်။ ဘာကူညီလျှင် ကောင်းမလဲ အကွက်ရှာသည်။

တစ်ရက်တွင် သူ့အဖေ နေ့လယ်တရေးတမော အိပ်နေတုန်း စားပွဲပေါ်က ဆေးတံကို တွေ့သည်။ ယူကြည့်တော့ ဆေးတံအိုးထဲမှာ ဆေးချေးတွေ တက်နေတာ အတော်ထူနေပြီဖြစ်ကြောင်း တွေ့ရ၏။

"ဩော် ....အဖေတစ်ယောက်တော့ အလုပ်တွေများ များနေလို့



www.burmeseclassic.com

www.burmeseclassic.com



ဆေးတံတောင် ဆေးချေးတွေ မချွတ်နိုင်ရှာပါကလား”

ဟု တွေးမိသည်။ ထို့ကြောင့် လွှကြိုးကလေးတစ်ချောင်းရှာပြီး ဆေးတံအိုးထဲက ဆေးချေးတွေကို စိတ်ရှည်လက်ရှည် ခြစ်ပစ်သည်။ ဒါနှင့် အားမရနိုင်သေးဘဲ သွားပွတ်တံအဟောင်းနှင့်တိုက်ပြီး ဆပ်ပြာနှင့် သေသေချာချာ ဆေးကြောလိုက်သည်။ ထိုအခါ ဆေးတံကလေးမှာ အသစ်ကဲ့သို့ ပြောင်လက်တောက်ပသွားလေတော့သည်။

အဖေနိုးလာလျှင် အံ့ဩဝမ်းသာသွားအောင် စားပွဲပေါ် အသာပြန်တင်ထားပြီး တစ်နေရာမှ မသိမသာ စောင့်ကြည့်နေလိုက်သည်။ တအောင့်ကြာတော့ သူ့အဖေနိုးလာသည်။ ဆေးလိပ်ဆေးတံသမားတို့ ထုံးစံအတိုင်း အိပ်ရာက နိုးနိုးချင်း ခံတွင်းချဉ်တတ်သည်။ ထို့ကြောင့် ဇိမ်ကျကျ သောက်လိုက်မည်ဟု ဆေးတံကို ကောက်ကိုင်သည်။ ပထမ မျက်မှောင်ကြုတ်ပြီး ကြည့်သည်။ ပြီးတော့ နားမလည်သလို ကြောင်တောင်တောင် ဖြစ်သွားသည်။ ထို့နောက် မျက်လုံးပြူးလာသည်။

“ဟေ့ ငါ့ဆေးတံကို ဘယ်သူ ဒါ... လုပ်တာလဲ”

ဟု မချင့်မရဲအသံဖြင့် အော်သည်။

အောင်ဘာလေ အံ့ဩသွားသည်။ အဖေ ... ဘယ်လိုဖြစ်သွားတာပါလိမ့်။ တန်တော့ သူ့ဆေးတံကို မမှတ်မိတော့ဘူး ထင်တယ်ဟု တွေးပြီး ....

“အဲဒါ ....သား လုပ်ထားတာလေ၊ ဖေဖေကလဲ ဆေးတံ ဘယ်လောက်တောင် ပစ်စလတ်ခတ်ထားသလဲ မသိဘူး၊ ဆေးချေးတွေ တက်နေတာ အများကြီးပဲ၊ မနည်းပြောင်အောင် တိုက်ရတယ်”





သူ့အဖေသည် နဖူးကို ဖြန်းခနဲရိုက်လိုက်ပြီး အတော် စိတ်ခတ်ကျသွားဟန်ဖြင့် ....

“သေလိုက်ပါတော့ကွာ၊ ဒီလို ဆေးချိုးတက်အောင် တမင်ဘကာ လုပ်ထားရတာကွ၊ သွားပါပြီကွာ၊ သွားပါပြီ”

ဆေးတံသမားတို့ မည်သည် ဆေးတံအသစ်စက်စက်ကို သောက်လို့ ခံတွင်းမတွေ့ကြ။ အသားကျသွားအောင် ရက်ပေါင်းများစွာ စိတ်ရှည်လက်ရှည် အချိန်ယူ၍ ကျင့်ရသည်။ သည်လိုနှင့် ဆေးချိုးတွေ ထူလာလေ ဆေးတံကသောက်ကောင်းလေ ဖြစ်၏။ ဆေးချိုးတက်ခြင်းသည် ဆေးတံသမားတို့အဖို့ ဆေးတံသက်ရင့်ကြောင်း ဂုဏ်ယူဖွယ်တစ်ခုပင် ဖြစ်၏။

ဒါကို အောင်ဘာလေက သိမှ မသိဘဲကိုး။

၁ ၁ ၁

သူသည် ကျောင်းမှာလည်း တစ်ဖက်သားကို ကူညီတတ်လေသည်။ ကျောင်းကိုစောစောရောက်အောင် သွားသည်။ ဆရာမ မရောက်ခင် ကျောက်သင်ပုန်းကို ကြိုဖျက်ထားသည်။ ဆရာမ စားပွဲကို သန့်ရှင်းရေးလုပ်ထားသည်။ ကျောင်းခန်းသန့်ရှင်းရေးကို အသင်းလိုက် အလှည့်ကျ လုပ်ရခြင်း ဖြစ်သော်လည်း သူကတော့ ဘယ်သူနှင့်ဖြစ်ဖြစ် နေ့တိုင်း ဝင်ကူလုပ်တတ်၏။

မုန့်စားဆင်းလျှင် ဆရာမ စားချင်သောမုန့်များ ဝယ်ပေးခြင်း၊ ကျောင်းဆင်းသည့်အခါ ဆရာမ၏ ခြင်းတောင်းကိုဆွဲ၍ ကားမှတ်တိုင်လိုက်ပို့ခြင်းတို့မှာ သူ၏ နေ့စဉ်လုပ်နေကျ ဝတ္တရားများ ဖြစ်၏။

သူငယ်ချင်းတစ်ယောက်ယောက် မုန့်ဖိုးပါမလာလျှင် အောင်



www.burmeseclassic.com

www.burmeseclassic.com



ဘာလေက ဝယ်ကျွေးသည်။ တစ်ခါတလေ သူ မစားဘဲ သူများကို ဝယ်ကျွေးတတ်တာမျိုးတောင် ရှိသည်။ ဗလာစာအုပ် မရှိသူကို သူ့ စာအုပ်တွေထဲက ခွဲပေးခြင်း၊ ကျောင်းပျက်များ၍ စာနောက်ကျနေ သူကို စာကူးပေးခြင်းတို့မှာ သူ့အတွက်ရိုးနေပြီ။

"အဖေ၊ သားသူငယ်ချင်းတစ်ယောက်က သိပ်ဆင်းရဲတာ အဖေရ၊ သူ့မှာ မြန်မာဖတ်စာအုပ် မရှိလို့တဲ့၊ အဲဒါ သား စာအုပ်ကို ပေးလိုက်ပြီ၊ သားကို တစ်အုပ်ထပ်ဝယ်ပေးနော်"

ဆိုတာမျိုးလည်း လုပ်တတ်သည်။ သူ့သူငယ်ချင်း လွယ်အိတ်က စုတ်နေလို့ သူ့လွယ်အိတ်ကို ပေးပြီး သူက လွယ်အိတ်အစုတ်ကြီးနှင့် အိမ်ပြန်လာတာမျိုးကလည်း မကြာခဏ။

တစ်ရက်မှာတော့ သင်္ချာဆရာမက အိမ်စာတွေကို တစ်ယောက်ချင်း လာပြခိုင်းသည်။ တွက်မလာသူတွေကို ရိုက်သည်။ အောင်ဘာလေက အားလုံးတွက်လာပြီးသားဖြစ်၍ ခပ်အေးအေးပင် နေသည်။

သူက နောက်ဆုံးတန်းမှာ ထိုင်သူဖြစ်၏။ အလယ်တန်းမှာ ထိုင်သော သူငယ်ချင်းတစ်ယောက်က ဆရာမအလစ်မှာ အောင်ဘာလေဆီသို့ လှစ်ခနဲကူးလာပြီး....

"ဟေ့ကောင်၊ မုန့်စားဆင်းချိန် သိပ်မလိုတော့ဘူး ဒီတော့ မင်း အိမ်စာပြဖို့ အလှည့်ရောက်မှာ မဟုတ်တော့ဘူးကွ၊ ငါတို့ အလှည့်ကတော့ ရောက်မှာပဲ၊ ငါက တွက်မလာခဲ့ဘူးကွ၊ အဲဒါ မင်းစာအုပ် ငါ့ကို ငှားကွာ၊ မင်းစာအုပ်နဲ့ ငါသွားပြလိုက်မယ်"

ဟု အကူအညီတောင်းသည်။ အောင်ဘာလေကလည်း ကူညီဖို့ဆိုလျှင် ငြင်းတတ်သူမဟုတ်၍ စာအုပ်ကို ပေးလိုက်သည်။ ဟို





ကောင်ကလည်း သူ့အလှည့်ကျတော့ ခပ်တည်တည်နှင့် သွားပြသည်။ ဆရာမသည် စာအုပ်ထဲမှာ တွက်ထားသော ပုစ္ဆာတွေကိုကြည့်ပြီး...

"ဟင်... ဘယ်လိုလုပ်တွက်ထားတာလဲ၊ အကုန်တလွဲတွေ ချည်းပဲ၊ မနေ့ကသင်တုန်းမှာ သေသေချာချာ ကြည့်မထားဘူး လား"

ပြောရင်း ကြိမ်လုံးလှမ်းကိုင်သည်။ ဟိုကောင်လည်း ကြောက် ကြောက်လန့်လန့်မို့ သက်သာရာရလိုရငြား ပြောမိပြောရာ ထွက်သွား သည်။

"ဟို... ဟို... ဒါ ကျွန်တော်တွက်တာ မဟုတ်ဘူး၊ အောင် ဘာလေ တွက်ထားတာ"

ဤသို့ဖြင့် အလိမ်ပေါ်ပြီး နှစ်ယောက်စလုံး အရိုက်ခံရလေ သည်။

ဤကဲ့သို့သော အောင်ဘာလေသည် အရွယ်ရောက်လာတော့ လည်း သူများကို ကူညီဆဲကူညီမြဲပင် ဖြစ်၏။ အသက်အရွယ်အလိုက် ကူညီပုံကတော့ ပြောင်းလဲလာသည်။

လူပျိုပေါက်အရွယ်တွင် ရည်းစားစာ မပေးရဲသော သူငယ်ချင်း အတွက် သူက ကိုယ်စားသွားပေးပေးသဖြင့် ထိုးနှင့် အရိုက်ခံရဖူး သည်။

သူက လမ်းသွားလျှင်လည်း အမှတ်တမဲ့ မနေတတ်။ ဘယ်သူ များ အကူအညီလိုမလဲဟု ကြည့်ရှုရှာဖွေရင်း သွားလေ့ရှိသူ ဖြစ်၏။

သွားရင်းလာရင်း ကားတစ်စင်း ပျက်နေတာ တွေ့လျှင် ဘာဖြစ် တာလဲ၊ ဘာလုပ်ပေးရမလဲ မေးသည်။ ကားတွန်းပေးဖို့လိုလျှင် ဝင် တွန်းပေးသည်။ ကားစက်နိုးသွားသည့်အခါ တချို့က လက်ဖက်ရည်



www.burmeseclassic.com

www.burmeseclassic.com



ဖိုးပေးသည်။ သူကတော့ ယူလေ့ မရှိ။ တချို့ ကားပိုင်ရှင်တွေက တော့ ကားပျက်နေတုန်းသာ မျက်နှာငယ်လေးနှင့် အကူအညီ တောင်းတတ်သော်လည်း ကားစက်နိုးသွားပြီဆိုလျှင် လှည့်ကြည့်ပြီး ပြုံးပြနှုတ်ဆက်ဖို့တောင် သတိမရ။ တစ်ချိုးတည်း ဝူးခနဲ မောင်းထွက် သွားတတ်သည်။

အောင်ဘာလေတစ်ယောက်မှာသာ နေပူကျဲကျဲမှာ တွန်းရသ ဖြင့် ချွေးသံရွှဲရွှဲနှင့် ဗွက်နစ်နေသောကားကို တွန်းပေးရင်း ဘီးယက် သဖြင့် ပုဆိုးမှာ ရွှံ့စက်စင်လျှက် ကျန်ရစ်တတ်သည်။

တစ်ခါကလည်း မြေပဒေအရောင်းဆိုင်မှာ ချဉ်ပေါင် သခွား စသော မျိုးစေ့များသွားဝယ်သည်။ သူ့အိမ်ဘေး ကွက်လပ်မှာ စိုက်ရန် ဖြစ်သည်။ ဆိုင်ကပိတ်ဖို့ ပြင်ဆင်နေပြီ ဖြစ်၍ တောင်းပန်ပြီး ဝယ်ခဲ့ ရသည်။

ဆိုင်မှ ပြန်ထွက်လာပြီးနောက် သည်ဘက်တွေ မရောက်တာ ကြာပြီဖြစ်၍ ကန်တော်ကြီးစောင်းမှာ ဟိုဟိုသည်သည် လျှောက်သွား နေမိသည်။

တစ်နေရာတွင် ကားတစ်စင်းရပ်ထားတာ တွေ့ရ၏။ အက်စ် အီးလား ဘာလားတော့ သေသေချာချာမသိ။ ကားကတော့ အကောင်းစားဆိုတော့ သေချာသည်။ သည်လိုကားမျိုး တစ်စင်း လောက်ရှိရင် ဇိမ်ပဲဟု စဉ်းစားနေတုန်း ကား၏ နောက်မီးပွင့်နေတာ သတိပြုလိုက်မိ၏။ ကားထဲမှာများ လူရှိနေမလားဟု ကားနားသို့ လျှောက်သွားပြီး ကြည့်သည်။ အစိမ်းရင့်ရောင်မှန်တွေ အကုန်ပိတ် ထားသည်။ သို့ရာတွင် အထဲမှာတော့ လူရိပ်လိုလို ရိုးတိုးရိပ်တိတ်တွေ့ သဖြင့် ကားကိုယ်ထည်ကို ပုတ်ပြီး ခေါ်လိုက်သည်။





ဘေးမှန်တစ်ချပ်မှာ ပါဝါနှင့်ဖြစ်၍ ညင်ညင်သာသာကလေး ပွင့်ကျသွားသည်။ ကားထဲမှာတော့ အသက်သုံးဆယ်ကျော်အရွယ် ခပ်ချောချော ခပ်တောင့်တောင့် လူရွယ်တစ်ယောက်နှင့် အသက်လေး ဆယ်ကျော်လောက်ရှိမည့် အရုပ်ခပ်ဆိုးဆိုး မိန်းမတစ်ယောက်တို့ ထိုင်နေတာ တွေ့ရသည်။

"ဘာလဲ"

ကားထဲမှ လူရွယ်က ခပ်ဆတ်ဆတ်မေးသည်။ အောင်ဘာလေ က ကားနောက်မြီးဘက်ကို လက်ညှိုးထိုးပြပြီး...

"ဟို... ဟိုလေ... နောက်မီးလင်းနေတယ်"

"ဘာပြောတယ်"

မိန်းမ၏ အထိတ်တလန့် ရေရွတ်သံ ထွက်လာ၏။

"ခြော် .... နောက်မီးလေ ....နောက်မီး"

"မင်းနဲ့ ဘာဆိုင်လို့လဲ"

လူရွယ်က ဟောက်လိုက်သည်။ အောင်ဘာလေ တွန့်ခနဲ ဖြစ် သွားပြီး...

"အဲ ဟုတ်... ဟုတ်ကဲ့၊ ဘာမှ မဆိုင်ပါဘူး"

ဟုပြောပြီး ကုပ်ကုပ်ကလေး လှည့်ထွက်လာရသည်။ စိတ်ထဲ ကတော့ 'သူတို့ကား ဘက်ထရီကုန်မှာစိုးလို့ အကောင်းနဲ့လဲ သတိပေး ရသေးတယ်'ဟု ရေရွတ်မိ၏။

၁ ၁ ၁

သူသည် ရန်ကုန်မြို့ထဲသို့ ထွက်လာခဲ့ပြန်သည်။ ခုအခါလည်း သူ့ကိစ္စမဟုတ်။ ရပ်ကွက်ထဲမှ လူတစ်ယောက် မွတ်စလင်ဆေးရုံမှာ



www.burmeseclassic.com

www.burmeseclassic.com



တက်နေသဖြင့် ထိုသူ၏အိမ်က ထမင်းပို့ ခိုင်း၍ လာပို့ခြင်း ဖြစ်၏။ အိမ်ကလူတွေ မအား၍ သူလာပို့ခြင်းဖြစ်ကြောင်း လူနာကို ပြောတော့....

"ဒီသောက်ကောင်မက ဘာတွေလုပ်နေလို့ မအားရတာလဲ၊ လူနာထက်များ ပိုအရေးကြီးဘာ ရှိလို့လား၊ ငါဆေးရုံတက်နေရတာနဲ့ အကြိုက်တွေ့ပြီး ငါ့ကွယ်ရာမှာ လင်ငယ်နဲ့ ချိန်းတွေ့နေသလား မသိဘူး"

ဟု လူနာက မဆီမဆိုင် သူ့ကို ဟိန်းဟောက်နေသေးသည်။ အောင်ဘာလေက ....

"မဟုတ်ပါဘူးဗျာ၊ အစ်ကို့ မိန်းမက ဆေးဖိုးဝါးအတွက် ငွေလိုလို့ သွားချေးရမှာမို့ပါ၊ ဆေးဘွေကလဲ ဈေးကြီးတယ် မဟုတ်လား၊ ဒါတောင် ဒီဆေးရုံက ကုသိုလ်ဖြစ်မို့ တချို့ ဆေးတွေ ဝယ်စရာ မလိုဘဲ အလကားပေးလို့ သက်သာတာ၊ ညနေကျတော့ ဆက်ဆက် လာပါ့မယ်လို့ မှာလိုက်ပါတယ်"

ဟု ချော့မော့ပြောပြီး ထမင်းကျွေးရသည်။ လူနာက လမ်းလျှောက်လို့ မရသေးသဖြင့် သူစွန့်ထားသော ဆီးအိုးကို အောင်ဘာလေက သွန်ပေးခဲ့ရသေးသည်။

ဆေးရုံက ပြန်ထွက်လာပြီးနောက် အိမ်ပြန်ရန် ကားမှတ်တိုင်ဆီသို့ လျှောက်လာခဲ့သည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် မဟာဗန္ဓုလလမ်းကို ဖြတ်ကူးသွားမည်ပြုစဉ် ဟိုတစ်ခါ လမ်းတွဲကူးပေးခဲ့သော အဘွားကြီးကို ပလက်ဖောင်းစွန်းမှာ ရပ်လျှက် တွေ့ရပြန်သည်။ အဘွားကြီးမှာ ဟိုတစ်ခါကလိုပင် လက်ဝါးကလေးဖြင့် အလင်းရောင်ကို ကာရင်း လမ်းတစ်ဖက်သို့ ကြည့်နေသည်။





အောင်ဘာလေက ဟိုတစ်ခါကိစ္စကို သတိရ၍ တစ်ချက်ပြုံးကြည့်ပြီး ဘေးမှဖြတ်အလျှောက်တွင်...

"သားလေးရေ... အမေကြီးကို တစ်ခုလောက်ကူညီစမ်းပါ"

ဟု အဘွားကြီးက လှမ်းပြောသည်။ ကူညီပါဆိုသော စကားကြားသောအခါ အောင်ဘာလေ ခြေလှမ်းတုံ့ပြီး ရပ်လိုက်၏။

"ဘာလဲ... အမေကြီး"

"အမေကြီး ဟိုဘက်လမ်း ကူးချင်လို့ပါကွယ်၊ ကားတွေက ရှုပ်လွန်းလို့၊ အဲဒါ တစ်ဆိတ်လောက် ကူညီပါလား"

"ရပါတယ် အမေကြီးရဲ့၊ ဒါပေမယ့် အရင်တစ်ခါလိုတော့ ဟိုဘက်လမ်းရောက်မှ ဒီဘက်ပြန်ပို့ပေးပါဦးလို့ မလုပ်နဲ့ဦးနော်"

အောင်ဘာလေက ပြောလိုက်ရာ အဘွားကြီးက ခဏမျှစဉ်းစားသလို တွေနေပြီးနောက် အောင်ဘာလေကို မျက်လုံးမှေးပြီး သေသေချာချာ ကြည့်သည်။ ထို့နောက် ရယ်လိုက်ပြီး ....

"လက်စသတ်တော့ ဟိုတစ်ခါ လမ်းကူးဖို့ ခေါ်သွားတာ ငါ့သားကိုး၊ ဟေး... ဟေး... အဲဒီတုန်းက မင်းကလဲ လာအမေကြီးဆို ဆွဲခေါ်တော့ အမေကြီးလဲ ဘုမသိဘမသိ လိုက်ခဲ့တာပေါ့၊ ဒီတစ်ခါတော့ တကယ် လမ်းကူးချင်လို့ပါကွယ်၊ မြေးမလေးက ကျောင်းဖွင့်ရက်ဆိုတော့ ကိုယ့်ဘာသာပဲ မုန့်ဟင်းခါး သွားစားချင်လို့ပါ"

"ကဲ... ဒါဆိုလဲ လာအမေကြီး"

အောင်ဘာလေက အဘွားကြီးကို တွဲ၍ လမ်းတစ်ဖက်သို့ ကူးသည်။ လမ်းကူးရင်းကလည်း အဘွားကြီးမှာ 'ကျေးဇူးပါပဲကွယ်'ဟု အတွတ်တွတ် ပြောနေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းတစ်ဖက် ပလက်ဖောင်းအနီးသို့ အရောက်တွင် ကားတစ်စင်းကို ကွယ်၍ စောင့်နေသော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် တစ်ဦးမှာ ရုတ်တရက်ထွက်လာပြီး ခရေ့မှုပိတ်ရပ်ရင်း ပြုံးပြုံးကြီး ဆီးကြိုနေလေသည်။

"ကဲ... ဒီကားပေါ် တက်ကြပါ"

အောင်ဘာလေ၏ လက်မောင်းကို ကိုင်၍ ကားကိုညွှန်ပြရင်း ယာဉ်ထိန်းရဲက ပြောသည်။ အဘွားကြီးက...

"နေပါစေကွယ်၊ ကားနဲ့ လိုက်ပို့စရာ မလိုပါဘူး၊ အမေကြီးက သုံးဆယ်ရှစ်လမ်းတင်သွားမှာပါ"

ဟု ပြောနေသေးသည်။ ယာဉ်ထိန်းရဲက...

"လိုက်ပို့မလို့ မဟုတ်ဘူးခင်ဗျ၊ မျဉ်းကျားက လမ်းဖြတ်မကူးလို့ အရေးယူမလို့၊ ကဲ... တက်ကြပါ၊ ဟိုကျမှ ဒဏ်ငွေဆောင်ကြပေါ့"

အောင်ဘာလေမှာ အဘွားကြီးကို ကားပေါ်တွဲတင်ပေးရသေးသည်။ အဘွားကြီးမှာ ကားပေါ် လိုက်ပါလာရင်း 'ဒုက္ခပါပဲ၊ ဒုက္ခပါပဲ' ဟု ရေရွတ်နေသည်။ အောင်ဘာလေက သူ့ကိစ္စထက် အဘွားကြီး အတွက်သာ စိတ်ပူနေရသည်။ ခုလို အဆွဲခံရတာလည်း သူ့တာဝန် မကင်းဟု ယူဆမိသည်။

ရုံးကိုရောက်တော့ အတော်ကြာ စောင့်ဆိုင်းနေရပြီးနောက် ဒဏ်ငွေဆောင်ရသည်။ အောင်ဘာလေဆီမှာ သူ့တစ်ယောက်စာ အတွက်တော့ ရှိသည်။ အဘွားကြီးဆီမှာက မုန့်ဟင်းခါးစားဖို့ ငွေ ဆယ့်ငါးကျပ်သာပါသည်။

အောင်ဘာလေအနေဖြင့် သူ့အတွက် သူဆောင်ပြီး ထွက်သွား





လို့ ရသော်လည်း အဘွားကြီးကို ပစ်မထားခဲ့နိုင်။ အဘွားကြီးအိမ်ကို သွားပြောပေးဖို့ စိတ်ကူးရသော်လည်း...

"ဒီအချိန်ဆို အိမ်မှာ ဘယ်သူမှ ရှိမှာမဟုတ်ဘူး၊ ညနေကျမှ လူစုံပြန်ရောက်မှာ"

ဟု အဘွားကြီးက ပြောသဖြင့် ခက်နေပြန်သည်။ နောက်ဆုံး မတတ်သာသဖြင့် အဘွားကြီးအတွက် သူ့ရှိသည့် ငွေဖြင့် ဒဏ်ငွေ ဆောင်ပေးလိုက်သည်။

"မင်းအတွက်ကကျတော့ ဘယ့်နှယ်လုပ်မှာလဲ"

ဟု အဘွားကြီးက မေးသေးသည်။

"ကျွန်တော့်အတွက် မပူပါနဲ့၊ ကြည့်လုပ်ပါ့မယ်"

ပြောလိုက်ရသည်။

"အေးကွယ် မောင်မင်းကြီးသား ကျေးဇူးပါပဲ၊ ဒီက ကိစ္စပြီးရင် အမေကြီးတို့အိမ် ဝင်ခဲ့ပါ၊ စိုက်ပေးထားတဲ့ငွေ ပြန်ပေးပါ့မယ်၊ မဟာဗန္ဓုလပန်းခြံလမ်း အလယ်လမ်းမှာ ဒေါ်ကြွင်လို့ မေးရင် လူတိုင်းသိပါတယ်"

"ရပါတယ် အမေကြီးရယ်၊ အမေကြီးသာ ဒီကပြန်ရင် လမ်းကူးတာ မမှားပါစေနဲ့၊ ကူးတဲ့အခါ တစ်ယောက်တည်း မကူးနဲ့နော်၊ တစ်ယောက်ယောက်ကို တွဲခိုင်းဦး"

ဟု အောင်ဘာလေက စိတ်မချသဖြင့် မှာလိုက်ရသေးသည်။

အဘွားကြီးကိစ္စပြီးတော့ သူ့ကိစ္စ စဉ်းစားရသည်။ တာဝန်ရှိသူကို မေးကြည့်တော့ နိုင်ငံသားကတ်ပါလျှင် အပေါင်ထားခဲ့၊ ငွေပြန်ယူပြီး လာရွေးလို့ရသည်ဟု ပြောသည်။ ကံအားလျော်စွာ သူ့ဆီမှာ နိုင်ငံသားကတ်ပါသဖြင့် အပေါင်ထားခဲ့ပြီး ထွက်လာရသည်။

၁ ၁ ၁



www.burmeseclassic.com

www.burmeseclassic.com



တချို့လူများသည် စာရေနက္ခတ်ခေါ် သူခိုးနက္ခတ်နှင့် ယှဉ်ပြီး မွေးသောကြောင့် သူများပစ္စည်းကို မခိုးရလျှင် မနေနိုင်ဟု ဆိုသည်။ အောင်ဘာလေကတော့ ဘာနှင့်ယှဉ်ပြီး မွေးခဲ့သလဲမသိ။ ကူညီနက္ခတ်ဆိုတာ ရှိလျှင်တော့ အဲဒါနှင့်ယှဉ်ပြီး မွေးတာဟု ပြောရပေလိမ့်မည်။

မကူညီရမနေနိုင်အောင် တမင်တကာ လိုက်ရှာကြနေသောကြောင့်ပဲလား၊ သူ့ ကံဇာတာကိုက ကူညီစရာနှင့် ကြုံကိုကြုံရဖို့ ဖန်လာခဲ့သလားမသိ။ သွားလေရာမှာ ကူညီဖို့ အခွင့်အလမ်းနှင့် ကြုံရသည်။

တစ်ရက်တွင် ဈေးဘက်သို့ ထွက်လာရင်း ဆိုင်ကိုမြင်သဖြင့် ထီမထိုးရသေးကြောင့် သတိရသည်။ ဆိုင်ရှင် ကိုခင်ကလည်း လှမ်းခေါ်ရင်း

"နံပါတ်လှလှလေးတွေ ရှိတယ်ဗျ"

ဟု ပြောပြီး ထီစာအုပ်သုံးလေးအုပ် ချပေးသည်။ တစ်အုပ်ပြီး တစ်အုပ် ရွေးရင်းက သူကြိုက်သော နံပါတ်တစ်ခု သွားတွေ့သည်။ အက္ခရာက 'က'၊ တစ်အစ တစ်အဆုံး။ ထီးဖိုးပေး၊ ထီလက်မှတ်ယူပြီ ကိုခင်နှင့် စကားပြောနေတုန်း အသက်ငါးဆယ်ကျော် ခြောက်ဆယ်နီးပါး လူကြီးတစ်ယောက် ရောက်လာပြီး ထီစာအုပ်တွေကို ကြည့်ရင်း နံပါတ် ရွေးနေသည်။ ထို့နောက် ထီစာအုပ်တစ်အုပ်ကို လှန်ကြည့်ရင်း....

"ဟာ ဒုက္ခပါပဲ၊ ငါလိုချင်တဲ့ နံပါတ်က မရှိတော့ဘူး"

"ဘာဖြစ်လို့လဲ ဦးလေး"

ကိုခင်က မေးသည်။ လူကြီးက...





"ငါက တစ်အစ တစ်အဆုံး လိုချင်တာကွ၊ အဲဒီတစ်စောင်က သူများထိုးပြီးသွားပြီ"

အောင်ဘာလေ သူ့အင်္ကျီအိတ်ကို စမ်းလိုက်မိ၏။ ကိုခင်က အောင်ဘာလေဘက် တစ်ချက်ကြည့်ပြီး လူကြီးဘက် ပြန်လှည့်၍...

"တခြားနံပါတ်ကောင်းကောင်းလေးတွေ ရှိပါသေးတယ်၊ ဟော ဒီမှာ ခုနစ်အစ ခုနစ်အဆုံး ရှိတယ်"

"ဟာ မရဘူးကွ၊ တစ်အစ တစ်အဆုံးပဲ ထိုးရမှာ"

"ဒါဆိုရင်တော့ တခြားဆိုင်မှာ ရှာကြည့်ပါဦး၊ ဟိုဘက်ထိပ်မှာ ထီဆိုင်တစ်ဆိုင် ရှိပါသေးတယ်"

"မဖြစ်ဘူးကွ၊ ဗေဒင်က ဟောထားတာက တနင်္လာနေ့မှာ တနင်္လာနံ အက္ခရာနဲ့ တစ်အစ တစ်အဆုံး ထိုးရမှာ၊ ထီဆိုင်ကလဲ တနင်္လာနံနဲ့ စတဲ့နာမည် ဖြစ်ရမယ်တဲ့၊ မင်းဆိုင်က ချမ်းသာထီဆိုင်ဆိုတော့ အားလုံးကွက်တိ ဖြစ်နေတာပဲ၊ သူများဦးသွားတာ ဆိုးသကွာ၊ ဘယ့်နှယ်လုပ်ရပါ့မလဲ"

လူကြီး၏ စကားမဆုံးခင်မှာပင် အောင်ဘာလေသည် သူ့အိတ်ထဲမှ ထီလက်မှတ်ကို ထုတ်ယူပြီး ဖြစ်နေလေပြီ။ ထို့နောက် 'ဒီမှာ... ဒီမှာ ဦးလေး'ဟု ခေါ်လိုက်ပြီး...

"ဦးလေး လိုချင်တဲ့ ထီလက်မှတ်က ကျွန်တော် ထိုးထားတာပါ၊ ဦးလေးအတွက် အရေးကြီးနေရင် ယူလိုက်ပါ"

ဆိုပြီး ထီလက်မှတ်ကို လှမ်းပေးလိုက်သည်။ လူကြီးက ထီလက်မှတ်ကို ယူကြည့်ပြီး 'အစစ်ပဲ'ဟု ပြောရင်း မျက်နှာဝင်းပသွားသည်။ ပြီးမှ တစ်စုံတစ်ခု စဉ်းစားမိဟန်သဖြင့်...

"ဒီနံပါတ်က မင်းလဲကြိုက်လို့ ထိုးထားတာထင်တယ်၊ ငါက



www.burmeseclassic.com

www.burmeseclassic.com



ပြန်ယူလို့ ဘယ်သင့်တော်ပါ့မလဲကွ"

"ရပါတယ် ဦးလေးရ၊ ကျွန်တော်က နံပါတ်လှလို့ ယူထား တာပါ၊ အရေးမကြီးပါဘူး၊ ဦးလေးကတော့ ဒီနံပါတ်ရ ဖြစ်မှာမဟုတ်လား"

လူကြီးသည် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွား၏။ ထီလက်မှတ် နှစ်ဆယူပါဟု ပြောသည်။ အောင်ဘာလေက လက်မခံဘဲ ချေးရ သာ ယူလိုက်သည်။

ဒီတစ်ခါတော့ အောင်ဘာလေ၏ ကူညီမှုမှာ အကြီးအကျ အောင်မြင်မှု ရသွားသည်။ အကြောင်းမှာ ဟိုလူကြီးကို သူလွှဲပြော ပေးလိုက်သည့် ထီလက်မှတ်က ပေါက်သွားသောကြောင့် ဖြစ် ပေါက်တာမှ နည်းနည်းပါးပါး မဟုတ်။ ဆယ်သိန်းဆုကြီး ပေါက်သွ ခြင်း ဖြစ်၏။

ထိုလူကြီးမှာ ကျေးဇူးသိတတ်သူ ဖြစ်၏။ ထီဆိုင်ပိုင်ရှင် ခင်မှတစ်ဆင့် အောင်ဘာလေ၏လိပ်စာကို သိရပြီး အိမ်ရောက် သည်။ ကျေးဇူးဆပ်သည့် အနေဖြင့် ငွေငါးသောင်းပေးသည်။ အော ဘာလေက လက်မခံ။

"ဦးလေးကံနဲ့ ဦးလေးရတာပဲ"

ဟု ဆိုပြီး ငွေယူရန် အကြောက်အကန် ငြင်းဆန်နေသ ဘယ်လိုမှ ဇွတ်အတင်းပေးလို့ မရတော့မှ လူကြီးလည်း လက်လျ လိုက်ပြီး....

"မင်းလို သူငယ်မျိုးကတော့ တကယ်ရှားပါတယ်ကွာ၊ တစ်ချိန် မင်းမှာ ဘယ်လိုအကူအညီမျိုးပဲလိုလို ဦးလေး လာခဲ့ ကြားလား၊ ဦးလေးနာမည် ဦးချစ်ထူးလို့ ခေါ်တ





ဟော့ဒီမှာ ဦးလေးရဲ့လိပ်စာကတ်ပြား ယူထားလိုက်"

ဟု ပြောပြီး အောင်ဘာလေကို ကျေနပ်စွာ ကျောသပ်ရင်သပ် ပ်ပြီးမှ ပြန်သွားလေသည်။

) ) )

အောင်ဘာလေမှာ အတွဲရှိသည်ဟု ဆိုလျှင် အံ့ဩစရာ ဖြစ် ကောင်း ဖြစ်ပေလိမ့်မည်။ တကယ်တော့ သူ့ အစွမ်းအစကြောင့် ဟုတ်။ မိဘချင်းသဘောတူထားသော ကောင်မလေးတစ်ယောက် ဖြစ်၏။ လူကြီးတွေက 'မင်းတို့ လူငယ်ချင်းရင်းနှီးအောင်၊ တစ် ယောက်အကြောင်း တစ်ယောက်သိအောင် နေကြ'ဟုဆိုသဖြင့် တွဲနေ ခြင်း ဖြစ်၏။ တစ်ယောက်နှင့် တစ်ယောက် လေ့လာဆဲကာလဟု ခြင်သည်။

အောင်ဘာလေသည် ရုပ်ရည်သန့်ပြန့်ပြီး သဘောကောင်းသူ သဖြင့် ကောင်မလေးက စိတ်ဝင်စားပုံတော့ ရသည်။ အောင်ဘာ လေကလည်း လူကြီးတွေ သဘောမျှထားသည် ကိစ္စကို ကူညီသည့် အနေဖြင့် ကောင်မလေးအပေါ် ကြည်ကြည်ဖြူဖြူ ရှိသည်။

သို့ရာတွင် ကောင်မလေးတို့မိသားစုမှာ ရုပ်ရေးရွာရေး၊ လူမှု ရေး စိတ်ဝင်စားကြသူများ မဟုတ်။ ကောင်မလေးမှာလည်း သည် ကိစ္စတွေ အပြည့်ပါရှိသည်။ အောင်ဘာလေဆိုတဲ့ ကောင်ကတော့ အမန်ထက်တောင်ထူးပြီး လူမှုရေး စိတ်ဓာတ်ရှိသူ ဖြစ်၏။

ထိုအခါ...

သူတို့နှစ်ယောက်တွဲ၍ သွားကြလာကြသည့် အခါတိုင်း ကောင် မလေးမှာ စိတ်မရှည်စရာများနှင့် ကြုံရသည်။ အောင်ဘာလေက



www.burmeseclassic.com

www.burmeseclassic.com



သွားရမည့်လမ်းကို ဖြောင့်ဖြောင့်သွားတတ်သူ မဟုတ်။ တစ်ခါတလေ ရုပ်ရှင်ချိန်နီးနေသဖြင့် ကောင်မလေးက ခပ်သွက်သွက် သွားစေချင်သည်။ အောင်ဘာလေက ကျောင်းဆင်းလာသည့် ကလေးတွေ လမ်းဖြတ်ကူးနိုင်အောင် စောင့်ခေါ်ချင် ခေါ်သည်။

ကောင်မလေးနှင့်အတူတူ လျှောက်လာရင်း ကားမှောက်တာ တွေ့သဖြင့် ကောင်မလေးကို မေ့ထားခဲ့ပြီး လူနာတွေဝင်သယ်၊ ပြုစု၊ ဆေးရုံလိုက်ပို့တာမျိုးလည်း ရှိသည်။

တစ်ခါက သူငယ်ချင်းတစ်ယောက် မင်္ဂလာဆောင်သို့ သူတို့ နှစ်ယောက် အတူတူသွားကြသည်။ ကောင်မလေးက ရွှေပါတိတ်တွေ ဘာတွေနှင့် အပျံစား ဝတ်စားလာသည်။ ကံကလည်း ကောင်းချင်တော့ ဘတ်စ်ကားပေါ်မှာ နှစ်ယောက်အတူတူ တွဲထိုင်ခွင့်ရသည်။

ကံအကြောင်းမလှချင်ပြန်တော့ သူတို့ထိုင်သည့် ခုံတန်း၏ ဘေးမှာ ကုလားအဖိုးကြီးတစ်ယောက် မတ်တတ်ရပ်နေခြင်းပင် ဖြစ်၏။ ကောင်မလေးသည် အောင်ဘာလေကို သူ့အိမ်က အကြောင်းများ၊ စီးပွားရေး လာဘ်မြင်ဖို့ အကြောင်းများကို တတွတ်တွတ် ပြောနေသည်။ အောင်ဘာလေကတော့ 'အင်း' လိုက်ရင်း ခေါင်းညိတ်နေရသော်လည်း စိတ်ကတော့ ဘေးမှာ ရပ်နေသော ကုလားကြီးဆီရောက်နေသည်။ တစ်ချက်တစ်ချက် မော့မော့ကြည့်သည်။

ကုလားအဘိုးကြီးမှာ အသက်တော်တော်ကြီးလှပြီ။ ခုနှစ်ဆယ်ကျော်လောက်များ ရှိမလားမသိ။ လက်ထဲတွင် ထမင်းချိုင့်ကြီး တစ်လုံးကို ဆွဲထားသည်။ တန်းကိုလှမ်းကိုင်ထားသည့် လက်မောင်းပေါ်တွင် ခေါင်းကိုမှီပြီး အမောဖြေသလို မှေးနေသည်။ အောင်ဘာလေသည် ကုလားအဘိုးကြီးကို သနားသွား၏။ သူ့ခမျာ မြို့ထဲမှာ အလုပ်





လုပ်နေသည့် သားသမီးထံ ထမင်းချိုင့်သွားပို့ရခြင်း ဖြစ်နိုင်သည်။ သည်အရွယ်ကြီးနှင့် တစ်လမ်းလုံး မတ်ဘတ်ရပ်သွားရလျှင် တော်တော် ပင်ပန်းရှာမှာပဲဟု တွေးမိသည်။

"ဘာပဲလုပ်လုပ် အသိအကျွမ်းလေးလဲ ရှိမှ၊ ငွေကလည်း အရေးကြီးတယ်၊ ငွေမရှိရင်..."

ကောင်မလေး စကားမဆုံးခင်မှာပင် အောင်ဘာလေသည် ဖျတ်ခနဲ ထရပ်ပြီးသား ဖြစ်နေသည်။

"လာလာ ... ဦးလေးကြီး ဒီမှာထိုင်"

ဆိုပြီး သူ့ နေရာကို ဖယ်ပေးလိုက်၏။ ကုလားအဘိုးကြီးလည်း ဝမ်းသာအားရ ဝင်ထိုင်လိုက်သည်။ ကောင်မလေးက အောင်ဘာလေကို မျက်စောင်းလှမ်းထိုးသည်။

ကုလားအဘိုးကြီးလည်း စောစောတုန်းက မတ်တတ်ရပ်နေခဲ့ရသဖြင့် ပင်ပန်းသွားဟန်တူသည်။ ထိုင်စရာ နေရာလည်းရရော စိတ်ချလက်ချအိပ်လေတော့သည်။ ကုလားအဘိုးကြီး၏ကိုယ်က မုန့်ညင်းဆီစော်လည်း နံသည်။ တစ်ခါတစ်ခါ သူ့ဘက် ငိုက်ငိုက်ကျလာလိုက် လူကိုလာမှီလိုက် ဖြစ်နေသဖြင့် ကောင်မလေးမှာ အံတကြိတ်ကြိတ် ဖြစ်နေ၏။ အောင်ဘာလေဆီသို့လည်း မျက်စောင်းတွေ တစ်စင်းပြီး တစ်စင်း လွှတ်နေသည်။ အောင်ဘာလေကတော့ သူမဟုတ်သလိုပင်။ ကားပေါ်တိုးတက်လာသူတွေ အဆင်ပြေအောင် နေရာရွှေ့ပေးရင်း နောက်ဘက်နားသို့ပင် ရောက်သွားသည်။

တစ်နေရာအရောက်တွင် ကားက အရှိန်နှင့် ကွေ့လိုက်သည်။ ကုလားကြီးမှာ အိပ်ပျော်နေသဖြင့် ထမင်းချိုင့်ကြီးကို သေချာစွာထိန်းကိုင်ထားနိုင်ခြင်းမရှိ။ ထို့ကြောင့် ထမင်းချိုင့်ကြီးသည် ကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



ဘက်သို့ ယိုင်လဲကျသွားသည်။ ကောင်မလေး၏ ထဘီမှာလည်း ချိုင့်ထဲမှ ထွက်ကျလာသည့် ပဲဟင်းများဖြင့် ပေပွကုန်သည်။ ကောင်မလေးမှာ ဒေါသလည်းဖြစ်၊ ရှက်လည်းရှက်ပြီး နောက်မှတ်တိုင်ရောက်တော့ ဆင်းသွားလေတော့သည်။

အလားတူ ကိစ္စမျိုးတွေက မကြာခဏကြုံရသည်။ ကြုံဖန်တွေ့ဖန်များတော့ ရိုးသွားခြင်းဆိုသည်မှာ လင်မယားဘဝ၌သာ ဖြစ်နိုင်သည်။ ခုဟာက သမီးရည်းစားလည်း မဟုတ်။ တရားဝင် စေ့စပ်ပြီးသားလည်းမဟုတ်။ လူကြီးချင်း နားလည်မှုယူထားပြီး လူငယ်ချင်းနားလည်မှုရှိဖို့ လေ့လာတုန်းအချိန်။

သမီးရည်းစားများပင်လျှင် သည်လိုစိတ်သဘောထား မတိုက်ဆိုင်တာများလာလျှင် ပြဿနာ ဖြစ်တတ်သေးတာပဲ၊ ခုလည်း ကောင်မလေးသည် အောင်ဘာလေအပေါ် စိတ်ကုန်စပြုလာသည်။

အောင်ဘာလေက သူ့ထက် တခြားမိန်းကလေးတွေကို ပိုပြီးအရေးပေးနေလို့ သူငယ်ချင်း အပေါင်းအသင်းတွေ ပိုပြီး ဂရုစိုက်နေလို့ဆိုလည်း ထားပါတော့။ စိတ်ကောက်သင့်ကောက် သဝန်တိုသင့်တိုသာရှိ၏။

ခုကျတော့ ဒီလိုမဟုတ်။ အောင်ဘာလေ၏ ဂရုစိုက်အရေးပေးခြင်း ခံရသူများမှာ အများအားဖြင့် တစ်ခါမှတောင်မမြင်ဘူးသူဟွေ၊ ကုလားအဘိုးကြီးတွေ၊ နှပ်ချေးတွဲလောင်းနှင့် ကလေးတွေ၊ သီလရှင်တွေ ဖြစ်နေသည်။ စိတ်ဆိုးရခက်၊ မနာလိုရခက်၊ သဝန်တိုရခက်။

သည်ကြားထဲမှာ သည်းမခံနိုင်သော ကိစ္စတစ်ခု ဖြစ်လာသည်။ ကောင်မလေး၏ ညီမဝမ်းကွဲများနှင့် သူငယ်ချင်းများ နယ်မှရောက်လာကြသည်။ အောင်ဘာလေကိုလည်း မြင်ဖူးချင်သည်။ ရန်ကုန်မြို့





ကိုလည်း လျှောက်လည်ချင်သည်ဟု ဆိုသည်။ ထို့ကြောင့် အိမ်ကို ာစေလာရန် မှာလိုက်သည်။

ချိန်းတဲ့နေ့ကျတော့ ကောင်မလေးနှင့်အဖွဲ့သည် ဂုတ်ကောင်း းလှတွေဝတ်ပြီး စောင့်နေသည်။ အောင်ဘာလေက တော်တော် ် ရောက်မလာ။ ညီမဝမ်းကွဲတွေ၊ သူငယ်ချင်းတွေက ထင်မြင်ချက် းကြသည်။

“ခုလိုအချိန်မှာတောင် ဒီလို မလေးမစားလုပ်နေရင် နောက်ခက်ရောပေါ့”

ဟု ဝေဖန်ကြသည်။ ကောင်မလေးကတော့ အောင်ဘာ သတစ်ယောက်ယောက်ကို ကူညီနေလို့ပဲဆိုတာ သိသည်။

မှန်ပေသည်။ အောင်ဘာလေသည် ကောင်မလေး သေသေ ချာမှာထားသည့်အတိုင်း သပ်သပ်ရပ်ရပ် သားသားနားနား ဝတ် င်ပြီး အိမ်မှ ထွက်လာခဲ့သည်။ ကောင်မလေးအိမ်ရှိရာ ရပ်ကွက်ထဲ ဝင်အလာတွင် အိမ်တစ်အိမ်ရှေ့၌ ကလေးငယ်တစ်ယောက် ထိုင် နေသည်ကို တွေ့ရ၏။ မေးကြည့်တော့ သူ့ခွေးကလေး အိမ်သာ င်းထဲ ကျသွားတာ ပြန်မတက်နိုင်လို့ဟု ပြောသည်။ လူကြီးတွေ ည်း အိမ်မှာမရှိကြ။

သည်တော့ အောင်ဘာလေပဲဟာ၊ ဘယ်ရမလဲ။ အိမ်သာတွင်း ကျနေသော ခွေးကလေးကို အားကြိုးမာန်တက် ကူညီဆယ်ပေး တော့တာပေါ့။

ကြိုးတစ်ချောင်းရှာ ကွင်းလျှောလုပ်ပြီး ကိုယ်ကို စွပ်အောင်လုပ် သည်။ ခွေးကလေးမှာ ကြောက်လန့်နေသဖြင့် သူ့ကို ကယ်မှန်းမသိ၊ ကြိုးကွင်းကို ရှောင်ရှောင်နေသဖြင့် အခက်တွေ့နေရသည်။ မ



www.burmeseclassic.com

www.burmeseclassic.com



အပ်ဘဲ အချိန်ပိုကြာသွားရသည်။

အတော်ကြာမှ စွပ်မိပြီး ချော့၍ ဆွဲတင်ရ၏။ အပေါ်ရောက်တော့ ချွေးတို့၏ ထုံးစံအတိုင်း ကိုယ်ပေါ်မှ အမွေးများကို ခါလိုက်ရာ အောင်ဘာလေ၏ တစ်ကိုယ်လုံး အနံ့အပြား စင်ကုန်တော့သည်။

ကိုယ်ပေါ်မှာ ပေကျံနေတာတွေကို ရေဆေးပစ်၍ ရသော်လည်း အဝတ်အစားပေါ် စွန်းပေသည့် အစက်တွေကိုတော့ သည်အတိုင်း ထားလိုက်ရသည်။

ချိန်းထားသည့်အချိန်ကိုလည်း တော်တော်တောင်ကျော်နေပြီ။ ဟိုရောက်လို့ မေးလျှင် ကားတစ်စင်း ဘေးကဖြတ်မောင်းလို့ ရွှံ့စက်စင်တာဟု ပြောမည် စိတ်ကူးသည်။ အိမ်ပြန်အဝတ်အစားလဲဖို့ အချိန်မရတော့။ ခြောက်သွားလျှင်မှ ကိစ္စမရှိတန်ရာဟု တွေးမိ၏။

ဟိုရောက်တော့လည်း နောက်ကျနေသဖြင့် ကမန်းကတန်း တောင်းပန်ပြီး ထွက်လာကြရသည်။ ကားတစ်စင်းငှားပြီး မြို့ထဲ ထွက်လာကြရာ လမ်းရောက်တော့မှ အားလုံးနှာခေါင်းတရှုံ့ရှုံ့ဖြစ်ကြရတော့သည်။ သူထင်သလို အနံ့က ပျောက်မသွားဘဲ ကားသွားသည့်အရှိန်နှင့် ဝင်လာသော လေစီးကြောင်းမှာ ပျံ့လွှိုင်၍ နေလေ၏။

ကောင်မလေးမှာ တော်တော်စိတ်ဆိုးသွားသည်။ အောင်ဘာလေလုပ်ပုံကြောင့် သူ့ညီမဝမ်းကွဲတွေ၊ သူငယ်ချင်းတွေကြားမှာ တော်တော် သိက္ခာကျသွားရသည်။

"ဒီလောက် စုတ်စုတ်ပွဲပွဲ နေတတ်ပြီး အလိုက်ကမ်းဆိုးမသိတဲ့ လူကို လက်ခံတွဲနေတာ အံ့ပါရဲ့"

ဟု ပြောသွား၏။

ကောင်မလေးမှာ အောင်ဘာလေကို လုံးဝစိတ်ကုန်ပြီး အဆက်ဖြတ်လိုက်လေတော့သည်။ အောင်ဘာလေကတော့ ခပ်အေးအေးပင်။ ဆွေးနေတာတို့၊ စိတ်ပျက်တာတို့ မဖြစ်ဘဲ ချွေးကလေးအတွက် သည်ပတ်ကလေးတစ်ခုတောင် ဟိုချာတိတ်ကို လက်ဆောင်သွားပေးလိုက်သေးသည်။ ချာတိတ်၏ မိဘများနှင့်လည်း ခင်မင်သွားသည်။

) ) )

အောင်ဘာလေသည် သူ၏ထုံးစံအတိုင်း လမ်းပေါ်မှာ ငှက်ပျောခွံတို့ ပုလင်းကွဲတို့ ရှိလျှင် ကောက်ပြီး ဖယ်ပစ်နိုင်ရန် ကြည့်ရှုရှာဖွေရင်း လျှောက်လာသည်။ တစ်နေရာတွင် အုတ်ခဲကျိုးတစ်ခု ကျနေသည်ကို တွေ့ရ၏။ လူတချို့မှာ တိုက်မိမည်စိုး၍ ကျော်လွှားသွားကြသည်။

"ခြော် လူများနှယ်... အမြင်မတော်ရင်လဲ ကောက်ပစ်လိုက်ပါတော့လား၊ ကိုယ်မတိုက်မိ ပြီးရောဆိုပြီး မျက်နှာလွှဲသွားကြတယ်၊ ခဲကို ကောက်ပစ်ဖို့တော့ သတိမရကြဘူး"

ဟု သူတွေးသည်။ အုတ်ခဲကျိုးကောက်ပြီး လမ်းဘေးမြောင်းထဲသို့ ပစ်မည်ပြုစဉ်...

"ဟေ့ကောင်... ဘာလုပ်တာလဲ"

လူတစ်ယောက်က အုတ်ခဲကျိုးကိုင်ထားသော သူ့လက်ကို လာဆွဲရင်း ဟောက်လိုက်သည်။ သူ လှည့်ကြည့်သည်။ လူပုံကတော့ ခပ် မိုက်မိုက်ပုံပဲ။ အောင်ဘာလေ ပြုံးပြပြီး...

"သူများတွေ ခလုတ်တိုက်မိမှာ စိုးလို့ လွှင့်ပစ်မလို့ပါဗျာ"

"ဘာကွ၊ ဒါ တမင်သက်သက် ချထားတာကွ"

"ဗျာ"







www.burmeseclassic.com

www.burmeseclassic.com



"အေး… ဟုတ်တယ်၊ ညနေကျရင် ငါ ရေခဲ့ရေရောင်းဖို့ နေရာဦးထားတာကွ"

ဟုပြောပြီး အောင်ဘာလေလက်ထဲက အုတ်ခဲကျိုးကို ဆွဲလု လိုက်သည်။ ငါ့များ ထုလိုက်ရင် မတားသာဘူးဟု တွေးမိပြီး …

"ဆော… ဆောရီးနော်၊ မသိလို့ပါ"

ဟု ပြုံးဖြဲဖြဲလုပ်၍ ပြောပြီး တစ်ချိုးတည်း လစ်ခဲ့ရသည်။ ဟို လူက စောင်းငန်းစောင်းငန်း ကြည့်နေသေးသည်။

အောင်ဘာလေဆိုတဲ့ကောင်က ဒါနဲ့တောင် မမှတ်သေး။ ဆက် လျှောက်လာရင်း ရှေ့မှာ လူနှစ်ယောက်က ရေခဲသေတ္တာကြီး တစ်ခု လုံးကို မနိုင့်တနိုင် သယ်လာတာတွေ့တော့ မကူညီဘဲ မနေနိုင်ပြန်။ သူပါ ဝင်ပြီး ကူသယ်ပေးသည်။ ဟိုနှစ်ယောက်က-

"ကိစ္စမရှိပါဘူးဗျ၊ နေပါစေဗျ"

ဟု တားသော်လည်း…

"ရပါတယ်၊ ခင်ဗျားတို့ချည်းပဲ နိုင်မှာ မဟုတ်ဘူး၊ ပြုတ်ကျရင် နမြောစရာကြီး"

ဆိုပြီး အတင်းဝင်ကူသည်။ အမိုးဖွင့်ထားသော ပါဘလစ်ကာ ကားပေါ် ထိ ကူတင်ပေးသည်။ ဟိုလူနှစ်ယောက်က ကျေးဇူးတင် စကား ပြောပြီး ကားမောင်း ထွက်သွားသည်။ သူက ပြုံးပြီး လက်ပြ နှုတ်ဆက်လိုက်သေးသည်။

ရေခဲသေတ္တာ ကူသယ်လိုက်ရသဖြင့် နည်းနည်းမောသွား သည်။ ထို့ကြောင့် အနီးရှိ အအေးဆိုင်ထဲ ဝင်ထိုင်ပြီး စပတ်ကလင် တစ်ပုလင်း မှာသောက်လိုက်၏။ သည်နေ့အဖို့ နှစ်ခုဆက်တိုက် ကူညီ လိုက်နိုင်ခြင်းမှာ တော်တော် ကုသိုလ်ထူးသည်ဟု တွေးပြီး ကျေနပ်





နေတုန်း…

စောစောက ဆိုင်နေရာ ဦးထားတယ်ဆိုသော လူသည် အအေးဆိုင်ထဲသို့ ပြုံးပြုံးဟုပ်ဟုပ် ဝင်လာသည်။ သူ့လက်ထဲမှာလည်း အုတ်ခဲကျိုး ကိုင်ထားဆဲ။ ဟိုဟိုသည်သည်ကြည့်ပြီး…

"ဟော… ဟိုမှာ၊ သူပဲ"

ဟုပြောပြီး အောင်ဘာလေထိုင်နေရာသို့ ပြေးလာသည်။ နောက်ကလည်း လူလေးငါးခြောက်ယောက် ဝိုင်းလိုက်လာ၏။ တချို့ လူများ၏ လက်ထဲမှာ တုတ်တွေ ဓားတွေနှင့်။ မိန်းမကြီး တစ်ယောက် သည်လည်း နောက်မှ အူယားဖားယား လိုက်လာသည်။ ထို့နောက် အောင်ဘာလေကို ဝိုင်းထားလိုက်ကြပြီး အုတ်ခဲကိုင်ထားသူက…

"ဟေ့ကောင်… မပြေးနဲ့"

အောင်ဘာလေလည်း အူတိအူကြောင် မော့ကြည့်၍…

"ကျွန်တော်က ဘာဖြစ်လို့ ပြေးရမှာလဲ"

ဟု ပြောလိုက်သည်။ အုတ်ခဲနှင့်လူက…

"ဘာ… အူကြောင်ကြောင် လုပ်နေတာလဲ၊ သေသွားချင်လို့ လား"

ဆိုပြီး အုတ်ခဲကျိုးနှင့် ထုရန် လက်မြှောက်လိုက်သည်။

"အမယ်လေး… မလုပ်ကြပါနဲ့၊ သွေးသံရဲရဲ မကြည့်ရဲလို့ပါ"

မိန်းမကြီးက ပြောရင်း ဝင်ဆွဲသဖြင့် အောင်ဘာလေ သက် သာသွားသည်။ ဒါမှမဟုတ်လို့ကတော့ တုတ်ရော၊ ဓားရော၊ အုတ်ခဲ ကျိုးရော မိလိုက်လို့က မသက်သာ။

"အရမ်းမလုပ်ကြနဲ့၊ စခန်းကို ပို့ရမယ်"

ဟု ပြောရင်း ရယက အဖွဲ့ဝင်များနှင့် အရန်မီးသတ်ရဲဘော်



www.burmeseclassic.com

www.burmeseclassic.com



များ ရောက်လာသည်။ သူတို့မရောက်ခင်ကလေးတင် နားရင်းနှစ်ချက် သုံးချက် အအုပ်ခံလိုက်ရသေးသည်။ အောင်ဘာလေမှာ ထူပူပြီး ဘုမသိ ဘမသိ ကြောင်တိကြောင်တောင် ဖြစ်လျက်...

"ကျွန်တော် ဘာလုပ်လို့လဲဗျ။ လမ်းသွားလမ်းလာတွေ ခလုတ်တိုက်မိမှာ စိုးလို့ အုတ်ခဲကို ဖယ်ပစ်တာပါဗျ"

ဟု ကယောင်ကတမ်းပြောရင်း ဆွဲခေါ်ရာသို့ ပါသွားသည်။

၁ ၁ ၁

လူအများ ထိခိုက်မှာစိုးလို့ တာဝန်သိသိ လုပ်ခဲ့တာကို ဘာကြောင့် ဖမ်းရသလဲဟု နားမလည်နိုင်အောင် ဖြစ်နေသည်။ ရဲစခန်းရောက်မှ သဘောပေါက်သည်။ ခုကိစ္စမှာ အုတ်ခဲကျိုးနှင့် ဘာမျှမဆိုင်။

ဖြစ်ပုံက အိမ်ရှင်တွေ အပြင်သွားနေတုန်း အိမ်တစ်အိမ်ကို လူနှစ်ယောက်က ဖောက်ထွင်းဝင်ရောက်သည်။ သူတို့လုပ်ပုံက ပိပိရိရိ ရှိလှသည်။ ရွှေငွေ၊ လက်ဝတ်ရတနာများ၊ ငွေများ ရှာဖွေယူပြီးနောက် ရေခဲသေတ္တာထဲ ထည့်လိုက်သည်။ ပြီးတော့မှ ရေခဲသေတ္တာကြီးကို အိမ်ရှေ့ပေါက်မှတစ်ဆင့် ခပ်တည်တည်မ ထုတ်လာသည်။

နေ့ခင်းကြောင်တောင်ကြီးလည်း ဖြစ်၊ လူမြင်သူမြင် မှင်သေသေ လုပ်ရှားသွားသောကြောင့် ဘယ်သူကမှ မသင်္ကာမဖြစ်မိ။ တစ်ခုပဲ ရှိသည်။ ရေခဲသေတ္တာကြီးက သူတို့ထင်တာထက် ပိုလေးနေသည်။ ထို့ကြောင့် မနိုင့်တနိုင် ဖြစ်နေတုန်း အောင်ဘာလေက ကူပြီးသယ်ပေးခဲ့ခြင်း ဖြစ်၏။

သူခိုးများ ထွက်သွားပြီးနောက် မကြာခင်မှာပင် အိမ်ရှင်၏





ဇနီး မိန်းမကြီးမှာ ဈေးဝယ်ရာမှ ပြန်လာသည်။ အိမ်ရှေ့တံခါးကြီး ပွင့်နေတာ မြင်ကတည်းက ထိတ်ထိတ်ပျာပျာ ဖြစ်ပြီး အိမ်ထဲဝင်ကြည့်ရာ သူခိုးဖောက်သွားကြောင်း သိရသည်။ အောင်ဟစ်အကူအညီတောင်းသဖြင့် လူအချို့ ရောက်လာသည်။ ဖြစ်ပုံသိရသောအခါ အုတ်ခဲကျိုး ကိုင်ထားသူက ရေခဲသေတ္တာကို လူသုံးယောက်သယ်၍ ကားပေါ်တင်သည်ကို တွေ့ရကြောင်း၊ ထိုအထဲမှ တစ်ယောက်သည် အအေးဆိုင်ထဲမှာ ရှိသေးကြောင်း ပြောသဖြင့် အောင်ဘာလေကို ဖမ်းမိသွားခြင်း ဖြစ်၏။

ရဲက အောင်ဘာလေကို စစ်ဆေးသောအခါ သူဘာမှမသိရကြောင်း လူနှစ်ယောက် ရေခဲသေတ္တာကို မနိုင်မနင်း သယ်နေတာတွေ့ရ၍ ရိုးရိုးသားသား ဝင်ကူညီခြင်းသာ ဖြစ်ကြောင်း ပြောသည်။

ခက်နေတာက မျက်မြင်သက်သေ (အုတ်ခဲကျိုးနှင့်လူ)၏ ထွက်ဆိုချက်အရ အောင်ဘာလေက တစ်ဖက်မှလျှောက်လာကြောင်း၊ ကျန်လူနှစ်ယောက်က ရေခဲသေတ္တာ သယ်လာကြောင်း၊ထို့နောက် အောင်ဘာလေနှင့်ဆုံပြီး သုံးယောက်အတူ သယ်ကြကြောင်း၊ ကားပေါ်တင်ပြီးနောက် နှစ်ယောက်က ကားနှင့်ထွက်သွားပြီး အောင်ဘာလေက နေခဲ့ကြောင်း၊ ကားထွက်သွားသောအခါ အောင်ဘာလေက လက်ပြနှုတ်ဆက်လိုက်သေးကြောင်း။

အထက်ပါ ထွက်ဆိုချက်အရ အောင်ဘာလေသည် ဖောက်ထွင်းသူများနှင့် တစ်ဖွဲ့တည်း ဖြစ်သည်ဟု ယူဆနိုင်စရာ အကြောင်းရှိနေသည်။ ထို့ကြောင့် အောင်ဘာလေကို ဆက်ချုပ်ထားလိုက်၏။

အိမ်တစ်အိမ်ကို ဖောက်ထွင်းနိုးယူမှုဖြင့် အောင်ဘာလေအဖမ်းခံရကြောင်း ကြားသိရသောအခါ တစ်ရပ်ကွက်လုံး အုန်းအုန်းကျွက်



www.burmeseclassic.com

www.burmeseclassic.com



ကျွက် ဖြစ်သွားသည်။ အောင်ဘာလေ၏အကြောင်းကို သိနေသ
ဒါ တခြားဖုံးအတွက် စားစာခံရတာပဲဆိုတာ သိနေကြ၏။

အောင်ဘာလေ၏ မိဘများနှင့် ဦးကုလားတို့ ရဲစခန်းလိုက်သွ
ကြသည်။ အာမခံရဖို့ကိစ္စ သွားပြောသည်။ ဦးကုလားက လိုအပ်လျှ
သူ အာမခံပါမည်ဟု ပြောသည်။ လောလောဆယ် အာမခံ ပေးလို့
သေးကြောင်း ရဲစခန်းက ပြောလိုက်၏။ ညနေကျတော့ သူတို့ရပ်ကွ
ရယက အဖွဲ့ဝင်များ ရောက်လာပြီး အောင်ဘာလေမှာ ဒီလိုအ
မျိုး လုပ်မည့်သူမဟုတ်ကြောင်း၊ အကျင့်စာရိတ္တအလွန်ကောင်းသ
လူရိုးလူကောင်းတစ်ယောက်ဖြစ်ကြောင်း ထောက်ခံကြပြန်သည်

ရပ်ကွက်ထဲက လူများကလည်း အောင်ဘာလေတစ်ယော
တော့ အားငယ်နေတော့မှာပဲဆိုပြီး စခန်းကို လိုက်လာကြသည်။
...ငယ်လာသူ၊ ဆေးလိပ်လာပေးသူများဖြင့် ရဲစခန်းတစ်ဝိုက်မှာ
...နေသည်။ တချို့ မိန်းမတွေကလည်း အချုပ်ခန်းနား သွား
ဆက်ခွင့် ...သူဖြင့် စခန်းနောက်ဘက်မှ ပတ်၍ 'အောင်ဘာ
ရေ... ဘာမှ မအားမငယ်နဲ့ဟေ့'ဟု အော်ဟစ်နှုတ်ဆက်ကြသည်

ထိုမျှမကသေး။ အောင်ဘာလေ ဆေးရုံမှာ သွားပြုစခဲ့သူ သ
ဆေးရုံမှ ဆင်းလာပြီး ထော့နဲ့ ထော့နဲ့နှင့် ရောက်လာသေးသ
အောင်ဘာလေ အိမ်သာတွင်းထဲက ဆယ်ပေးခဲ့သော ခွေးက
ပိုင်ရှင် ချာတိတ်၏ ဖခင်မှာ ရှေ့နေဖြစ်၏။ သူကလည်း သတင်း
သဖြင့် ရောက်ရှိလာပြီး အားပေးစကား ပြောရင်း လိုအပ်
သူ့အနေဖြင့် အခမဲ့ ရှေ့နေလိုက်ပေးမည်ဖြစ်ကြောင်း ပြောသ

စခန်းမှူးအနေဖြင့် အောင်ဘာလေနှင့် ပတ်သက်ပြီး စဉ်
စရာ ဖြစ်လာသည်။ သည်လောက် အာမခံချင်သူပေါ်များသော တ





ခံမျိုး တစ်ခါမှ မတွေ့ဘူးသေး။ ပြီးတော့ အောင်ဘာလေ၏ ပုံစံမှာ လည်း ဖောက်ထွင်းဝိဇ္ဇာတစ်ယောက်နှင့် လုံးဝမတူ။ သည်အမှုမှာ အောင်ဘာလေ ပါဝင်ပတ်သက်နေတယ်ဆိုတာ သံသယရှိစရာ ဖြစ်လာ၏။

ထိုမျှမက...

၁ ၁ ၁

ဖောက်ထွင်းခံရသည့် အိမ်ရှင်လူကြီးသည် ရဲစခန်းသို့ ရောက်လာပြီး အမှုအခြေအနေကို မေးသည်။ စခန်းမှူးက...

"ကျွန်တော်တို့လည်း တရားခံတွေ အားလုံးမိအောင် အပူတပြင်း ကြိုးစားနေပါတယ်၊ သူတို့အဖွဲ့နဲ့ ပတ်သက်လို့ မသင်္ကာတဲ့ လူတစ်ယောက်ကိုတော့ မိထားပါတယ်"

"ဟုတ်လား၊ ဘယ်သူလဲ"

"လူပုံကတော့ ထင်လောက်စရာ မရှိပါဘူး၊ သူ့နာမည်ကလဲ ခပ်ဆန်းဆန်းပဲ ခင်ဗျ၊ အောင်ဘာလေတဲ့"

"ဘာ... အောင်ဘာလေ ဟုတ်လား၊ ကျုပ် သူ့ကို တွေ့ချင်တယ်ဗျာ၊ အသိထဲကများ ဖြစ်နေမလားလို့"

"ရပါတယ်၊ တွေ့ရပါတယ်"

လူကြီးကို အချုပ်ခန်းဆီ ခေါ်ဆောင်သွားပြီး အောင်ဘာလေနှင့် တွေ့ပေးသည်။ လူကြီးနှင့် အောင်ဘာလေတို့မှာ တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး အံ့သြတကြီး ဖြစ်ကုန်ကြလေသည်။ လူကြီးက အောင်ဘာလေကို လက်ညှိုးထိုးပြီး....

"ဟာ... သူမဟုတ်ဘူး၊ သူ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု အော်လိုက်သည်။ စခန်းမှူးက...

"ဟုတ်ကဲ့၊ သူဟာ ဦးလေးရဲ့အသိ မဟုတ်နိုင်ပါဘူး"

"ဒါကို ပြောတာမဟုတ်ဘူး၊ အန်ကယ့်အိမ်ကို ဝင်ခိုးတာ သူ မဟုတ်နိုင်ဘူးလို့ ပြောတာ၊ ဒီ သူငယ်ဟာ အင်မတန်ရိုးသား ဖြောင့်မတ်တဲ့ သူငယ်ပါ"

စခန်းမှူးမှာ 'လာပြန်ပြီ တစ်ယောက်' ဟု စိတ်ထဲက ရေရွတ်ရင်း ပါးစပ်အဟောင်းသား ဖြစ်သွားရ၏။ လူကြီးကဆက်လက်၍...

"သူမဟုတ်ဘူးဆိုတာ အန်ကယ် အာမခံပါတယ်၊ သူ့ကို လွှတ်ပေးလိုက်ပါ"

"ဟာ ဒီလိုတော့ လုပ်လို့မရဘူး ခင်ဗျ၊ ဥပဒေသဘောအရ တော့ လုံးဝ ခိုင်လုံအောင် ထောင့်စေ့အောင် စောင့်ကြည့်ရပါဦးမယ်"

"ဒါဆိုလဲ သူ့ကို စားစရာလေး ဘာလေး ပေးပါရစေ"

"ဒါတော့ ရပါတယ်"

ထိုလူကြီးမှာ အောင်ဘာလေက ထီလက်မှတ် လဲပေးလိုက်သဖြင့် ဆယ်သိန်းဆုပေါက်သွားသော ဦးချစ်ထူးပင် ဖြစ်လေ၏။

ဦးချစ်ထူးက အောင်ဘာလေကို ဘာမှ အားမငယ်ရန် ပြောသည်။ အောင်ဘာလေ စားဖို့အတွက် ဒံပေါက်ထမင်းနှင့် မရင်ဒါဝယ်ပေးခဲ့သည်။ ညနေတစ်ခေါက် ရောက်လာပြန်ပြီး ထမင်းကြော်၊ ဘဲကင်၊ အစိမ်းကြော်နှင့် ကျွဲရိုင်းအချိုရည်ဘူး၊ ညဘက် ဆာလျှင်ကားဖို့ သောက်ဖို့ ပေါင်မုန့်၊ ဘီစကွတ်၊ ပိုကာဖျော်ရည်ဘူး စုံအောင်ဝယ်လာသည်။ ညကျလျှင် ခင်းအိပ်ဖို့ ဂွမ်းကပ်နှင့် သက္ကလတ်စောင်တွေ၊ ခေါင်းအုံးတွေပါ ယူလာသောကြောင့် အချုပ်ခန်းထဲမှာ ဒါတွေ





ပေးလို့ မရပါဘူးဟု စခန်းမှူးက မနည်းတောင်းပန်လွှတ်လိုက်ရသည်။

စခန်းမှူးမှာ တော်တော်ဦးနှောက်ခြောက်လာ၏။ ခုဖြစ်နေပုံက တော်တော် ဆန်းသည်။ တရားလိုက တရားခံကို အပြစ်မရှိပါဘူးဟု ဆိုပြီး အာမခံနေသည်။ ပြီးတော့ အချုပ်ခန်းထဲမှာ လိုလေသေးမရှိအောင် လုပ်ပေးထားသည်။

သည်အတိုင်းဆိုလျှင် အောင်ဘာခလမှာ အပြစ်မရှိနိုင်ကြောင်း တဖြည်းဖြည်း ပေါ်လွင်လာသည်။ သူ တကယ်ပြစ်မှုကျူးလွန်သည် ဆိုလျှင် ဟိုကောင်တွေနှင့် တစ်ခါတည်း လိုက်သွားရမည်။ ခုလို အအေးဆိုင်မှာ စိမ်ပြေနပြေ အအေးသောက်နေတာကို ကြည့်လျှင် သူနှင့် သူခိုးတွေ ဘာမှမဆိုင်ကြောင်း ညွှန်ပြသလို ဖြစ်နေသည်။

ထို့ကြောင့် အောင်ဘာခလေကို တစ်ခါထပ်ပြီး စစ်မေးသည်။

"မင်းက ဟိုကောင်တွေနဲ့ ဘာမှ မဆိုင်ဘဲ ထားပါတော့ကွာ၊ အဲဒီကောင်တွေကို မြင်ရင် မင်းမှတ်မိနိုင်ပါ့မလား"

"မှတ်မိမယ် ထင်ပါတယ်"

"ဒါဆိုရင် သူတို့ပုံပန်း သဏ္ဌာန်ကို ပြောပြစမ်းကွာ"

အောင်ဘာလေက ခဏစဉ်းစား၍...

"အသားက မည်းမည်း"

"အင်း... ဟုတ်ပြီ၊ ကိုယ်လုံးကိုယ်ထည်က... "

"ခပ်ကျစ်ကျစ်ပဲ၊ အရပ်က မနိမ့်မမြင့်"

"မျက်နှာပုံပန်းကကော ဆံပင်ကစပြောကွာ"

"ခေါင်းတုံးဆံတောက်လို ဆံပင်မျိုး"

"မျက်နှာက... "

"အင်း မျက်နှာမှာ ဝက်ခြံတွေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မင်းပြောတဲ့ ပုံမျိုးက လူအများစုထဲကပုံပဲ၊ ဒီလောက်နဲ့တော့ မရသေးဘူး၊ထူးခြားတာ ဘာရှိသလဲ၊ မျက်နှာမှ အမာရွတ် ရှိတာတို့ လက်မှာ ဆေးမင်ကြောင်ထိုးထားတာတို့"

"အဲဒါတော့ သတိမပြုမိဘူး ဆရာ"

"ကဲ... ဒါဆို နောက်တစ်ယောက် အကြောင်းပြော"

"နောက်တစ်ယောက်ကလဲ အဲဒီအတိုင်းပဲ"

"ဟော့... ဘယ်လို"

အောင်ဘာလေသည် အတန်ကြာအောင် နှုတ်ခမ်းကိုက် စဉ်းစားနေပြီးနောက်...

"ဟာ... သိပြီဆရာ၊ သူတို့နှစ်ယောက်က တစ်ယောက်နဲ့ တစ်ယောက် ရုပ်ချင်းသိပ်တူတယ်၊ အမြွှာညီအစ်ကို ဖြစ်နိုင်တယ်"

စခန်းမှူး၏မျက်နှာ ဝင်းလက်သွား၏။ နယ်ထိန်းကို လှမ်းကြည့်သည်။ နယ်ထိန်းက ဖြစ်နိုင်တယ်ဆိုသောသဘော ခေါင်းညိတ်ပြသည်။ စခန်းမှူးက...

"သူ့ကို စီအိုင်ဒီခေါ်သွားပြီး ဟိုကောင်တွေဓာတ်ပုံ ပြလိုက်ပါ"

ဟု ပြောသည်။

အောင်ဘာလေကို စီအိုင်ဒီ မှုခင်းမှတ်တမ်းဌာနခွဲသို့ ခေါ်သွားသည်။ ပြစ်ချက်ရှိခဲ့ဖူးသူများ၏ ဓာတ်ပုံတွေထားသော ဖိုင်တွဲထဲက ဓာတ်ပုံများကို ပြသည်။ အောင်ဘာလေက 'ဟုတ်ပါတယ်၊ သူတို့ပါပဲ'ဟု ပြောသည်။

ဤသို့ဖြင့် ပိုက်စိပ်တိုက်ရှာဖွေရာ ဖောက်ထွင်းဝိဇ္ဇာ အေးမြင့်နှင့် အေးတင့်တို့ အမြွှာညီအစ်ကိုတို့အား ခိုးရာပါ ပစ္စည်းများနှင့်အတူ လက်ရဖမ်းဆီးနိုင်ခဲ့သည်။

၁ ၁ ၁





အောင်ဘာလေကို လွှတ်ပေးလိုက်သည်။ အောင်ဘာလေက ပြန်ခါနီး ကျေးဇူးတင်စကား ပြောနေတုန်း အဘွားကြီးတစ်ယောက် ယောက် ဝင်လာသည်။ စခန်းမှူးက...

"အမေ၊ ဘာဖြစ်လို့ လိုက်လာတာလဲ"

ဟု မေးသည်။ အဘွားကြီးက...

"အညာက မင်းဦးလေးရောက်နေလို့ လာခေါ်တာ"

ဟုပြောပြီး အောင်ဘာလေဘက် လှည့်သည်။ အောင်ဘာလေမှာ အံ့သြသွားပြီး...

"ဟင်... အမေကြီးပါလား"

လမ်းဖြတ်ကူးရာမှာ သူကူညီခဲ့ဖူးသော အဘွားကြီး ဒေါ်ကြင် ဖြစ်နေလေ၏။ အဘွားကြီးကလည်း အောင်ဘာလေကို စူးစိုက်ကြည့်ရာမှ လက်မောင်းကို ဝမ်းသာအားရဆုပ်ကိုင်ပြီး...

"အလို... မင်း... ဟိုသူငယ်ကိုးကွယ့်"

စခန်းမှူးမှာ မျက်လုံးပြူးသွားပြီး...

"သူက... သူက အမေနဲ့လဲ သိတယ်၊ ဟုတ်လား"

အဘွားကြီးက...

"ဟုတ်ပ၊ အမေ တစ်ခါပြောဖူးပါလား၊ လမ်းဖြတ်ကူးတဲ့ အကြောင်း၊ အဲဒါ ဒီသူငယ်ပေါ့၊ အမယ်... ခုမှ သတိရတယ်၊ အမေ့အတွက် ဒဏ်ငွေဆောင်ဖို့ သူစိုက်ပေးခဲ့တဲ့ ငွေနှစ်ရာတောင် ပြန်မပေးရသေးဘူး၊ ဟဲ့... မင်းမှာ ငွေနှစ်ရာရှိရင် သူ့ကို ပေးလိုက်စမ်း"

"ဗျာ"

"ဪ... ငွေနှစ်ရာ ပေးလိုက်ပါလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်... ဟုတ်ကဲ့"

စခန်းမှူးက အောင်ဘာလေကို တစ်ရာတန်နှစ်ရွက် ထုတ်ပေး ရသည်။ အောင်ဘာလေက ငြင်းသည်။ အဘွားကြီးက အိတ်ထဲ အတင်း ထည့်ပေးရသည်။ အောင်ဘာလေထွက်သွားပြီးနောက် စခန်း မှူးက ရေရွတ်သည်။

"ဒီလို တရားခံမျိုး တစ်ခါမှ မကြုံဘူးပေါင်ဗျာ"

၀ ၀ ၀

သည်လောက်နှင့် မပြီးသေး။ ဦးချစ်ထူးမှာ ဟိုတစ်ခါကလည်း အောင်ဘာလေကြောင့် ဆယ်သိန်းဆုပေါက်ပြီးပြီ။ ခုတစ်ခါလည်း အောင်ဘာလေ ကူညီဖော်ထုတ်ပေးလို့ တရားခံတွေမိပြီး အခိုးခံရတဲ့ ပစ္စည်းတွေ ပြန်ရသည်။

ထို့ကြောင့် အောင်ဘာလေကို အလွန်ကျေးဇူးတင်မိ၏။ ဟိုတစ်ခါ အိမ်ကို လာလည်ဖို့ ဖိတ်သော်လည်း မရောက်ဖြစ်ခဲ့။ သည် တစ်ခါတော့ မလာမဖြစ်လာရမယ်ဆိုပြီး အိမ်ခေါ်၍ အကောင်းဆုံး ပြုစုကျွေးမွေးသည်။ အောင်ဘာလေမှာ ထိုအိမ်မှာပင် တစ်ခါတည်း နေဖို့ အထိ ဖြစ်လာလေ၏။ အကြောင်းမှာ ဦးချစ်ထူး၏သမီး ကလေး သည် အလွန်လှသောကြောင့်ပင် ဖြစ်သတည်း။

(ငိုအားနှင့် ရယ်အားစာအုပ်

၁၉၉၆၊ နှ






www.burmeseclassic.com

www.burmeseclassic.com



## ဘုန်းကြီးပါးစပ်

စာချဆရာတော် ဦးလက်ာပြောတာ ကြားဖူးတယ်။ ဦးလက်ာဆိုတာက ကျုပ်တို့ ဖိုးဖိုးတုန်အောင် ကြောက်ခဲ့ရတဲ့ ကိုယ်တော်ပေါ့။ ကျုပ်တို့တွင် မကပါဘူး။ ဒကာ ဒကာမတွေလည်း ကြောက်ကြရတာပါပဲ။

သူက လိုက်လိုက်လျောလျော အားနာပါးနာ လုပ်တတ်တာမဟုတ်ဘူး။ စိတ်မထင်ရင် မထင်သလို ပြောချလိုက်တာ။ ဒကာဒကာမတွေမှာလည်း လှူလည်း လှူရသေး။ အဆူအကြိမ်းလည်း ခံရသေးဆိုတော့ ကျုပ်တို့တောင် ကြားထဲက မျက်နှာပူရတယ်။ သူတို့ကလည်း သူတို့ပဲ။ လှူတာက တစ်ထောင်ဖိုး ပကာသနလုပ်ချင်တာက ငါးထောင်ဖိုးဆိုတော့ ဦးလက်ာပါးစပ်နဲ့ တွေ့ကရောပေါ့။

တစ်ခါက ဦးလက်ာရဲ့ကျောင်းမှာ ရှင်ပြုရဟန်းခံပွဲလုပ်တယ်။ အလှူထမြောက်ပြီးလို့ ရေစက်ချတဲ့ အချိန်မှာပဲ ခတ်ပုံဆရာနဲ့ ဦးလက်ာ တွေ့တော့တာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ခတ်ပုံဆရာဆိုတဲ့ ဒကာကလည်း နည်းနည်းကဲတာတော့ အမှန်ပဲ။ အလှူအတန်း တစ်လျှောက်လုံးမှာ ရိုက်လိုက်တဲ့ ခတ်ပုံဆိုတာ သူ့ကင်မရာက တဖျပ်ဖျပ် မီးလင်းနေတာများ မိုးတွင်းပြန်ရောက်လို့ လျှပ်စီးလက်နေသလား၊ အောက်မေ့ရတယ်။ ရှင်လောင်းလှည့်တဲ့အချိန်၊ ကျွေးမွေးတဲ့ အချိန် ရိုက်တာကထားတော့။ ရေစက်ချ တရားဟောတဲ့ အချိန်မှာပါ သူက လက်စွမ်းပြနေပြန်တာကိုး။

အမှတ်တရ ဖြစ်ရုံ တစ်ပုံနှစ်ပုံ ကိစ္စမရှိ။ ခုတော့ ဖလင်ဘယ်လောက်ပေါနေတယ် မဆိုနိုင်ဘူး။ ဟိုထောင့်က လှည့်ရိုက်လိုက်၊ သည်ထောင့်က လှည့်ရိုက်လိုက် တရားနာနေတဲ့ လူတွေကြားထဲဝင်ရိုက်ရင်း တချို့လူတွေကို ခလုတ်တိုက်မိလို့ တိုက်မိ။

ဦးလက်ဘာလည်း တရားဟောနေတုန်းဆိုတော့ ဘာမှတော့ မပြောဘူး။ တစ်ချက်တစ်ချက် လှည့်ကြည့်တာတော့ တွေ့ရတယ်။ ထိုဒကာကတော့ ဘာမှမသိဘူး။ ရေစက်ချပြီးလို့ ဦးလက်ဘာကအလှူရှင်တွေကို အာလာပသလ္လာပ စကားပြောနေတုန်း ခတ်ပုံဆရာက အလှူရှင်တွေရှေ့က ကွယ်ရပ်ပြီး ဦးလက်ဘာကို အနီးကပ်ခတ်ပုံ ရိုက်မယ်လည်းလုပ်ရော....

"ဟေ့ ဒကာ ကျုပ်ကဘုန်းကြီးဗျနော်၊ ရုပ်ရှင်မင်းသားမဟုတ်ဘူး"

လို့ ပက်ခနဲပြောလိုက်တာ ခတ်ပုံဆရာလည်း ကြောက်ကြောက်လန့်လန့် ယောင်ယောင်ကန်းကန်းနဲ့ 'ဆောရီးပါဘုရား'လို့ပြောပြီး တစ်ချိုးတည်း လစ်ပြေးတော့တာပေါ့။ ဆရာတော် ဦးလက်ဘာက သူ့ကျောင်းမှာ အလှူလုပ်ရင် အသံချဲ့စက်နဲ့ သီချင်းဖွင့်တာတို့





အငြိမ့်တွေ ဆိုင်းဝိုင်းတွေထည့်တာတို့ မကြိုက်ဘူး။

ကျောင်းမှာလာလုပ်တဲ့ အလှူတစ်ခုအကြောင်း သတိရသေးတယ်။ အလှူရှင်က ဦးလက်ဘာရဲ့ တပည့်ရင်းတစ်ယောက်ပဲ။ သူက အလှူမှာ ဆိုင်းဝိုင်းထည့်ပါရစေလို့ မရဲတရဲလျှောက်တော့ ဦးလက်ဘာက တစ်ခွန်းတည်းပဲ။

'ကျုပ် ပွဲကန်ထရိုက်မဟုတ်ဘူး'

... တဲ့။ အဲသည်ဒကာလည်း နောက်ထပ် မလျှောက်ရဲတာနဲ့ ကျုပ်ကိုလာပြီး အပူကပ်တယ်။ ဆရာတော်ကို ပြောပေးပါဦးပေါ့။ အဲသည်အချိန်မှာ ကျုပ်က ဝါကလေးလည်း နည်းနည်းရလာ၊ သွက်သွက်လက်လက် ထက်ထက်မြက်မြက် ရှိလို့ဆိုပြီး ဦးလက်ဘာကလည်း နည်းနည်းအရေးပေးထားတဲ့ သူဆိုတော့ အားကိုးရှာတာပေါ့လေ။

ကျုပ်လည်း ကြားထဲမှာ အခက်တွေ့တာပေါ့။ သည်ကိစ္စ ဦးလက်ဘာကိုဘယ်လိုမှ လျှောက်လို့ရမှာ မဟုတ်ဘူးဆိုတာသိတယ်။ သပ်ပြောရင်လည်း ကျုပ်ပါ အဆူအကြိမ်းခံရမှာ။ တစ်ဖက်က ကြည့်ပြန်တော့လည်း အဲသည်ဒကာက ကျောင်းအတွက် အတော်ရက်ရက်ရောရော လှူထားတဲ့ ပုဂ္ဂိုလ်ဖြစ်နေတယ်။ သူကလည်း သူ့အလှူကို ခမ်းခမ်းနားနားလေး လုပ်ချင်ရှာမှာပေါ့။

သည်တော့ ကျုပ်လည်း နောက်မှ ဆူရင်ကြိမ်းရင်လည်း ခံလိုက်တော့မယ်ဆိုပြီး အစီအစဉ်တစ်ခု လုပ်လိုက်ရတယ်။ အလှူကို ကျောင်းဝင်းထဲမှာ လုပ်ခိုင်းပြီး ဆိုင်းဝိုင်းကိုတော့ ကျောင်းပြင်က ကွက်လပ်ထဲမှာ ထားခိုင်းလိုက်တယ်။ ဆရာတော်စကားလည်း ပယ်ရှားရာ မရောက်အောင်၊ အလှူရှင်လည်း ကျေနပ်အောင် ဝိနည်းလွတ်လုပ်လိုက်ရတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



အလျှုလုပ်နေတဲ့အခိုက်မှာ ဟိုဒကာကတော့ သူ့လိုဘပြည့်လို့ ပျော်တပြုံးပြုံးပေါ့။ ကျုပ်မှာတော့ ရင်တထိတ်ထိတ်နဲ့။ ဆရာတော်များ ဘာပြောလိုက်မလဲလို့ စိုးရိမ်လိုက်တာ။ တော်ပါသေးရဲ့ မျက်နှာထားတင်းတင်းကြီးနဲ့ တစ်ချက်တစ်ချက် လှမ်းကြည့်တာကလွဲလို့ ဘာမှမိန့်တော် မမူပေလို့ သာပေါ့ဗျာ။

) ) )

ကျုပ်တို့က အဲသည်လို ဆရာတော်မျိုး လက်အောက်မှာ နေလာခဲ့ရတာဆိုတော့ (အရပ်စကားနဲ့ ပြောရရင်)အပိုးကျိုးခဲ့တယ် ဆိုရပေလိမ့်မယ်။

ဦးလက်ာကျောင်းမှာ စာသင်သားအဖြစ် နေရတယ်။ လွယ်တယ်များ မှတ်နေသလား။ ခပ်ချောင်ချောင် နေရစားရမယ်မှတ်လို့ ဝင်လာတဲ့ လူဆိုရင်တော့ သုံးလေးရက်လောက်နဲ့ လူထွက်ပြီး ပြေးမှာ အမှန်ပဲ။

စာသင်သားတွေရဲ့ တစ်နေ့တာ အချိန်ဇယားကို ကြည့်ဦး။

မနက် ငါးနာရီထ၊ ဘုရားရှိခိုး၊ အရုဏ်ဆွမ်းစား၊ ခြောက်နာရီက ရှစ်နာရီထိ မနက်ပိုင်း စာဝါတက်၊ ပြီးရင် ရေချိုး၊ ဆွမ်းခံထွက်၊ ဆယ့်တစ်နာရီ ဆွမ်းစား၊ ဆယ့်နှစ်နာရီက တစ်နာရီထိ နားနေကျိန်းစက်၊ တစ်နာရီက လေးနာရီထိ နေ့လယ်စာဝါတက်၊ စာကျက်၊ လေးနာရီက ခြောက်နာရီထိ ရေချိုး စကြံလျှောက်၊ ခြောက်နာရီက ကိုးနာရီထိ ညပိုင်းစာဝါတက် စာကျက်၊ ညကိုးနာရီ ဘုရားရှိခိုး ကျိန်းစက်ဖို့ အိပ်ရာဝင်။ ဥပုဒ်နေ့တိုင်း ကျောင်းသန့်ရှင်းရေးလုပ်။ တနင်္ဂနွေနံနက် လေးနာရီထ အရုဏ်ဆွမ်းခံထွက်၊ တစ်ပတ်စာ သင်ထားတဲ့





စာတွေ နှုတ်တိုက်အာဂုံပြန်။

ကိုင်း.... စိတ်လေလွင့်ဖို့ အချိန်မရအောင် ဘယ်လောက် အကွက်စေ့စေ့ စီစဉ်ထားတယ်ဆိုတာ တွေ့ပြီမဟုတ်လား။ ကျောင်းထဲမှာ နေတာထိုင်တာ စားတာသောက်တာက၊ လမ်းလျှောက်တာ သင်္ကန်းရုံတာကအစ စည်းနှင့်ကမ်းနှင့် ဖြစ်အောင် အစဉ်ကြပ်မတ်နေတာကလား။

မနက် ဆွမ်းခံထွက်ခါနီး သင်္ကန်းရုံပြီးရင် ဆရာတော် ဦးလက်ာ ရှေ့မှာ တန်းစီရပ်ကြရတယ်။ ဦးလက်ာက တစ်ပါးချင်း သေသေချာလိုက်စစ်ဆေးနေတာများ ဟိုကိုယ်တော်က သင်္ကန်းရုံတာ ရွဲ့စောင်းနေတယ်၊ သည်ကိုယ်တော်ကတော့ သင်းပိုင်ဝတ်တာ တိုလွန်းတယ်။ ဟိုဘက်က ကိုယ်တော်ကတော့ ခြေမျက်စိဖုံးနေပြီ စသည်ဖြင့်ပေါ့။

ဦးလက်ာက မကြာခဏ မိန့်လေ့ရှိတယ်။

“ကိုယ်တော်တို့ကို ဒကာဒကာမတွေက သူတို့စားမယ့် ထမင်းဟင်းထဲက ဖယ်ပြီး ဦးဦးဖျားဖျား လောင်းလှူတာ နှယ်နှယ်ရရ စေတနာ သဒ္ဓါတရား မဟုတ်ဘူး။ ဒီတော့ ကိုယ်ကလဲ လူကြည်ညိုအောင် သိက္ခာရှိရှိ သေသေဝပ်ဝပ် နေတတ်ထိုင်တတ်ရမယ်”

တချို့ ကိုယ်တော်တွေကဆွမ်းခံကြွတဲ့အခါ သင်္ကန်းအဟောင်းအနွမ်း အစုတ်ကိုပဲ ရုံချင်ကြတယ်။ ဘာကြောင့်လဲ ဆိုတော့ကာ ဆွမ်းခံထွက်တယ်ဆိုတာက နေပူရင် ချွေးတရွှဲရွှဲ မဟုတ်လား။ အိမ်ကြိုအိမ်ကြားဝင်ရ၊ ရွံ့ဗွက်ထဲသွားရတော့ စုတ်မှာပြဲမှာ ရွံ့စင်မှာ စိုးကြတာကိုး။ သင်္ကန်းအကောင်းကို အလှူသွားမှာ ဝတ်ချင်ကြတာ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါနဲ့ ပတ်သက်ပြီး ဦးလက်ာက....

"ကြီးကြီးကျယ်ကျယ်လှူမှ အလှူလို့ ဆင်နေကြသလား။ နေ့စဉ်နေ့တိုင်း ဝတ်မပျက် ဆွမ်းလောင်းဘာကော အလှူမဟုတ်ဘူးလား၊ သူတို့ဟာ နေ့တိုင်း အလှူလုပ်နေကြတဲ့ လူတွေမဟုတ်လား"

လို့ဆိုတယ်။ ဆွမ်းခံကြွတဲ့အခါ ဟောင်းနွမ်း စုတ်ပြတ်နေတဲ့ သင်္ကန်းနှင့်ဆိုရင် အကြည်ညိုပျက်စရာ ဖြစ်မယ်။ ဒကာ.ဒကာမတွေကို မလေးမစားလုပ်ရာကျမယ်ဆိုပြီး ခပ်လတ်လတ် သင်္ကန်းတွေကို သပ်သပ်ရပ်ရပ် ရုံခိုင်းတယ်။

"ကိုယ်တော်တို့က ဘာသိသလဲ။ ဘုန်းကြီးမှာ အနံ့ရှိတယ်ကွယ့်"

လို့ ဦးလက်ာက ပြောသေးတယ်။ ကျုပ်တို့လည်း အစကတော့ အမှတ်တမဲ့ပဲ။ သူပြောမှ သတိထားမိတော့တယ်။ ဟုတ်တော့လည်း အဟုတ်သားဗျ။ ကျုပ်တို့ဘုန်းကြီးဆိုတာ လူတွေအကျီအဝတ်အစားခဏခဏလဲသလို လဲလို့ရတာ မဟုတ်ဘူး။

ဒါ့အပြင် သင်္ကန်းဆိုတာကလည်း ပုဆိုးလို ပါးပါးလှပ်လှပ်သေးသေးကွေးကွေး မဟုတ်ဘူး။ အသားက ခပ်ပိန်းပိန်း၊ အနားတွေမှာ ထပ်ခေါက်ပြီး ချုပ်ထားတာ ရှိသေးတယ်။ ဖြန့်လိုက်ရင် အညာစောင် တစ်ထည်စာလောက် ရှိတာကိုး။ သင်းပိုင်နှင့် ဧကသီ နှစ်ခုပေါင်းလိုက်တော့ စောင်တစ်ထည်ကို ပတ်ပြီး စောင်တစ်ထည်ကိုခြုံထားရသလို ဖြစ်မနေပေဘူးလား။ သည်ဓိတော့ ဘုန်းကြီးတွေဟာ များသောအားဖြင့် ချွေးတစိုစိုရှိတတ်တာပေါ့ ဗျာ။

တစ်ခါ... သည်လောက်ကြီးတဲ့ သင်္ကန်းတွေကို မကြာခဏ





လျှော်ဖို့ဆိုတာက မလွယ်ပေဘူး၊ ဆပ်ပြာမတတ်နိုင်တာ၊ အချိန်မရှိတာက တစ်ကြောင်း၊ တော်တော်နှင့် ခြောက်ဖို့ဆိုတာ မလွယ်တာတစ်ကြောင်းကြောင့် ဝတ်ထားတဲ့ သင်္ကန်းကို ချွေးခြောက်အောင်၊ သွေ့အောင် လွှားရုံထားရတယ်။ နေနှင့်လေနှင့် လျှော်တဲ့သဘောပေါ့။ တစ်ထည်ကို လွှားထား၊ တစ်ထည်ကို ဝတ်၊ နောက်တစ်နေ့ကျတော့ ဝတ်ထားတာကို လွှားပြီး လွှားထားတာပြန်ဝတ်၊ သံသရာလည်နေတာပေါ့။

ချွေးဆိုတာမျိုးကလည်း ခြောက်သွားပေမယ့် အနံ့ကတော့ ကျန်ခဲ့တယ် မဟုတ်လား။ သင်္ကန်းဟောင်းကို ပြန်ရုံရတဲ့ အခါ အဲသည် ချွေးနံ့နှင့် နောက်ထပ်ထွက်တဲ့ ချွေးသစ်ပေါင်းပြီးထွက်လာတဲ့ အနံ့ဟာ ဘုန်းကြီးနံ့ပဲကွလို့ ဦးလက်ာက သရုပ်ခွဲပြလေရဲ့။ ဟုတ်လည်း ဟုတ်ပ့ါ။ မိုးအခါများဆိုရင် သင်္ကန်းက ထိုင်းနေတော့ ပိုသိသာတယ်။

ကျုပ်တို့ ဘုန်းကြီးဆိုတာကလည်း လူတွေလို ကိုယ်လိမ်း ပေါင်ဒါတို့ ကိုယ်နံ့ ပျောက်ဆေးတို့ လိမ်းလို့ ဖျန်းလို့ဖြစ်တာမှ မဟုတ်ဘဲကိုး။ ဒါကြောင့် သင်္ကန်းတွေကို တတ်နိုင်သမျှ သန့်သန့်ရှင်းရှင်းထား၊ သုံးလေးရက် တစ်ခါလောက်လျှော်ကြရတယ်။

သင်္ကန်းဆိုလို့ ပြောစရာတစ်ခု သတိရလာပြန်ပြီ။

တကယ်တော့သင်္ကန်းဆိုတာ ဘုန်းကြီးတွေသာဝတ်ရ ရုံရတာဖြစ်ပေမယ့် လူတွေကဝယ်ပြီး ကပ်ရတာ မဟုတ်လား။ သင်္ကန်းအကြောင်း ကိုဘုန်းကြီးကနားလည်းတယ်။ သို့ပေမယ့် ကိုယ်ဟာကိုယ် သွားဝယ်ရလေ့မရှိဘူး။ လူတွေကတော့ သင်္ကန်းအကြောင်းဘာမှမသိဘူး သို့ပေမယ့်ဘုန်းကြီးကပ်ဖို့ သွားဝယ်ကြရတယ်။



www.burmeseclassic.com

www.burmeseclassic.com



အချက်ကို အခွင့်ကောင်းယူပြီး ဝိသမလောဘသမားတွေက အမြတ်ထုတ်ကြတယ်။

ဘယ်လိုလည်းဆိုတော့ကာ…

တချို့က သင်္ကန်းကို ချုပ်တဲ့အခါ ဝိနည်းနဲ့အညီမချုပ်ဘူး။ ချုပ်ရိုးကွက်တွေ ပါရင်ပြီးရောဆိုပြီး ဖြစ်သလိုချုပ်ထားတတ်ကြတယ်။

တချို့ကကျတော့ တိုက်ဆွေးပိတ် အပေါစားတွေကို ဈေးချောင်ချောင်နဲ့ဝယ်၊ ဆေးဆိုး၊ ကော်ကပ်၊ မီးပူတိုက် ကျကျနန ခေါက်ပြီး ပလက်စတစ်အိတ်ထဲထည့်၊ ဂပ်ထူဘူးတွေ ဘာတွေနဲ့ဆိုတော့ ဒကာဒကာမတွေကလည်း အကောင်းစားမှတ်ပြီး ဝယ်ယူကြတာပေါ့။ အဲ့သည်သင်္ကန်းမျိုးက တစ်ခါလျှော်လိုက်တာနဲ့ ဆေးတွေကွက်ပြီး မွဲခြောက်ခြောက်ဖြစ်သွား၊ သုံးလေးခါလျှော်ပြီးရင် ရိပြီး စုတ်ပြ ကုန်ရော။

သံဃာတော်တိုင်း တညီတညွတ်တည်း နှစ်သက်လက်ခံကြတာကတော့ ပြည်သူပိုင်စက်ရုံကထုတ်တဲ့ ယပ်တံဆိပ်သင်္ကန်းပါပဲ။ ဆေးရောင်ခိုင်တယ်။ ကြာရှည်ခံတယ်။ ပေါ့ပါးတယ်။ တစ်ခုရှိတာ ယပ်တံဆိပ် သင်္ကန်းကိုလိုသလောက် အလွယ်တကူ ဝယ်လို့မ တာဘဲ။ အပြင်မှာကျတော့လည်း ဈေးကြီးတယ်။ တချို့ဒကာ ဒကာမတွေက ဈေးကြီးရင်ကြီးပစေဆိုပြီး ဝယ်လှူမြန်တော့လည် တစ်ခါတလေ အတုနဲ့မိတက်သေးတယ်။

အတုလုပ်တဲ့လူတွေကလည်း တော်ပ့ါ။ ဖောင်းကြွ အသ တံဆိပ်တွေဘာတွေနဲ့ သပ်သပ်ရပ်ရပ် လုပ်ကြတာပဲ။ ဒါ့အပြင် ဘု ကြီးဆောင်းထီးအရွက်ကို စက္ကူနဲ့လုပ်ပြီး အရောင်တင်ဆီ သုတ်ထာ တာ့က ရှိသေး။ မိုးရွာထဲ တစ်ခါလောက်ဆောင်းပြီးတယ်ဆိုရင်ပဲ ဖျေ





ပတ်ကုန်တော့တာပေါ့။

အိမ်း… တယ်လည်း အကုသိုလ်ကြီးတာပါလားနော်။ လှူရတဲ့သူတွေမှာလည်း ငွေကုန်ရကျိုးမနပ်၊ အလှူခံပုဂ္ဂိုလ်မှာလည်း စိတ်အနှောင့်အယှက်ဖြစ်ရ၊ သူတို့မို့ ငရဲမကြောက် ဘာမကြောက် လုပ်ရဲပလေတယ်ဗျာ။

ဒါကြောင့်လည်း သိက္ခာရှိတဲ့ သင်္ကန်းတိုက်ကြီးတွေက 'ဝိနည်းခိုရိုနှင့်အညီ ချုပ်လုပ်ထားပါသည်'လို့ အာမခံပြီး ရောင်းနေကြရတာပဲ။ သည်လို သမ္မာအာဇီဝနဲ့ လုပ်တဲ့လူမျိုးတွေ ရှိပေလို့ တော်သေးတာပေါ့။

သည်နေရာမှာ သင်္ကန်းကပ်လှူခြင်းနဲ့ ပတ်သက်ပြီး နည်းနည်းတော့ ပြောချင်သေးသဗျ။ လူတွေနားလည်ထားတာက ဝါဆိုသင်္ကန်းဆိုရင် ဝါဆိုလပြည့်နေ့ မတိုင်ခင် ကပ်ရမယ်၊ ကထိန်သင်္ကန်းကသီတင်းကျွတ်လပြည့်ကျော် တစ်ရက်ကနေ တန်ဆောင်မုန်း လပြည့်နေ့အထိ အတွင်းမှာကပ်ရမယ်။ သည်လိုကိုး။

သင်္ကန်းကပ်လှူရခြင်းရဲ့ အကြောင်းရင်းတွေက ရဟန်းတစ်ပါးဟာ ဝါဝင်ပြီးဆိုတာနဲ့ ရောက်ရာအရပ်က ကျောင်းသင်္ခမ်းတစ်ခုမှာ ဝါဆိုရတယ်။ ဝါတွင်းကာလမှာ အရပ်တစ်ပါးကို ပြောင်းရွှေ့လို့ မရဘူး။ ဝါတွင်းဆိုတာကလည်း မိုးဥတုကာလဆိုတော့ မိုးစိုရင် လဲဖို့ ဝါတွင်းမှာဝတ်ဖို့ သင်္ကန်းလိုလာပြီ။ အဲသည်အတွက် ကပ်လှူတဲ့ သင်္ကန်းကို ဝါဆိုသင်္ကန်းလို့ ခေါ်တယ်။

ကထိန်သင်္ကန်းကျတော့ ဝါတွင်းတစ်ခုလုံး ဝါဆိုခဲ့ကြရတဲ့ ရဟန်းတွေဟာ သီတင်းကျွတ်တဲ့အခါ လိုရာခရီးကို ကြွကြရမယ်။ ပြီးတော့ မိုးတွင်းတစ်ခုလုံး ဝတ်ထားတဲ့ သင်္ကန်းတွေက မိုးဒဏ်လေ



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ကြောင့် ဟောင်းနွမ်းစုတ်ပြဲနေပြီ။ ဒါကြောင့် ကထိန်သင်္ကန်း ကပ်လှူကြရတယ်။

သင်္ကန်းနဲ့ ပတ်သက်ပြီး လူတွေမှာ အစွဲတစ်ခုရှိတယ်။ သင်္ကန်းကပ်လှူရာမှာ သတ်မှတ်ထားတဲ့ လပြည့်နေ့အတွင်း အချိန်မီ ကပ်နိုင်မှ ကုသိုလ်ရတယ်လို့ ထင်တတ်ကြတာပဲ။

တကယ်တော့ ခုလိုအချိန်ကာလ သတ်မှတ်ပေးထားရတဲ့ အကြောင်းရင်းက အဲမှန်တကယ်လိုအပ်နေတဲ့အချိန်မှာ လူတွေအနေနဲ့ လှူဒါန်းဖို့ သတိရအောင် နှိုးဆော်တဲ့ သဘောပါပဲ။ သတ်မှတ်ကာလကျော်ရင် လှူလို့မရတော့ဘူးရယ်လို့တော့ ပညတ်ချက်မရှိပါဘူး။

လှူတယ်ဆိုတာ ကောင်းမှုကုသိုလ် ပြုတာပဲဗျာ။ ဘယ်အချိန်လှူလှူ ဘယ်တော့လှူလှူ ကုသိုလ်ရတာ ချည်းပါပဲ။

တချို့ အလှူရှင်တွေက ဒါကို ကောင်းကောင်း သဘောမပေါက်ဘူး။ သတ်မှတ်ချိန်အတွင်း မဖြစ်မနေ လှူနိုင်အောင် အပင်ပန်းခံကြိုးစား ကြရတယ်။ သင်္ကန်းတွေကလည်း ခါတော်မီ ဈေးတက်နေပြီ။

တချို့ကတော့ ကထိန်ကာလအတွင်းမှာ လှူချင်ပေမယ့် ငွေကြေးမပြည့်စုံလို့ မလှူနိုင်ဘူး၊ အဆင်ပြေတဲ့ အချိန်ကျတော့ တန်ဆောင်မုန်း လပြည့်ကျော်သွားလို့ မလှူဖြစ်တော့ဘူး။ တကယ်တမ်းကတော့ သတ်မှတ်ကာလ လွန်သွားပေမယ့်လည်း အရန်သင်္ကန်းအဖြစ် လှူလို့ ရပါတယ်။

တစ်ခုပဲ ရှိတာက ကထိန်သင်္ကန်းဟာ အလှူခံရဟန်းတွေအတွက် အထူးအခွင့်အရေးတွေ ရရှိနိုင်တဲ့ အကြောင်းပါပဲ။ အဲဒါတွေကတော့...

ကထိန်ခင်းတဲ့ သံဃာတော်တစ်ပါးဟာ ပင့်ဖိတ်ထားတဲ့ ဒကာတစ်ဦးထံ အထက်ဆရာတော်တွေဆီမှာ ခွင့်မပန်ဘဲ သွားလာနိုင်တယ်။

သင်္ကန်းနဲ့ ညဥ့်ကင်း၍ နေသော်လည်း အာပတ်မသင့်နိုင်ဘူး။ အရပ်စကားနဲ့ သာမန်ပင့်ဖိတ်တဲ့ဆွမ်းကို ဘုန်းပေးသော်လည်း အာပတ်မသင့်နိုင်ဘူး။

ရသမျှသောသင်္ကန်း စသည်တို့ကို အဓိဋ္ဌာန်မတင်ဘဲ ထားနိုင်တယ်။

ကျောင်းတိုက်အတွင်း ရလာသမျှ သံဃိကသင်္ကန်းများကို သိမ်းဆည်းထားနိုင်တယ်။

ဒါကြောင့်လည်း 'ဘုန်းကြီးဆူတုန်း တန်ဆောင်မုန်း' လို့ အဆိုရှိတာပဲ။ ဆူတယ်ဆိုတာက ဆူဆူပူပူ လုပ်တာကို ပြောတာမဟုတ်ဘူး။ ဆူဖြိုးတာကို ဆိုလိုတာ။

အလှူတွေကလည်း တယ်ပေါသကိုးဗျ။ စနေ၊ တနင်္ဂနွေနေ့တိုင်း၊ ဥပုသ်နေ့တိုင်းလိုလို အလှူတွေရှိတတ်တယ်။ အဲသည်ကာလမှာ ကျောင်း ထိုင် ဆရာတော်ကြီးတွေ၊ တိုက်အုပ်ဆရာတော်ကြီးတွေကလည်း အထိုက်အလျောက်တော့ လွတ်လပ်ခွင့် ပေးကြပါတယ်။ ကျောင်းမှာ အလှူရှိတဲ့အခါ ဆိုင်းဝိုင်းလေး၊ အငြိမ့်ကလေး၊ ရုပ်ရှင်လေး ဗီဒီယို ကလေးကလည်း ပါတတ်တယ် မဟုတ်လား။

အမှန်တော့ ဘုန်းကြီးဆိုတာ ပွဲမကြည့်ရဘူးဗျ။ သို့ပေမယ့် တချို့ကတော့ ဇာတ်ပွဲဆိုတာ နိပါတ်တော်တွေကိုလည်း ကပြတာဖြစ်လို့အတွက် ကြည့်ထိုက်တယ်ဆိုပြီး ခွင့်ပြုခဲ့ကြသေးတာပဲလေ။







www.burmeseclassic.com

www.burmeseclassic.com



ကိုင်း.. ဘုန်းကြီးများ၊ တယ်လီဗေးရှင်းကော ကြည့်သင့်သလားတဲ့။ ဒါတော့ ပြောရခက်သားကလား။ တယ်လီဗေးရှင်းဆိုတာက ဖျော်ဖြေမှုတစ်ခုတည်း မဟုတ်ဘူး။ သိသင့်သိထိုက်တဲ့ သတင်းတွေ၊ ဗဟုသုတဖြစ်စရာတွေလည်း ပါသေးတာကိုး။ အဲ.... နိုင်ငံခြားဇာတ်လမ်းတွေထဲမှာ တစ်ခါတစ်ခါ ကိုးရိုးကားရားတွေ ပါတာလည်းရှိတော့ ရှိတာပေါ့။

သည်တော့ ကြည့်သင်ကြည်ထိုက်တာလေးတွေ ရွေးကြည့် ရင် အာပတ်မသင့်ဘူးထင်တာပဲ။ ပြသမျှ အကုန်ကြည့်မယ်ဆိုရင် တော့ အင်း။ ခက်တာက မြတ်စွာဘုရားရှင် လက်ထက်တော်က တယ်လီဗေးရှင်းဆိုတာကလည်း မပေါ်သေးတော့ အဲဒါနဲ့ ပက်သက်လို့ ပညတ်မှုမရှိခဲ့ပေဘူးပေါ့။

ကျုပ်လည်း တယ်လီဗေးရှင်းကို ကြည့်တော့ ကြည့်ဖူးပါတယ်။ မနက်ဆွမ်းခံထွက်တဲ့ အချိန်နဲ့ မြဝတီ ရုပ်မြင်သံကြား ပြတဲ့အချိန်က အံကိုက်ပဲကိုး။ သည်တော့ ဆွမ်းခွက်သွားထည့်ခံနေတုန်း အိမ်ရှေ့ခန်းမှာ ထိုင်စောင့်ရင်း တစေ့တစောင်း ကြည့်ဖူးပါရဲ့။ တစ်ခါတစ်ခါ ပြနေတဲ့ အစီအစဉ်က စိတ်ဝင်စားစရာ ကောင်းနေတုန်း ကျုပ်က ဆွမ်းခံဖို့ ရောက်သွားရော။ သည်အခါမှာ အမေလုပ်တဲ့ လူက...

"ဟဲ့ သမီးကြီး ဘုန်းဘုန်းဆွမ်းခံကြွလာတယ်"

လို့ တီဗွီကနေ မျက်နှာမလွှဲဘဲ လှမ်းပြော။ သမီးကြီးက





တစ်ခါ...

"ညီမလေး... ဆွမ်းဟင်းခွက်သွားယူချေ"

လို့ တာဝန်လွှဲ၊ ညီမက...

"အမယ် မမသွားယူပါလား၊ ခါတိုင်း မမပဲ ဆွမ်းလောင်းနေကျပဲဟာ"

ဆိုပြီး တွက်ကပ်နေကြတော့ အဖေလုပ်တဲ့သူက ဒေါသဖြစ်ပြီး ထကြိမ်းရော။

"ဖြည်းဖြည်းပေါ့ ဒကာကြီးရာ။ ရပါတယ်"

လို့ ကျုပ်က ပြောရတယ်။ ကျုပ်ကလည်း ပြနေတဲ့ အစီအစဉ်ကို နည်းနည်း စိတ်ဝင်စားပြီး ကြည့်ချင်ချင် ဖြစ်သွားတာကိုး။ ပြနေတာက သန္တိသီဒါဆိုတဲ့ ဇာတ်။ အနော်ရထာတို့ ရှင်အရဟံတို့ အကြောင်းဆိုတော့ စိတ်ဝင်စားမိတာပေါ့။

တယ်လီဗေးရှင်းကို ကျုပ်သေသေချာချာ အစအဆုံးကြည့်ဖူးလိုက်တာကတော့ ဒကာကြီး ဦးသုခရဲ့ ကျေးဇူးကြောင့်ပဲ။ ဦးသုခရိုက်တဲ့ ရဟန်းစားရသော ဆွမ်းတစ်နပ်ဆိုတဲ့ ဇာတ်လမ်းက တယ်လူပြောများတာပဲ။

ပထမတစ်ခါ ပြတုန်းက ကြည့်လိုက်ရတဲ့ လူတွေ ကျုပ်ဆီလာပြီး ဇာတ်လမ်းအကြောင်း ပြောကြ၊ မေးကြမြန်းကြပေါ့။ နောက်ထပ်တစ်ခါ ထပ်ပြတဲ့အခါကျတော့ ဘုန်းကြီးလောကမှာတောင် သည်ဇာတ်ကားမှာ မကြည့်ဘူးရင် ခေတ်မမီသလို ဖြစ်လာတော့တာကိုး။ ဘုန်းကြီးတွေ စုမိတဲ့အခါ အဲသည်အကြောင်း ပြောကြဆိုကြ ဆွေးနွေးကြရော။ မကြည့်ရသေးတဲ့ ကိုယ်တော်တွေက ပါးစပ်အဟောင်းသားနဲ့ ဘေးကနားထောင်ရုံသက်သက် ဖြစ်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



သည်တော့ မဖြစ်ချေပါဘူးဆိုပြီး ဒကာရင်းတစ်ယောက်ကို အပူကပ်ရတယ်။ ကံကောင်းချင်တော့ အဲသည်ဇာတ်ကား ဒုတိယတစ်ခါပြတုန်းက ကူးယူသားလို့ သူ့မှာ ရှိပါသတဲ့။ ဒါနဲ့ တစ်ရက်တော့ အဲသည် ဒကာ့အိမ်သွားပြီး ကြည့်လိုက်ရတယ်။

အိမ်း... ပြောမယ်ဆိုလည်း ပြောလောက်စရာပေပဲကိုး။ အင်မတန် ရည်ရွယ်ချက်ကောင်းမွန်တဲ့ ဇာတ်ကားပါပဲ။ ဦးသုခကိုလည်း ကျေးဇူးတင် ချီးမွမ်းထိုက်ပါတယ်။ အဲသည်ဇာတ်ကားကြောင့် လူတွေက ရဟန်းသံဃာကို ပိုပြီး ကြည်ညိုလေးစားရကောင်းမှန်း သိလာကြတယ်။ အဲ... ဘုန်းကြီးတွေအနေနဲ့လည်း လူကြည်ညိုအောင် နေတတ် ထိုင်တတ်ရမယ်ဆိုတာ သတိပြုမိစေတယ်။

ဟောဗျာ... ကထိန်အကြောင်း ပြောရင်းကနေ ဘယ်နှယ့်ဘယ်နှယ့် တယ်လီဗေးရှင်းအကြောင်း ရောက်သွားမှန်း မသိပါဘူး။ အဲ့ဒါ ပြောတာပေါ့။ ဘုန်းကြီးပါးစပ်ဆိုတာ ဘရိတ်ရှိတာ မဟုတ်ဘူးလို့။

ဘုန်းကြီးဆိုတာ သည်လိုပဲဗျ။ လူတွေလို မိသားစုနှင့် ဝိုင်းဖွဲ့စကားပြောတာတို့၊ မိတ်ဆွေသင်္ဂဟတွေနှင့် လက်ဖက်ရည်ဆိုင် ထိုင်စကားပြောတာတို့ လုပ်ခွင့်မရတော့ ကြုံကြိုက်လို့ စကားပြောဖော်ရပြီ ဆိုတာနှင့် စိတ်ကူးမိသမျှ လျှောက်ပြောချတော့တာပဲ။

တစ်ခါ တစ်ခါတော့ ခုကျကျတွေတောင် ဖြစ်ရတယ်။ ကျုပ်တို့ စာသင်သားဘဝက တစ်ခါကြုံဘူးတယ်။ အသုဘရက်လည် ဆွမ်းကျွေးဖိတ်ထားတာ ရှိတယ်။ ဆရာတော် ဦးလက်ဘက သူ့မယ်တော်ကြီး နေမကောင်းလို့ရွာကို ခဏပြန်ကြွသွားတယ်။ သည်တော့ လက်ထောက်ကိုယ်တော် တစ်ပါးက ဦးဆောင်ပြီး ဆွမ်းစားကြွကြတယ်။





ကျုပ်ကတော့ ပဥ္စင်းလေးဆိုတော့ နောက်လိုက်အဖြစ် ပါသွားတာပေါ့။

အဲသည် လက်ထောက်ကိုယ်တော်ကလည်း တရားမဟောတာက ကြာလို့ အခွင့်အရေးရခိုက် အားရပါးရ ဟောမယ်လို့ အားခဲထားတာ ထင်ပါရဲ့။ ရေစက်ချတရားကို ဟောလိုက်တာ ရေစက်ခွက်ကုန်လို့လည်း မပြီးနိုင်လို့ အောက်ခံခွက်ထဲကရေကို ရေစက်ခွက်ထဲ ပြန်ထည့်ရတာပေါ့။ အလှူရှင် မိန်းမခမျာလည်း ကိုဘယ်သူရေ.... အမျှ... အမျှ... အမျှ"လို့ အော်ပြီး ချုံးပွဲချချင်လှပြီ ဖြစ်ပေမယ့် တရားက မချနိုင်သေးလို့ အောင့်ထားရရှာတယ်။

ပြောရင်းဆိုရင်း ကျုပ်လည်း စကားကြော ရှည်သွားမိပြန်ပြီ။ ထားပါဖူး။ ပြောလက်စနှင့် ပြောရတော့မှာပဲ။

ကျုပ်စိတ်ထဲ မတင်မကျ ဖြစ်နေလေး တစ်ခုရှိသမျှ။ လက်ပတ်နာရီကိစ္စပေါ့။ သံဃာတော်တွေဟာ လက်ပတ်နာရီ ပတ်ခွင့်မရှိဘူးလေ။ သံဃာတော် လက်ဝတ်ရတနာမဝတ်ရဆိုတဲ့ ပညတ်ချက်ထဲမှာ လက်ပတ်နာရီကော ပါသွားခဲ့တာပဲ။ တကယ်တော့ လက်ပတ်နာရီဆိုတာ အလှအပအဆင်တန်ဆာ ပစ္စည်းမဟုတ်ပါဘူး။ အချိန်နာရီ သိရဖို့အတွက် အသုံးဝင်တဲ့ မရှိမဖြစ်လိုအပ်တဲ့ ပစ္စည်းတစ်ခုပါ။

ခရီးသွားတဲ့အခါ မွန်းမတည့်မီ ဆွမ်းကွမ်းကိစ္စဆောင်ရွက်ဖို့ နာရီက လိုတယ်မဟုတ်လား။ လက်မှာပတ်လို့ မဖြစ်တော့ အိတ်ထဲ ဆောင်ထားရတာပေါ့။ သည်လိုနှင့် အိတ်ဆောင်နာရီကလေးတွေကို ဘုန်းကြီးနာရီလို့တောင် အမည်တွင် ခေါ်ခဲ့ကြသေးတယ်။

ခုခါမှာ အဲသည် ဘုန်းကြီးနာရီတွေကလည်း ရှားလာပြီဆိုင်



www.burmeseclassic.com

www.burmeseclassic.com



တိုင်းမှာ အလွယ်တကူ ဝယ်လို့ မရတော့ဘူး။ တချို့ဆိုင်တွေမှာ ရှားရှားပါးပါး တွေ့ပြန်တော့လည်း ဈေးကြီးတယ်။

လက်ပတ်နာရီဆိုတာ ပရိက္ခရာရှစ်ပါးထဲ မပါတော့လည်းခက်သားပေါ့။ အိမ်း... မျက်မှန်တော့ တပ်ခွင့်ရထားပေလို့ တော်သေးတယ်။

ကိုင်း... ကိုင်း... ကထိန်အကြောင်း ပြန်ဆက်ကြဦးစို့။ တန်ဆောင်မုန်း လပြည့်ကျော်လို့ ကထိန်ပွဲတွေပြီးပြီဆိုမှဖြင့် ကျုပ်တို့ အလုပ်ရှုပ်ရတာ တစ်ခုရှိတယ်။ ပဒေသာပင်လုပ်ထားတဲ့ ငွေစက္ကူတွေကို ပြန်ဖြုတ်ရတဲ့ ကိစ္စပါပဲ။

လှူတဲ့ လူတွေကလည်း သူတို့ရဲ့ ပဒေသာပင်ကလေးကို လှလှပပ ဖြစ်စေချင်ကြတာပေါ့။ ဒါမှ ကထိန်လှည့်တဲ့အခါ သားသားနားနား ဖြစ်မယ်မဟုတ်လား။ သည်တော့ ငွေစက္ကူတွေနှင့် ဆင်ရုပ်တွေလုပ်၊ နဂါးရုပ်တွေလုပ်၊ ပြာသာဒ်ပုံတွေလုပ်၊ လှမယ်ထင်တဲ့ ပုံစံမျိုးစုံ အပြိုင်အဆိုင်လုပ်ကြရော။

ကထိန်ပွဲပြီးလို့ ပဒေသာပင်တွေ ကျုပ်တို့ကျောင်းရောက်လာတဲ့အခါ ကျုပ်တို့လည်း အလုပ်ရှုပ်ရောဗျာ။ ဘာကြောင့်လဲဆိုတော့ တချို့က ငွေစက္ကူတွေကို အပ်ချုပ်စက်နှင့်တွဲချုပ်ထားကြတာကိုး။ သည်တော့ကာ အပ်ချည်ကြိုးတွေ ဖြုတ်ရတာ အလုပ်တစ်ခု။

တချို့ကျတော့လည်း အရုပ်တွေ လုပ်ရာမှာ ခိုင်ခံအောင် ကော်နှင့်ကပ်ထားကြတယ်။ သည်အတိုင်းဆွဲခွာရင် ငွေစက္ကူတွေ ပြဲစုတ်ကုန်မှာ စိုးလို့ ရေစိမ်ထားရတော့တယ်။ ကော်တွေ ပျော်ကုန်ပြီဆိုမှ အသာဆွဲခွာ ကော်အကြွင်းအကျန်ကုန်အောင် ဆေးပြီးမှ အခြောက်ခံထားရတယ်။ ခြောက်သွားတော့လည်း ငွေစက္ကူတွေက





တွန့်တွန့်လိပ်လိပ် ဖြစ်နေတတ်လို့ စာအုပ်ထူထူကြားမှာ ညှပ်ပြီး ဖိထားရသေးတယ်။

နောက်တစ်ခုကတော့ ကထိန်ကာလပြီးကာစမှာ ကျုပ်တို့ ဘုန်းကြီးကျောင်းတွေဆီကို တစ်ကျောင်းပြီး တစ်ကျောင်းလှည့်ပြီး "သင်္ကန်းပြန်ရောင်းဖို့ရှိသလား ဘုရား" လို့ လိုက်မေးလျှောက်တဲ့ လူတွေ ရောက်လာတတ်တဲ့ကိစ္စပဲ။

ကထိန်မှာ အကပ်ခံထားရတဲ့ သင်္ကန်းတွေကို ပြန်ကောက်တဲ့သူတွေပေါ့။ ကောက်ပြီး ဘယ်ဆိုင်တွေ သွားပြန်သွင်းသလဲတော့ မပြောတတ်ဘူး။

တချို့ ကျောင်းတွေက ကထိန်ကာလမှာ သင်္ကန်းတွေလိုတာထက်ပိုပြီးရတယ်။ ဒါပေမယ့် ကျောင်းက စာသင်သားတွေ အတွက် စာအုပ်တို့ စာရေးကိရိယာတို့၊ ကျောင်းမှာခိုလှုံနေတဲ့ ဘုန်းကြီးကျောင်းသားလေးတွေရဲ့ စားဝတ်နေရေးတို့အတွက်ကျတော့ မပြည့်မစုံဖြစ်နေတယ်။ သည်တော့ ပိုနေတဲ့သင်္ကန်းတွေကို ပြန်ရောင်းပြီး လိုအပ်တဲ့စာအုပ်၊ စာရေးကိရိယာ၊ ဆန်၊ ဆီ၊ ဆား၊ အာလူး၊ ငါးခြောက် စတဲ့ ပစ္စည်းတွေပြန်ဝယ်ရတယ်၊ သည်အချက်ကို သိနေတဲ့လူတွေက ကျောင်းတိုက်တကာလှည့်ပြီး သင်္ကန်းလိုက်ကောက်ကြတာပဲပေါ့။ ကျုပ်တို့ဆရာ ဦးလက်ာတို့လို ဆရာတော်မျိုးတွေနှင့် တွေ့ရင်တော့ အဲသည်လူတွေကို "ကျုပ်သင်္ကန်းပွဲစား မဟုတ်ဘူး" လို့ပြောလွှတ်မှာ သေချာတယ်။

သင်္ကန်းဆိုတာ ပြန်ရောင်းအပ်တဲ့ပစ္စည်း ဟုတ်မဟုတ်ဆိုတာတော့ ပြောရခက်တယ်။ ကထိန်သင်္ကန်းဆိုတာက ပုဂ္ဂိုလ်ကိုအစွဲပြုပြီး လှူရတာမျိုးပဲ။ ဒါ့အပြင် သင်္ကန်းတွေကို အမြတ်အစွန်းအတွက်ငှာ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရောင်းခြင်းမဟုတ်ဘဲ ပရိယတ္တိကိစ္စအတွက် အသုံးပြုဖို့သာ ရည်ရွယ်ခြင်းဖြစ်တဲ့အတွက် အပြစ်တော့ မရှိတန်ကောင်းဘူးလို့ ယူဆရတာပဲလေ။

ဆရာတော် ဦးလက်ာတို့လို့ တိတိကျကျ လိုက်နာစောင့်ထိန်းတဲ့ ဆရာတော်ကြီးတွေလည်း အများအပြား ရှိပါတယ်။

ကျုပ်တို့ကတော့ ခေတ်ဘုန်းကြီးလို့ ဆိုရမလားမသိ။ ပဓာနကျတဲ့ ဝိနည်းသိက္ခာပုဒ်တွေကို တိတိကျကျလိုက်နာတယ်။ သာမန်အသေးအဖွဲ့ ကလေးတွေ ကျပြန်တော့ အခြေအနေအရ လိုတိုးပိုလျှော့ လုပ်ရတာပေ့ါ။

ခေတ်က ပြောင်းနေတာ မဟုတ်လားဗျ။ ဥပမာ ဘုန်းကြီးရဟန်းများဟာ ပိုက်ဆံငွေကြေးကို ကိုင်တွယ်သုံးစွဲခြင်း မပြုရဘူးလို့ ပညတ်ချက်ရှိတယ်။ ဒါကြောင့်လည်း ဘုန်းကြီးကို ငွေလှူတဲ့အခါမှာ ဘုန်းကြီးရဲ့လက်နဲ့ ငွေစက္ကူမထိအောင် စာအိတ်ထဲ ထည့်ပေးထားရတယ်။

လှူတဲ့ပုဂ္ဂိုလ်က တစ်စုံတစ်ခုအတွက် ရည်စူးပြီးလှူရင် အဲသည်ရည်စူးချက်အတွက်ပဲ သုံးခွင့်ရှိတယ်။ 'ကျောင်းပြင်ဖို့ အတွက်ပါဘုရား' လို့ ပြောလှူရင် ကျောင်းပြင်ရာမှာပဲ သုံးရတယ်။ 'သင်္ကန်းတစ်စုံ အတွက်ပါ ဘုရား'ဆိုရင်လည်း ထို့အတူပဲ။ တခြားကိစ္စသုံးလို့မရဘူး။ 'နဝကမ္မပါဘုရား'လို့ ပြောပြီးလှူရင်တော့ လိုရာသုံးလို့ရတယ်။

ကောင်းပြီ။ အလှူငွေလက်ခံရာမှ လက်နဲ့မထိအောင် ယူလို့ရပြီ။ တချို့ မသိနားမလည်လို့ ငွေကို စာအိတ်နဲ့ မထည့်ဘဲ ကပ်ရင်တောင် ဘုန်းကြီးက ယပ်တောင်ကလေး ထိုးခံလိုက်လို့ ရသေးတယ်။





အဲသည့်ငွေကို ပြန်သုံးပြီဆိုတဲ့ အခါကျတော့ မကိုင်ချင်လို့မရတော့ဘူး။ ဥပမာ ကျုပ်က ကိစ္စရှိလို့ အငှားကားတစ်စင်း ငှားတယ်ဆိုပါတော့။ ဘယ်လောက်ပေးရမလဲ မေးတဲ့အခါ ကားဒကာက 'တစ်ရာ့ငါးဆယ်ပဲ စွန့်ပါဘုရား'လို့ ပြောပြီဗျာ။ ခွဲတစ်ရာ့ငါးဆယ်ကို စာအိတ်ထဲထည့်ပြီး သူ့ကို ပေးရမလား။ ခေါင်းကိုက်လို့ ကွမ်းယာဆိုင်မှာ ပါရာစီတမောဝယ်ပြီ ဆိုပါတော့။ တစ်လုံးနှစ်ကျပ်ကို စာအိတ်ထဲ ထည့်ပေးရမလား။

ဘယ်ဖြစ်မလဲ။ ဒါမျိုးကျတော့လည်း ငွေကို ကိုင်တွယ်ရတော့တာပါပဲ။ စိတ်ထဲမရှင်းရင် ညကျမှ အာပတ်ဖြေတော့ပေ့ါ။ ဆရာတော်ကြီးတွေကတော့ ကပ္ပိယကို ငွေကိုင်ခိုင်းတယ်။ အလိုရှိရာကို ကပ္ပိယကပဲ ဝယ်ခြမ်းပေးရတယ်။

ကျုပ်တို့ကတော့ သည်လောက်လည်း ဘုန်းကံရှိတာ မဟုတ်ဘူး။ နေရာတကာတိုင်းလည်း ကပ္ပိယကို ဘယ်ခေါ်သွားနိုင်ပါ့မလဲ။ နောက်တစ်ခုက ဘုန်းကြီးရဟန်းများဟာ မာတုဂါမနဲ့ အတူ တစ်မိုးအောက်မှာ ကျိန်းစက်ခြင်း မပြုရလို့ ဆိုထားပေမယ့် ခရီးသွားတဲ့အခါ တစ်ခါတလေ တည်းခိုခန်းမှာ ဝင်တည်းသင့်တည်းရတာပါပဲ။

ပြီးတော့တစ်ခါ မြို့လယ်မှာ ရှိတဲ့ တိုက်ခန်းတစ်ခန်းက ဆွမ်းစားပင့်တယ် ဆိုပါစို့။ အဲသည် တိုက်ခန်းကလည်း ရှစ်ထပ်တိုက်ရဲ့ အောက်ဆုံး မြေညီထပ်ဖြစ်နေတယ် ဆိုပါစို့။ အဲသည် အခန်းရဲ့ အပေါ်မှာ တခြားအခန်းပေါင်း ခုနစ်ခန်း ရှိနေတယ်။ အဲသည် အခန်းတွေမှာ မိန်းမတွေ ရှိနေမှာ အမှန်ပဲ။ သူတို့ရဲ့ အောက်မှာရှိတဲ့ အခန်းမှ မဝင်ချင်ဘူးဆိုလို့ ဘယ်ဖြစ်ပါ့မလဲ။

အဲသည်လိုသာ တွက်ကြေးဆိုရင် အပေါ်ဆုံးထပ် တစ်ခန်း



www.burmeseclassic.com

www.burmeseclassic.com



တည်းမှာပဲ ဘုရားစင်ထားရတော့မလို ဖြစ်နေမှာပေါ့။ မြို့ပြ လူနေမှု စနစ်ရဲ့ တိုက်ခန်းကျဉ်းကလေးတွေထဲမှာ ဘုရားစင်အတွက် မမေ့မလျော့ဘဲ ကတ်ကတ်သတ်သတ် နေရာပေးထားတာကိုပဲ ကျေးဇူးတင်ရပေဦးမယ်။ သည်တော့ အပေါ်ထပ်တွေ ဘာတွေကို အာရုံထဲမထားနဲ့။ ရောက်နေတဲ့ အခန်းရဲ့ပိုင်နက်အဝန်း အဝိုင်းကိုသာ အသိအမှတ်ပြုပြီး အဲသည်အခန်းရဲ့ အမြင့်မြတ်ဆုံး နေရာမှာသာ စံမြန်းဖို့ ပခာနထားရတော့တာပေါ့။

ခေတ်ကြီးက ပြောင်းလဲတိုးတက်နေတယ်။ လူတွေကလဲ ခေတ်နဲ့အညီ ပြောင်းလဲနေတယ်။ ကျုပ်တို့ဟာ တောမှီရဟန်း မဟုတ်တော့။ လူတွေနဲ့ ကင်းကွာပြီး နေလို့မရဘူး။ သည်တော့ ခေတ်နဲ့လည်း သဟဇာတဖြစ်အောင် ဝိနည်းနဲ့လည်း ညီညွတ်အောင် ထိန်းကျောင်းနေထိုင်ကြရတာပဲ။ ဒါမှလည်း သာသနာတော်ကြီး တည်တံ့ပြန့်ပွားမယ် မဟုတ်လား။

တကယ်တော့လည်း ဘုန်းကြီးနဲ့ လူဆိုတာ တစ်မြေတည်း တစ်ရေတည်း ဆက်စပ်နေထိုင်ကြပြီး အစဉ် ထိတွေ့ဆက်ဆံမှု ရှိပေ မယ့် စရိုက်သဘာဝချင်းက လုံးဝတူတာ မဟုတ်ဘူးဗျ။ သည်တော့ တစ်ခါတစ်ခါ ဘုန်းကြီးနဲ့ လူကြားမှာ ခွကျတာလေးတွေ ဖြစ်တတ်တာပေါ့။

ခုချိန်မှာ လူတော်တော်များများဟာ ဘာသာရေးကို လိုက်စားလာကြတယ်။ အလှူဒါန ပြုသူတွေ ပေါများလာတယ်။ ဒါဟာ ကျေနပ်ဝမ်းသာစရာ အချက်ပဲ။

သို့ပေမဲ့ တချို့လူတွေမှာ မသိနားမလည်တာလေးတွေ ရှိနေသေးတယ်။ ဥပမာဆိုပါတော့ ရှိခိုးကန်တော့တဲ့ ကိစ္စ။

လူအတော်များများဟာ ဘုရားကိုပဲ ဖြစ်ဖြစ်၊ ဘုန်းကြီးရဟန်း





ကိုပဲ ဖြစ်ဖြစ်၊ လူကြီးမိဘ ဆရာသမားကိုပဲ ဖြစ်ဖြစ် ကန်တော့တဲ့အခါ လက်အုပ်ချီပြီး ဦးသုံးကြိမ်ချလိုက် ပြီးရောထင်နေကြတာ။

တကယ်က ထိခြင်းငါးပါးနဲ့ စနစ်တကျ ရှိခိုးကန်တော့တတ်ဖို့ လိုတယ်။ ဘယ်လိုလဲဆိုတော့ ဦးစွာ ဆောင့်ကြောင့်ထိုင်ရမယ်။ ဒူးနှစ်ဖက်ကို စေ့ထားရမယ်။ တံတောင်လို ဒူးနှစ်ဖက်နဲ့ထိပြီး လက်အုပ်ချီရမယ်။ လက်အုပ်ချီရာမှာလည်း လက်ချောင်းတွေ ကားကားကြီး မဟုတ်ဘူး။ ကြာဖူးကလေးများလို လက်ချောင်းတွေကို စေ့ပြီးစုထားသင့်တယ်။ လက်အုပ်ချီထားတဲ့ လက်နှစ်ဖက်ဟာ နဖူးမှာထိနေရမယ်။

သည်လို အနေအထားမှန်ပြီဆိုမှ လက်ဝါးကို ကြမ်းပြင်ပေါ် ချ၊ ပြီးတော့ ဒူးနှစ်ဖက်ကို ကြမ်းပြင်ပေါ် ချ။ ဦးခေါင်းကို ညွတ်ပြီး ကြမ်းပြင်နဲ့ထိအောင် ပြားပြားဝပ်ရမယ်။

သည်နေရာမှာ တစ်ခုသတိထားဖို့လိုတယ်။ ဘုန်းကြီးရဟန်းများကို ရှိခိုးဖို့ မသင့်တော်တဲ့အခါမျိုး ရှိတယ်ဆိုတာပါပဲ။ ဘုန်းကြီးတစ်ပါးဟာ အကြောင်းကိစ္စ တစ်ခုကြောင့်ဖြစ်စေ၊ ရေချိုးနေလို့ဖြစ်စေ၊ ခန္ဓာကိုယ်မှာ သင်္ကန်းမရှိဘဲ သင်းပိုင်မျှသာ ဝတ်ထားတဲ့အချိန်ဆိုရင် အဲသည်ဘုန်းကြီးကို မရှိခိုးရဘူး။

တစ်ခါ ဖိနပ်စီးထားတဲ့ ဘုန်းတော်ကြီးကိုလည်း မရှိခိုးရဘူး။ တချို့က မသိလို့ လမ်းမှာ ကိုယ့်ဆရာဘုန်းကြီးကိုတွေ့တဲ့အခါ ထိုင်ရှိခိုးတတ်ကြတယ်။ အဲသည်အခါမှာ ဘုန်းကြီးဟာ စီးလာတဲ့ဖိနပ်ကို ချွတ်ပြီး အရှိခိုးခံရတယ်။

ယခုအခါမှာ မာဂဓိ- သာစည်ဆရာတော်ဘုရားက ကလေးသူငယ်တွေ ကျောင်းသားကျောင်းသူလေးတွေကို ဗုဒ္ဓဘာသာ



www.burmeseclassic.com

www.burmeseclassic.com



ယဉ်ကျေးမှုသင်တန်း ဖွင့်လှစ်သင်ကြားပေးပြီး စနစ်တကျ ရှိခိုးကန်တော့တတ်ကြတာ မြင်ရတော့ ကျုပ်ဖြင့် အင်မတန်ဝမ်းသာ ပီတိဖြစ်မိပါတယ်။

ပြောမယ်ဆိုရင်တော့ အများကြီးပေါ့ဗျာ။ အလှူပစ္စည်း ကပ်လှူပုံ၊ အလှူမခံအပ်တဲ့ ပစ္စည်း၊ စားသင့်တဲ့ ဆွမ်း၊ မစားသင့်တဲ့ဆွမ်း စသည်ဖြင့် ပြောရရင် ဆုံးမှာမဟုတ်ဘူး။

အခု ကျုပ်ပြောပြချင်တာကတော့ လူအများနဲ့ ထိတွေ့ဆက်ဆံရာမှာ ခွကျကျဖြစ်ခဲ့ရတဲ့ အကြောင်းကလေးများပါပဲ။ အိမ်း... ဘုန်းကြီးများ စကားပြောပြီဆိုတော့လည်း ရပ်လို့ မရတော့ဘဲ ကိုးကွယ်နေဘ်။ သည်းခံလက်စနဲ့ ဆက်နားထောင် လိုက်ပါဦး။

သည်လိုဗျ။ ကျုပ်တာ ဆရာတော် ဦးလက်ာဆီမှာ တပည့်လက်ထောက်အဖြစ် အဘော်ကြာနေခဲ့ပြီး တစ်နေ့သဥ္စတော့ ဆရာတော်က ကျုပ်ကိုခေါ်ပြီး သည်လိုမိန့်သဗျ။

"ကိုယ်တော်ဟာ တစ်နေ့မှာ တိုက်အုပ်ဆရာတော်အဖြစ် ငါ့နေရာကို ဆက်ခံရမှာ၊ ဒီတော့ အတွေ့အကြုံ အစုံအလင်ရအောင် ကျောင်းတစ်ကျောင်းမှာ တစ်နှစ်လောက် ကျောင်းသွားထိုင်ချေ"

ဆိုပြီး ရွာကလေးတစ်ရွာက ကျောင်းကိုလွှတ်လိုက်တယ်။

ရွာကလေးက တော်တော်ခေါင်တယ်။ ကားလမ်းကနေ ဖွဲ့ဆင်းပြီး လှည်းနဲ့သွား။ ပြီးတော့ တစ်ခါ ချောင်းရိုးအတိုင်း ဆန်တက်ပြီးမှ ရွာကိုရောက်တာ။

ရွာသူရွာသားတွေက စရိုက်ကြမ်းသယောင် ထင်ရတယ်။ အမှန်ကတော့ ရိုးသားပွင့်လင်းကြတာပါ။ ဘုန်းကြီးကိုတော့





အင်မတန် ရိုသေတယ်။ အားလည်း ကိုးကြတယ်။ အစစ အရာရာ ဘုန်းကြီးကို တိုင်ပင်လေ့ ရှိကြတယ်။

အလှူလုပ်လို့ အငြိမ့်ငှားတာတောင် "ဘုန်းဘုန်း.... ဘယ်အငြိမ့်ကြိုက်သလဲ ဘုရား"လို့ လာမေးကြတာ။

"ဒီတစ်ခါ ရွေးချယ်ပွဲကျရင် ဦးတုတ်ကြီးကို ပြန်မရွေးပါစေနဲ့ ဘုရား၊ သူက လုပ်အားပေး ခဏခဏခေါ်တယ်၊ ခေတ်မြေသြဇာဖိုးတွေလဲ ကောက်ထားပြီး တစ်ဝက်လောက်ပဲ ပြန်ထုတ်ပေးထားတယ် ဘုရား"လို့ လာတိုင်ကြတဲ့ လူတွေလဲ ရှိရဲ့။

တချို့ကတော့ "ဒီမနက်ဘဲ ဝက်တစ်ကောင်ပေါ်လို့ ဝမ်းတွင်းသား လတ်လတ်ဆတ်ဆတ် ချက်ထားတာ လာကပ်တာပါ ဘုရား"ဆိုတာကလည်း တစ်မျိုး။

ဆယ်အိမ်မှူး တစ်ယောက်ကတော့ သူ့သမီး မင်္ဂလာဆောင်လုပ်မှာကို မိုးဖျက်မှာစိုးလို့ မိုးမရွာအောင် လုပ်ပေးပါလို့ လာလျှောက်တယ်။

"မိုးခေါင်တဲ့ အခါမှာသာ မိုးရွာအောင် ငရုံမင်းပရိတ်ရွတ်ရတာရှိတယ် မိုးမရွာအောင်တော့ မလုပ်ကောင်းဘူး"

ပြောတော့...

"အဲဒီ ငရုံမင်းပရိတ် တပည့်တော်ကို သင်ပေးပါ"

လို့ ဆိုတယ်။ ဘာလုပ်ဖို့လဲ မေးတော့ ငရုံမင်း ပရိတ်ရွတ်ရင် မိုးရွာတယ်ဆိုတော့ အဲသည်ပရိတ်ကို ပြောင်းပြန်ရွတ်ရင် မိုးတားနိုင်တယ် ထင်လို့တဲ့။ သည်တော့ ကျုပ်ကလည်း သူကျေနပ်အောင် ရှင်ဥပဂုတ္တကိုယ်တော်ကြီးကတော့ လေမုန်တိုင်းတွေ ဘာတွေ တားပေးနိုင်တဲ့အတွက် ဆုတောင်းပြည့်ပေါ့လို့ ပြောလိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



သည်ထက်ဆိုးတာ တစ်ခုရှိသေးတယ်။ တစ်ရက်မှာ ရွာရဲ့ အရှေ့ခြမ်းနဲ့ အနောက်ခြမ်းက လူကြီးတချို့ ကျုပ်ဆီရောက်လာကြတယ်။ ရွာရဲ့အလယ်မှာ ချောင်းလက်တက်ကလေးတစ်ခု ဖြတ်စီးနေလို့ ရွာက အရှေ့ခြမ်း အနောက်ခြမ်း ကွဲနေတာကိုး။

သူတို့က ဘာလျှောက်သလဲဆိုတော့ ရွာအရှေ့ခြမ်းနဲ့ အနောက်ခြမ်း ဘောလုံးကန်ကြဖို့ ကိစ္စမှာ ဒိုင်လူကြီး ပြဿနာ တက်နေလို့တဲ့။ တစ်ဖက်ဖက်က လူက ဒိုင်လုပ်ရင် ကိုယ့်အပိုင်းဘက် မျက်နှာလိုက်မှာစိုးလို့တဲ့။

"အဲဒါကြောင့် အရှင်ဘုရားပဲ ဒိုင်လူကြီးလုပ်ပေးပါ"

တဲ့ဗျာ... ။

ကျုပ်ကလည်း ဒါဘုန်းကြီးအလုပ် မဟုတ်လို့မလုပ်နိုင်ဘူး လို့ အပြတ်မငြင်းချင်တာနဲ့....

"ကျုပ်က ဘောလုံးပွဲတွေ ဘာတွေကြည့်တောင် ကြည့်ဖူးတာ မဟုတ်ဘူး၊ စည်းမျဉ်းစည်းကမ်းတွေလဲ နားမလည်ပါဘူး" လို့ ပြောတော့...

"သိပ် ထွေထွေထူးထူး ရှိတာ မဟုတ်ပါဘူးဘုရား၊ လူချရင်ဖြစ်ဖြစ်၊ ဘောလုံးကို လက်နဲ့ထိရင် ဖြစ်ဖြစ်၊ ဝီစီမှုတ်လိုက်ရုံပါပဲဘုရား"

ဗုဒ္ဓေါ၊ ဝီစီမှုတ်ရဦးမယ် ဆိုပါလား။ ကျုပ်တို့ငယ်ငယ် စာသင်သားဘဝက ရှုမဝမဂ္ဂဇင်း စာအုပ်မိုးဖတ်ရင်း .... ကုသရေးတဲ့ ဝဇီကိုင် ဝတ္ထုဖတ်ဖူးပါတယ်။ ဟိုထဲမှာကတော့ မြို့ကပြန်လာတဲ့ ခေတ်ပညာတတ်မို့လို့ ဒိုင်လူကြီး လုပ်ခိုင်းတာ ထားပါတော့။ ခုဟာက ဘယ့်နှယ် ဘုန်းကြီးက ဒိုင်လူကြီး လုပ်ရမယ်လို့၊ သက်န်းတလွှားလွှား





ဝီစီတရှီရှီနဲ့ ကွင်းထဲလျှောက်ပြေးနေရလို့တော့ ဘယ်လောက်ကြည့်ကောင်းလိုက်မလဲလို့။

"ဒီလို ရှိတယ်လေ ဒကာကြီးတို့ရဲ့၊ ကျုပ်တို့ဘုန်းကြီးတွေဟာ နစ္စ၊ ဂီတ၊ ဝါဒိတ စသည်ဖြင့် ရှောင်ကြဉ်ရတာတွေ ရှိတယ်၊ ဝီစီဆိုတာက တူရိယာထဲမှာ အပါအဝင်မဟုတ်လား။ ဘုန်းကြီး အနေနဲ့ မမှုတ် အပ်ဘူး"

လို့ ဥပါယ်တံမျဉ်နဲ့ ငြင်းတော့လည်း... "အရှင်ဘုရားက သင့်တော်တာတွေ့ရင် လက်သာမြှောက် ပြလိုက်ပါ။ တစ်ယောက်ယောက်က ကိုယ်စား ဝီစီမှုတ်ပေးပါလိမ့် မယ်"

လုပ်ပြန်ရော။ ကျုပ်လည်း ကြံဖန်ပြီး အကြောင်းပြရပြန်တာပေါ့။ ဒိုင်လူကြီးလုပ်လို့ မတော်တဆ တစ်ဖက်ဖက်ကို လိုက်မိရင် အာပတ်သင့်လိမ့်မယ်လို့ ပြောရတယ်။

နောက်ဆုံးတော့ ဘယ်လိုစေ့စပ်ညှိနှိုင်းတယ် ဆိုရင် ဒိုင်လူကြီးကတော့ အရှေ့ဘက်ခြမ်းက တစ်ယောက်၊ အနောက် ဘက်ခြမ်းက တစ်ယောက်၊ နှစ်ယောက်က ကွင်းတစ်ဖက်ဆီခွဲပြီး တာဝန်ယူကြရမယ်။ မကစားခင် မှာ ဒိုင်လူကြီးနှစ်ယောက်စလုံး ကျုပ်ရှေ့မှာ ငါးပါးသီလယူပြီး ဖြောင့်မတ်စွာ ကြီးကြပ်ဆုံးဖြတ်ပါမယ်လို့ သစ္စာရေသောက်ပြီး ကတိပေးရမယ်။ သည်လိုကိုး



www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်လောက် ကျုပ်သည်ကျောင်းကို ရောက်ခါ
စတုန်းကဆိုရင် အရပ်ထဲကလူတွေက သူတို့အိမ်က တိုက်ကပ်နှာ
ပျက်ရင်လည်း ကျုပ်ကိုလာပြင်ခိုင်းတတ်ကြတယ်။ တချို့ကလည်း...

"တပည့်တော်ရဲ့ ရေဒီယိုကြီးက တဂျစ်ဂျစ်နဲ့ မြည်နေတာ ဘုန်းဘုန်းကြည့်ပေးပါဦး"

လို့ လာပြတတ်ကြတယ်။ ဟုတ်လည်း ဟုတ်ပါတယ်။

ဦးပဥ္ဇင်းတချို့ဟာ နာရီလည်း ပြင်တတ်တယ်၊ ရေဒီယို
ဘာတွေလည်း ကလိတတ်တယ် မဟုတ်လား။

ဒါတွင် မကဘူး။ ဘုန်းကြီးဆိုတာ ဗေဒင်ယတြာ အကြောင်း
လေးလည်း နည်းနည်းပါးပါးတော့ တီးမိခေါက်မိရှိရတယ်။ ကလေး
နာမည်မှည့်တာတို့၊ ဇာတာဖွဲ့တာတို့အတွက် ဒကာ ဒကာမတွေ အကူ
အညီတောင်းလေ့ ရှိတာကိုး။

သည်အတွက်တော့ သိပ်မခဲယဉ်းလှပါဘူး။ ကျုပ်တို့သင်ခဲ့ရတဲ့
ဘုန်းကြီးစာထဲမှာ ဗေဒင်အခြေခံ တွက်နည်းတွေ ပါခဲ့တာပဲလေ။

တစ်ခုတော့ ရှိတယ်၊ သံဃာတော် တစ်ပါးဟာ ပရိယတ္တိ ပ
ပတ္တိ တစ်ခုခုမလုပ်ဘဲ ကိုယ်ကျိုးစီးပွား အလို့ငှာ ဗေဒင်ဟောစား





သဗောဘာမျိုးတော့ လုပ်ခွင့်မရှိဘူး။ ဆွမ်းကွမ်းအလှူရှင် ဒကာဒကာမ
တွေရဲ့ အကျိုးအတွက် တတ်နိုင်သလောက် ကူညီဖြေရှင်းပေးတာမျိုး
ပဲ ဖြစ်သင့်တယ်။ လာဘ်လာဘကို မမျှော်ကိုးရဘူး။

သည်နေရာမှာ ဒကာဒကာမတွေကလည်း အမျိုးမျိုး သူတို့ရဲ့
ဆန္ဒတွေကလည်း အမျိုးမျိုး။

"တပည့်တော် ရာထူးတိုးဖို့ဟာ နည်းနည်းထစ်နေလို့ ဇာတာလေး စစ်ဆေးပေးပါဦး ဘုရား"

"တပည့်တော် စားသောက်ဆိုင်ဖွင့်မလို့ နာမည်ရွေးပေးပါ"

ဆိုတဲ့ လူမျိုး။

"ဘုန်းဘုန်းရဲ့ ဒကာမကြီးကိုလဲ ကြည့်ပြောပါဦး၊ တပည့်တော် ရှာသမျှ သူပိုက်ဆံဝိုင်းမှာ ဖြုန်းပစ်တာနဲ့ ရှိသမျှကုန်တော့မယ်"

ဆိုတာလည်း ပါသေးတယ်။

"အိမ်က ဒကာကြီးက ညညအိမ်ပြန်မအိပ်တာ တစ်လလောက် ရှိပြီဘုရား။ ယတြာလေး ဘာလေးလုပ်ပေးပါဦး"လို့ အကူအညီ တောင်းတာ။ ပြီးတော့...

"တပည့်တော် ညက အိပ်မက်ထဲမှာ ပန်းတွေ အများကြီးမက်တယ်ဘုရား

ဆိုတဲ့လူမျိုးလည်း ရှိသေးရဲ့။

ကူညီသင့်တာ ကူညီ၊ ဖြေရှင်းသင့်တာ ဖြေရှင်းပေး။ ကိုယ်နဲ့
မအပ်စပ်တာ ကျတော့လည်း ကြည့်ကောင်းအောင် ပြောပြီး ရှောင်ရ
တာပေါ့။

တစ်ခါတစ်ခါ ကျတော့လည်း ဘယ်လိုမှ ရှောင်လို့ မဖြစ်တာ



www.burmeseclassic.com

www.burmeseclassic.com



မျိုး ရှိတတ်တယ်။ ဗေဒင်ယတြာ ဆိုတာနဲ့ နှီးနွယ်ပြီး ဖြစ်လာတဲ့ ကိစ္စပဲ။ ပယောဂပေါ့၊ တကယ်တော့ ပယောဂဆိုတာ လောကီနဲ့ပဲ ပိုဆိုင်တယ်။ သို့ပေမဲ့ ဘုန်းကြီးဆိုတာ ဘုန်းတန်ခိုးကြီးတယ်၊ သက်န်းရဲ့ အရှိန်အဝါရှိတယ်။ နတ်တွေကတောင် ရှိခိုးကန်တော့ကြရတာဆိုတော့ လူတွေက အစိမ်းသရဲ နာနာဘာဝကို နိုင်မှာပဲဆိုပြီး အားကိုးကြတာပေါ့လေ။

ကျုပ်လည်း အဲသည် အတွေ့အကြုံတစ်ခုအကြောင်း ပြောပြဦးမယ်။ တစ်ညသန္ဓမှာပေါ့။ညဘက်ဘုရားရှိခိုးပြီး ကျိန်းမယ်လုပ်တဲ့ အချိန်မှာ ရပ်ကွက်ထဲက ဒကာတချို့ ကျောင်းကို ရောက်လာကြတယ်။ ဘာကိစ္စလဲမေးတော့ ကျုပ်ဆွမ်းခံကြွနေကျ အိမ်တစ်အိမ်က ဒကာမတစ်ယောက် အမှောင့်ပယောဂဝင်ပူးကပ်နေလို့ လိုက်ကြည့်ပေးပါတဲ့။

ကျုပ်ငြင်းလို့ ဘယ်ဖြစ်မလဲ၊ ကျုပ်ရဲ့ ဒကာရင်းတွေ ဖြစ်နေတော့ တတ်နိုင်သလောက်တော့ ကူညီရမှာပဲ ဆိုပြီး လိုက်သွားရတယ်။ တကယ်တော့ ကျုပ်ဟာ ပယောဂတွေ ဘာတွေ လိုက်စားဖူးခဲ့တာမဟုတ်ဘူး။ ပရိယတ္တိကိစ္စသာ ကျွမ်းကျင်တာ သို့ပေမဲ့ ဘုန်းကြီးဆိုတဲ့ ဂုဏ်ပုဒ်နဲ့ ဘုရားသားတော်ဆိုတဲ့အရှိန် အစော်ကြောင့် သိပ်တော့ မကြောက်လှပါဘူး။

အိမ်ပေါ်ကို လှမ်းတက်လိုက်တဲ့အခါ အမှောင့်ပယောဂပူးနေတယ်ဆိုတဲ့ ဒကာမဟာ အိမ်ရှေ့ခန်းမှာထိုင်လို့ အသားတွေ တဆတ်ဆတ်တုန်ပြီး....

"ငါ့ကို ဘာမှတ်သလဲ၊ ငါ့ကို ဘာမှတ်သလဲ၊ အားလုံး ဒုက္ခတွေ့သွားမယ်"





လို့ အော်နေတာ တွေ့လိုက်ရတယ်။ ထူးခြားတာကတော့ အသံဟာ ပင်ကိုယ်အသံမဟုတ်ဘဲ ယောကျ်ားတစ်ယောက်လို ခပ်ဩဩ ဖြစ်နေတာပဲ။ ကျုပ်လည်း ဘုရားစင်ဘက်ကို လျှောက်သွားရင်း....

"ဟေ့.... ဘာဖြစ်နေတာလဲ"

လို့ မေးလိုက်တော့ အဲသည် ဒကာမက ကျုပ်ကို မော့ကြည့်ပြီး....

"အမယ်.... ဘဂဝါပါလား"

ကျုပ် တစ်ချက်တော့ တွန့်ခနဲ ဖြစ်သွားသေးတယ်။ ပြီးမှ ဘုရားစင်ရှေ့မှာ တင်ပျဉ်ခွေထိုင်ချလိုက်တယ်။ အခြေအနေကို သုံးသပ်ကြည့်တယ်။

သူဟာ အမှန်အကယ် အမှောင့်ပယောဂပူးကပ်နေတာ ဖြစ်ချင်လည်း ဖြစ်မယ်။ ဒါမှမဟုတ် ရောဂါဝေဒနာ တစ်ခုခုကြောင့် စိတ်ဂယောက်ဂယက် ဖြစ်နေတာလဲ ဖြစ်နိုင်တယ်။ တကယ်လို့ အမှန်ပဲ နာနာဘာဝ အဖျက်အမှောင့် ဖြစ်နေတယ်ပဲထားဦး။ သူက အဆင့်နိမ့်တဲ့ အရူပဘုံကလာတာ။ ကျုပ်က ဘုန်းတော်ကြီး၊ သူ့ထက် အစစအရာရာ အဆင့်မြင့်တယ်။

ကျုပ်က သူ့ကို တစ်ချက်ကြည့်လိုက်တယ်။ သူ ကျုပ်နဲ့ ကြာကြာ မျက်နှာချင်း မဆိုင်ဘူး။ မျက်လွှာချသွားတယ်။ ကျုပ်အနေနဲ့ သူ့ကို 'ဘယ်ပုဂ္ဂိုလ်ပါလဲ'လို့ တလေးတစား ဆက်ဆံစရာမလိုဘူးလို့ ဆုံးဖြတ်လိုက်တယ်။ ဒါကြောင့်...

"မင်းဘယ်သူလဲ"

လို့ လေသံခပ်မာမာပဲ အမိန့်ပေးသလို မေးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



သူက....

"ဘာလို့ ပြောရမှာလဲ"

"အမယ်... မပြောလို့ ဘယ်ရမလဲ၊ ဒုက္ခလှလှ တွေ့သွားမှာပေါ့၊ ပြောစမ်း မင်းဘယ်သူလဲ"

"မပြောဘူး"

"ငါ့ကို ဘာမှတ်နေသလဲ... ဟင်"

ကျုပ်က ဟောက်လိုက်တယ်။ သူက ခေါင်းငုံ့ထားပေမဲ့ အာခံမယ့် ပုံစံမျိုးဖြစ်နေတယ်။ ဆက်မေးလည်း ပြောမှာမဟုတ်ဘူးဆိုတာ တွက်မိလို့ မေးခွန်းတစ်မျိုး ပြောင်းမေးလိုက်တယ်။

"ဘာလိုချင်လို့ ခုလို နှောင့်ယှက်နေရတာလဲ"

သူက မဖြေဘူး၊ ကျုပ်လည်း ကြမ်းပြင်ကို ဖြန်းခနဲ ရိုက်ပြီး....

"ပြောလေ"

သူ နည်းနည်းကြောက်သွားပုံရတယ်။ တစ်ချက်တုန်သွားပြီးတော့ ပြောတယ်။

အအေး သောက်ချင်လို့"

မထင်မှတ်တဲ့ အဖြေမို့ ကျုပ် နည်းနည်းကြောင်သွားသေးတယ်။ ဘေးကဝိုင်းအုံကြည့်နေတဲ့ လူတွေတောင် ပြုံးစိစိ ဖြစ်ကုန်ကြတယ်။ ကျုပ်စိတ်ကူး တစ်ခုပေါ်လာလို့...

"အမယ်... ရာရာစစ...အအေး တော့ မရဘူး။ ဟော့... ဘုရားစင်က ညောင်ရေအိုးနဲ့ ခွက်တစ်ခွက် ယူခဲ့စမ်း"

အိမ်ရှင်ဒကာက ညောင်ရေအိုးနဲ့ ဖန်ခွက်တစ်လုံး ယူလာပြီး ချပေးတယ်။ ကျုပ်က ညောင်ရေအိုးထဲက ရေကိုဖန်ခွက်ထဲ ထည့်ပြီး သူ့ရှေ့မှာ ချပေးလိုက်တယ်။





"ဒီရေကို သောက်စမ်း"

"မသောက်ဘူး"

"မသောက်လို့ မရဘူး၊ ငါအမိန့်ပေးနေတယ်၊ သောက်"

"မသောက်ချင်ဘူး၊ အဲဒီရေတွေက မသန့်ဘူး၊ ပိုးလောက်လန်းတွေနဲ့"

"ဘာရမလဲ၊ သောက်ဆိုသောက်"

"ဒီရေတွေတော့ မသောက်ချင်ဘူး၊ ရေသန့်ဘူး ဝယ်ပေး"

ကျုပ် မျက်ခုံးပင့်လိုက်မိတယ်။ တယ်တော့ မလွယ်လှဘူး။ ဘာဆက်လုပ်ရမလဲလို့ ခေါင်းကိုပွတ်ပြီး စဉ်းစားတယ်။ လူတွေ အကြံအိုက်တဲ့အခါ ခေါင်းကုတ်သလိုပေါ့။ ကျုပ်တို့ဘုန်းကြီးများကတော့ ဆံပင်မရှိတဲ့ ခေါင်းပဲပွတ်ရတာပဲ။ တစ်ခုတော့ သွားတွေးမိတယ်။ နာနာဘာဝဆိုရင် ရေသန့်ဘူးတွေ ဘာတွေ သိမှာမဟုတ်ဘူး။ ရိုးရိုး စိတ်ကဖောက်ကယက် ဖြစ်တာများလား သည်တော့ကာ....

"ကဲ...အဲဒီသောက်ရေသန့်သောက်ပြီးရင် ဆက်အနှောင့်အယှက်မပေးဘဲ ထွက်သွားမလား"

သူ ခဏတွေနေပြီး ခေါင်းညိတ်ပြတယ်။

"ကဲ.... ရေသန့်ဘူး သွားရှာကြစမ်း"

ကံကောင်းချင်တော့ ရပ်ကွက်ထဲက သင်္ဘောသားအိမ်တစ်အိမ်က ရေသန့်ဘူးရလာတယ်။ ကျုပ်လည်း ရေသန့်ဘူးကို ရှေ့မှာချပြီး မေတ္တာသုတ်ရွတ်တယ်။ ပြီးတော့ ရေသန့်ကို ဖန်ခွက်ထဲ ထည့်ပြီး....

"ကဲ.... သောက်"

သူက ခဏစိုက်ကြည့်နေပြီး ယူသောက်တယ်။ ပြီးတော့....

"ထပ်ပေးဦး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ဟာကိုယ် ထည့်သောက်"

ဆိုတော့ ရေသန့်ဘူးကိုယူပြီး ဘူးလိုက်မော့ချလိုက်တာ အကုန်ပြောင်တာပဲ။ သည်တော့မှ ကျုပ်လည်း အသင့်ယူသွားတဲ့ စိပ်ပုတီးကို လည်ပင်းမှာ ဆွဲပေးပြီး ကဲ 'ထွက်သွားစမ်း' လို့ ပြောလိုက်တယ်။ သူက ကျုပ်ကို တစ်ချက်မော့ကြည့်၊ ငါးခန့် သမ်းပြီး ကျုပ်ကို ကြောင်တောင်တောင်နဲ့ ကြည့်နေရင်းက....

"ဟင်.... ဘုန်းဘုန်း ဘယ်တုန်းက ကြွလာတာလဲဘုရား"

လို့ ပင်ကိုသံနဲ့ပြောပြီး ဦးချတယ်။ အဲသည်အခါကျမှ ကျုပ်လည်း သက်ပြင်းချနိုင်တော့တယ်။

) ) )

အဲဒါပဲလေ။ ကျုပ်တို့ဘုန်းကြီးတွေဟာ ဒကာတွေ လှူတဲ့ ဆွမ်းကို ဇိမ်ကျကျစားနေကြတာ မဟုတ်ပါဘူး။ ပရိယတ္တိ၊ ပဋိပတ္တိ ကိစ္စဆောင်ရွက်ရင်း ကြုံရင်ကြုံသလို ဒကာ ဒကာမတွေရဲ့ အခက်အခဲကိုလည်း တတ်နိုင်သလောက် ကူညီဖြေရှင်းပေးရသေးတယ်ဆိုတာ သိစေချင်လို့ ကျုပ်ရဲ့အတွေ့အကြုံကလေးတွေကို ရှည်ရှည်ဝေးဝေး ပြောပြနေရတာပါ။

ဟော... ပြောရင်း ဆိုရင်း စာသင်သားတွေတောင် နေ့လယ်စာဝါတက်ဖို့ လာနေကြပြီ။ ကိုင်း.... ဘရိတ်မရှိတဲ့ ဘုန်းကြီးပါးစပ်ကို ပရိယတ္တိစာပေ သင်ကြားပို့ချတဲ့ဘက်မှာ အသုံးချလိုက်ဦးမယ်။ ဒကာကြီးတို့လည်း ညောင်းလှရော့မယ်။ ပြန်ချင်ကြပေရော့။ နောင်ကြုံတဲ့ အခါကျမှ သိသင့်သိထိုက်တာလေးတွေ ပြောကြသေးတာ





ပေါ့... ဟုတ်စ။

(ပဋ္ဌင်းတက်စဉ်က တစေ့တစောင်း လေ့လာခဲ့မှုများ၊ ဆရာတော်အချို့၏ မိန့်ကြားချက်များနှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုဆိုင်ရာ စာပေအချို့မှ ထုတ်နုတ်စိစဉ်ရေးသားထားခြင်း ဖြစ်ပါသည်။)

(ငိုအားနှင့် ရယ်အားစာအုပ် ၁၉၉၆၊ ဋ္ဌန်)

) ) )



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



## ဒုံရင်း ဒုံရင်း

(ဇာဂနာ၊ အရှိုင်း၊ ကင်းကောင်၊ ငှက်ပျော်ကြော်၊ မေတ္တာ၊ ဖိုးတာ၊ ရန်ပိုင်စိုး၊ စုဒါလီ၊ ဒေါ်ခင်တင့်၊ ခင်မို့မို့အေးတို့ ပါဝင်သော ဗီဒီယို ဇာတ်လမ်းကို ဝတ္ထုအသွင် တင်ပြခြင်း ဖြစ်ပါသည်)

❑

"အလကားကောင်တွေ၊ တစ်ယောက်မှကို အသုံးမကျဘူး။ အလုပ်ကျတော့ လက်ကြောတင်းအောင် မလုပ်ချင်။ အစားကျတော့ နင်းကန်စား။ ပြီးတော့ ကိုယ်ပါမယ့် အိမ်သာတွင်းတောင် မတူးချင်ကြဘူး။ ဒီကောင်တွေနဲ့တော့ ခက်တယ်"

ရွှေမိသည် ကျေးရွာသုံး ထင်းစိုက်ခင်းမှ သစ်ချောင်းတွေ ကောက်ပြီး ရွက်လာသည်။ အိမ်ဝိုင်းထဲ ဝင်အလာတွင် တစ်ယောက်တည်း ဗျစ်တောက်ဗျစ်တောက် ပြောနေသော အဘွားတင့်ကို တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"အဘွား တစ်ယောက်တည်း ဘာတွေပြောနေတာလဲ၊ တော်ကြာ သူများတွေ ကြားသွားလို့ သူငယ်ပြန်တယ် ထင်နေဦးမယ်"

ရွှေမိက ထင်းစည်းကို ပစ်ချရင်း မေးသည်။

"ဘာဖြစ်ရမလဲအေ။ ညည်းအစ်ကိုတွေပေါ့၊ အိမ်သာတွင်း ပြည့်နေလို့ တွင်းအသစ်တူးပါဆိုတာ သူလုပ်ငါလုပ်နဲ့ တွက်ကပ်နေကြတယ်လေ။ ဒီနေ့တော့ ငါနဲ့ တွေ့ကြရောပေါ့"

ရွှေမိက ရယ်နေသည်။ အဘွားတင့်က ရွှေမိကို ကြည့်ပြီး...

"ဟဲ့. . . ညည်းထဘီအောက်နားကလည်း ပြဲလို့ပါလား။ ဘာဖြစ်လာပြန်သတုံး"

"ဟိုကောင် သာအေးပေါ့။ ကျွန်မကို ရွှေမိ ဗေထိ၊ ရွှေမိ ဗေထိဆိုပြီး လိုက်စလို့ ထင်းချောင်းနဲ့ လိုက်ရိုက်ရင်း ထဘီပြဲသွားတာ"

"ညည်းကလဲအေ တော်ကြာ ပေါက်ပြဲသွားလို့ လျှော်နေရဦးမယ်"

"ပေါက်ပြဲရုံမကလို့ ကိစ္စတုံးသွားလည်း အေးတာပဲ"

"ဒီကောင်မလေးနှယ်နော်၊ မိန်းကလေးမို့လို့သာပဲ ယောကျ်ားလေးဆိုရင် ခက်မယ်"

"ကျွန်မက ယောကျ်ားလေးတောင် ဖြစ်လိုက်ချင်တာ"

"အေး ညည်းသာ ယောကျ်ားလေးဖြစ်ရင် အားကိုးရဦးမယ်၊ ဟို ညည်းအစ်ကိုသုံးကောင်ကတော့ အလကားပဲ။"

. ၁ ၁ ၁





သူတို့သုံးယောက်မှာ နာမည်တွေကိုက တလွဲတချော် ဖြစ်နေကြ၏။ အကြီးဆုံး ဘိုကဆိုတာက ကတုံးနှင့်။ အလတ်ကောင် တက်ပုက အရပ်အရှည်ကြီး။ အငယ်ကောင် သက်ရှည်ကျတော့ ပုပုလေး။

ဘိုကေက ထန်းရည် ကြိုက်တတ်သည်။ သူ ထန်းရည်ကလေး တွေလာပြီဆိုလျှင် တောမှာနေရတာ အောက်တန်းကျတယ်၊ ပိုက်ဆံ ရှိလျှင် မြို့မှာတက်နေမယ်၊ ကောင်းကောင်းစားမယ်၊ ရုပ်မြင်သံကြား တို့ ဗီဒီယိုတို့ဆိုတာ ကြားသာကြားဖူးတယ်၊ တစ်ခါမှ မကြည့်ဖူးသေး၊ မိန်းမယူရင် မြို့သူချောချောလှလှမှ လိုချင်တယ်ဟု ပြောလေ့ ရှိ၏။

သက်ရှည်က ပေါတောတော။ အဆိုအက ဝါသနာပါသည်။ ရွာကအလှူတွေမှာ ဒိုးပတ်ဝိုင်းနှင့် လိုက်ကတတ်သည်။

တက်ပုကကျတော့ ကြက်တိုက်သည်။

သူတို့သုံးယောက်သည် ဟော့ဟော့ရမ်းရမ်း ဆိုးသွမ်းနေကြတာ တော့ မဟုတ်။ ရိုးသားပြီး စိတ်ကောင်းရှိသည်။ သို့ရာတွင် ပေါ့ပေါ့နေ၊ ပေါ့ပေါ့စားပြီး ပျော်ပါးနေကြသူ များ၏။

သူတို့ရွာကလေးမှာ မြို့နှင့် တော်တော်လှမ်းသည်။ အဆက် အသွယ်လည်း သိပ်မရှိ။ အနီးဆုံး မြို့ကလေးကပင် တောမြို့ကလေး မျှသာ ဖြစ်ပြီး သူတို့ရွာသည် တကယ့်အခေါင်အဖျားလို ဖြစ်နေ၏။ ထို့ကြောင့် လူတွေက အကြားအမြင်ဗဟုသုတ နည်းပါးပြီး တောကျ သည်။ (ဒါကတော့ တောမှာနေတာကိုး။)

၁ ၁ ၁



www.burmeseclassic.com

www.burmeseclassic.com



ဘိုကေက ခပ်ယိုင်ယိုင်၊ သက်ရှည်က သီချင်းတစ်ပုဒ်ညည်းရင်း ခြေလှုပ်လက်လှုပ်၊ တက်ပုက ကြက်တစ်ကောင်ပိုက်လျက် အိမ်ဝိုင်းထဲ ဝင်လာကြသည်။

အဘွားတင့်က ခါးထောက်လျက် စိမ်းစိမ်းကြည့်ရင်း...

"ဩော်... မောင်မင်းကြီးသားများ ကြွကြွပါ၊ ကြွကြွပါ"

"အမယ် အဘွားတောင် တော်တော်ယဉ်ကျေးနေပြီပဲ"

ဘိုကေက ခပ်ထွေထွေနှင့် နောက်လိုက်ရာ။

"အမယ် ငါ တုတ်လိုက်ရ မကောင်းဘဲ နေရော့မယ်"

သက်ရှည်က ဇာတ်ဟန်ပါပါလေသံဖြင့်...

"အို... ဘွားအေတော်ကြီးရဲ့။ ဘာဟင်းများ ချက်သတုံးဗျ။ ဝမ်းထဲက ဟာတာဘာ ရှိုလိုက်ပါဘိတော့တယ်"

"ဆာရင်လည်း ဟောဟိုထဲမှာ သွားစားကြချေ"

အဘွားတင့်က အိမ်သာကို လက်ညှိုးထိုးပြသည်။

"ဟာဗျာ အဘွားကလဲ"

"အဘွားကလည်းတွေ ဘာတွေလုပ်မနေနဲ့၊ နင်တို့ကို အိမ်သာတွင်းတူးခိုင်းထားတာ ဘယ်လောက်ကြာပြီလဲ။ အခု ပြည့်လျှံပြီး နံစော်နေပြီ"

သက်ရှည်က...

"ဟာ... ဒါကတော့ ကိုကြီးဘိုကေက အားလုံးထဲမှာ အစားအပုပ်ဆုံး။ ဒီတော့ သူပါတာ အများဆုံး။ သူပဲတူးသင့်တာပေါ့"

"အံမယ်... မင်းကသာ တစ်ပတ်တစ်ခါ ဝမ်းနုတ်ဆေးအခါးတွေစားပြီး အိမ်သာကို ဆယ်ခါလောက် တက်နေတာ။ မင်းတူးသင့်တယ်"





"ငါကဝမ်းချုပ်တတ်လို့ ဝမ်းနုတ်ဆေးသောက်တာပါကွ။ မပါတဲ့နေ့ရက်တွေ အများကြီး"

တက်ပုက သူအနေသာကြီးဆိုသော ပုံစံဖြင့် မေးစေ့ပွတ်နေ၏။ ဘိုကေက ကြည့်မရသဖြင့်...

"အဲ... ဒီကောင် တက်ပုက အရပ်ရှည်တယ်။ ဒါကြောင့် ခြေတုံးလည်း ရှည်မှာပဲ။ အိမ်သာတွင်း မြန်မြန်ပြည့်တာ မင်းကြောင့်။ ဒါကြောင့် မင်းတူးသင့်တယ်"

တက်ပုက ဗျာဗျာသလဲ ငြင်းသည်။

"အာ... ဘယ်ရမလဲ။ ခြေတုံးရှည်ပေမယ့် တွင်းထဲကျတော့ ခွေ ခွေကလေး ဖြစ်သွားတာပါကွာ"

"တော်ကြစမ်း။ ဒီလောက်တောင် တွယ်ကပ်နေတဲ့ ကောင်တွေ။ သိကြသေးတာပေါ့"

ဆိုပြီး အဘွားတင့်က အိမ်ထဲ ဝင်သွားသည်။ ပြန်ထွက်လာတော့ လက်ထဲမှာ သော့ခလောက် တစ်လုံးပါလာ၏။

"ကဲ... အခုကစပြီး အိမ်သာသော့ကို ငါသိမ်းလိုက်ပြီ။ အိမ်သာတက်ချင်တဲ့လူ ငါ့ဆီမှာ သော့လာတောင်း။ ပထမဆုံး အိမ်သာတက်တဲ့လူက အိမ်သာတွင်း တူးရမယ်"

အဘွားတင့်က ပြောပြီး အိမ်သာဆီသွား၍ သော့ခတ်လိုက်သည်။ ဘိုကေက ပြေးလိုက်သွားပြီး...

"ဟာ အဘွား ခဏလေး နေပါဦး။ အပေါ့သွားချင်လို့"

"မရဘူးဟေ့၊ အပေါ့ပဲဖြစ်ဖြစ်၊ အလေးပဲဖြစ်ဖြစ် တွင်းတူးရမှာပဲ"

ဟု ပြောပြီး အိမ်ထဲဝင်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဘိုကေ ခေါင်းကို ပွတ်နေသည်။ ရွှေမိက တခစ်ခစ်ရယ်ပြီး

"ကောင်းတယ်၊ ပျင်းချင်ဦး"

"အမယ်... နင်လည်း အိမ်သာတက်ချင်ရင် အဘွားဆီသော့တောင်းရမှာပဲ။ အဲဒီကျတော့ အိမ်သာတွင်း နင်တူးရမှာ"

"ကျွန်မ မပါဘူး။ အဘွားပြောတာ အစ်ကိုတို့ သုံးယောက်တည်း"

၁၁၁

သက်ရှည်သည် အိပ်နေရာမှ ဖျတ်ခနဲ နိုးလာသည်။ ညနေက ဗိုက်ဆာဆာနှင့် ပဲဟင်းတွေ နင်းကန်စားခဲ့မိရာ ခု တန်ခိုးပြနေပြီ။ ဗိုက်ထဲက ရစ်ရစ်ပြီး နာနေသည်။ မနက်ကျမှ ဖြစ်သလိုသွားမည်ဆိုပြီး အောင့်ထားလို့လည်း မရ။ ကြိတ်မှိတ်ပြီး အိပ်လို့လည်း မပျော်။

ထို့ကြောင့် အိပ်ရာမှထရသည်။ အဘွားနှင့် ရွှေမိတို့အိပ်သည့် အတွင်းခန်းထဲခြေဖော့နင်းပြီး ဝင်သည်။ အဘွားက အိမ်သာသော့ကို တန်းပေါ်တင်ထားမှာပဲ တွေးပြီး ခြေရင်းဘက် တန်းပေါ်မှာ လျှောက်စမ်းသည်။ ကြမ်းက ကျွီခနဲ မြည်သွား၏။ အအိပ်ဆတ်သော ရွှေမိ နိုးသွားသည်။

"ဘယ်သူလဲ"

ရွှေမိက ခတ်ဆတ်ဆတ် မေးလိုက်၏။

"ငါပါဖ၊ သက်ရှည်ပါ"

အသံခပ်အုပ်အုပ် ပြန်ထူးသည်။

"ဘာလာလုပ်တာလဲ"

"အိမ်သာသော့ လာရှာတာဟ။ အဘွား ဘယ်မှာထားလဲ နင်





သိလား"

"ရှာမနေနဲ့။ သော့က အဘွားဘော်လီ အင်္ကျီအိတ်ထဲမှာ"

သက်ရှည် စိတ်ဓာတ်ကျသွားသည်။ မတတ်နိုင်။ ဗိုက်ထဲက မနေနိုင်မထိုင်နိုင် ရစ်နေပြီဖြစ်သည်။ အိမ်နောက်ဖေး ချုံကြားကိုပဲ သွားရတော့မည်။

မီးခွက်ရှာနေဖို့ အချိန်မရတော့။ ကြာလျှင် အိမ်ထဲမှာပဲ ထွက်အကုန်လိမ့်မည်။ အိမ်ပေါ်ကဆင်းပြီး ကိုယ်ကိုရှုံ့၍ နောက်ဘက်သို့ ခပ်သုတ်သုတ် ပြေးရသည်။ လရောင်ကလေး နည်းနည်းရှိနေလို့ တော်သေးသည်။ ခြံဝင်းစည်းရိုးကြားမှ လျှိုထွက်ပြီး နောက်ဘက်ရှိ ချုံတောထဲဝင်သည်။ ထိုအခါကျမှ သရဲများ ခြောက်လာမလားဆိုသော အတွေးဝင်လာပြီး စိမ့်ခနဲ ဖြစ်သွား၏။

ထိုစဥ်မှာပင် တစ်စုံတစ်ခုနှင့် ဝင်တိုက်မိသည်။ ထိုအရာဆီမှ "အင့်" ခနဲ အသံကြားလိုက်သဖြင့်

"ဟာ ဘာကြီးလဲ"

"အမလေး သရဲဗျ"

သူတိုက်မိသူက ထအော်ပြီး ပြောသည်။ သက်ရှည်လည်း ခြေဦးတည့်ရာ စွတ်ပြေးသည်။ ပြီးမှ အသံကို သတိပြုမိပြီး

"ကိုကြီးဘိုကေ"

တစ်ဖက်ကလည်း

"သက်ရှည်လား"

"အေးကွ"

"မင်း ဘာလာလုပ်တာလဲ"

"ချေးပါချင်လို့ကွ၊ ကိုကြီးကော"



www.burmeseclassic.com

www.burmeseclassic.com



"ငါလဲ ဒီလိုပဲ၊ ဟော့ကောင် စောစောက ဗြိုခနဲအသံကြားတယ်။ မင်းထွက်ကျကုန်ပြီ မဟုတ်လား"

"ဟေ... အေး... အေးကွ"

သက်ရှည် သူ့ဘာသာ ပုဆိုးစမ်းကြည့်ပြီး နှာခေါင်းရှုံ့သွားသည်။

"ကိုကြီး မင်းလည်း တိုးလိုးတန်းလန်းနဲ့ ထပြေးတာဆိုတော့"

ဘိုကေလည်း နှာခေါင်းရှုံ့လိုက်၏။

ထိုစဉ်မှာ အိမ်ဘက်မှ မည်းမည်း မည်းမည်းနှင့် တစ်စုံတစ်ယောက် သူတို့ရှိရာသို့ ချဉ်းကပ်လာသည်။

"ကိုကြီး ဘိုကေ၊ သက်ရှည် မင်းတို့ အဲဒီမှာလား"

"တက်ပုလား"

"ဟုတ်တယ်"

"မင်းကော၊ ဗိုက်နာလို့လား"

"မဟုတ်ဘူးကွ၊ ငါတစ်ယောက်တည်း ကျန်ခဲ့တော့ မအိပ်ရဲလို့ကွ"

"ဒီတိုင်းဆို မလွယ်ဘူးကွ။ ညဘက်က ချုံတိုးလို့ ရသေးတယ်။ နေ့ခင်းဘက် အိမ်သာသွားချင်ရင် ခက်မယ်"

သက်ရှည်က ပြောသည်။ ဘိုကေက

"နက်ဖြန်တော့ အိမ်သာတွင်းတူးမှ ဖြစ်တော့မယ်"

"အေးကွ။ ငါက ဟာလာဟင်းလင်းဆို မပါတတ်ဘူး"

ဟု တက်ပုက ဝင်ပြောသည်။

၁ ၁ ၁





"ဒါပဲဟေ့၊ လူတစ်ရပ်စာနက်အောင် တူးရမယ်။ တိမ်တိမ်လေး တူးထားလို့ကတော့ တစ်ယောက်မှ ထမင်းမကျွေးဘူး"

ဟု အဘွားတင့်က ပြောထားသဖြင့် သူတို့သုံးယောက်မှာ ကြိုးစားပမ်းစား တူးနေကြရ၏။ တစ်ယောက်နှင့်တစ်ယောက် တွက်ကပ်နေလို့လည်း မဖြစ်။ တွက်ကပ်လို့ အလုပ်မပြီးလျှင် ထမင်းစားရမည် မဟုတ်။ ဗိုက်ကလည်း ဆာလှပြီ။

သက်ရှည်က တက်ပုတူးပေးသော မြေကြီးများကို တောင်းနှင့်ထည့်၍ အပေါ်မှ စောင့်နေသော ဘိုကေကို လှမ်းပေးရင်း...

"အဘွားက လူတစ်ရပ်စာလို့ ပြောထားတယ်။ အခု ငါ့တစ်ရပ်စာ ဖြစ်နေပြီ၊ တော်ကြစို့ကွာ"

"အေး ဟုတ်တယ်ကွ၊ ပင်ပန်းလှပြီ"

တက်ပုကပါ ထောက်ခံသည်။ သို့ရာတွင် အဘွားတင့်က ကြားသွားပြီး အိမ်နောက်ဖေးပေါက်မှ ထွက်၍ အော်သည်။

"တစ်ရပ်စာဆိုတာ သက်ရှည်တစ်ရပ်စာကို ပြောတာမဟုတ်ဘူး။ တက်ပုတစ်ရပ်စာကို ပြောတာ။ ဆက်တူး"

သူတို့ သုံးယောက် တညည်းညည်း တညူညူ ဆက်တူးကြရသည်။ အရေးထဲမှာ ဘိုကေက...

"ဟော့ကောင် အဘွားက လူတစ်ရက်စာလို့ ပြောပြီး သက်ရှည်တစ်ရပ်စာကို ပြောတာမဟုတ်ဘူးဆိုတော့ သက်ရှည်က လူမဟုတ်သလို ဖြစ်နေပြီ"

"မောရတဲ့ ကြားထဲကွာ။ မင်းကလဲ"

သက်ရှည်က ပြန်ပြောရင် ပေါက်တူးကို မြေသို့ ပေါက်ချလိုက်စဉ် ဒုတ်ခနဲ အသံထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အရေးထဲ ကျောက်ဖျာနဲ့ တိုးနေပြီထင်တယ်"

ပေါက်ထားသော မြေကြီးခဲကို နှဲ့၍ ဖယ်လိုက်သောအခါ စဉ့်အိုးတစ်လုံး၏ ထိပ်ပိုင်း ပေါ်လာသည်။

"ဟ... စဉ့်အိုးကြီးပါလား"

"ငါတို့တော့ ပွပြီထင်တယ်ကွ။ ဟိုရှေးရှေးတုန်းက မြှုပ်ထားခဲ့တဲ့ ရွှေအိုးကြီးလား မသိဘူး၊ ဖော်ကြည့်ရအောင်"

စဉ့်အိုးဘေးမှ မြေများကို ယက်ထုတ်ပြီး ဖော်ကြသည်။ စဉ့်အိုးမှာ သောက်ရေအိုးနီးနီးရှိသည်။ အပေါ်မှ အဖုံးဖုံးထားပြီး အဖုံးကို လုံအောင် အင်္ဂတေလိုလို သစ်စေးလိုလို အရာများဖြင့် မံထား၏။

စဉ့်အိုးကို အပေါ်မ,တင်ပြီးနောက် သက်ရှည်နှင့် တက်ပုတို့ တွင်းထဲမှ တက်လာသည်။ အိုးအဖုံးကို ငန်းပြားနှင့် ကလန့်ပြီး ဖွင့်သည်။

ဘိုကေက အိုးထဲလက်နှိုက်ပြီး ပြန်ထုတ်လိုက်သောအခါ အဝတ်အိတ်ရှည်ရှည်ကလေး ထွက်လာ၏။ အဲထဲမှာတော့ ပေစာတစ်ချပ်။

"ဟင်း... ဒါလား ရွှေတွေငွေတွေ"

တက်ပုက ပြောသည်။ ဘိုကေက

"နေစမ်းပါဦးကွ။ ဖတ်ကြည့်ရအောင်"

ဘိုကေက ပေစာကို ပုဆိုးနှင့် ပွတ်၍ သန့်စင်လိုက်ပြီး ခပ်ကျယ်ကျယ် ဖတ်ပြသည်။

"ထိုက်သူ ခံစားရမည်တဲ့"

"ထိုက်သူဆိုတာ ဘယ်သူလဲကွ။ ဒါဆို ငါတို့နဲ့ မဆိုင်ဘူးပေါ့"

သက်ရှည်က ဝင်ပြောပြန်၏။ ဘိုကေက နားထောင်စမ်းပါ





ကွာဆိုပြီး ဆက်ဖတ်သည်။

"ကျွန်ုပ်သူဌေးကြီး ဦးသူရ၊ မှတ်တမ်းရေးသားထားခဲ့သည်။ ကျွန်ုပ်သည် ငယ်စဉ်က အလွန်ဆင်းရဲသူ ဖြစ်လေသည်။ ထို့နောက် ကျွန်ုပ်၏ မနားမနေ ကြိုးပမ်းမှုကြောင့် အလွန်ချမ်းသာကြွယ်ဝသော သူဌေးကြီးတစ်ဦး ဖြစ်လာခဲ့သည်။ သို့ရာတွင် ကျွန်ုပ်၏ သားသုံးယောက်မှာ လုံးဝမလိမ္မာကြချေ"

ထိုနေရာ အရောက်တွင် သူတို့သုံးယောက် တစ်ယောက်ကို တစ်ယောက် ကြည့်မိကြသည်။

"ရင်းသားသုံးယောက်သည် ကျွန်ုပ်၏ ပစ္စည်းဥစ္စာများကို သုံးဖြုန်းကာ အပျော်အပါး လောင်းကစားခြင်းဖြင့် သာ အချိန်ကုန်နေကြ လေသည်"

တက်ပုက

"ငါတို့သုံးယောက်ကိုများ စောင်းရေးထားတာလား မသိဘူး"

ဒီဟာကွာ။ ငါတို့ကို အဲဒီသူဌေးကြီးက ဘယ်လိုလုပ် သိမှာလဲ။ ကဲ ဆက်ဖတ်စမ်းပါဦး"

ဟု သက်ရှည်က တိုက်တွန်းသဖြင့်

"ထို့ကြောင့် ကျွန်ုပ်သည် ရှိသည့်ပစ္စည်းများကို အမျိုးအကျိုးအတွက် လှူဒါန်းမှုများ ပြုလုပ်ခဲ့သည်။ ထို့အပြင် ကျွန်ုပ်ကွယ်လွန်လျှင် ကျန်ရစ်သူ သားမိုက်များအနေဖြင့် ကျွန်ုပ်အတွက် ရည်စူး၍ ကုသိုလ်ကောင်းမှုများ ပြုလုပ်လိမ့်မည် မဟုတ်ဟု ယူဆသောကြောင့် အစီအမံတစ်ခုကို ပြုလုပ်ခဲ့ရပေသည်"

ယင်း... အစီအမံကားဆိုလျှင်

ဤစာနှင့်အတူ မြေပုံတစ်ခု တွေ့ရလိမ့်မည်။ ယင်းမြေပုံအား



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏ ကျန်ရစ်သော ပစ္စည်းများကို မြုပ်နှံထားသည့် နေရာအား ညွှန်ပြသော မြေပုံပင် ဖြစ်၏။ ။

တက်ပုက အိုးထဲထပ်နှိုက်ပြီး ထုတ်ကြည့်ရာ သားရေချပ်တစ်ချပ် ထွက်လာသည်။

"ခဏ နေဦးကွ။ စာက မဆုံးသေးဘူး။ အဲ ဘာတဲ့။ ရတနာပစ္စည်းများ ရှာဖွေတွေ့ရှိလျှင် တစ်ဝက်ကို ထုခွဲရောင်းချပြီး စေတီ တစ်ဆူတည်၍ ကျွန်ုပ်အတွက် အမျှအတန်း ပေးဝေကြပါ။ ကျန်တစ်ဝက်ကို လိုရာအသုံးပြုပါလေတဲ့"

သက်ရှည်က တက်ပုဆီမှ မြေပုံကိုယူ၍ကြည့်ပြီး

"အလကား မဟုတ်တာတွေ လျှောက်ရေးထားတာနဲ့ တူပါတယ်ကွာ။ တကယ်ဆိုရင် ဒီအိုးထဲမှာပဲ ရတနာပစ္စည်းတွေ ထည့်ပေး ထားလိုက်လည်း ပြီးတာပဲ။ ခုတော့ မြေပုံနဲ့ထပ်ပြီး ရှာရဦးမယ်တဲ့။ မြေပုံထဲမှာ ရေးထားတာကလည်း ဘာတွေမှန်းလဲ မသိဘူး။ အလကားပါ"

ဆိုပြီး မြေပုံကို လွှင့်ပစ်မည် ပြုသည်။ ဘိုကေက-

"ဟေ့ကောင် နေဦး။ စာက မဆုံးသေးဘူး"

"ဟာ... လုပ်ပြန်ပြီ"

"နားထောင်ကွ။ အရေးကြီးတဲ့ နေရာရောက်ပြီ။ မယုံမရှိကြနှင့်၊ အမှန်တကယ်ဖြစ်ကြောင်း သိသာရန် လက်စွပ်တစ်ကွင်း နမူနာ ထည့်ပေးထားသည်။ ယင်းလက်စွပ်ကို ရောင်းချ၍ စရိတ်ပြုလုပ်ပြီး ရတနာများကို ရှာဖွေပါလောတဲ့"

"လက်စွပ်ဆိုပါလား"

ပြောပြီး တက်ပုက အိုးအတွင်း နှိုက်ပြန်သည်။ ဒီတစ်ခါတော့





အဝတ်အိတ်အသေးလေး တစ်ခုပါလာသည်။ အိတ်ရှုံ့ကြိုးကိုဖြည်ပြီး ထုတ်ကြည့်တော့

"ဟာ... စိန်လက်စွပ်ကြီးကွ"

"အေးဟ... အကြီးကြီးပဲ။ ဒါ အဘွားကို ပြကြည့်မှပဲ။ အဘွားဆိုရင်တော့ တန်ဖိုးနားလည်လိမ့်မယ်"

လက်စွပ်မှာ ကပ်ထားသည့် စိန်ကြီးမှာ တော်တော်ကြီးသည်။ ဆီးသီးအသေးစား တစ်လုံးစာလောက် ရှိမည်။ နေရောင်တွင် ထောင်ကြည့်သောအခါ ဝင်းခနဲ လက်ခနဲ။

၁ ၁ ၁

အဘွားတင့်က စိန်လက်စွပ်ကြီးကို သေသေချာချာ စူးစိုက်ကြည့်ပြီး

"အင်း.... ငါ့တစ်သက်မှာ ဒီလောက်ကြီးတဲ့ စိန်မျိုး တစ်ခါမှ မတွေ့ဖူးသေးဘူး"

"ဟုတ်ပြီ၊ ဟုတ်ပြီ။ ဒါ ဘယ်လောက်တန်မယ် ထင်သလဲ အဘွား"

ဘိုကေက အားတက်သရော မေးလိုက်သည်။ အဘွားတင့်က

"အို တစ်ခါမှ မတွေ့ဖူးပါဘူးဆိုမှ ဘယ်လောက်တန်တယ်ဆိုတာ ငါဘယ်သိပါ့မလဲ"

"ဟာ... အဘွားကလည်း"

"မြေပုံတစ်ခုလည်း ပါတယ်ဆို ပြစမ်းပါဦး"

တက်ပုက မြေပုံသားရေချပ်ကို လှမ်းပေးသည်။ အဘွားတင့်က မြေပုံကို အနီးကပ်ကြည့်ပြီး ခေါင်းတညိတ်ညိတ် လုပ်နေ၏။ သက်



www.burmeseclassic.com

www.burmeseclassic.com



ရှည်က မအောင့်နိုင်ဘဲ

"တွေ့လား အဘွား၊ ဘာတွေတဲ့လဲ"

ဟု မေးသည်။

"ငါ့မျက်စိကမှုန်တော့ ဘာမှ သဲသဲကွဲကွဲ မမြင်ရပါဘူးကွယ်"

"ဟာ လုပ်ပြန်ပြီ။ ပေးပါ ကျွန်တော် ဖတ်ပြမယ်"

ဘိုကေက မြေပုံကိုယူ၍

"ဒီလိုလေ အဘွားရဲ့၊ မြေပုံပေါ်မှာ လမ်းကြောင်းလိုလိုတော့ ပြထားတယ်။ ဒါပေမဲ့ နေရာတွေကို အတိအကျ ရေးမထားဘူး။ အညွှန်းစာတော့ ပါတယ်။ ကျုပ် ဖတ်ပြမယ်။ ကျော်အေးကို့ တွေ့အောင်ရှာပြီး လုပ်ငန်းစပါ။ ပင်လယ်ကို ဖြတ်၍ တောင်ပေါ်က ပန်းပေါင်းစုံရာ အရပ်ကို သွားလော့။ မိုးပေါ်က ကျသည့်ရေ ချောင်းဆိုး ပျောက်သည်။ ပြီးတော့"

"သက်သက် နောက်ပြောင်ပြီး ရေးထားတာနဲ့ တူပါရဲ့"

အဘွားက ဝင်ပြော၏။

"နောက်တာဆိုရင် စိန်လက်စွပ်ကြီးကို ဘာဖြစ်လို့ ထည့်ထားလဲ"

ဟု ရွှေမိက ပြောသည်။ သက်ရှည်က

"ကဲပါ မြေပုံကိစ္စထားပါဦး။ လက်စွပ်ကို ဘယ်လိုလုပ်မလဲ"

တက်ပုက

"မြို့ပေါ် တက်ရောင်းမှာပေါ့ကွ"

" ဟာ... တို့က ဘာမှနားလည်တာ မဟုတ်ဘူး။ မြို့ပေါ် တက်ရောင်းရင် ငါတို့ကို နှပ်ချမှာပေါ့ကွ။ ပြီးတော့ ငါတို့က မြို့ကို တစ်ခါမှ ရောက်ဖူးတာမှ မဟုတ်ဘဲ"





သက်ရှည်က ပြောသည်။ ဘိုကေက

"ဒါဆို ဆရာတော်ကို ပြကြည့်မယ်ကွာ"

"ဟယ် ဘုန်းကြီးနဲ့ လက်စွပ် ဘာဆိုင်လို့လဲ"

အဘွားတင့်က ဝင်ပြော၏။ ဘိုကေက

"ဟာ... ဟုတ်ပြီ။ ဘုန်းကြီးကျောင်းမှာ လူတစ်ယောက် ရောက်နေတယ်။ ဆရာတော်နဲ့ ဆွေမျိုးနီးစပ်တော်တယ်တဲ့။ မန္တလေးကလို့ပြောတယ်။ ပေစာတွေ လေ့လာချင်လို့ လာတာတဲ့။ သူ့ကို ခေါ်ပြကြည့်မယ်"

"မြို့သားဆို ယုံရပါ့မလား"

ရွှေမိကပြောရာ

"ငါတို့ဘာသာရောင်းလည်း မြို့သားတွေဆီပဲ ရောင်းရမှာပဲဟာ ဆရာတော့်ဆွေမျိုးဆိုတော့ ငါတို့ကို မလိမ်တန်ကောင်းပါဘူးကွာ"

"ကဲ...ဒါဆိုလည်း သွားခေါ်ခဲ့"

ဟု အဘွားက ဆုံးဖြတ်ပေးလိုက်သည်။

၁ ၁ ၁

မြို့သားဆိုသူသည် ဘိုကေနှင့်အတူ အိမ်ထဲ ဝင်လာသည်။ သူ့ကို ဘာကြောင့်ခေါ်လာမှန်းမသိ။ အကူအညီ တောင်းစရာရှိလို့ ဆိုတာပဲ ပြောထားသည်။ သူသည် အိမ်ထဲရောက်သောအခါ စိတ်ဝင်တစား ဝိုင်းကြည့်နေသော လူများကိုမြင်ပြီး ကြောက်သလိုလိုတောင် ဖြစ်သွားရ၏။ သူကလည်း တစ်ယောက်စီကို ပြန်အကဲခတ်လိုက်သည်။ ရွှေမိကိုမြင်သောအခါ တောသူသာဆိုတယ် တော်တော်လှသော



www.burmeseclassic.com

www.burmeseclassic.com



ပဲဟု တွေးပြစ်အောင် တွေးလိုက်မိ၏။ ထိုအချက်မှာ နောက်ပိုင်း အများကြီး အသုံးဝင်လာသည်။

"ကဲ…ထိုင်ဗျာ"

ဘိုကေက ထိုင်ခိုင်းသဖြင့် ကြမ်းပေါ်ဝင်ထိုင်လိုက်သည်။ အဘွားတင့်က အကဲခတ်နေရာမှ

"မင်းက ဆရာတော်နဲ့ ဆွေမျိုးတော်တယ်ဆို"

"ဟုတ်ကဲ့ခင်ဗျ။ ဆရာတော်က ကျွန်တော့်ဘကြီးဝမ်းကွဲတော်ပါတယ်"

"မောင်ရင်လေးနာမည် ဘယ်နှယ်ခေါ်လဲ"

"ကျော်အေးတဲ့ ခင်ဗျ"

"ဟေ"

အဘွားတင့်၏ အာမေဋိတ်သံနှင့် တစ်ဆက်တည်း ဘိုကေက

"ဟာ… တိုက်တိုက်ဆိုင်ဆိုင်ဗျာ။ မြေပုံထဲကအတိုင်းပဲ။ ကျော်အေးကို တွေ့အောင်ရှာပြီး လုပ်ငန်းစပါဆိုတာလေ"

"ဟုတ်တယ်၊ ဟုတ်တယ်။ ဒါနိမိတ်ကောင်းပဲ"

သက်ရှည်က ဝင်၍ ထောက်ခံသည်။ ကျော်အေးမှာ ကြောင်တောင်တောင် ဖြစ်နေ၏။ စိတ်နောက်နေသည့် မိသားစုကြားထဲများ ရောက်နေသလားဟု ထင်မိသေးသည်။

တက်ပုကလည်း တစ်စုံတစ်ခုဝင်ပြောမည်ပြုစဉ် ရွှေမိက

"ဘေးလူရှေ့မှာ ဘာတွေလျှောက်ပြောနေကြတာလဲ"

ဘိုကေက

"ဘေးလူမဟုတ်တော့ဘူးဟ။ ငါတို့နဲ့ အလုပ်တွဲလုပ်ရမယ့်လူ ဖြစ်သွားပြီ။ ဒါတိုက်ဆိုင်တာမဟုတ်ဘူး။ သူ့ဒွေးကြီး ဦးသူရက





သူ့ကို တမင်တကာ ဒီကိုရောက်အောင် တမလွန်ကနေ တစ်နည်းနည်းနဲ့ စေလွှတ်လိုက်တာပဲ ဖြစ်ရမယ်"

"ဟာ… ဟာ ကျွန်တော် တမလွန်က မဟုတ်ပါဘူးဗျယ။ လူအစစ်ပါ"

ကျော်အေး ကြောက်ကြောက်လန့်လန့် ဟျာဟျာသလဲငြင်းသည်။ ဘိုကေကပြုံး၍

"ဟုတ်ပါတယ်၊ သိပါတယ်။ ဒီလိုဗျ"

"တိတ်ကြစမ်း"

ဟု အဘွားတင့်က ဟန့်လိုက်ပြီးမှ

"ကဲ. . . မောင်ကျော်အေး။ မင်းကိုကြည့်ရတာ ရိုးသားပုံလဲရတယ်။ ဆရာတော့်အမျိုးဆိုတော့ ယုံကြည်ရမယ်လို့လည်း ထင်လို့"

ပြောရင်း ဘော်လီအင်္ကျီအိတ်ထဲမှ စိန်လက်စွပ်ကို ထုတ်ပြီး

"ဟောဒီ လက်စွပ်ကို ကြည့်စမ်းပါ"

ကျော်အေးလက်ထဲ ထည့်ပေးလိုက်၏။ ကျော်အေးသည် လက်စွပ်ကို နေရောင်မှာ ထောင်ကြည့်ပြီး မျက်လုံးပြူးသွား၏။ အားလုံးက သူ့ကို စိတ်အားထက်သန်စွာ ဝိုင်းကြည့်နေကြသည်။

"ဟာ… ကျွန်တော့်တစ်သက်မှာ ဒီလောက်ကြီးတဲ့ စိန်ကို တစ်ခါမှ မတွေ့ဖူးသေးဘူး"

"ဟာ လာပြန်ပြီး တစ်ယောက်။ ဒါဘယ်လောက်တန်သလဲ ဆိုတာ သိချင်တာဗျ"

"တိတိကျကျတော့ မသိဘူး။ တော်တော်တန်ဖိုးရှိမယ်ဆိုတာတော့ ခန့်မှန်းလို့ရတယ်။ တကယ်နားလည်တဲ့လူမှ တန်ဖိုး



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်နိုင်မှာပဲ"

"ဒါဆို ဒီလက်စွပ်ကို မြို့မှာတက်ရောင်းဖို့ ကူညီနိုင်မလား"

ဟု ဘိုကေက မေးသည်။ ကျော်အေးက "ဟို...အဲ" ဆိုပြီး ယောင်ချာချာလုပ်နေပြီးမှ အားတက်သရော ကြည့်နေသော ရွှေမိကို သတိပြုမိသောအခါ အလိုလိုခေါင်းညိတ်ပြီးသား ဖြစ်သွားပြီး

"ဟုတ်... ဟုတ်ကဲ့၊ ကူညီနိုင်ပါတယ်။ ဒါပေမယ့် ဒီလက်စွပ် ဘယ်က ရသလဲဆိုတာ"

"ဒါ ကျုပ်တို့ ခိုးဝှက်ထားတာ မဟုတ်ဘူးဗျ။ အိမ်သာတွင်းတူးရင်းနဲ့ရတာ။ ပြီးတော့ ဟိုဟာ မြေပုံ"

"ကဲ တော်တော့။ မြို့ကိုတတ်ပြီး လက်စွပ်ရောင်းဖို့သာ စီစဉ်တော့။ ဘိုကေနဲ့ တက်ပု လိုက်သွားကြ"

ဟု ပြောလိုက်သည်။

၁၁၁

ပွဲစားက လော်ပန်ဟုခေါ်သူက စိန်လက်စွပ်ကို မှန်ဘီလူးလိုကိရိယာဖြင့် သေသေချာချာ ကြည့်နေသည်။ ကျော်အေး၊ ဘိုကေနှင့် တက်ပုတို့ ရင်တထိတ်ထိတ်နှင့် စောင့်စားနေကြ၏။ ပွဲစားကတော့ ခပ်အေးအေးပင် စီးကရက်ဖွာနေ၏။

ကျော်အေးက ဘိုကေတို့ကို မန္တလေးသို့ ခေါ်သွားသည်၊ တကယ်ဆိုတော့ သူသည်လည်း မြို့ပေါ်မှာနေသောကြောင့် လူရည်လည်တာကလွဲလျှင် ရတနာပစ္စည်း အရောင်းအဝယ်ကို သိပ်နားမလည်း။ ထို့ကြောင့် ဈေးချိုတော်ရှိ ကျောက်ပွဲစားတန်းမှာ စနည်းနာရင်း ပွဲစားတစ်ယောက်နှင့် တွေ့ပြီး ပါလာခြင်း ဖြစ်၏။ နှပ်ချလို့





မရအောင်တော့ သတိထားရမည်။

"အနာလေး နည်းနည်းပါနေလို့ပေါ့ဗျာ၊ နို့မို့ဆိုရင်"

လော်ပန်၏ နှုတ်မှ စကားတစ်ခွန်း ထွက်လာသည်။ ဘိုကေက စိတ်မရှည်တော့ဘဲ

"ကဲ ဘယ်လောက်ပေးမယ်ဆိုတာသာ ပြောဗျာ"

"ပြောရမှာ အားနာတယ်ဗျာ"

"ဒါတော့ ကြိုက်ရောင်း ကြိုက်ဝယ်ပေါ့ဗျာ။ ပေးနိုင်တဲ့ ဈေးပြောလိုက်ပေါ့"

ဟု ပွဲစားက ဝင်ပြောသည်။ လော်ပန်က ပွဲစားကို အဓိပ္ပာယ်ပါပါကြည့်သည်။ ရောင်းချင်နေမှန်းလည်းသိ၊ နားမလည်သူတွေမှန်းလည်း သိသဖြင့် ဘယ်လိုရိုက်ချရကောင်းမလဲ စဉ်းစားနေဟန် တူသည်။ ပွဲစားကို လှမ်း၍ မျက်လုံးဖြင့် အကြံဉာဏ်တောင်းလိုက်ခြင်း ဖြစ်၏။ ကျော်အေးက ရိပ်မိသဖြင့် အချိန်မပေးဘဲ။

"ဈေးသိပ်နှိမ်ရင်တော့ ကျွန်တော်တို့က ရောင်းမှာ မဟုတ်ဘူးနော်"

ဟု ခပ်တင်းတင်းပြောလိုက်၏။ စောစောက စိန်ကို စစ်ဆေးရင်း လော်ပန်မျက်လုံးတွေ လက်ခနဲဖြစ်သွားတာ သူ သတိပြုမိသည်။

လော်ပန်က ချိန်ဆနေဟန် ရှိသည်။ လက်လွှတ်သွားမှာလည်း ဦးရိပ်နေပုံရ၏။ မန္တလေးသား ကျော်အေးပါလာသောကြောင့် ရိုက်ချက်ပြင်းလွန်းလို့ မဖြစ်ကြောင်းကိုလည်း သဘောပေါက်သွားသည်။

"ဆယ့်ရှစ်သိန်း ပေးမယ်ဗျာ"

ဘိုကေ မျက်လုံးပြူးသွား၏။ တက်ပုကတော့ ...

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ပင် အသံထွက်သွားသည်။ ကျော်အေးက တက်ပုကို လက်ကုတ်လိုက်ပြီး လော်ပန်ကို ပြန်ပြောလိုက်၏။

"နည်းတယ်၊ တိုးပေးဦး"

"နှစ်ဆယ်ဗျာ၊ ဒါအမြင့်ဆုံးပဲ"

ကျော်အေးက ဘိုကေကိုတစ်ချက်ကြည့်သည်။ ပွဲစားက အခြေအနေကို သဘောပေါက်သွားပြီး

"ဒီဈေးကတော့ နှစ်ဦးနှစ်ဖက် မနာပါဘူး။ သင့်တော်ပါတယ်"

ကျော်အေးက တစ်ခုခုပြောမည်ပြုစဉ် ဘိုကေက ဝင်၍

"ကောင်းပြီ၊ ရောင်းမယ်"

လော်ပန်က မီးခံသေတ္တာဆီ လျှောက်သွား၏။

၁၁

ဘိုကေနှင့် တက်ပု ကျော်အေးနှင့် လိုက်သွားတာ တစ်ပတ်ရှိပြီ။ ရွှေမိက စိတ်ပူနေသည်။ သက်ရှည်ကလည်း

"ဟိုကောင်တွေ မသွားတတ် မလာတတ်နဲ့ ကျော်အေးဆိုတဲ့ လူက လက်စွပ်ကို လိမ်ယူပြီး တစ်နေရာရာမှာ ထားပစ်ခဲ့လို့ ဒုက္ခရောက်နေပြီ ထင်တယ်"

အဘွားတင့်က ခေါင်းခါ၍

"မဖြစ်နိုင်ဘူး။ မောင်ကျော်အေးဟာ ရိုးသားတဲ့ လူငယ်တစ်ယောက်ဆိုတာ ငါယုံတယ်။ တန်ဖိုးရှိတဲ့ ပစ္စည်းတစ်ခု ရောင်းတယ် ဝယ်တယ်ဆိုတာ ချက်ချင်းတော့ ဘယ်ပြီးမလဲ"

ဟု ပြောသည်။

သက်ရှည်မှာ ညအိပ်သည့်အခါတိုင်း ကျော်အေးက ဘိုကေ





တို့ကို သတ်ပြီး လက်စွပ်ယူသွားတယ်လို့ အိပ်မက်မက်တိုင်း၊ ဘိုကေက ငွေထုပ်ကြီးပိုက်ပြီး ပြန်လာတယ်လို့ မက်လိုက်၊ တစ်နေ့တစ်မျိုး မက်နေ၏။

ဆယ်ရက်ကြာသော နေ့ကျမှ ကျော်အေးနှင့် တက်ပုတို့ ပြန်ရောက်လာကြသည်။ တက်ပုက ရောက်ရောက်ချင်း လက်စွပ်ကို သိန်းနှစ်ဆယ်နှင့် ရောင်းခဲ့ရကြောင်း ဝမ်းသာအားရ ပြောပြသည်။

ရွှေမိက ဝမ်းသာအံ့သြနေသည်။ သက်ရှည်က ထကသည်။ အဘွားတင့်က

"ဘိုကေကော၊ ဘိုကေ"

ဟု မေးသည်။ တက်ပုက

"ကိုကြီးဘိုကေ မန္တလေးမှာ နေခဲ့တယ်"

"ဟင် ဘာလုပ်ဖို့လဲ"

"မန္တလေးမှာ အခြေစိုက်ပြီး ရတနာတွေကို ရှာမယ်တဲ့။ ဟိုမှာ တိုက်တစ်လုံး ငှားထားပြီးပြီ"

"ဘာပြောတယ်။ ဒီလောက်များတဲ့ ငွေတွေကို ရထားပြီးမှ ဘာလုပ်ဖို့ ထပ်ရှာရဦးမှာလဲ"

"ဖြော် ရတနာတွေ ရရင် တစ်ဝက်ကို ရောင်းပြီး သူဌေးကြီးဦးသူရအတွက် ဘုရားတည်ရဦးမှာ မဟုတ်လား"

"အခုရတဲ့ ငွေတစ်ဝက်ကို တည်လို့ရသားပဲ။ အလိုဆန္ဒဆိုတာ ပိုင်းဖြတ်နိုင်မှကောင်းတာ။ လောဘဟာ ဘယ်တော့မှ အကျိုးမပေးတတ်ဘူး"

"ဒါနဲ့ ဟော့ကောင် ငွေတွေကော"

ဟု သက်ရှည်က ဖြတ်မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ အဘွားတို့ လိုက်မလာမှာစိုးလို့ဆိုပြီး သူ ယူထားလိုက်တယ်"

"အင်း"

အဘွားတင့်က သက်ပြင်းချပြီး ခေါင်းကို ရမ်းလိုက်သည်။ တက်ပုက

"ကဲပါ အဘွားရယ်၊ မန္တလေးကိုတော့ လိုက်ခဲ့ပါ။ ဘုရားလည်းဖူးရတာပေါ့။ မန္တလေးမြို့ဆိုတာ သိပ်ပြီး ကြီးကျယ်တာ အဘွားရဲ့။ စည်ကားလိုက်တာဆိုလည်း မပြောနဲ့တော့"

"ဟုတ်သားပဲ၊ ဟိုရောက်မှ အခြေအနေ ကြည့်လုပ်တာပေါ့"

ဟု သက်ရှည်ကပါ ဝင်ပြောသည်။

"နေစမ်းပါဦး၊ မန္တလေးမှာ အခြေစိုက်ဖို့ ဘာဖြစ်လို့ စိတ်ကူးရတာတုံးတော့"

ရွှေမိက ဝင်မေးသည်။ ကျော်အေးက ပြန်ရှင်းပြ၏။

"ဒါက ဒီလိုပါ။ ကိုဘိုကေနဲ့ ကျွန်တော် စကားပြောကြရင်း ဘိုကေဆိုပြီး ဘာကြောင့် ကတုံးဖြစ်နေရတာလဲလို့ ကျွန်တော်က မေးတော့ ငယ်ငယ်က ဝက်သက်ပေါက်လို့ ကတုံးတုံးပြီး ဆံပင်တွေ ကျွတ်ကုန်တာနဲ့ ကတုံးပဲ ဆက်ထားတာလို့ သူက ပြောတယ်"

"အဲဒါနဲ့ မန္တလေးနဲ့ ဘာဆိုင်လို့လဲ"

"ဒါက ဒီလိုရှိပါတယ်။ သူကလည်း ကျွန်တော့်နာမည်အကြောင်းမေးတော့ ကျွန်တော့်ကို မန်းရာပြည့်နေ့မှာ မွေးတဲ့အကြောင်း မန္တလေးမြို့ စတည်တဲ့နှစ်ကို မှတ်ရလွယ်အောင် အုတ်ကျစ်ကျော်အေး မန္တလေးတည်ဆိုတဲ့ စာချိုးနဲ့ မှတ်အား





ခဲ့ကြတာကြောင့် ကျွန်တော့်နာမည် ကျော်အေးလို့ မှည့်ထားတာ ဖြစ်ကြောင်း ပြောပြတော့ ကိုဘိုကေက မြေပုံထဲက ပထမစာကြောင်းကို သူဖော် နိုင်ပြီလို့ ပြောပါတယ်"

"ကျော်အေးကို တွေ့အောင်ရှာပြီး လုပ်ငန်းစပါဆိုတာ။ အုတ်ကျစ်ကျော်အေး မန္တလေးဆိုတဲ့ မန္တလေးမြို့ကို အခြေပြုပြီး လုပ်ပါဆိုတဲ့ အဓိပ္ပာယ်ရတာကိုး"

တက်ပုကပါ ဝင်ရှင်းပြသည်။ ရွှေမိက ကျော်အေးကို လက်ညှိုးထိုးပြပြီး...

"ဟင် ဒါဆို မြေပုံအကြောင်း သူ့ကိုပါ ပြောပြလိုက်ပြီပေါ့ ဟုတ်လား"

တက်ပုက...

"သူက ယုံကြည်ရပါတယ်ဟ။ စိန်လက်စွပ်ကို သူပဲ အဆက်အသွယ်ရှာပြီး ရောင်းပေးခဲ့တာပဲ။ သူ ဝင်ပြောလို့ ပိုက်ဆံတောင် ပိုရလိုက်သေးတယ်။ သူ သစ္စာဖောက်ချင်ရင် ငါတို့ကို မြို့ပေါ်မှာ လွယ်လွယ်လေး လှည့်ပတ်လို့ ရတာပဲ"

အဘွားတင့်က တက်ပုစကားကို သဘောတူဟန် ခေါင်းညိတ်ပြသည်။ ကျော်အေးကလည်း

"ဟုတ်ပါတယ်ဗျာ။ ကျွန်တော့်ကို ယုံပါ။အခုလို ကျွန်တော် လိုက်ပြီး ကူညီနေတာ ပစ္စည်းဥစ္စာကြောင့် မဟုတ်ပါဘူး"

"ဒါဆို ဘာကြောင့်လဲ"

ဟု သက်ရှည်က မေးသည်။ ကျော်အေးက ရွှေမိကို မသိမသာ ကြည့်ပြီး

"ဟိုဟာလေ ကျွန်တော်အနေနဲ့ မြင်မြင်ချင်းဆိုသလို"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ...ဘယ်သူကို မြင်မြင်ချင်းလဲ"

ရွှေမိက ခက်ဆက်ဆက်မေးလိုက်ရာ ကျော်အေး တွန့်ခနဲ ဖြစ်သွားပြီးမှ။

"ဟို...ဟို အဘွားကိုပါ။ အဘွားကို မြင်မြင်ချင်း ချစ်ခင် ကြည်ညိုလေးစားမိလို့ပါ"

ရွှေမိက မျက်စောင်းတစ်ချက် ခဲလိုက်ပြီးမှ အဘွားတင့်ဘက် လှည့်ပြီး။

"အဘွား ဘယ်လိုသဘောရလဲ။ မန္တလေးကို လိုက်သွားမှာလား"

အဘွားတင့် တွေဝေစဉ်းစားနေပြီးနောက်

"အေး...လိုက်ရတော့မှာပေါ့။ ဘိုကေက ပြန်မှ မလာတော့ဘဲ။ ဟိုရောက်မှ ဖျောင်းဖျပြီး ပြန်ခေါ်သင့် ခေါ်ရတော့မှာပဲ"

၁ ၁ ၁

မြင်မြင်သမျှမှာ အံ့ဩစရာတွေချည်း ဖြစ်၏။ ရထားဆိုတာလည်း တစ်ခါမှ မစီးဘူး။ ကားဆိုလျှင်လည်း ဒိုင်နယ်မှ စပါးလာသယ်သည့် လော်ရီကားတွေလောက်သာ မြင်ဖူးခဲ့သည်။ တိုက်ဆိုတာ ခုမှ တွေ့ဖူးခြင်း ဖြစ်၏။

သူတို့က တွေ့သမျှကို တအံ့တဩ ကြည့်သည်။ ထို့အတူ တွေ့သမျှ လူတွေကလည်း သူတို့ကို အထူးအဆန်းလို ကြည့်ကြရ၏။ ဖာတွေ၊ တောင်းတွေ၊ ဖျာလိပ်တွေ ရွက်သူကရွက်၊ ထမ်းသူကထမ်းပြီး မန္တလေးမြို့ပေါ်မှာ လျှောက်နေကြသည်။ လမ်းဖြတ်ကူးတော့ တင်ယောက်ခါး တစ်ယောက်ကိုင်ပြီး တန်းစီကူးကြသဖြင့် ကားတွေ





ဆိုင်ကယ်တွေ၊ စက်ဘီးတွေက ရပ်ပေးရသည်။

သက်ရှည်က အထပ်မြင့် တိုက်ကြီးတွေကို မော့ကြည့်ပြီး

"ဒီလောက်မြင့်တဲ့ တိုက်ကြီးပေါ်မှာ ကျုပ်တော့ မနေရဲပေါင်ဗျာ။ ရွာဦးစေတီလေး ထုံးတက်သုတ်တုန်းကတောင် ဒူးတုန်နေတာ"

ဟု ပြောသည်။အဘွားတင့်က မီးပွိုင့်ကိုကြည့်ပြီး

"မင်းတို့မြို့ကြီးက ခမ်းတော့ ခမ်းနားပါရဲ့ကွယ်။ ဒါပေမဲ့ နေ့ခင်းကြောင်တောင်ကြီး လမ်းခာတ်မီးတွေ ဖွင့်ထားလား ထားရဲ့။ မီးလုံးတွေကလည်း တစ်လုံးက လာလိုက် တစ်လုံးက ပျက်လိုက်နဲ့"

"အဲဒါ လမ်းမီးမဟုတ်ဘူး အဘွားရဲ့။ အချက်ပြမီးလေ။ မီးပွိုင့်လို့ခေါ်တယ်။ မီးနီနေရင် ကားတွေရပ်ပြီး မီးစိမ်းသွားမှ သွားရတယ်"

"အမလေးတော် အလုပ်ရှုပ်လိုက်တာ။ ကျုပ်တို့ဆီက လှည်းတွေများ သွားချင်သလိုသွား။ ဘေးကို နည်းနည်းကပ်ပေးပါဗျို့လို့ အော်ဟစ်လိုက်ရုံပဲ"

ဟု ရွှေမိက ပြောသည်။

ကျော်အေးက သုံးဘီးကား တစ်စီးကို ငှားလိုက်၏။ သက်ရှည်က သုံးဘီးကားကို သေသေချာချာကြည့်ပြီး

"ဒီကားပိုင်ရှင်က တော်တော်ကပ်စေးနည်းတယ်။ ကားကို ဘီးတစ်လုံး ဖြုတ်ပြီး သုံးဘီးတည်း တပ်ထားတယ်"

ဟု ပြောသဖြင့် သုံးဘီးကားဆရာက ရယ်သေးသည်။

ဝင်းကလေး တစ်ခုထဲရှိ သပ်ရပ်သော နှစ်ထပ်တိုက်ကလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်လုံးရှေ့မှာ လာရပ်သည်။

"ဒါ ကိုဘိုကေ ငှားထားတဲ့ တိုက်ပဲ"

ဟု ကျော်အေးက ပြောသည်။ သက်ရှည်က

"ဟာ ကောင်းလိုက်တာ။ တစ်ခါတည်း ဝယ်ထားလိုက်ပြီးရော"

"ရှာဦးကျောင်းထက်တောင် ကြီးသေးတယ်"

ဟု ရွှေမိက မှတ်ချက်ချသည်။

"ကဲ...လာကြ"

ကျော်အေးက ဦးဆောင်ပြီး တိုက်ထဲဝင်ကြသည်။ ဧည့်ခန်း ထဲအရောက်တွင် အဘွားတင့်က မျက်လုံးပြူးသွား၏။

"ဟင်...ကြည့်စမ်း။ နင် ငါ့မြေးကို ဘာလုပ်ထားတာလဲ"

ဟု ကျော်အေးဘက် လှည့်မေးသည်။ ဆိုဖာပေါ်မှာ ကျကျနန လှဲထိုင်ရင်း နားကျပ်ကို နားမှာတပ်၍ ကက်ဆက်နားထောင်နေသော ဘိုကေကို တွေ့လိုက်ရသောကြောင့်ပင် ဖြစ်၏။

"ကိုကြီး ဘိုကေ...ကိုကြီးဘိုကေ"

ရွှေမိက အော်ခေါ်သည်။ ဘိုကေက မကြား။ သက်ရှည်က အလန့်တကြား ပြောလိုက်သည်။

"ဟာ ဒီကောင် မရဖူးတဲ့ ငွေတွေ ရသွားလို့ ရူးသွား ထင်တယ်။ ဆရာတော်ပြောတာ ကြားဖူးတယ်။ မြို့ပေါ်မှာ ရူးသွားတဲ့ လူတွေရဲ့ ဦးနှောက်ကို ခေါက်လိုက်ဖအောင်လုပ် ကုရတယ်တဲ့"

"ဟင်...ဟုတ်လား၊ အမလေး ကိုယ်ကျိုးနည်းပါပြီ"

"ဟာ...ဘယ်ကလာ၊ ကက်ဆက်နဲ့ သီချင်းနားထောင်နေတာ ပါ"





ကျော်အေးက ပြောပြီး ဘိုကေဆီသွား၍ ကိုင်လှုပ်လိုက်သည်။ ဘိုကေက ဇိမ်နှင့်မှိန်းနေရာမှ မျက်စိဖွင့်ကြည့်ပြီး

"ဟာ...အဘွားတို့တောင် ရောက်နေပြီ။ လာလာ ထိုင်ကြ"

သက်ရှည်မှာ အိမ်ထဲဝင်ကတည်းက မျက်စိကျနေသော ဆိုဖာ ကြီးပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ ဆိုဖာက အိခနဲ နိမ့်ကျ သွားသဖြင့်

"ဟာ ကျွံကျပြီ"

ဆိုပြီး လန့်ခုန်ထသည်။ ပြီးမှ အသာလေး ပြန်ထိုင်သည်။ အဘွားတင့်ကတော့ ဆိုဖာပေါ် ဆောင့်ကြောင့် တက်ထိုင်၏။

"အဲဒီလို မထိုင်ရဘူး အဘွားရဲ့၊ ဒီလို ခြေချထိုင်ရတယ်"

ဟု ဘိုကေက ပြောသည်။ အဘွားတင့်က

"ငါထိုင်တတ်သလို ထိုင်ပါရစေ"

ရွှေမိသည် ဆိုဖာကို ဖိစမ်းကြည့်ပြီးမှ မရဲတရဲ ဝင်ထိုင်လိုက် သည်။

"ကဲ...ထိုင်ကြပါဦး၊ အမောပြေသောက်ရအောင် အအေး တစ်ခုခု သွားယူလိုက်ဦးမယ်"

ကျော်အေးက ပြောပြီး အတွင်းခန်းထဲ ဝင်သွားသည်။

ခုမှပင် ဘိုကေ ဝတ်စားထားပုံကို သတိပြုမိကြ၏။ ကာလ ရှပ်ပါသော တီရှပ်နှင့် ဘောင်းဘီပွပွကြီးကို ဝတ်ထားသည်။ သက်ရှည် က

"မင်း စွပ်ကျယ်အင်္ကျီက ကောင်းလှချည်လား"

"ဒါ စွပ်ကျယ် မဟုတ်ဘူးကွ၊ တီရှပ်လို့ခေါ်တယ်"

အဘွားတင့်က ဝင်၍



www.burmeseclassic.com

www.burmeseclassic.com



"ဘိုကေရယ်၊ မင်းနှယ့်ကွယ် ဘယ်နှယ့်ကြောင့် သူများ ဘောင်းဘီ ယူဝတ်ရတာလဲ"

"ဗျာ၊ ဒါ သူများဘောင်းဘီ မဟုတ်ပါဘူး"

"ဟုတ်ပါတယ်။ ဒါ ဒီအိမ်ရဲ့ အိမ်ရှင်ဘောင်းဘီ ဖြစ်ရမယ်၊ သူက ယစ်မျိုး အင်စပက်တော်လား၊ ဌာနအုပ်လား"

"ဟာ အဘွားကလည်း၊ ဒါမြို့မှာ နောက်ဆုံးပေါ် ပုံစံဗျ"

"သိပါဘူးကွယ်၊ တို့များ ငယ်ငယ်ကတော့ ယစ်မျိုးအင်စပက်တော်တို့၊ ဌာနအုပ်တို့ဆို ဒီလိုဘောင်းဘီမျိုး ဝတ်တာပဲ။ ဒါနဲ့ ဘိုကေ နင်က လောဘဇောတွေတိုက်ပြီး ဒီလောက် ပိုက်ဆံတွေ ရနေတာတောင်- ရတနာတွေ ထပ်ရှာချင်သေးသလား ဟင်"

"ဒီမှာ အဘွားရဲ့။ မြို့ပေါ်မှာတော့ သိန်းနှစ်ဆယ်လောက်ဆိုတာ ဘာမှရှိတာ မဟုတ်ဘူး။ အိမ်တစ်လုံးတောင် ကောင်းကောင်း မဝယ်လောက်ဘူးဗျ"

"ငါတို့က မြို့မှာနေမှာမှ မဟုတ်ဘဲ"

"ကျုပ်ကတော့ မြို့မှာပဲ နေချင်တယ်။ ဒီမှာ ဇိမ်ပဲအဘွားရဲ့ လိုချင်တာ အကုန်ရတယ်။ ဟောဒီ တိုက်ကြီးဆိုရင် ကြည့်စမ်း ဘယ်လောက်ကောင်းသလဲ၊ မိုးလုံလေလုံနဲ့ လေမုန်တိုင်းတိုက်တောင် မပြိုနိုင်ဘူး။ ရတနာတွေ ရပြီးရင် အပြီးဝယ် ပစ်လိုက်မယ်"

အဘွားတင့်က ရှုံ့မဲ့လိုက်ပြီး တစ်စုံတစ်ခုပြောမည် ပြုစဉ် ကျော်အေး အတွင်းခန်းထဲက ထွက်လာသည်။ လင်ဗန်းကလေးပေါ်တွင် ကိုကာကိုလာဗူးများ တင်၍ ယူလာသည်။ ဗန်းကို စားပွဲပေါ်





ချပြီး ဘူးတစ်ဘူးကို ယူ၍ လက်ကိုင်ကွင်းကလေးထဲ လက်ညှိုးထည့်၍ ဖောက်ခနဲ ဆွဲဖွင့်လိုက်သည်။

ကျော်အေးလုပ်သမျှ စူးစိုက်ကြည့်နေသော သက်ရှည် မျက်လုံးပြူးသွား၏။

"အားလုံး ဝပ်နေကြ"

ဟု အော်ပြီး ကျော်အေးကို ခုန်အုပ်လိုက်သည်။ ကျော်အေးမှာ ရုတ်တရက်မို့ အငိုက်မိပြီး "ဟ...ဟ"ဟု ရေရွတ်ရင်း လဲကျသွားသည်။ ကိုကာကိုလာဘူးက ကြမ်းပေါ်မှာ လိမ့်သွား၏။ သက်ရှည်က ကိုကာကိုလာဘူးကို ပြေးကောက်၊ အပြင်ကို လွှင့်ပစ်ပြီးမှ ပြန်ဝပ်နေသည်။

"ခင်ဗျား၊ ခင်ဗျား ဘာလုပ်တာလဲ"

ကျော်အေးက လူးလဲထရင်း မေးသည်။ သက်ရှည်သည် ကြမ်းပြင်ပေါ်မှာဝပ်ရင်း နားပိတ်ထားပြီးမှ ထရပ်လိုက်ကာ ကျော်အေးကို စေ့စေ့ကြည့်လျက်

"ဟေ့ကောင်၊ မင်းအကြံ ဒါ အကုန်ပဲလား"

"ကျွန်တော် ဘာလုပ်လို့လဲဗျ"

"မင်းက ငါတို့ကို လက်ပစ်ဗုံးနဲ့ထုသတ်ပြီး ငါတို့ငွေတွေကို အပိုင်စီးမလို့ မဟုတ်လား"

"ဟာ...ဗျာ"

ဘိုကေက တဟားဟားရယ်ပြီး

"သက်ရှည်ရာ။ မင်းကလည်း တော်တော်ဒုံးဝေးတဲ့ ကောင်ပဲ၊ အဲဒါ လက်ပစ်ဗုံး မဟုတ်ဘူးကွ။ ဖျော်ရည်ဘူး။ သောက်ချင်ရင် အဲဒီလိုပဲ ဖွင့်သောက်ရတယ်။ အဲဒါ ကိုကုလားလို့ ခေါ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း...ကိုကုလားတဲ့"

ရွှေမိက မဲ့ရွဲ့ရေရွတ်သည်။ ကျော်အေးက

"ကိုကုလား မဟုတ်ပါဘူး။ ကိုကာကိုလာပါ"

ဟု ပြုံး၍ ပြောရင်း ဘူးတွေကို ဖွင့်ပေးသည်။

"အဲဒါ ဘယ်လိုသောက်ရမှာလဲ"

"ဒီအပေါက်ကလေးကနေ မော့သောက်ရုံပါပဲ"

ရွှေမိကယူ၍ တစ်ငုံငုံပြီး ဖွီခနဲ ထွေးထုတ်လိုက်၏။

"ဖျော်ရည်ထဲမှာ ပရွက်ဆိတ်တွေ ပါတယ်ထင်တယ်၊ ရှစ်ရှစ်နဲ့"

"ဟာ မဟုတ်ပါဘူး။ ဆိုဒါနဲ့ စပ်ထားလို့ပါ

ဘိုကေက ရွှေမိဖြစ်ပုံကို မိန့်မိန့်ကြီး ပြုံးကြည့်နေသည်။

၁ ၁ ၁

"ကျော်အေးကို တွေ့အောင်ရှာပါဆိုတာကတော့ ဟုတ်သွားပြီ။ မြေပုံထဲမှာ နောက်ထပ်ညွှန်းထားတဲ့ ပင်လယ်ကို ဖြတ်ပြီး ပန်းပေါင်း စုံရာအရပ်ကို သွားလော့ဆိုတာက ဘာမှန်းမသိတာ ခက်တယ်"

ဘိုကေ၊ သက်ရှည်၊ တက်ပုနှင့် ကျော်အေးတို့ ညွှေ့ခန်းတွင်း ရှိ စားပွဲပေါ်မှာ မြေပုံကိုချ၍ ဝိုင်းထိုင်ရင်း ဆွေးနွေးနေကြသည် ဘိုကေက စကားစလိုက်သောအခါ တက်ပုက

"ပင်လယ်ကို ဖြတ်ရမယ်ဆိုတော့ မန္တလေးကော ဟုတ်ရဲ့လား ကွာ"

သက်ရှည်က မေးစေ့ပွတ်နေရာမှ

"စကားလိမ်နဲ့များ ရေးထားတာလား မသိဘူး၊ ပင်လယ်က





ကျယ်တယ်။ တောင်ပေါ်က မြင့်တယ်။ ကျယ်မြင့် ကျင့်မြင့်ပြ ဟာ ဒါလည်း မဟုတ်သေးပါဘူး"

ကျော်အေးက ခေါင်းကုတ်လိုက်သည်။ ရာသီဥတုက အိုက်စပ် စပ် ဖြစ်နေသဖြင့် အအေးဘူးများယူရန် ထထွက်သွားသည်။ ထမင်း စားခန်းထဲက ရေခဲသေတ္တာရှိရာသို့ သွားပြီး တံခါးဆွဲဖွင့်လိုက်သည်။ သူ ပါးစပ်အဟောင်းသား ဖြစ်သွားရ၏။ ရေခဲသေတ္တာအထဲမှာ အအေးဘူးတွေ မရှိတော့။ တခြားပစ္စည်းတွေပါ မရှိတော့ဘဲ အကျီ လုံချည်၊ မျက်နှာသုတ်ပုဝါ စသော အဝတ်အစားတွေ ရောက်နေ၏။

"ဟာ... ဘယ်လိုဖြစ်"

ထိုအချိန်တွင် အဘွားတင့် သူ့အနား ရောက်လာသည်။

"မင်းတို့မြို့က လူတွေများ အံ့ပါရဲ့ကွယ်။ ဒီလောက်ကောင်းတဲ့ ဗီရိုကြီးထဲမှာ ဖျော်ရည်ဘူးတွေ ထည့်လို့ထည့်။ ဘာမှ တန်ဖိုးမရှိတဲ့ ဟင်းသီးဟင်းရွက်တွေ ကြက်ဥတွေ၊ ထည့်လို့ ထည့်နဲ့။ ဒါကြောင့် ငါက အဝတ်အစားတွေ ပြောင်းထည့် ထားတာ"

ကျော်အေးမှာ ရယ်ချင်သော်လည်း အဘွားတင့်ပါးစပ်ကို ကြောက်သောကြောင့် မရယ်ဝံ့။ ခေါင်းသာခါပြီး

"ဒါ.. ဗီရို မဟုတ်ပါဘူး အဘွားရဲ့။ ရေခဲသေတ္တာလို့ ခေါ်ပါ တယ်။ ဒီထဲ ထည့်ထားရင် ဖျော်ရည်ဘူတို့ ဘာတို့ အေးနေတာ ပေါ့။ ရေခဲလိုချင်ရင် အပေါ်က အဆင့်ထဲက ယူရတယ်။ ကြက်ဥတို့ အသီးအရွက်တို့ ထည့်ထားရင်လည်း ပုပ်တာတို့ သိုးတာတို့ မဖြစ်တော့ဘူး"

"သိပါဘူးကွယ်၊ ဗီရိုမှတ်လို့ ငါက အခန်းထဲတောင် ရွှေ့ခိုင်း



www.burmeseclassic.com

www.burmeseclassic.com



သွားမလား စိတ်ကူးသေးတယ်။ ဟဲ့ ဒါနဲ့ ငါတို့ကို ဘုရားတွေ ဖူးရအောင် လိုက်ပို့ပေးဦးလေ"

" ဟုတ်ကဲ့ အဘွား ပို့ပေးပါ့မယ်။ ဒီနေ့တော့ အဝတ်အစားတွေ ဘာတွေ ဝယ်မယ်လို့ ကိုဘိုကေက ပြောတယ်"

၁ ၁ ၁

သက်ရှည်နှင့် တက်ပုတို့က ဘိုကေကို အားကျပြီး တီရှပ်နှင့် ဘောင်းဘီတို ပွကြီးတွေ ဝယ်ကြသည်။ သက်ရှည်မှာ အရပ်ပုသောကြောင့် ဘောင်းဘီတိုဆိုသော်လည်း ခြေသလုံးလောက်သာ ရောက်နေသည်။ တက်ပုက အရပ်ရှည်လျက်နှင့် တီရှပ်သေးသေးလေး ဝယ်သဖြင့် ဝတ်လိုက်သောအခါ ဗိုက်သားပေါ်နေသည်။

အဘွားတင့်က ဘာမှမဝယ်။ သူ့ရှိတာ ဝတ်မည်ဟု ပြောသည်။ ရွှေမိအတွက် အကျီစ လုံချည်စတွေကိုတော့ ကျော်အေးက ဂရုတစိုက် ရွေးချယ်ပေးသည်။ ပြီးတော့ နေ့ချင်းပြီး အမြန်ချုပ်သည့်ဆိုင်မှာ အပ်ပေးသည်။ ရွှေမိက ခေတ်ပေါ်ပုံတွေ မကြိုက်သဖြင့် ရင်ဖုံးလက်ရှည် အကျီတွေသာ ချုပ်ပေးရသည်။

ကျော်အေးက ရွှေမိကို ဂရုတစိုက်ရှိပုံကို အဘွားတင့်က သတိပြုမိ၏။ သို့ရာတွင် မသိချင်ယောင် ဆောင်နေသည်။ ရွှေမိကတော့ တောမှာဆိုလျှင် မိန်းကလေးနှင့် ယောကျ်ားလေး မောင်နှမတွေလို ရင်းရင်းနှီးနှီး နေတတ်သောကြောင့် ကျော်အေး ဘာကြောင့် သူ့ကို ဂရုစိုက်နေကြောင်း သတိတောင်မထားမိ။ ဟိုသုံးကောင်ကား အဝတ်အစားအသစ်တွေဝတ်၊ ကောင်းကောင်းစား၊ ကောင်းကောင်းနေရသဖြင့် အပျော်ကြီး ပျော်နေကြတာနဲ့ပဲ ဘာကိုမှ ဂရုမထားနိုင်။





ဘိုကေသည် တောင်သမန်ဘက်မှာ ထန်းရည်သွားသွားသောက်ရင်း ဘီယာဆိုတာကို မြည်းစမ်းကြည့်မိသည်။ အကြိုက်ကြီးကြိုက်၊ အစွဲကြီး စွဲသွားပြီး သေတ္တာလိုက်ဝယ်၍ ရေခဲသေတ္တာထဲ ထည့်ထားသည်။

၁ ၁ ၁

ကျော်အေးက မန္တလေးအနီးတစ်ဝိုက် ဘုရားစုံ လိုက်ပို့သည်။ ရတနာတွေကိုစွ နောက်ထား၍ ဘုရားဖူးရသည့်အတွက်တော့ အဘွားတင့် ကျေနပ်မိ၏။ မဟာမြတ်မုနိဘုရားကြီးကို ဖူးရသောအခါ

"ဟဲ့ တွေ့လား၊ ရွှေတွေ ဝင်းအိနေတာပဲ။ ဒါပေမဲ့ ဘယ်သူမှ ဒီရွှေတွေအပေါ် လိုချင်တပ်မက်တဲ့ လောဘ ဖြစ်မလာကြဘူး"

ဟု သူ့မြေးတွေကို သွယ်ဝိုက်၍ ဆုံးမသည်။

မန္တလေးတောင်ပေါ် တက်ကြသောအခါ ဘိုကေတို့ ညီအစ်ကိုသုံးယောက်က အပြေးအလွှား ဦးအောင်တက်သွားကြသည်။ ရွှေမိကတော့ အဘွားတင့်ကို စောင့်ရင်း၊ တွဲရင်း ခပ်ဖြည်းဖြည်း တက်လာ၏။ သူတို့နားမှာ ကပ်လိုက်လာတာက ကျော်အေး။ အဘွားတင့်ကို တွဲခေါ်သလိုလိုနှင့် ရွှေမိနှင့် နီးနီးကပ်ကပ် နေခွင့်ရအောင် ကြံခြင်းဖြစ်၏။

ဘုရားတွေဖူးကြသည့်အခါမှာလည်း အဘွားတင့်ကို ရှင်းပြသလို လုပ်ရင်း ရွှေမိကို ဂရုစိုက်မှုပါ ပေါ်လွင်အောင် ပြသည်။ တစ်ခါတစ်ခါ အဘွားတင့်ကို ကျော်ပြီး ရွှေမိနာမည်ခေါ်၍ ရှင်းပြတာမျိုး ဖြစ်သွားသည်။ ဒါကို အဘွားတင့်က ကျေနပ်ဟန် ပြသည်။

မန္တလေးတောင်ထိပ်ရောက်သောအခါ ပတ်ဝန်းကျင် ရှုခင်း



www.burmeseclassic.com

www.burmeseclassic.com



များကို ကြည့်ရင်း ကျော်အေးက ရှင်းပြသည်။

"ဟိုဟာက မင်းကွန်း ပုထိုးတော်ကြီး။ ဟိုဘက်က စစ်ကိုင်း တောင်ရိုး။ ဒီဘက်မှာ တွေ့လား၊ ရန်တင်းတောင်၊ ဟိုးကမြင် ရတာ ဟိုအရင်တုန်းကတော့ အောင်ပင်လယ်ကန်ပေါ့"

"ဘာ အောင်ပင်လယ်ကန် ဟုတ်လား။ ဟာ ဟုတ်ပြီ။ မြေပုံထဲ က ပင်လယ်ကို ဖြတ်ကျော်၍ ဆိုတာ ဒါကို ပြောတာ ဖြစ်မယ်"

ဘိုကေက ပြောလိုက်သည်။ ကျော်အေးက တွေခနဲ ဖြစ်သွား ပြီး...

"အင်း . ဖြစ်နိုင်တယ်ဗျ။ ဒါဆို ဒါဆို ဟာ သိပြီဗျို့။ တောင်ပေါ် က ပန်းပေါင်းစုံရာအရပ်ဆိုတာ ပြင်ဦးလွင်ကို ပြောတာဗျ။ ပြင်ဦး လွင်ကို ပန်းမြို့တော်လို့လည်း ခေါ်တယ်မဟုတ်လား"

တက်ပုက

"ဟုတ်ပြီ ဟုတ်ပြီ။ ဒီလိုဆိုရင် ကျုပ်တို့ ပြင်ဦးလွင်ကို သွားကြရုံ ပဲပေါ့"

"နေဦးလေ။ မြေပုံထဲက နောက်ထပ်ညွှန်းထားတာတွေ မဖော် နိုင်သေးဘဲ သွားလို့ ဘယ်ဖြစ်မလဲ။ ပြီးတော့ အဘွားတို့လည်း ဘုရား စုံအောင်ဖူးပါစေဦး။ စစ်ကိုင်းတို့၊ မင်းကွန်းတို့ ပို့ရ ဦးမယ်"

ဟု ကျော်အေးက ပြောသည်။

"အင်း... တဖြည်းဖြည်းတော့ ရှုပ်လုံးပေါ်လာပြီ"

သက်ရှည်က ပြောလိုက်သည်။

၀ ၀ ၀





"အတော်ပဲဗျာ၊ ခင်ဗျားကို မျှော်နေတာ"

တိုက်ထဲဝင်လာသော ကျော်အေးကို ဘိုကေက ဆီး၍ ပြော သည်။

"ဘာလဲ မြေပုံထဲက စကားဝှက်ကို ထပ်ဖော်နိုင်လို့လား"

"မဟုတ်ပါဘူးဗျာ။ ကိစ္စရှိလို့။ ခင်ဗျား ရေခဲသေတ္တာ မြင်တတ် သလား"

"မြင်တော့ မမြင်တတ်ဘူး။ မြင်တဲ့ဆိုင်တော့ သိတယ်။ ဘာဖြစ် လို့လဲ"

"ကျုပ် အခန်းထဲက ရေခဲသေတ္တာက မအေးလို့ဗျ။ လိုက်ကြည့် ပေးပါဦး"

ဘိုကေက ကျော်အေးကို သူ့အခန်းသို့ ခေါ်သွားသည်။ ကျော် အေးစိတ်ထဲမှာ ဒီလူတော့ ရေကဲသေတ္တာတစ်လုံး ထပ်ဝယ်လိုက်ပြန် ပြီဟု ထင်မိ၏။ တကယ်တော့ ဒီလိုမဟုတ်။ အခန်းထဲ ရောက်သော အခါ

"ဘီယာအေးအေးလေး၊ သောက်ချင်လို့ မနက်ကတည်းက ရေခဲသေတ္တာထဲ ထည့်ထားတာဗျ။ လုံးဝကို မအေးဘူး"

ဟု ပြောပြီး လက်ညှိုးညွှန်ပြသည်။ ကျော်အေး "ဟိုက်ခနဲ" ဖြစ်သွား၏။ ပြီးမှ နဖူးကို လက်ဝါးနှင့် ဖြန်းခနဲ ရိုက်ပြီး

"သေလိုက်ပါတော့ဗျာ။ အဲဒါ ရေခဲသေတ္တာ မဟုတ်ဘူးဗျ။ မီးခံ သေတ္တာလို့ ခေါ်တယ်"

"ဘာ မီးခဲသေတ္တာဟုတ်လား၊ ဪ ဒါကတော့ အပူပေးတဲ့ သေတ္တာကိုး။ ဟင်းတွေဘာတွေ နွေးလို့ရတာပေါ့"

"မီးခဲသေတ္တာ၊ မဟုတ်ပါဘူး။ မီးခံသေတ္တာ၊ မီးခံသေတ္တာ"

www.burmeseclassic.com

www.burmeseclassic.com



"မီးခံသေတ္တာ ဟုတ်လား၊ အဲဒါက ဘာလုပ်ရမှာလဲ"

"ငွေတို့၊ ရတနာပစ္စည်းတို့၊ အရေးကြီးတဲ့ စာရွက်စာတမ်းတို့ ထည့်ပြီး သိမ်းထားလို့ ရတယ်။ သူခိုးတွေ ဘာတွေ မဖွင့်နိုင်ဘူးပေါ့"

"ဟာ သူခိုးတောင် မဖွင့်နိုင်ဘူးဆိုတော့ ကျုပ်ဆိုရင် ပိုဆိုးမှာပေါ့ဗျာ"

"မဟုတ်သေးဘူးလေဗျာ။ ဒီမှာတွေ့လား။ သော့ပေါက်သုံးခုတောင်ပါတယ်။ သော့သုံးဆင့် ခတ်ထားရင် ဖွင့်ဖို့ မလွယ်တော့ဘူး။ သော့တွေကို ကိုယ့်ဘာသာလုံအောင် သိမ်းပေါ့"

"ဟာ ဟုတ်ပြီ။ ကျုပ်တို့ငွေတွေနဲ့ မြေပုံကို ဒီထဲမှာ သိမ်းထားရမယ်"

ဟု လူတစ်ရပ်စာနီးပါးရှိသော မီးခံသေတ္တာကြီးကို သဘောကျစွာ ပွတ်ကြည့်ရင်း ဘိုကေက ပြောလိုက်သည်။

၁ ၁ ၁

ဘိုကေတို့အုပ်စုသည် တိုက်ရှေ့မှာ ရပ်ထားသော အငှားကားဟိုင်းလပ်ကားပေါ်မှ ပစ္စည်းများကို သယ်ချနေကြသည်။ ဘီယာတွေ၊ အချိုရည်တွေ၊ သေတ္တာလိုက်။ ပန်းသီး၊ လိမ္မော်သီးတွေ ခြင်းလိုက်၊ အသားဘူး ငါးဘူးတွေ မုန့်ပုံးတွေ တခြားစားသောက်စရာတွေ။

"တွေ့လား၊ တောသားတွေ ကောင်းစားနေကြတာ"

ခြံဝင်းတံခါးနားမှ မယောင်မလည် ကြည့်နေသော ယောကျ်ားတစ်ယောက်က အတူပါလာသူ မိန်းမတစ်ယောက်ကို ပြောပြနေခြင်းဖြစ်၏။ ယောကျ်ားမှာ ကျော်အေးတို့၊ ဘိုကေတို့ လက်စွပ်ရောင်းစဉ်က ပွဲစားအဖြစ် ဆောင်ရွက်ခဲ့သူ မောင်တီး ဖြစ်၏။ မိန်းမကတော့ မောင်တီးနှင့် မကြာခဏ အလုပ်တွဲလုပ်ခဲ့ဖူးသော မိန်းမလည်မှုယာ ဖြစ်၏။

"သူတို့က ပွဲပေါက်တိုးထားလို့လား"

မှုယာက မေးသည်။

"ဟုတ်တယ်။ စိန်လက်စွပ်တစ်ကွင်း ရောင်းလိုက်တာ သိန်းနှစ်ဆယ်လောက် ရသွားတယ်။ ဒါတောင် ငါနဲ့ လောပန် ပေါင်းပြီး နှပ်ချလိုက်လို့။ တကယ်က သုံးဆယ့်ငါးသိန်းလောက် တန်တာ။ နို့မို့ဆို နှစ်သိန်း၊ သုံးသိန်းလောက် ပေးရုံနဲ့ ရတယ်။ မန္တလေးသား တစ်ယောက်ပါလာတော့ သိပ်နှိမ်မှန်း သိရင် လက်လွှတ်သွားမှာစိုးလို့ ဒီလောက် တိုးပေးလိုက်ရတာ"

"ရှင်လည်း ပွဲခကောင်းကောင်း ရမှာပေါ့"

"တောသားတွေဆီက တစ်သိန်းရတယ်။ လော်ပန်က တစ်သိန်းပေးတယ်"

"ဒါနဲ့များ ကျွန်မကို လော့ကတ်လေး တစ်ခုလောက် ဝယ်ပေးပါဆိုတာ အင်တင်တင် လုပ်နေတယ်"

"အရေးထဲ ပွဲညွှန့်ခူးမယ့် လူနဲ့ တွေ့နေပြန်ပါပြီ။ ဒီမှာ အခုထက် ဆယ်ဆမကရမယ့် အကွက်တစ်ခုရှိတယ်။ အဲဒါ ပြောချင်လို့ နင့်ကို လာခေါ်တာ"

"ပြောစမ်းပါဦး။ ဟိုတစ်ခါလို အကြွေးတွေ ပတ်လည်ဝိုင်းနေတဲ့ အဘိုးကြီးကို သွားချိုင်းတာမျိုးတော့ မလုပ်နဲ့ဦးနော်။ အဲဒီတုန်းက ပိုက်ဆံမရတဲ့အပြင် ကံကောင်းလို့ ကြွေးရှင်တွေ ဝိုင်းရိုက်တာ မခံရတာ"







www.burmeseclassic.com

www.burmeseclassic.com



"အေးပါ၊ ခုဟာက ဒီလိုဟ။ ဒီကောင်တွေ စိန်လက်စွပ်ကို ရောင်းပြီးတော့ နောက်တစ်ခါ ရောင်းရင်လည်း ကူညီပါဦးလို့ ပြောတယ်။ ဒါကြောင့် သူတို့ဆီမှာ ရတနာပစ္စည်းတွေ ရှိလိမ့်ဦးမယ်။ ဒါမှမဟုတ် ထပ်ရနိုင်တဲ့ အကြောင်းတစ်ခုခု ရှိလိမ့်ဦးမယ် ထင်တယ်။ ဒီတော့ နင်လုပ်ရမှာက သူတို့ထဲ ဝင်ရောပြီးတော့ ဘယ်လိုအခြေအနေ ရှိတယ်ဆိုတာ စုံစမ်းပြီး ငါ့ကို အဆက်အသွယ်လုပ်ဖို့ပဲ"

"ဒီလောက်က ဖြစ်ပါတယ်"

"ကဲ ဒါဆို နင်ကြည့်စမ်း။ သူတို့ထဲက ဘယ်ကောင်ဆိုရင် လွယ်မလဲလို့"

မူယာက ခြံဝင်းထဲ လှမ်းကြည့်အကဲခတ်ပြီး

"ဟို ရုပ်ရုပ်ခပ်သန့်သန့်က မန္တလေးသား မဟုတ်လား။ သူ့ကို ဖယ်ထားလိုက်။ အင်း ဟို ပုပုကောင်က ပေါတောတောနဲ့ တူတယ်။ ရှည်ရှည်ကောင်ကတော့ သေတ္တာလေးတစ်လုံး တောင် ခါးချည့်အောင် သယ်နေရတာ အဖြစ်ရှိမယ် မထင်ဘူး။ အဲ ကတုံး၊ ကတုံး။ သူဆိုရင် ကပ်လို့လွယ်နိုင်တယ်"

"သေချာတယ်နော်"

"ဩော် မူယာပါဆိုမှ ဒီအလုပ် လုပ်စားလာတာ ဘယ်လောက် ကြာပြီလဲ။ ရုပ်ရည်ကို ကြည့်လိုက်တာနဲ့ အလုပ်ဖြစ် မဖြစ် ခွဲခြားသိပါတယ်ရှင့်"

မောင်တီးက ကျေနပ်စွာ ပြုံးလိုက်ပြီး

"အမြန်ဆုံး လုပ်ငန်းစတော့"

ဟု ပြောလိုက်၏။

၁ ၁ ၁





ရွှေမိသည် ကြမ်းပေါ်မှာထိုင်ပြီး ဆိုဖာနှစ်လုံးကြားမှ ချောင်းကြည့်နေ၏။ ဗီဒီယိုဇာတ်ကားကို ကြည့်နေခြင်းဖြစ်၏။ အကြမ်းအရမ်းတွေချည်းပါသော နိုင်ငံခြားရုပ်ရှင်ကား ဖြစ်သည်။

ရွှေမိဖြစ်နေပုံကို ကျော်အေးက မေးလိုက်သည်

"မရွှေမိ၊ အပေါ်မှာ ထိုင်ကြည့်ပါလား၊၊ ဘာဖြစ်လို့ အဲဒီလိုကြီး ကြည့်နေရတာလဲ"

"အို ဟိုမှာ သေနတ်တွေပစ်နေတာ မမြင်ဘူးလား။ မတော်တဆ လူကိုလာမှန်ရင် ဘယ်နှယ့်လုပ်မလဲ။ ဒါကြောင့် အကာအကွယ်ယူပြီး ကြည့်တာ"

ကျော်အေးက ရယ်၍

"ခြော် မရွှေမိကလည်း၊ ဗီဒီယိုပြနေတာပဲဟာ။ တကယ်ပစ်နေတာမှ မဟုတ်ဘဲ။ ဒါလည်း ရုပ်ရှင်ပြသလိုပါပဲ"

ရွှေမိက ရှက်ရယ်ရယ်၍

"သိပါဘူးတော်။ သူတို့ဟာက တကယ်ပစ်ခတ်နေတာကျနေတာပဲ"

"အင်း ခုနောက်ဝင်လာတဲ့ တီဗွီတွေ အောက်စက်တွေက သိပ်အဆင့်မြင့်လာတော့ မရွှေမိ လန့်မယ်ဆိုလည်း လန့်စရာပဲ။ အသံတွေက သိပ်သဘာဝကျတာကိုး။ ကဲ အေးအေးဆေးဆေးသာ ထိုင်ကြည့်ပါ။ ဘာမှမဖြစ်ပါဘူး"

"တော်ပါပြီ။ မကြည့်ချင်တော့ဘူး။ သူတို့ဟာက သေနတ်ချည်း ပစ်နေတာပဲ"

ဟု ရွှေမိကပြောပြီး မီးခလုတ်ကို သွားပိတ်မည် ပြုသည်။

"ဟာ မီးခလုတ်ကို ဒါရိုက်မပိတ်ရဘူး။ တီဗွီက ခလုတ်ကို



www.burmeseclassic.com

www.burmeseclassic.com



အရင်ပိတ်ရတယ်။ အဲ ဟောဒီ ရမူကွန်ထရိုးနဲ့ ပိတ်လို့လည်း ရတယ်"

ကျော်အေးကပြောရင်း အဝေးထိန်းကိရိယာလေးကိုယူ၍ တီဗွီဘက်ချိန်ပြီး ခလုတ်နှိပ်လိုက်သည်။ တီဗွီ အလိုအလျောက် ပိတ်သွားသည်ကို မြင်၍ရွှေမိ သဘောကျသွား၏။

"တယ်ဟုတ်ပါလား"

ရွှေမိက အဝေးထိန်းကိရိယာကို ယူ၍ တံခါးဝဘက်ချိန်ပြီး ခလုတ်နှိပ်လိုက်သည်။

"ဟင် တံခါးလည်း ပိတ်မသွားပါလား"

"ဩော် ဒါက တီဗီပိတ်ဖို့ အတွက်ပဲ လုပ်ထားတာ၊ တခြားဟာတွေတော့ ပိတ်လို့ မရဘူးလေ"

"ဩော် သိပါဘူးတော်"

"ဒါနဲ့ ကိုဘိုကောတို့ရော"

"စောစောကပဲ ဗျင်းတယ် လျှောက်လည်မယ်ဆိုပြီး ထွက်သွားကြတာပဲ"

"အဘွားတင့်ကော"

"မီးဖိုထဲမှာ ဘာတွေအလုပ်ရှုပ်နေမှန်း မသိပါဘူး"

"အင်း မရွှေမိကော ဒီမှာနေရတာ ပျော်ရဲ့လား"

"ဘုရားတွေ ဖူးရတာတော့ ကောင်းပါတယ်။ ဒါပေမဲ့ ဒီတိုက်မှာ နေရတာ စိတ်ကျဉ်းကျပ်တယ်။ တောမှာလောက် မလွတ်လပ်ဘူး"

"ဒါဆို လမ်းလေးဘာလေး ထွက်လျှောက်ပါလား။ အပျင်းပြေပေါ့"





"ကျုပ်က သွားတတ်လာတတ်တာ မဟုတ်ဘူး။ တော်ကြာ အိမ်မပြန်တတ်ရင် ခက်မယ်"

"အစ်ကို အဖော်လိုက်ပေးမယ်လေ"

"ကောင်းသားပဲ"

"ကဲ အဝတ်အစားလေးဘာလေး သွားလဲ"

"အို အလှူသွားတာမှ မဟုတ်တာ။ ဘာလဲနေစရာ လိုလို့လဲ"

ကျော်အေးက ပြုံး၍

"ဒါဆိုလည်း အဘွားတင့်ကို သွားခွင့်တောင်းလိုက်ဦး"

ရွှေမိ မီးဖိုခန်းဘက် ဝင်သွားသည်။ အဘွားတင့်က ကျော်အေးနှင့်ဆိုလျှင် ခွင့်ပြုမှာ သေချာသည်။

၁၁၁

ကျော်အေးသည် ရွှေမိနှင့် တူတူတွဲလျှောက်သွားရသဖြင့် တော်တော် ကျေနပ်နေသည်။ ရွှေမိသည် တောမှာ နေစဉ်ကတည်းက သူမှန်း သိသာနေခဲ့သူ ဖြစ်၏။ ခုလို မြို့ကို ရောက်လာပြီး သပ်ရပ်စွာ ဝတ်စားဆင်ယင်လိုက်သောအခါ ပုံစံက မိုးနေသည့်တိုင် တသွေးအမွှေး လှချင်တိုင်း လှနေတော့၏။ သူတို့နှစ်ယောက် တွဲလျှောက်သွားကြသောအခါ မန္တလေးမြို့ကြီးသားများကပင် ရွှေမိကို ဂရုတစိုက် ကြည့်သွားရသည်။ ဒါကို ကျော်အေးက အလွန်ဂုဏ်ယူနေမိ၏။

တစ်ခုပဲ ရှိသည်။ ရွှေမိက လမ်းလျှောက်မြန်သည်။ ဆတ်ဆောက် ဆတ်တောက်နှင့် ခပ်သွက်သွက် လျှောက်သွားရာ ကျော်အေးမှာ နောက်မကျန်ရစ်အောင် အတော်ကြိုးစား လိုက်လျှောက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာတွင် ရွှေမိက တိုက်တွေပေါ် မော့ကြည့်ရင်း ပြောသည်။

"မြို့ကလူတွေဟာ တော်တော် စေတနာသဒ္ဓါတရား ထက်သန်တယ်နော်"

"ဘာဖြစ်လို့လဲ ရွှေမိရဲ့"

"ဩော် ကျုပ်တို့တောမှာဆို အလှူလုပ်ချင်ရင် ဘုန်းကြီးကျောင်းမှာ ဒယ်အိုးကြီးတွေ သွားငှားရတယ်။ မြို့ကလူတွေကတော့ ဒယ်အိုးတွေ တစ်ခါတည်း ဝယ်ထားကြတာပဲ။ အလှူလုပ်ရင် ငှားစရာ မလိုတော့ဘူး။ ပြီးတော့ ဒယ်အိုးကြီးတွေကလည်း အကြီးကြီးတွေ။ ဆန်တစ်တင်းလောက်တော့ ကောင်းကောင်း ချက်လို့ရတယ်။ ဟိုမှာ ကြည့်ပါလား"

ဆိုပြီး တိုက်များ၏ ခေါင်မိုးပေါ်မှာ တပ်ထားသော ဂြိုဟ်တုရုပ်သံဖမ်းသည့် စလောင်းတွေကို လက်ညှိုးထိုးပြသည်။ ကျော်အေးက ရယ်ချယ်စိတ်ကို မျိုသိပ်ပြီး

"ဟာ... အဲဒါ ဒယ်အိုးမဟုတ်ဘူး။ စလောင်း"

"ဟင်... ဒီလောက်ကြီးတဲ့ စလောင်းက ဘာကိုသွားဖုံးမှာလဲ"

"စလောင်းဖုံး မဟုတ်ပါဘူး။ ဂြိုဟ်တုက လွှင့်တဲ့ ရုပ်သံတွေကို တိုက်ရိုက်ဖမ်းတဲ့ ကိရိယာကို ပြောတာ"

"ဘယ်ဂြိုဟ်က လွှင့်တာလဲ။ တော်ကြာ ပါပဂြိုဟ်ကဟာတွေဆို ဘယ်ကောင်းမလဲ"

ကျော်အေး ခေါင်းကုတ်လိုက်သည်။

"အဲ... ဟို နောက်တော့မှ ကျွန်တော် ရှင်းပြပါမယ်"

"အင်း... ကားတွေလူတွေကလည်း ရှုပ်လိုက်တာ၊ မျက်စိ



နောက်လာပြီ။ ပြန်မယ်"

"ကောင်းပါတယ် ပြန်တာပဲ ကောင်းပါတယ်"

အပြန်လမ်းမှာ ရွှေမိက ရေခဲမုန့်နှင့် နို့အေးချောင်း စားချင်တယ်ဆိုသဖြင့် ဝယ်ကျွေးရသေးသည်။ လက်တစ်ဖက်က ရေခဲမုန့် တစ်ဖက်က နို့အေးချောင်းကိုင်ပြီး တစ်လှည့်စီ စားလာခဲ့ရာ လမ်းသွားလမ်းလာများက အထူးအဆန်းလို ကြည့်သွားကြသည်။

၁၁၁

ရွှေမိနှင့် သွားရတာ ဂွကျသလိုပင် ဘိုကေတို့နှင့် သွားလာရာမှာလည်း ကိုးလိုးကန့်လန့်တွေ ဖြစ်ရသည်။

တစ်ရက်မှာ သက်ရှည်နှင့်အတူ မြို့ထဲထွက်ရင်း လူငယ်နှစ်ယောက် ဆုံရာမှ တစ်ယောက်နှင့်တစ်ယောက် လက်ဝါးချင်းရိုက်လိုက်ကြတာတွေ့တော့

"အဲဒါ ဘာလုပ်တာလဲ"

ဟု သက်ရှည်က မေးသည်။ ကျော်အေးက ခုခေတ်လူငယ်တွေ တွေ့ရင် ဒီလိုပဲ နှုတ်ဆက်ကြကြောင်း ပြန်ပြောသည်။ သက်ရှည်က သိပ်သဘောကျသွားသည်။

ဆက်လျှောက်သွားကြရင်း မော်တော်ကားတွေကို လမ်းရှင်းပေးနေသော ယာဉ်ထိန်းရဲကို မြင်သည်။ သူတို့အနားက ဖြတ်အလျှောက်မှာ ယာဉ်ထိန်းရဲက ကားကိုတားရန် လက်မြှောက်လိုက်၏။ ဒါကို သက်ရှည်က သူ့ကို နှုတ်ဆက်တာပဲထင်၍ ယာဉ်ထိန်း၏ လက်ဝါးကို သူ့လက်ဝါးဖြင့် ဖြောင်းခနဲရိုက်လိုက်ပြီး

"ဟဲ ဟဲ... နေကောင်းလား"

www.burmeseclassic.com

www.burmeseclassic.com



ယာဉ်ထိန်းက ပထမကြောင်သွားသည်။ နောက်တော့

"ခင်ဗျား ဘာလုပ်တာလဲ"

ဆိုပြီး မျက်နှာထား တင်းသွားသည်။ ကျော်အေးက မနည်း တောင်းပန်လို့သာ ဝတ္တရား နှောင့်ယှက်မှုဖြင့် အရေးယူမခံရခြင်း ဖြစ်၏။

တက်ပုကျတော့ တစ်မျိုး။ ဘိုက်ကြက်မျိုးကောင်း လိုချင်တယ် ဆိုသဖြင့် လိုက်ရှာရသည်။ မန္တလေးမြို့ကြီးပေါ်မှာတော့ ဘယ်လိုမှ ရှာမရ။ တောင်မြို့ဘက်မှာရှိသည်ကြား၍ လိုက်ရသည်။ အင်းဝဘက် ကို ညွှန်၍ထပ်လိုက်ရသည်။ ဟိုရောက်တော့ ရွာတွေအထိ ဆင်းရ သည်။ တွေ့ပြန်တော့လည်း စိတ်တိုင်းမကျ။ ဖောင်းမှုပြားမှ လုပ်နေ သည်။ ရွာခံတွေက ရှာပေးထားပါမည်။ တစ်ပတ်လောက်နေရင် လာခဲ့ပါဟု မှာလိုက်သည်။

ဘိုကေကတော့ ကားတစ်စီး ဝယ်ချင်တယ် လုပ်လာ၏။ ထို့ ကြောင့် ပွဲစားတွေနှင့်ဆက်ပြီး ကားရှာကြသည်။ ဘိုကေက တစ်စီး မှ မကြိုက်။ နောက်နေ့မှ ဆက်ရှာမည်ဆိုပြီး ပြန်အလာ လမ်းတစ်နေ ရာတွင် ဘိုကေက အငှားကားဆရာကို ရပ်နိုင်းပြီး ကားပေါ်မှ ဆင်း ပြေးသွားသည်။ သူ ဆင်းသွားရာသို့ ကြည့်ပြီး ကျော်အေး ဟိုက်ခနဲ ဖြစ်သွားသည်။

"ကိုဘိုကေနေဦး၊ နေဦး"

ဆိုပြီး ပြေးလိုက်ရသည်။ ဘိုကေကတော့ သစ်ပင်ရိပ်မှာ ရပ် ထားသော ကားနားရောက်သွားပြီ။ ကားဘီးလဲတပ်နေသော ယာဉ် မောင်းကို ဘိုကေက မေးလိုက်သည်။

"ဒီကား ရောင်းမလား၊ ဈေးကောင်းပေးမယ်"





ယာဉ်မောင်းက ကြောင်ကြည့်နေသည်။ လာနောက်နေတယ် ဟု ထင်ဟန်တူ၏။ ကျော်အေးက ဘေးမှာဝင်ရပ်ပြီး ဘိုကေ့လက် မောင်းကို ဆွဲလိုက်စဉ်...

"ကျုပ်က ဒီကားမျိုးမှ ကြိုက်တာ။ ဘယ်လောက်လှသလဲ တွေ့ လား၊ အပေါ်မှာ ပန်းခက်တွေဘာတွေနဲ့ ကားကလည်း အထဲမှာ အကျယ်ကြီးပဲ"

"ကိုဘိုကေ လာလာ"

ဆိုပြီး အတင်းဆွဲခေါ်လာသည်။

"နေပါဦးဗျာ။ ဈေးတောင် မပြောရသေးဘူး"

"ကိုဘိုကေရယ်၊ ခက်တော့တာပဲ။ အဲဒါ နိဗ္ဗာန်ယာဉ်ကြီးဗျ"

"ဟာ... နာမည်ကိုက လာဘ်ကောင်းနေပြီ။ ကျုပ်ရအောင် ဝယ်မယ်ဗျာ"

ဘိုကေက ရှန်းပြီး ပြန်လှည့်မည် ပြု၏။ ကျော်အေးက အတင်းဆွဲထားပြီး

"နိဗ္ဗာန်ယာဉ်ဆိုတာ အသုဘကားကို ပြောတာဗျ"

"ဟာ ဟုတ်လား၊ သိပါဘူးဗျာ၊ ကားကလှလွန်းလို့ အင်း မြို့က လူတွေများ သေတာတောင် တယ်စတိုင်ကျသကိုး"

နောက်ဆုံးတော့ ကျော်အေးက ကားဝယ်ချင်လျှင် ရတနာ ပုံစွည်းတွေ ရပြီးမှ အကောင်းဆုံးကို ဝယ်စီးပါ။ လောလောဆယ် အပြတ်ငှားထားလို့ ရပါတယ်ဟု အကြံပေးပြီး သူတို့အားလုံး စီးလို့ ရအောင် တောင်းအေ့စ်တစ်စီး ငှားလိုက်ရ၏။

၁ ၁ ၁



www.burmeseclassic.com

www.burmeseclassic.com



အဘွားတင့်သည် မြို့ပေါ်မှာ နေရတာကို စိတ်ပျက်ငြီးငွေ့လာပြီး ဘုရားတွေလည်း စုံအောင် ဖူးပြီးပြီဖြစ်၍ လူကြီးတစ်ယောက်အဖို့ ပြည့်စုံသွားပြီ။ တစ်နေ့ တစ်နေ့ တိုက်ထဲမှာချည်း အောင်းနေရတာကို စိတ်ညစ်လှပြီ။ အပြင်ထွက်ပြန်တော့လည်း ကားတွေလူတွေ ရှုပ်ယှက်ခတ်ပြီး မျက်စိနောက်သည်။ တစ်ခါတစ်ခါ မူးတောင်မူးလာသည်။

အစကတော့ ဘုရားတွေဖူးပြီးလျှင် ဘိုကေတို့ကို နားချပြီး တောကို ပြန်ခေါ်သွားမည်ဟု စိတ်ကူးခဲ့သည်။ ခုတိုင်းဆိုလျှင် ပြန်ခေါ်လို့ရမှာ မဟုတ်တော့။

စိတ်ရှုပ်ရတဲ့ကြားထဲ မိန်းမတစ်ယောက်က အိမ်ဖော်လိုတယ်ဆိုလို့ဆိုပြီး လာမေးသေးသည်။ မိန်းမပုံစံက မျက်စိကစားလွန်းသည်။ အဘွားတင့်က သိပ်သဘောမကျ။ အိမ်ဖော်လိုတယ်လို့လည်း တစ်ခါမှ မပြောခဲ့ဖူး။ ထို့ကြောင့် မလိုဘူးဟု အပြတ်ပြောလွှတ်လိုက်ရသည်။

အဘွားတင့်က ရွာကို ပြန်ဦးမယ်ဟု ပြောသောအခါ ကျော်အေးနှင့် ရွှေမိတို့က တားကြသည်။ ဘိုကေတို့ကတော့ အဘွားတင့်ကို တားလည်း တားချင်သည်။ အဘွားတင့် မရှိလျှင် ရတနာတွေရှာဖို့ကိစ္စ ပို၍လွတ်လွတ်လပ်လပ် ပြုလုပ်နိုင်မည် ဖြစ်သောကြောင့် ပြန်လည်း ပြန်စေချင်သည်။

"ငါက ဒီမြို့မှာ ကြာကြာမနေနိုင်ဘူးကွယ့်။ ကြာရင် မျက်စိရှုပ်နားရှုပ်နဲ့ အသက်တိုသွားလိမ့်မယ်။ ပြီးတော့ ငါ့ယာခင်းလေးကို သူများနဲ့ လွှဲထားခဲ့ရတာကိုလည်း စိတ်မချဘူး၊ တားမရလို့သာ ထားခဲ့ရတယ်။ မင်းတို့ကိုလည်း ရွာကိုပဲ ပြန်စေချင်တာ၊ ငါ နောက်ဆုံးမှာခဲ့ချင်တာက လောဘကို တတ်နိုင်သလောက်





နှိမ်ကြဖို့ပဲ"

ဟု အဘွားတင့်က ပြောသည်။

အဘွားတင့် သွားခါနီးတွင် ရွှေမိက

"အဘွား ရွာပြန်မယ်ဆိုတော့ ကျုပ်လည်း လိုက်ချင်လိုက်တာ။ ဒီမှာနေရတာ သိပ်မပျော်လှဘူး အဘွားရဲ့"

"ငါ့မြေးက လိုက်လို့ မဖြစ်သေးဘူး။ ဟိုအကောင် သုံးကောင် မဟုတ်တာ မလုပ်ရအောင် စောင့်ကြည့်ဖို့ နေခဲ့ဦးမှ ဖြစ်မှာ။ အကြောင်းကိစ္စရှိရင် မောင်ကျော်အေးကို တိုင်ပင်ပြီး အကူအညီတောင်း။ ကြားလား။ ဒီသူငယ်က ရိုးသားဖြောင့်မတ်တယ်"

ဟု မှာခဲ့သည်။

၁၁၁

အဘွားတင့် လှည်းကြုံစီးပြီး ရွာထဲဝင်လိုက်သောအခါ မြင်ရသော မြင်ကွင်းကြောင့် အံ့သြသွားရသည်။

ရွာကလူများသည် ပေါက်တူးပေါက်ပြားတွေနှင့် တွင်းတွေ တူးနေကြသည်မှာ ဟိုနားတစ်တွင်း၊ ဒီနားတစ်တွင်း၊ လမ်းတစ်လျှောက် တွေ့သူတွေက အဘွားတင့်ကို လှမ်းနှုတ်ဆက်ကြသည်။

"အဘွား ဘိုကေတို့ မြို့မှာ တော်တော်ကောင်းစားနေမှာပေါ့နော်"

အဘွားတင့်က ခေါင်းသာညိတ်ပြသည်။ လှည်းသမားက

"အဲဒါပဲကြည့်တော့ အဘွားရေ။ ဘိုကေတို့ အိမ်သာတွင်းတူးရာက စိန်လက်စွပ်ရတယ်ကြားလို့ တစ်ရွာလုံး တွင်းချည်း



www.burmeseclassic.com

www.burmeseclassic.com



တူးနေကြတာပဲ။ ညည လမ်းလျှောက်ရင်တောင် ဘယ်တွင်းထဲ လိမ့်ကျမလဲ စိုးရိမ်နေရတယ်။ တချို့တွေက ကိုယ်တိုင် မတူးနိုင်လို့ လူငှားတူးရတယ်။ တွင်းတူးခတောင် ဈေးတက်ကုန်ပြီ"

"ဘာတွေရကြသတဲ့လဲ"

"ဘာရမှာလဲဗျာ၊ အိုးခြမ်းကွဲတို့ ခုံဖိနပ်အပြတ်တို့ သံပုံးစုတ်တို့ပဲ ရတာပေါ့"

"အင်း လောဘတွေ၊ လောဘတွေ။ ငါ့အကောင်တွေလည်း လောဘမှ သတ်နိုင်ကြပါ့မလား"

အိမ်တစ်အိမ်ရှေ့ကို လှည့်[illegible]တွင် တွင်းတူးနေသော သားအေးက လှမ်းနှုတ်ဆက်ပြီး

"ဗျို့ အဘွားတင်၊ အဘွားတင့်တို့ အိမ်က တွင်းတူးတုန်းက အနက် ဘယ်လောက်တူးရသလဲဗျ"

ဟု လှမ်းမေးသည်။ အဘွားတင့် စိတ်အချဉ်ပေါက်လာသဖြင့်

"ခြောက်ပေ လေးပေဟေ့၊ ခြောက်ပေ လေးပေ"

ဟု ပြန်အော်လိုက်သည်။ သာအေး ခေါင်းကုတ်ပြီး ကျန်ခဲ့သည်။

၁ ၁ ၁

ပွဲစားမောင်တီးနှင့် မှုယာတို့သည် သူတို့အကြံအစည်ကို အကောင်အထည် ဖော်သည်။ မှုယာက ဘိုကေကို မိတ်ဖွဲ့ပြီး ဝင်ရောဖို့ပင် ဖြစ်၏။

တစ်ရက် စားသောက်ဆိုင်တစ်ခုမှာ ဘိုကေ ဘီယာသောက်နေတုန်း မှုယာ ရောက်လာသည်။ ဘိုကေ့ စားပွဲရှိရာသို့ သွားပြီး





"အစ်ကိုက တစ်ယောက်တည်းလား"

ဟု မေးသည်။ ဘိုကေက ခေါင်းညိတ်ပြသည်။

"အဖော်မပါတော့ မပျင်းဘူးလား"

"ဘာလို့ ပျင်းရမှာလဲ"

"တစ်ယောက်တည်းဆိုတော့ ခြောက်ကပ်ကပ်ကြီး ဖြစ်နေမှာပေါ့။ ညီမလည်း တစ်ယောက်တည်း ပျင်းနေတာ စကားလေး ဘာလေး ပြောရအောင်နော်"

ဆိုပြီး ဝင်ထိုင်သည်။ ဘိုကေက တော်တော်မူးနေပြီ။ သူက မှုယာကို စိုက်ကြည့်လိုက်သည်။ မှုယာသည် အစွမ်းကုန်ခြယ်သလာသည်။ မိတ်ကပ်တွေ နှုတ်ခမ်းနီတွေ ဆိုးထားသည်။ ထိုအချက်မှာ သူမှားသွားခြင်း ဖြစ်၏။ ဘိုကေ၏ စိတ်ထဲတွင်ကြည့်မရ ဖြစ်သွားပြီး...

"မထိုင်နဲ့၊ ငါ စကားမပြောချင်ဘူး။ တော်ပြီ မူးလည်း မူးနေပြီ။ ပြန်မယ်"

ဆိုပြီးထ ထွက်သွားလေ၏။

၁ ၁ ၁

ထိုအခါ မောင်တီးနှင့် မှုယာတို့ တစ်မျိုးကြံကြပြန်သည်။ ဘိုကေ ညဘက်လမ်းလျှောက် ထွက်အလာကို တစ်နေရာမှာ စောင့်ပြီး မောင်တီးက မှုယာ့ကို အနိုင်ကျင့် ရိုက်နှက်နေဟန် ဆောင်သည်။ ဘိုကေ အမြင်မတော်လို့ ဝင်ပြောလျှင် မောင်တီးက အလျှော့ပေးပြီး ထွက်သွားမည်။ ထိုအခါ မှုယာက ကျေးဇူးတင်ကြောင်းပြောပြီး ဝင်



www.burmeseclassic.com

www.burmeseclassic.com



ရောမည်ဟု ကြံသည်။ သို့ရာတွင် ဘိုကေက မြို့မှာနေတဲ့ လင်မယား တွေ အိမ်ကကျဉ်းလို့ နေရာမရှိလို့ ထင်တယ်။ ရန်ဖြစ်တာတောင် လမ်းပေါ်ထွက် ဖြစ်ရှာတယ်ဟု တွေးပြီး ဘာသိဘာသာ ဆက် လျှောက်သွားလေသည်။

၁ ၁ ၁

နောက်တစ်ကြိမ်ကျတော့ မောင်တီးက မူယာကို ဓားနှင့် ထောက်ပြီး အနုကြမ်းစီးဟန် ဆောင်သည်။ ဘိုကေ ကြားလောက် အောင် မောင်တီးက

"ရှိတာ အကုန်ထုတ်စမ်း"

ဟု ပြောသည်။ အရေးထဲမှာ မူယာက

"ပစ္စည်းကိုတော့ ချမ်းသာပေးပါရှင်"

ဟု မှားပြောသေးသည်။ မောင်တီးက

"အရေးထဲ ဥစ္စာခြောက်နေပြန်ပြီ၊ လူကို ချမ်းသာပေးပါလို့ ပြောရမှာဟ"

ဟုကျိတ်ပြီး ပြင်ပေးရသေးသည်။

ဘိုကေက သူ့ရဲကောင်းလုပ်ပြီး ဝင်ကယ်လျှင် ဟန်ပြလောက် ခုခံပြီး ထွက်ပြေးမည်။ မူယာက ဇာတ်လမ်းဆက်ဖို့ ဖြစ်၏။ လက်တွေ့ မှာတော့ ဘိုကေက ဝင်မကယ်ဘဲ...

"လာကြပါဦးဗျို့၊ ဓားပြဗျို့ ၊ ဓားပြ

ဟု အော်သဖြင့် နှစ်ယောက်သား လူတွေဝိုင်းအုံမလာခင် လစ် ပြေးကြရသည်။

၁ ၁ ၁





အဘွားတင့် ရွာပြန်ခါနီးတွင် ကျော်အေးကိုခေါ်၍ ဘိုကေတို့ မဟုတ်တာ မလုပ်ရအောင် ထိန်းသိမ်းရန်နှင့် ရွှေမိကို စောင့်ရှောက် ရန် မှာသွားသည်။ ကျော်အေးကလည်း ကတိပေးလိုက်သည်။ ရွှေမိ ကို စောင့်ရှောက်ဖို့ကတော့ အထူးတောင် မှာစရာမလို။ သူက စောင့် ရှောက်ချင်လိုက်တာမှ။

သူသည် ရွှေမိကို မြင်မြင်ချင်း သံယောဇဉ် ဖြစ်ခဲ့မိ။ ရွှေမိက လည်း တစ်နေ့တခြား ပိုပိုလှလာသည်။ တစ်ခုရှိတာက ရွှေမိသည် ဆတ်ဆတ်ကြဲ မဟုတ်မခံစိတ်ရှိခြင်းပင် ဖြစ်၏။ ထို့ကြောင့် စကားစ ရမှာ ခက်နေသည်။

တစ်ရက်မှာတော့ ရွှေမိကို သွေးတိုးစမ်းကြည့်သည်။

"မရွှေမိ မပျင်းဘူးလား။ လမ်းလျှောက်ထွက်ဦးမလား"

"မသွားချင်ပါဘူး။ မျက်စိရှုပ် နားရှုပ်။ ကားရှောင်ရ စက်ဘီး ရှောင်ရနဲ့"

"ဗီဒီယိုလေး ဘာလေးကြည့်ပေါ့။ ဘာအခွေကြည့်ချင်လဲ။ အစ်ကို သွားငှားပေးမယ်"

"တော်ပါပြီ။ အခွေတွေကလည်း ကြည့်ရလွန်းလို့ ရိုးနေပြီ"

ကျော်အေးက အကဲခတ်ကြည့်သည်။ ရွှေမိမျက်နှာ ကြည်ကြည် သာသာ ရှိသဖြင့် စကားအစပျိုးလိုက်၏။

"မရွှေမိက ရွာမှာ ကွမ်းတောင်ကိုင်ဆို"

"လူကြီးတွေက ကိုင်ခိုင်းတော့လည်း ကိုင်လိုက်ရတာပါပဲ"

ဟု အရိုးခံအတိုင်း ပြန်ပြောသည်။

"ရွှေမိကလည်း လှတာကိုး"

ကျော်အေး စကားတစ်ဆင့် တက်သည်။ ရွှေမိက



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ ကျုပ်ကို လှတယ်လို့ပြောတာ ကိုကျော်အေးနဲ့ပါမှ နှစ်ယောက်ပဲ ရှိသေးတယ်"

"ဟင် တစ်ယောက်က ဘယ်သူလဲ"

ဟု ကျော်အေးက စိုးရိမ်စွာ အလောတကြီး မေးသည်။

"အဘွားပေါ့"

ဆိုမှ စိတ်သက်သာရ ရသွား၏။ အခြေအနေကတော့ မဆိုးလှ။ ရသလောက် ဆက်ပြောကြည့်မှဟု တွေးပြီး

"ဒါနဲ့ ရွှေမိကို တစ်ခုမေးရဦးမယ်"

"ဘာလဲ"

"ဟိုလေ... ဟို... ညီမကလှတော့ စိတ်စားတဲ့လူတွေ အများကြီး ရှိမှာပဲနော်"

"ဟင် ဘာလုပ်ဖို့ စိတ်ဝင်စားမှာလဲ"

စိတ်ဝင်စားတယ်ဆိုတာကို သဘောပေါက်ဟန် မတူ။ ထို့ကြောင့် ပို၍ ပွင့်ပွင့်လင်းလင်း ပြောဖို့ဆုံးဖြတ်ပြီး

"အဲ ဒီလိုလေ ခုနေများ တစ်ယောက်ယောက်က ရွှေမိကို ချစ်တယ်လို့ ပြောလာရင် ရွှေမိဘယ်လိုတုံ့ပြန်မလဲဟင်"

"ပါးချလိုက်မှာပေါ့"

ရွှေမိက ပက်ခနဲ ပြန်ပြောလိုက်သည်။ ကျော်အေး လန့်သွား၏။

"ဒါနဲ့ နေစမ်းပါဦး။ အဲဒီလို ဘယ်သူက ပြောမှာမို့လဲ"

"အစ်ကို၊ အဲ မဟုတ်ဘူး။ ဘယ်သူမှ မဟုတ်ပါဘူး"

ဟု ပြောပြီး ထလစ်ပြေးရလေ၏။

၁ ၁ ၁





ပွဲစား မောင်တီးက ဒရိုင်ဘာလိုတယ် သတင်းကြားလို့ဆိုပြီး အလုပ်လာလျှောက်သည်။ သူ့ကို ဘိုကေတို့ မြင်ဖူးထားသဖြင့် နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတပ်ပြီး ရုပ်ဖျက်လာသည်။ မူယာကိုလည်း နယ်မှ ရောက်လာသူတစ်ယောက်လို ရိုးရိုးလေး ဝတ်စားပြင်ဆင်စေပြီး ခေါ်လာသည်။

မောင်တီးက သူတို့မောင်နှမ နှစ်ယောက်မှာ နယ်မှလာခြင်းဖြစ်ကြောင်း၊ စားစရာ နေစရာရလျှင် ကျေနပ်ပြီဖြစ်ကြောင်း မိမိမှာ အားကောင်းကောင်း မောင်းတတ်ကြောင်း မိမိ၏ ညီမလေးကိုလည်း အိမ်မှာ ခိုင်းလိုရာ ခိုင်းနိုင်ကြောင်း ပြော၏။

ဘိုကေသည် မူယာကို တစ်ချက်ကြည့်လိုက်၏။ သူ့စိတ်ထဲမှာ မူယာကို ရင်းရင်းနှီးနှီး သိခဲ့ဖူးသလိုလို ထင်မိ၏။ အမှန်မှာ ဘားဆက်ဆိုင်ထဲမှာ သူ ဘိယာမူးနေဘုန်း တွေ့ဖူးခြင်း ဖြစ်၏။ ထိုစဉ်က မူယာသည် မိတ်ကပ်တွေ နှုတ်ခမ်းနီတွေ ပြုံးပြုံး လုပ်ထားသဖြင့် မမှတ်မိခြင်း ဖြစ်၏။

မူယာက စိုက်အကြည့်ခံရသဖြင့် ရှက်သွားဟန် ခေါင်းငုံ့လိုက်မှ မျက်လုံးရွဲကြီးများဖြင့် တစ်ချက် ဖျက်ခနဲ လှန်ကြည့်လိုက်သည်။ ဘိုကေ ကြက်သီးထချင်သလို ဖြစ်သွားရ၏။

"အင်း ကောင်းပြီလေ။ ဒီနေ့ကစပြီး အလုပ်ခန့်လိုက်မယ်။ ဒီက ဒီက ဘယ်သူ"

"မူယာပါရှင့်"

"မူယာကတော့ ဒီအိမ်ပေါ်မှာပဲ နေပေါ့။ ရွှေမိအတွက်လည်း အဖော်ရတာပေါ့"

"ကျုပ်အတွက် အဖော်မလိုပါဘူး၊ အိမ်ပေါ်မှာတော့ မထားနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ရွှေမိက ဝင်ပြောသည်။ သူသည် မူယာကို စမြင်ကတည်း
က ကြည့်လို့မရ ဖြစ်နေ၏။ ကျော်အေးကလည်း ထို့အတူပင်။ ဘိုကေ
မြန်းစားကြီး အလုပ်ခန့်ချလိုက်သဖြင့် ဝင်ပြောရခက်နေခြင်း ဖြစ်၏။

"အဲ... အဲ ဒါဆိုလည်း ခင်ဗျားတို့ မောင်နှမနှစ်ယောက် ဂိုဒေါင်
ထဲမှာပဲ နေကြပေါ့။ ကားထားတဲ့နေရာမှာ အခန်းလေးတစ်ခန်း
ရှိတယ်"

"ဟုတ်ကဲ့၊ ကျေးဇူးကြီးမားလှပါပြီ ခင်ဗျာ"

သက်ရှည်နှင့် တက်ပုတို့က မောင်တီးတို့ကို ကားဂိုဒေါင်ဆီ
ခေါ်သွားသည်။ သူတို့ ထွက်သွားတော့မှ ကျော်အေးက

"ကိုဘိုကေ ဘာဖြစ်လို့ သူတို့ကို ခေါ်ထားလိုက်တာလဲဗျ။ ကျွ
တော်တို့ကိစ္စက လူစိမ်းတွေ နီးနီးနားနားရှိလို့ မသင့်တော်
ဘူးလေ"

"ဟုတ်တယ်။ ကျုပ်လည်း သဘောမကျဘူး"

"သူတို့က နယ်ကလာတဲ့ ရိုးရိုးတုံးတုံးတွေပါဗျာ။ ဘာမှ န
လည်ပုံ မပေါ်ပါဘူး။ ပြီးတော့ ခိုကိုးရာမဲ့နေရှာတဲ့ လူတွေ
သနားပါတယ်။ ကျုပ်တို့အတွက် ကားမောင်းပေးမယ့်လူလည်
လိုတယ်မဟုတ်လား။ ခင်ဗျားကလည်း ဟိုနားဒီနား မောင်း
တောင် ခဏခဏ တိုက်မိမလို ဖြစ်နေတာ"

ဘိုကေကို ပြောလို့ရမှာ မဟုတ်မှန်း ကျော်အေးသိသည်။
ကြောင့်

"ဘာပဲဖြစ်ဖြစ် သတိတော့ ထားဖို့လိုလိမ့်မယ်၊ ပြင်ဦးလွင်
သွားတဲ့အခါကျရင်တော့ ခေါ်သွားလို့ မဖြစ်ဘူး"

"ဒါတော့ ကြည့်လုပ်တာပေါ့ဗျာ"





၀၀၀

မောင်တီးသည် ကားကို ကြက်မွေးနှင့် ဖုန်သုတ်နေ၏။ ဘိုကေ၊
တက်ပုနှင့် သက်ရှည်တို့ အိမ်ထဲမှထွက်လာပြီး ကားဆီလျှောက်လာ
ကြသည်။ မောင်တီးက ပျာပျာသလဲ ဆီးကြိုပြီး ရှေ့ခန်းတံခါးဖွင့်
ပေးသည်။ ဘိုကေ သဘောကျသွားပြီး မောင်တီး၏ ပခုံးကိုပုတ်၍
ကားထဲ ဝင်ထိုင်လိုက်သည်။

သက်ရှည်ကလည်း အားကျမခံ နောက်ခန်းတံခါးကို လက်ညှိုး
ထိုးပြသည်။ မောင်တီးမှာ ကားရှေ့မှ ပတ်ပြေးလာပြီး နောက်ခန်းတံ
ခါးကို ဖွင့်ပေးသည်။ သက်ရှည်က ဘိုကေလုပ်သလို ပခုံးကိုပုတ်ပြီး
ဝင်ထိုင်ပြန်သည်။

တက်ပုသည်လည်း သူတို့လို တံခါးဖွင့်ခိုင်းချင်သည်။ သို့ရာတွင်
တောင်းအော့စ်ကားက နောက်ခန်းတွင် ဆွဲတံခါး တစ်ခုသာပါသည်။
ထပ်ဖွင့်စရာ မလိုတော့။ ထို့ကြောင့် သူက ကားနောက်ဖုံးကိုသာ
လက်ညှိုးထိုးပြလိုက်ရသည်။

မောင်တီးက ကြောင်ကြည့်နေသည်။ တက်ပုက စိတ်တိုပြီး
မောင်တီးအင်္ကျီကို ဆွဲလိုက်ပြီး နောက်ဖုံးတံခါးကို ပုတ်ပြသည်။ မောင်
တီးက ခေါင်းညိတ်ပြီး ကပျာကယာ ဖွင့်ပေးလိုက်ရသည်။ တက်ပုက
မောင်တီး၏ ကျောကိုပုတ်ပြီး နောက်ဘက်မှဝင်ပြီး ကူရှင်တွေကို
ကျော်ခွတက်ပြီးမှ ဝင်ထိုင်သည်။

မောင်တီး သက်ပြင်းမှုတ်ထုတ်လိုက်၏။

၀၀၀



www.burmeseclassic.com

www.burmeseclassic.com



ရွှေမိသည် မီးဖိုခန်းထဲမှာ ဟင်းချက်ဖို့ ပြင်ဆင်နေသည်။ ဘိုကေတို့က အသားဘူးတွေ၊ ငါးသေတ္တာတွေ ဝယ်ပေးထားသော်လည်း သူက မစားချင်။ အသားတွေကို ဒီလောက်ကြာကြာ ဘူးထဲထည့်သိမ်းထားတာ ဘယ်လိုလုပ် လတ်ဆတ်တော့မလဲဟု သူက ထင်သည်။

ငါးဟင်းအိုးကို မီးဖိုပေါ် တင်နေတုန်း

"မမ"

ဟု ခေါ်သံကြားသဖြင့် လှည့်ကြည့်ရာ မူယာ ယို့ယို့ကလေး ရပ်နေတာ တွေ့လိုက်ရ၏။

"ဘယ်လို ခေါ်လိုက်တယ်"

"ဟို... မမလို့"

"ဟင်း... ဒီအသက်အရွယ် ဒီရုပ်ကြီးနဲ့များ ကျုပ်ကို မမတဲ့"

"ဩော် ဟုတ်၊ အဲ ညီမလေး၊ ဘာကူလုပ်ပေးရမလဲလို့"

"ဘာမှ လုပ်စရာမရှိဘူး။ ကျုပ်ဘာသာ လုပ်နိုင်တယ်"

"ဟိုလေ... ဆရာက ညီမလေးခိုင်းတာ ကူလုပ်ပေးရမယ်ဆိုလို့"

"ဆရာ ဟုတ်လား၊ ဘယ်ကဆရာလဲ"

"ညီမလေးရဲ့ အစ်ကိုကြီးလေ၊ ကိုဘိုကေ"

"ကိုကြီးဘိုကေက ကျောင်းဆရာမှ မဟုတ်ဘဲ"

ရွှေမိတုံးပုံကြောင့် မူယာ ရယ်ချင်သွားသည်။ ရယ်လို့တော့ မဖြစ်။ ကြည့်ရတာ မိမိကို သိပ်ကြည်ပုံမရ။ ပြီးတော့ ရွှေမိမှာ ဆတ်ဆတ်ကြဲလေး ဖြစ်ဟန်တူ၏။ စိတ်မထင်လျှင် တွေ့ရာနှင့် ကောက်ပေါက်မည့်ပုံမျိုး။ ထို့ကြောင့်

"ဩော် အလုပ်ရှင်မို့ လေးစားလို့ ဆရာလို့ ခေါ်တာပါ။ အဲဒါ ညီမလေး ဘာခိုင်းစရာရှိသလဲလို့"





ရွှေမိ ခဏစဉ်းစားလိုက်သည်။ ပြီးတော့

"ခဏနေဦး"

ဆိုပြီး မီးဖိုခန်းထဲမှ ထွက်သွားသည်။ ခဏအကြာမှာ ပြန်ဝင်လာသည်။ လက်ထဲမှာ အဝတ်ဟောင်းတွေ တစ်ပုံကြီး ပါလာသည်။

"အဲဒါတွေ လျှော်လိုက်"

မူယာက 'ဟုတ်ကဲ့'ဆိုပြီး အဝတ်တွေ ယူသွားသည်။ ရေချိုးခန်းထဲမှာ အဝတ်လျှော်နေတုန်း ရွှေမိ ရောက်လာပြန်သည်။ လက်ထဲမှာ ခြင်ထောင်တွေ စောင်တွေ ပါလာသည်။ မူယာကို ပစ်ပေးရင်း

"အဲဒါတွေပြီးရင် အိမ်ရှေ့ခန်းမှာ ကြမ်းတွေ ပြောင်အောင်တိုက်လိုက်။ ကြားလား"

ဟု ပြောပြီး ထွက်သွားသည်။ မူယာမှာ အဝတ်ပုံကြီးကို ကြည့်၍ စိတ်ပျက်သွားသည်။

၁ ၁ ၁

"ရှင့်လူတွေက ဟုတ်ကောဟုတ်ရဲ့လား။ အားလုံး ရူးပေါပေါတွေချည်းပဲ။ ဟိုကောင်မလေးကလည်း ကျွန်မကို ကြည်ပုံမရဘူး။ အလကားနေ အလုပ်မရှိ အလုပ်ရှာပြီး ခိုင်းနေတာပဲ။ လူလည်း ပင်ပန်းလို့ သေတော့မယ်"

ညဘက် ကားဂိုဒေါင်ထဲမှာ ပြန်ဆုံကြသောအခါ မူယာက ညည်းညူသည်။ မောင်တီးက

"နည်းနည်းတော့ သည်းညည်းခံပြီး နေလိုက်ပါကွာ။ ဒီတစ်ချီ ပွလိုက်ရင် အချိကြီးပဲ။ တစ်သက်ထိုင်စားလို့ ရမယ်။ ဟိုကတ်[illegible] ကိုသာ အပိုင်ကပ်ပြီး သူတို့ ဘာကြံစည်နေသလဲဆိုတာ ရ



www.burmeseclassic.com

www.burmeseclassic.com



အောင်သာ စုံစမ်းပါဟာ"

"ဟင်း အချိုကြီးပဲ ရမလား။ အသက်ပဲထွက်မလားတော့ မသိဘူး"

မူယာက စိတ်ပျက်လက်ပျက်ဟန်ဖြင့် ပြောလိုက်သည်

၁ ၁ ၁

မူယာလိုပင် မောင်တီးသည်လည်း သက်သာလှသည် မဟုတ်။ တစ်ရက်မှာ ကားစက်ဖုံးကိုဖွင့်ပြီး စစ်ဆေးနေတုန်း ဘိုကေရောက်လာသည်။

"ဘာလုပ်နေတာလဲဗျ။ ကားပျက်လို့လား"

"ခြော် မဟုတ်ပါဘူးဆရာ။ အင်ဂျင်ခိုင်တိုင်းကြည့်၊ ဘရိတ်တွေစစ်ကြည့် လုပ်နေတာပါ။ ကားဆိုတာ ဒီလိုပဲ ဂရုစိုက်ပေးမှ ကောင်းတာ ဆရာရဲ့"

"ဩော် ကောင်းပါတယ်၊ ကောင်းပါတယ်။ ဒါနဲ့ ကားမောင်းတာ တော်တော်ခက်လားဗျ"

"ခက်လှတယ်တော့ မဟုတ်ပါဘူး၊ အလေ့အကျင့်ပေါ့"

"ဒါဆို ကျုပ်ကို ကားမောင်းသင်ပေးစမ်းဗျာ"

"ဟာ... ဖြစ်ပါ့မလား"

"ဘာလို့ မဖြစ်ရမှာလဲ။ ကျုပ်မှာလည်း ခြေနဲ့လက်နဲ့ပဲ"

မတက်သာသဖြင့် ဘိုကေကို ကားမောင်းသင်ပေးရသည်။ တကယ်တော့ ဘိုကေမှာ ကားအကြောင်း ဘာမှနားလည်တာ မဟုတ်။ ကလပ်တွေ၊ လီဗာတွေလည်း သိတာမဟုတ်။ ဘယ်ဘက်အစွန်ဆုံးကဟာကို နင်း၊ ဒီအတံကို ရွှေ့ထိုး၊ ဟိုဟာကိုနင်း ဆိုတာမျိုး ပြောပြရသည်။





ဘိုကေက စက်နှိုးပြီး လီဗာကို တအားနင်း၊ ကလပ်ကို ဆောင့်လွှတ်လိုက်ရာ ကားက ဝုန်းခနဲ ခုန်ထွက်သွားသည်။ ကံကောင်းလို့ အုတ်နံရံကို ဝင်မဆောင့်မိခြင်း ဖြစ်၏။ ဘိုကေတော့

"အင်း ကားဆိုတာလည်း နွားသိုးလို့ တစ်ခါတစ်ခါ ဖောက်တတ်တာပဲလား"

ဟု ပြော၏။ မောင်တီးကတော့ ဇောချွေးတွေ ပြန်လာသည်။

တက်ပုတို့ သက်ရှည်တို့ကျတော့ တစ်မျိုး။

ကားနှင့် သွားလာရာတွင် စိတ်ကူးတည့်ရာကို မောင်းခိုင်းတတ်သည်။ တစ်ခါတော့ လမ်းဆုံလမ်းခွတစ်ခု အရောက်မှာ သက်ရှည်က ညာကို ကွေ့ခိုင်းသည်။ ကွေ့မယ်လုပ်တော့ တက်ပုက ညာမကွေ့နဲ့ ဘယ်ကွေ့ဟု ပြောသည်။ သက်ရှည်က မဟုတ်ဘူး ညာကွေ့ဟု ဆိုသည်။ မောင်တီးမှာ ဘယ်ကွေ့လိုက်၊ ညာကွေ့လိုက်နှင့် ကားက ဘယ်ညာယိမ်းထိုးပြီး လမ်းလယ်မှာ ကန့်လန့်ကြီး ရပ်သွားသည်။

ခရာမှုတ်သံကြားလိုက်ရပြီး ယာဉ်ထိန်းရဲတစ်ဦး ကားနား ရောက်လာ၏။

"ကဲ ဘယ်လိုလုပ် မောင်းတာလဲ။ လိုင်စင်ကလေး တစ်ဆိတ်လောက်"

မောင်တီးက

"သူတို့ကြောင့်ပါ ဆရာ။ တစ်ယောက်က ညာကွေ့၊ တစ်ယောက်က ဘယ်ကွေ့ လုပ်နေလို့"

ယာဉ်ထိန်းက နောက်ခန်းထဲ ကြည့်ပြီး သက်ရှည်ကို လက်ညှိုးထိုး၍

"ဩော် ဟိုတစ်ခါ ကျွန်တော် လက်ပြလမ်းရှင်းနေတုန်း လ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဝါးကို လာရိုက်တဲ့လူကိုး"

"ဟာ ဆရာပါလား။ နေကောင်းတယ်နော်"

သက်ရှည်က နှုတ်ဆက်သည်။

"ကောင်းပါ့သဗျာ။ ကဲကဲ မိတ်ဖြစ်ဆွေဖြစ် လိုင်စင်ကလေးသာ မ,စပါ"

မောင်တီးမှာ ရှုံ့ရှုံ့မဲ့မဲ့နှင့် လိုင်စင်ထုတ်ပေးလိုက်ရသည်။

ယာဉ်ထိန်းရဲက ချလံစာရွက်ဖြတ်ပေးပြီး ထွက်သွားသည်။

သက်ရှည်က...

"တော်တော် သဘောကောင်းတယ်နော်။ ကျုပ်က တစ်ခါတည်း ဖမ်းခေါ်သွားမယ် ထင်နေတာ"

တက်ပုကတော့

"ဒါနဲ့ အဲဒီဖြတ်ပိုင်းလေးက ဘာလဲ။ မဟာဒုတ် မဲစာရွက်လား"

"ဘယ်ကလာ မဟာဒုက်ရမှာလဲ၊ လိုင်စင်သိမ်းပြီး ချလံဖြတ်ပေးသွားတာဗျ။ ရုံးမှာ ဒဏ်ငွေသွားဆောင်ဖို့ ပေးသွားတာ"

"မသိပါဘူးဗျာ၊ ခုတလော ကံစမ်းမဲတွေ ခေတ်စားနေလို့ မေးတာပါ"

မောင်တီးမှာ ခေါင်းကိုသာ တဖြင်းဖြင်းကုတ်နေလိုက်ရသည်။

၁ ၁ ၁

ဘိုကေသည် အိမ်ထဲမှာ အိုက်စပ်စပ်နေသဖြင့် ပန်းခြံထဲသို့ ထွက်လာခဲ့သည်။ ပန်းပင်တွေ ရေလောင်းနေသော မူယာကို တွေ့သဖြင့် လျှောက်သွားသည်။ မူယာ့ကို နောက်မှကြည့်ရင်း နယ်က လာတယ်သာဆိုတယ် ကိုယ်လုံးကိုယ်ပေါက်ကတော့ မြို့သူတွေ





အတိုင်းပဲ အဟီးဟု တွေးလိုက်မိ၏။

"ဟဲ... ဟဲ... ပင်ပန်းနေပြီးလား"

အနားမှာရပ်ရင်း မေးလိုက်သည်။ မူယာက လှည့်ကြည့်လိုက်ပြီး ဘိုကေကို မြင်တော့

"မပင်ပန်းပါဘူး ဆရာအစ်ကိုရဲ့"

"ဘယ်လို ဘယ်လိုခေါ်လိုက်တယ်"

"ဪ ဆရာလို့ခေါ်တော့လည်း သူစိမ်းဆန်တယ်လေ။ အစ်ကိုလို့ ခေါ်တော့လည်း မလေးစားစရာများ ကျမလားလို့။ ဒါကြောင့် ဆရာအစ်ကိုလို့"

ခွဲတဲတဲ ညှုတုတုအသံဖြင့် ပြောလိုက်သည်။ ဘိုကေ ပြုံးဖြီးဖြီးကြီး ဖြစ်သွားပြီး

"ဟင်း ဟင်း ဟဲ ဟဲ အစ်ကိုကြီးလို့ပဲ ခေါ်ပါ။ ရင်းရင်းနှီးနှီးပေါ့"

"ဟုတ်ကဲ့"

"အဲဒါနဲ့ ဒီက၊ အဲ ညီမနာမည်ကဘယ်သူ မာမူတဲ့ ဟုတ်လား"

"အို ဘယ်ကလာ၊ မာမူ မဟုတ်ပါဘူး။ မူယာပါ"

"ဟုတ်သားပဲ အစ်ကိုကြီးက မေ့သွားလို့။ အဲဒါနဲ့ မူယာ့ကို တစ်နေရာရာမှာ မြင်ဖူးသလိုပဲ"

မူယာ ထိတ်ခနဲ ဖြစ်သွား၏။ သို့ရာတွင် အတွေ့အကြုံရင့်နေသူမို့ မျက်နှာတော့ ပျက်မသွား။

"လူတူမရှား၊ နာမည်တူ မရှားဆိုတာမျိုး ဖြစ်မှာပါ အစ်ကိုကြီးရယ်။ မူယာတို့က နယ်ကရောက်လာတာမှ မကြာသေးဘူး ဥစ္စာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ဟုတ်မှာပါလေ။ အစ်ကိုကြီးတောင် ဒီရောက်ခါစ တုန်းက လူတွေက လွင်မိုး ဒုလ္လဘရဟန်းခံပြီး ထွက်လာတယ် ထင်ပြီး နှုတ်ဆက်ကြသေးတာပဲ"

"အစ်ကိုကြီးကလည်း သိပ်နောက်တာပဲ"

မူယာက ရယ်ရင်း ပြောသည်။ စိတ်ထဲကတော့ တော်တော် ကြောင်တဲ့ ငပေါကြီးပဲဟု ကျိတ်ပြောမိ၏။

ထိုစဉ်တွင် ရွှေမိသည် တိုက်တံခါးဝမှ ထွက်လာသည်။ ဘိုကေနှင့် မူယာတို့ကို လှမ်းမြင်သောအခါ မျက်နှာထား တင်းသွားပြီး

"မူယာ"

ဟုလှမ်းခေါ်လိုက်၏။ မူယာ မျက်လုံးဝိုင်းသွားပြီး လှည့်ကြည့်သည်။ ရွှေမိက လေသံမာမာဖြင့်

"ဘာလုပ်နေတာလဲ။ လာခဲ့။ နောက်ဖေးမှာ ပန်းကန်တွေ သွားဆေးလေ"

"ဟုတ် ဟုတ်ကဲ့ ညီမလေး"

မူယာက ဘိုကေကို မျက်လုံးရွဲနှင့် တစ်ချက်ကြည့်ပြီး အိမ်ဘက် လျှောက်သွားသည်။

ရွှေမိက ဘိုကေဆီလာရင်း ဘေးကဖြတ်သွားသော မူယာကို မျက်စောင်းတစ်ချက် ထိုးလိုက်၏။ မူယာက ကြောက်ရွံ့ဟန် ခေါင်းကလေး ငုံ့သွားသည်။

ရွှေမိ ဘိုကေနားမှာ ရပ်ပြီး

"ကိုကြီးဘိုကေ။ အဲဒီကောင်မကို သိပ်အရောမဝင်နဲ့နော"

"ဩော် ရွှေမိကလည်း၊ သူ့ခမျာ အားကိုးစရာမရှိလို့ ငါတို့ဆီ အလုပ်လာလုပ်နေရရှာတာ။ သနားပါတယ်"





"ကျုပ်ကတော့ ကြည့်လို့ကိုမရဘူး။ မျက်နှာက ပြိတ်တိတ်နဲ့၊ အဲ ခိုင်းလို့တော့ ကောင်းသား"

"အေးဟ။ ငါကလည်း နင် သက်သာအောင်လို့ သူ့ကိုခေါ် ထားတာပါဟ"

"ဒါနဲ့ အဘွားတစ်ယောက်လည်း ရွာမှာ ဘယ်လိုနေမလဲ မသိ ဘူးနော်။ အဘွားကို သတိရလိုက်တာ။ ကျုပ် တစ်ခေါက် လောက် ရွာပြန်ကြည့်ရကောင်းမလားပဲ"

"အိုမကြာခင် ရတနာတွေ ရတော့မှာပဲ။ အဲဒီအခါကျတော့ အဘွားကို တစ်ခါတည်း မြို့မှာခေါ်ထားလိုက်တာပေါ့"

"ကိုကျော်အေး တစ်ယောက်လည်း မမြင်ပါလားဟ"

"ကိုရင်တက်ပုနဲ့ အပြင်ထွက်သွားတာပဲ"

( ၁၁ )

တက်ပုက ကျော်အေးကိုခေါ်ပြီး အင်းဝဘက်သို့သွားခြင်းဖြစ် ၏။ မောင်တီးကို ကားနှင့်ထားခဲ့ပြီး အင်းဝဘက် ကူးသည်။ တိုက်ကြက်မျိုးကောင်း မှာထားသော ရွာသို့သွားပြီး ရမရ မေးသည်။ ရွာကလူတွေက နောက်သုံးလေးရက်အတွင်း ရပါမည်ဟု ဆို ကြသည်။

တက်ပုမှာ အပြန်လမ်းတစ်လျှောက်လုံး တဖျစ်တောက် တောက် လုပ်လာ၏။ တိုက်ကြက်မရှိသဖြင့် သူ့မှာ နေမထိထိုင်မသာ ဖြစ်နေရသည်။

မန္တလေးမြို့ထဲ ဝင်လာပြီး တစ်နေရာအရောက်တွင်

"ဟာ ကိုမောင်တီး၊ ကား ခဏရပ်ဦး"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောသဖြင့် ရပ်ပေးလိုက်ရသည်။

"ဘာဖြစ်လို့လဲဗျ"

ကျော်အေးက မေးရာ

"ကျုပ်တို့ရွာက ကောင်မလေးဖွင့်တဲ့ ဆိုင်နဲ့ တူတယ်ဗျ"

ဟုပြောပြီး ကားပေါ်ကဆင်း၍ ကုန်ပဒေသာဆိုင် တစ်ခုဆီ လျှောက်သွားသည်။ ကျော်အေးလည်း ခေါင်းကုတ်ပြီး နောက်မှ လိုက်သွားရ၏။

တက်ပုသည် ဆိုင်ထဲဝင်ပြီးနောက် ပထမဆုံး တွေ့သော ကောင်တာမှ စာရေးမလေးကို

"မိနီကော၊ မိနီ ဘယ်သွားလဲ"

ဟု မေးလိုက်သည်။ စာရေးမလေးက

"မိနီဆိုတာ ဒီမှာ မရှိဘူးရှင်"

"ဟုတ်လား။ ခင်ဗျားနာမည်ကကော မကက်လား"

"ရှင်...ဟို"

စာရေးမလေး ကြောင်တောင်တောင် ဖြစ်နေ၏။ နောက်က လိုက်ဝင်လာသော ကျော်အေးက

"ဟေ့လူ၊ ခင်ဗျား ဘာတွေလျှောက်ပြောနေတာလဲ"

"ဩော် ကျုပ်တို့ရွာ မိနီဆိုတဲ့ ကောင်မလေး ဖွင့်ထားတဲ့ဆိုင် မှတ်လို့"

"ခင်ဗျားက ဘယ်လိုလုပ်သိလို့လဲ"

"အပြင်မှာ ဆိုင်းဘုတ်ရေးထားတယ်လေ။ မိနီနဲ့ မကက် ဆိုတာ"

"ဟာ ဘယ်ကလာ မိနီနဲ့မကက်လဲဗျာ။ မိနီမတ်ကက်





ကုန်ပဒေသာ ဆိုင်လေးလို့ ဆိုလိုတာဗျ"

"သိပါဘူးဗျာ။ ဒေါ်မြရင် ဝက်အူချောင်းတို့ လှကလေးစိန်ထိုး မုန့်တို့လို လူနာမည် ရေးထားတာမှတ်လို့။ အဲပစ္စည်းတွေတော့ တော်တော်စုံတာပဲ"

ထိုအခါ အရောင်းစာရေးမလေး ပြုံးရွှင်သွားပြီး

"ဟုတ်ပါတယ်ရှင်။ လိုချင်တာ အကုန်ရပါတယ်။ ဘာများ အလိုရှိပါသလဲ။ ကြည့်ပါ"

တက်ပုက ဆိုင်ထဲ မျက်လုံးကစားလိုက်ပြီး

"တိုက်ကြက်မျိုးကောင်းကောင်း မရှိဘူးလား"

"ရှင်"

"ဟာဗျာ၊ ဒါ တိုက်ကြက်ရောင်းတဲ့ နေရာမှ မဟုတ်တာ"

ဟု ကျော်အေးက ဝင်ပြောတော့

"ဒါနဲ့ လိုချင်တာ အကုန်ရတယ်ဆို"

စာရေးမလေး ခေါင်းကုတ်နေသည်။ ကျော်အေးက

"ဒီလိုပါဗျာ။ သူက ကြက်တိုက်ဝါသနာပါလို့ပါ။ အဲဒါဆို ကြက် တိုက်တမ်း ကစားတာပါတဲ့ ဗီဒီယိုဂိမ်း မရှိဘူးလား"

"အဲဒါတော့ မရှိဘူး။ ဘောလုံးကန်တာတို့ လက်ဝှေ့ထိုးတာတို့ ပါတဲ့ ဗီဒီယိုဂိမ်းတွေတော့ ရှိပါတယ်"

"ကဲ အဲဒါပဲ ပေးဗျာ"

"ကျုပ်က ဗီဒီ ဘာလုပ်ရမှာလဲဗျ"

တက်ပုက ပြောသည်။ ကျော်အေးက ရှင်းပြရပြန်သည်။

"ဗီဒီ မဟုတ်ဘူး။ ဗီဒီယိုဂိမ်း။ အပျင်းပြေကစားတာ။ အိမ်ကျ တော့ ကျွန်တော် သင်ပေးမယ်"

၁ ၁ ၁



www.burmeseclassic.com

www.burmeseclassic.com



ဘိုကေက ကတုံးကို ပွတ်နေရင်းက

"ဘယ်လိုလဲ ကိုကျော်အေး။ မြေပုံအညွှန်းကို ရှေ့ဆက်ပြီး မဖော်နိုင်တော့ဘူးလား။ ပြင်ဦးလွင်ဆိုတာလောက်နဲ့ ရပ်နေတာ ခက်တယ်ဗျာ။ ကျုပ်တော့ ပြင်ဦးလွင်ကို တစ်ခါတည်းတောင် တက်သွားချင်တယ်။ ဟိုမှာ အခြေစိုက်ပြီး ကြိုးစားမလားလို့တောင် စိတ်ကူးတယ်"

"သိပ်လည်း စိတ်မစောပါနဲ့လေ။ ကျွန်တော့်အထင်တော့ အခုဆက်ဖော်ရမယ့် စကားဝှက်ဟာ အရေးကြီးဆုံးအဆင့်လို့ထင်တယ်။ ဒါကို ဖော်နိုင်ရင် နောက်ဆုံးအဆင့်တွေက သိပ်မခက်နိုင်တော့ပါဘူး။ ဒီတော့ ကျွန်တော်တို့အနေနဲ့ မိုးပေါ်ကကျသည့်ရေ"

ပြောရင်း ကျော်အေး စကားရပ်သွားသည်။ မူယာက အအေးဘူးတွေကို ဗန်းနှင့်တင်ပြီး လာပို့သောကြောင့် ဖြစ်၏။ ကျော်အေးက မူယာကို တစ်ချက် မကျေမနပ် ကြည့်သည်။ ပြီးတော့ လေသံခပ်ဆတ်ဆတ်ဖြင့်

"အအေးဘူးတွေ ဘယ်သူက လာပို့ခိုင်းလို့လဲ"

"ဩော်၊ ဘယ်သူကမှ ပို့ခိုင်းတာ မဟုတ်ပါဘူး။ ဒီနေ့ နည်းနည်းအိုက်လို့ အပန်းပြေသောက်ရအောင် လာပို့တာပါ"

"နောက်ကို မပြောဘဲ ဝင်မလာနဲ့ ကြားလား"

"ဟုတ် ဟုတ်ကဲ့"

မူယာက အအေးဗန်းကို ချပေးပြီး ပြန်ထွက်သွားသည်။ ဘိုကေက

"ကောင်မလေးက သိပ်အလိုက်သိတယ်ဗျ။ ရေငတ်နေကာအတော်ပဲ"

www.burmeseclassic.com



ဆိုပြီး အအေးဘူးတစ်ဘူးယူပြီး ဖွင့်သောက်သည်။ ကျော်အေးက

"သတိတော့ထားပါဗျာ။ ခုချိန်မှာ သူစိမ်းဆို ဘယ်သူမှ မယုံသင့်ဘူး"

မူယာသည် ညှိခန်းထဲမှ အတွင်းခန်းသို့ ဝင်လာပြီးနောက် ကန့်လန့်ကာကြားမှာ ပြန်ချောင်းနားထောင်နေသည်။ သို့ရာတွင် ကျော်အေးက ခုံကို ဘိုကေဘက် ဆွဲကပ်ပြီး ခေါင်းချင်းဆိုင်၍ ခပ်တိုးတိုးပြောနေသဖြင့် ဘာမှ မကြားရ။

ထိုစဉ်တွင် တစ်စုံတစ်ယောက်က ပခုံးကို လာတို့သဖြင့် တုန်ခနဲ လန့်သွားသည်။ လှည့်ကြည့်တော့ သက်ရှည်ဖြစ်နေ၏။ မူယာက မျက်စိမျက်နှာပျက်သွားရာမှ တစ်စုံတစ်ခု အကြောင်းပြဖို့ စဉ်းစားနေစဉ် သက်ရှည်က ရှူးတိုးတိုးဆိုသော သဘော နှုတ်ခမ်းကိုလက်ညှိုးနှင့်တေ့ပြပြီး သူပါ ဝင်ချောင်းကြည့်နေလေတော့သည်။

၁ ၁ ၁

"အဲဒါပဲ။ ကျော်အေးဆိုတဲ့ကောင်နဲ့ ကတုံးနဲ့ အရေးတကြီး တိုင်ပင်နေတာ တွေ့တယ်။ ပြင်ဦးလွင်ဆိုတာတော့ ကြားလိုက်တယ်။ နီးစပ်ပြီဆိုတာလည်း ပါတယ်။ ဟို သက်ရှည်ဆိုတဲ့ကောင် ရောက်လာဘာနဲ့ ဆက်နားမထောင်ဘဲ လစ်ထွက်ခဲ့ရတယ်"

မောင်တီးက ကားကိုရေဆေးရင်း နားထောင်နေရာမှ ပြန်မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"သက်ရှည်ကဘော၊ နင် ချောင်းနားထောင်နေတာ မရိပ်မိဘူးလား"

"ဒီကောင်က ဘာမှ နားမလည်တဲ့ အရူးအပေါပဲ။ သူပါ ရောယောင်ပြီး ဝင်ချောင်းကြည့်နေသေးတယ်။ တော်သေးတယ်။ လူဖြင့် လန့်သွားတာပဲ"

"အင်း ဒီအတိုင်းဆိုရင် ဒီကောင်တွေ ပြင်ဦးလွင်မှာ ခွင်ကောင်းကောင်းတစ်ခု တွေ့ထားတာ ဖြစ်လိမ့်မယ်။ သူတို့ထဲမှာ ကျော်အေးနဲ့ ကတုံးက အဓိကပဲ။ ဒီတော့ ကတုံးကိုသာ မြန်မြန်ပိုင်အောင် လုပ်ပေတော့"

"ဖြစ်ပါတယ်။ ဟိုတစ်နေ့ကတောင် ပင်ပန်းနေပြီလား ဘာလားနဲ့ လာရောနေသေးတယ်။ ဒီတစ်ခါဆုံရင်တော့ အမိဖမ်းရမှာပဲ"

"ရွှေမိကိုတော့ သတိထားနော်။ သူက နည်းနည်းထက်ပုံရတယ်။ ချော့ပေါင်းထား"

"သူခိုင်းသမျှ မညည်းမညူ လုပ်ပေးနေတာပဲ။ ပင်တော့ ပင်ပန်းတယ်။ ဒါပဲနော်။ ခုကိစ္စ အဆင်ပြေရင်သာ ပေးထားတဲ့ ကတိကို မမေ့နဲ့"

"အေးပါဟ"

"ကဲ သွားဦးမယ်။ ညစာအတွက် ကူလုပ်ပေးရဦးမယ်။ အဲဒီတောသူမကလည်း တစ်မျိုး။ ဟိုတစ်နေ့ကလည်း ငါးသေတ္တာဘူးကို ဖောက်ခိုင်းပြီး ကန်စွန်းရွက်ချဉ်ရည်ထဲ ထည့်ချက်သတဲ့။ ခပ်တုံးတုံးတွေပါ"

"သူတို့ တုံးလေ။ ငါတို့ နှပ်ချလို့ ကောင်းလေပေါ့ဟ"

၁ ၁ ၁





ညဉ့်နက်နေပြီ။ ဘိုကေသည် အိမ်ထဲမှာ လျှောင်အိုက်နေသဖြင့် ပန်းခြံထဲရှိ ခုံတန်းကလေးမှာ ထွက်ထိုင်ပြီး ဘီယာသောက်နေသည်။

ထိုအခြေအနေကို မူယာက ချောင်းနေခဲ့ခြင်း ဖြစ်၏။ ဘိုကေ တစ်ယောက်တည်းလည်း ရှိသည့်အချိန်၊ ဘီယာလေးလည်း ထွေနေချိန်။ ညဉ့်လည်းနက်နေချိန်ဆိုတော့ အားလုံး ကွက်တိပဲ။ လည်ပင်းဟိုက်ဟိုက်၊ အင်္ကျီလက်ပြတ်ကိုလည်း တမင်ရွေးဝတ်လာခဲ့သည်။

ဘိုကေ့ဆီ လျှောက်သွားပြီး

"အစ်ကိုကြီး မအိပ်သေးဘူးလား"

"ဩော် လာလာ၊ ထိုင်လေ"

မူယာသည် ဘိုကေ့ဘေးမှာ ဝင်ထိုင်သည်။

"ညီမလည်း ဟိုစဉ်းစား ဒီစဉ်းစားနဲ့ အိပ်မပျော်လို့ ဒီဘက်ထွက်ခဲ့တာ"

"ဘာတွေများ စဉ်းစားနေလို့တုံး မူယာရဲ့"

"ဩော် ကိုယ့်ရဲ့အတိတ်က ဖြစ်ရပ်တွေရယ်၊ ရှေ့ဆက်ပြီး ဘယ်လို နေထိုင်စားသောက်ရမလဲဆိုတာတွေ တွေးပြီး စိတ်မကောင်းဖြစ်ရတာပေါ့ အစ်ကိုကြီးရယ်"

"ဟာ စိတ်မကောင်းစရာရှိလို့လဲ၊ အစ်ကိုကြီးတို့နဲ့ နေတဲ့အခါ ပျော်ပျော်ရွှင်ရွှင် နေစမ်းပါ၊ အကူအညီလိုရင်လည်း ပြော"

"အဓိကကတော့ ညီမတို့ မောင်နှမ ကံဆိုးခဲ့တာကို သတိရပြီးမိတာပါ"

"ညီမတို့က တော်တော်ဒုက္ခရောက်ခဲ့လို့လား"

"အမေရှိစဉ်ကတော့ ညီမတို့ မိသားစုဟာ ချောင်ချောင်လည်လည် နေနိုင်ခဲ့ပါတယ်။ နောက်တော့ အဖေက ရုတ်တရက်



www.burmeseclassic.com

www.burmeseclassic.com



ဆုံးသွားရှာတယ်"

"ဩော် ဩော် စိတ်မကောင်းစရာပဲ"

"အဲဒီတုန်းက ညီမတို့ကလည်း ငယ်သေးတယ်လေ။ အမေက လည်း ဘာမှ မလုပ်တတ်မကိုင်တတ်ဆိုတော့ အားကိုးစရာ ရှာတဲ့ အနေနဲ့ နောက်အိမ်ထောင်ပြုခဲ့တယ်"

ပြောပြီး ကိုဘိုကေကို တစ်ချက် အကဲခတ်သည်။ ဘိုကေ စိတ်ဝင်စားဟန်ရှိသဖြင့် ဆက်ပြော၏။

"ပထွေးက အစပိုင်း ဟုတ်တော့မလိုလိုနဲ့ နောက်တော့ ဖွဲ့ဖောက်လာတာပဲ။ ဘာအလုပ်မှ မလုပ်တော့ဘူး။ အမေနဲ့ ညီမက ဈေးရောင်း။ အစ်ကိုမောင်တီးက ရေထမ်းရတယ်။ ရသမျှ ငွေကို သူက အကုန်သိမ်းပြီး အရက်သောက်ပစ်တာပဲ။ ဖဲလည်း ရိုက်သေးတယ်။ ညီမတို့ သားအမိတစ်တွေကိုလည်း နှိပ်စက်သေးတယ်"

ပြောရင်း ငိုသံပါလာပြီး မျက်ရည်ဝဲလာ၏။ ဘိုကေ စိတ်မကောင်း ဖြစ်နေဟန် မြင်သဖြင့် ပခုံးချင်းထိအောင် တိုးကပ်လိုက်ပြီး...

"ဒါတင်မကဘူး။ တစ်နေ့မှာတော့ အမေနဲ့ အစ်ကိုမရှိတုန်း ညီမကို မတရားကျင့်ဖို့ ကြိုးစား ကြိုးစား"

ဆက်မပြောဘဲ ငိုနေလိုက်သည်။ မျက်ရည်ကျလာအောင် အတော် ကြိုးစားယူရ၏။

"ကြိုးစားတော့၊ ကြိုးစားတော့ ဘာဖြစ်သွားသေးလဲ"

ဘိုကေက စိုးရိမ်တကြီး ပျာပျာသလဲ မေးလိုက်၏။ ခွင်ထဲဝင်လာပြီဆိုတာ မူယာသိသွားပြီ။





"ဘာ ဘာမှတော့ မဖြစ်ပါဘူး"

ဘိုကေက တော်ပါသေးရဲ့ ဆိုသော အမူအရာဖြင့် သက်ပြင်းချလိုက်သည်။

"အစ်ကို ရောက်လာလို့ သက်သာသွားတာ။ အစ်ကိုကလည်း ပထွေးကို သတ်မဖြုတ်မယ်မေ့။ အမေကတော့ ကြောက်လို့ မပြောရဲဘူး။ နောက်ဆုံးတော့ ဆက်နေလို့ မဖြစ်တော့ဘူးဆိုပြီး ညီမတို့ မောင်နှမနှစ်ယောက် ဖြစ်လိုရာဖြစ် အိမ်က ဆင်းခဲ့ရာက ဒီကို ရောက်လာကြတာပါပဲ အစ်ကိုကြီးရယ်"

ဟု ပြောပြီး ဘိုကေ့ပခုံးပေါ် ခေါင်းမှီချလိုက်၏။

"အင်း... မူယာတို့ အဖြစ်က စိတ်မကောင်းစရာပါလား"

ပြောရင်း ဘိုကေက မူယာကို ဖက်လိုက်သည်။ မူယာက ဘိုကေ့ရင်ခွင်ထဲ တိုးဝင်ပြီး

"ညီမ အစ်ကိုကြီးကို အားကိုးပါရစေနော်"

"အားကိုးပါ။ အားကိုးပါ။ အစ်ကိုကြီး မူယာကို စောင့်ရှောက်သွားပါ့မယ်"

ဟု ဘိုကေက မချင့်မရဲ အသံကြီးဖြင့် ပြောလိုက်၏။

"သေနာကြီးတော့ မိပြီ" ဟု မူယာ စိတ်ထဲက ပြောလိုက်သည်။

၁၀၁

"ဟား... ဟား... ဟား အချဉ်တော့ မိပြီပေါ့၊ ဟုတ်လား။ ကောင်းတယ်၊ ကောင်းတယ်"

မောင်တီးက ကျေနပ်အားရစွာပြောရင်း ဖန်ခွက်ထဲ အရက်ငှဲ့ထည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ပထွေးနှိပ်စက်တဲ့ လုပ်ကြံဇာတ်လမ်းကို ခင်းပြလိုက်တာ ကတုံးကို တစ်ခါတည်း ငိုင်ကျသွားတာပဲ။ ပြီးတော့ ဘာတဲ့ အစ်ကိုကြီး မူယာ့ကို စောင့်ရှောက်ပါ့မယ်တဲ့။ အာလုတ်သံကြီးနဲ့ ပြောသေးတယ်"

"သတိတော့ ထားဦးနော်" ငါ

"ဘာကို သတိထားရမှာလဲ"

"ဟန်ဆောင်နေရင်းက ဘာကယ်ကြိုက်သွားပြီ ငါ့ကို သစ္စာဖောက်သွားမှာ စိုးလို့"

"ဟင်း... ဒီကတုံးကိုများ ကြိုက်သွားမှာ စိုးရသေးတယ်။ တောသားက တီရှပ်တွေ ဘာတွေသာ ဝတ်ထားတာ။ ရေမှ မှန်မှန်ချိုးရဲ့လား မသိဘူး။ သူ့ရင်ခွင်ထဲ မျက်နှာအပ်ထားရတာနံလိုက်တာ။ လူ့ကို ပို့ချင်အန်ချင်သလိုတောင် ဖြစ်လာတယ်"

"တောသားဆိုတော့ ခုထိ နွားချေးနဲ့ မစင်သေးဘူး ထင်ပါရဲ့ဟာ"

ဟု ပြောရင်း အရက်ဖန်ခွက်ကို မော့ချလိုက်၏။

၂၂၂

သက်ရှည်သည် လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်လာပြီး အပြင်စားပွဲမှာ ထိုင်လိုက်၏။ စားပွဲထိုးတစ်ယောက် အနားရောက်လာပြီး

"ဘာသောက်မလဲ ဆရာ"

"လက်ဖက်ရည်တစ်ခွက်၊ ချိုချိုလေး"

စားပွဲထိုးက ဆိုင်အတွင်းဘက်သို့ လှမ်းအော်လိုက်သည်။

"ဝမ်းတီး၊ ကျောက်ပန်းတောင်း ဂိတ်ဆုံး"





သက်ရှည် ခေါက်ခနဲ ခေါင်းထောင်ကြည့်ပြီး

"ဟေ့ကောင်၊ ငါ ကျောက်ပန်းတောင်းသား မဟုတ်ဘူးနော်။ ထန်းပင်စု ရွာကကွ"

စားပွဲထိုး ကြောင်သွားသည်။ ပြီးမှ သက်ရှည် နောက်နေတာပဲ ထင်ပြီး သံယောင်လိုက်၍

"ဩော် ဟုတ်ကဲ့၊ ထန်းပင်စု တစ်ခွက်တဲ့ဗျို့"

"ဒီလို လုပ်စမ်းပါကွ"

ဟု သက်ရှည် ဟန်နှင့်ပန်နှင့် ပြောလိုက်သည်။ စားပွဲထိုးက ခပ်ဖြဲဖြဲလုပ်ပြီး ထွက်သွားသည်။ ထို့နောက် လက်ဖက်ရည် တစ်ခွက် လာချပေးသည်။ လက်ဖက်ရည်တစ်ခွက်မှာ ထုံးစံအတိုင်း ခွက်သေးသေးလေး ဖြစ်၏။ သက်ရှည်က ခွက်ကို မျက်မှောင်ကုတ်ကြည့်လိုက်ပြီးမှ သဘောပေါက်သွားဟန် ပြုံးလိုက်သည်။ တဖူးဖူးမှုတ်ပြီး တင်ကျိုက်တည်း သောက်ချလိုက်၏။ ပြီးတော့ ပေါက်စီတစ်လုံးကို ကောက်ကိုင်သည်။ အောက်ဘက် လှန်ကြည့်ပြီး...

"ဒီဆိုင်က တော်တော်ညစ်ပတ်တာပဲ။ မုန့်မှာလည်း စက္ကူစုတ်ကြီး ကပ်လို့"

စက္ကူကိုခွာပြီး ပေါက်စီစားသည်။ ပြီးတော့ တစ်စုံတစ်ခု မျှော်သလို လည်တဆန့်ဆန့် လုပ်နေ၏။ အတော်ကြာသွားသောအခါ စိတ်ရှည်ဟန်ဖြင့် လှမ်းအော်သည်။

"ဟေ့ စားပွဲထိုး လာပါဦးကွ"

စားပွဲထိုးကလေး ရောက်လာပြီး

"ဘာလဲဆရာ။ ဆေးလိပ်ယူ မလို့လား"

"မဟုတ်ဘူးကွ။ ငါ လက်ဖက်ရည်မှာထားတာ ကြာလှပြီ။ ခုထိ



www.burmeseclassic.com

www.burmeseclassic.com



မရေးသေးဘူး"

"ဗျာ၊ ဒီမှာလေ။ ဆရာသောက်လိုက်လို့ ကုန်တောင် ကုန်နေပြီပဲ"

စားပွဲပေါ်မှ ပန်းကန်လွတ်ကို လက်ညှိုးထိုးပြသည်။

"ဟေ ဒါက မြည်းဖို့ နမူနာပေးတာ မဟုတ်ဘူးလား"

"ဟာ ဆရာက နောက်နေပြန်ပြီ"

"နောက်တာ မဟုတ်ဘူးကွ။ တကယ်ပြောတာ။ ကြည့်ပါဦး။ မင်းတို့ ပန်းကန်က လူမပြောနဲ့။ ကြောင်တောင် ဝမှာ မဟုတ်ဘူး"

"ဒါကတော့ ထုံးစံပါပဲဆရာရယ်။ သူများတွေလည်း ဒီလိုပဲ သောက်ကြတာပဲ"

"သူများတွေ သောက်ပေမယ့် ငါမဝဘူးကွ။ သွား မတ်ခွက်နဲ့ ဖျော်ခဲ့။ ကျသလောက် ပေးမယ်"

စားပွဲထိုးလေးမှာ ခေါင်းကုတ်ပြီး ထွက်သွားသည်။

၁ ၂ ၁

ကျော်အေး၊ တက်ပုနှင့် သက်ရှည်တို့ မောင်တီးကို ကားမောင်းခိုင်းပြီး ထွက်သွားကြသည်။ မူယာက သူတို့ကား ဝင်းအပြင် ရောက်မှ ဘိုကေဘက် မျက်လုံးကစားလိုက်သည်။ ဘိုကေက ဧည့်ခန်းထဲရှိ ဆိုဖာပေါ်မှာ အိပ်ပျော်နေ၏။ စောစောက ရွှေမိထဘီရင်လျှားနှင့် ရေချိုးခန်းထဲ ဝင်သွားတာ တွေ့လိုက်သည်။

ဒီတော့ တစ်အိမ်လုံးမှာ သူ့ကို စောင့်ကြည့်မည့်သူ မရှိတော့ အနည်းဆုံး အနေအထားကို လေ့လာလို့ ရမည်။ အချိန်ရလျှင် ရွှေ





နောက်ကြည့်မည်ဟု ဆုံးဖြတ်ပြီး အပေါ်ထပ်သို့ ခြေဖော့နင်း၍ တက်လာခဲ့သည်။ အရပ်အမြည် ကြည့်လိုက်ပြီးနောက် ဘိုကေ့အခန်းထဲသို့ ဝင်သည်။

မီးခံသေတ္တာကို သေသေချာချာကြည့်သည်။ ဒီလောက်ကြီးတဲ့ မီးခံသေတ္တာဆိုလျှင် ငွေတွေတော်တော်များများ ရှိနိုင်သည်။ သော့မရှိဘဲ ဖွင့်ဖို့တော့ မလွယ်။ သော့က သုံးပေါက်တောင် ရှိသည်။ သော့ကို ရှာရမည်။

စားပွဲရှိရာသွားပြီး အံဆွဲကို အသံမမြည်အောင် ဆွဲဖွင့်လိုက်သည်။ သူ့မျက်နှာ ရှုံ့မဲ့သွား၏။ အံဆွဲထဲမှာ ကြက်ကြော်၊ ဘဲကင်စသော စားစရာတွေသာ ရှိနေသည်။

မျက်လုံးကစားကြည့်လိုက်ရာ နံရံကြွက်လှောက်ပေါ်မှာ စီတင်ထားသော ဘီယာဘူးခွံတွေကို တွေ့လိုက်ရ၏။ သူလျှောက်သွားပြီး ဘီယာဘူးခွံတစ်ခုကို ကိုင်မည်အပြု

"ဟေ့ မကိုင်နဲ့"

အသံကြားသဖြင့် လန့်သွားသည်။ လှည့်ကြည့်တော့ ဘိုကေကို တွေ့လိုက်ရသည်။

"ဘာလာလုပ်တာလဲ"

ဟု ပြောရင်း အနားတိုးကပ်လာသည်။ မူယာက ချက်ချင်းဉာဏ်ဆွဲဆည်လိုက်ပြီး

"အစ်ကိုကြီး အိပ်ရာတွေ သိမ်းဖို့လာရင်းနဲ့ အခန်းက ရှုပ်ပွနေတာ မြင်တော့ ရှင်းလင်းပေးမလို့ပါ"

"နေပစေ၊ မရှင်းနဲ့။ ငါ့ဘာသာ ရှင်းမယ်"

"ဟိုဘီယာဘူးခွံတွေက ရှုပ်တောင်ရှုပ်သေးတယ်၊ ညီမ ယူသွား



www.burmeseclassic.com

www.burmeseclassic.com



ပြီး လွှင့်ပစ်လိုက်မယ်နော်"

"ဟာ လွှင့်ပစ်လို့ မဖြစ်ဘူး။ ဒါက အရေးကြီး။ အဲ"

"ဘာဖြစ်လို့လဲ အစ်ကိုကြီးရဲ့။ ဘူးခွံတွေ အလကား သိမ်းထား တယ်"

"ဟို ဟိုဟာ အဲ အစ်ကိုကြီး တစ်နေ့ဘီယာ ဘယ်နှစ်ဘူး သောက်သလဲ သိရအောင် မှတ်ထားချင်လို့ပါ။ အဲ အဲ ဒါနဲ့ မူယာ ဘာတွေ လျှောက်ကိုင်ကြည့်သေးလဲ"

"ဘာမှ မကိုင်ကြည့်ပါဘူး။ ဟို ရေခဲသေတ္တာကြီးကို ဖုန်သုတ် တာပဲ ရှိတယ်"

ဟု ပြောပြီး မီးခံသေတ္တာကြီးကို လက်ညှိုးထိုးပြသည်။ ဘိုကေ က တုံးရန်အရန်ကောဆိုသော ပုံစံဖြင့် တဟားဟားရယ်လိုက်ပြီးမှ

"ဟား ဟား ဒါ ရေခဲသေတ္တာ မဟုတ်ပါဘူးဟ။ မီးခံသေတ္တာ ကြီးပါ"

"ဩော် အဝတ်အစားတွေ ဘာတွေထည့်တာပေါ့။ ဟုတ်လား"

"မဟုတ်ဘူး၊ ဟိုဟာ အဲ ဟုတ်တယ်။ အစ်ကိုကြီးရဲ့ အဝတ် အစားတွေက အဖိုးတန်တွေချည်းပဲ မဟုတ်လား။ ဒါကြောင့် သော့ခတ်ပြီး သိမ်းထားတာ"

"ဟုတ်လား၊ ဒါမျိုး တစ်ခါမှ မမြင်ဖူးဘူး။ ကဲ ညီမသွားမယ် နော်"

"နေပါဦး ညီမရဲ့၊ ဟဲ ဟဲ"

ဆိုပြီး ဘိုကေက မူယာ့လက်ကို ဖမ်းဆွဲပြီး ဖက်လိုက်သည်။ မူယာက ရင်ခွင်ထဲ တိုးဝင်ရင်း...

"ဟင်း... သိပ်ကဲတယ်"





ဟု ပြောလိုက်၏။ ဘိုကေ့ကိုယ်က ချွေးနံ့၊ ဘီယာနံ့တွေ နံစော် နေသဖြင့် နှာခေါင်းရှုံ့လိုက်မိ၏။

၁ ၁ ၁

ဗီဒီယိုဂိမ်းစက်ကို တက်ပုက ဝယ်လာခြင်း ဖြစ်သော်လည်း ကစားကြည့်ပြီး တကယ်တမ်း စွဲသွားသူက သက်ရှည်ဖြစ်၏။ သူသည် အချိန်ရှိသရွေ့ ဗီဒီယိုဂိမ်းသာ ကစားနေသည်။ မကစားရသည့် အချိန် မှာပင် လက်မလေးနှစ်ဖက်က ခလုတ်နှိပ်သလို တလှုပ်လှုပ်ဖြစ်နေ တတ်သည်။

ခုလည်း သူက ဧည့်ခန်းထဲ၌ ဗီဒီယိုဂိမ်း ကစားနေခဲ့သည်မှာ မနက်စောစောကတည်းက ဖြစ်၏။ ရွှေမိက သူ့အနားလာရပ်ပြီး

"ဒီမှာတော့ ကိုရင်သက်ရှည်"

သက်ရှည်က မကြားဘဲ ဆက်ကစားနေသည်။

"ကိုရင်သက်ရှည်"

ရွှေမိက အသံမြှင့်ပြီး ခေါ်သည်။ သက်ရှည်က လက်ကာပြပြီး ဆက်ကစားနေ၏။

"အားရင် ဒါပဲ ကစားနေတာပဲ။ ခဏ ရပ်လိုက်စမ်းပါ။ ပြောစရာ ရှိလို့"

"အေးပါ၊ ခဏလေး။ ဒီတစ်ပွဲတော့ ငါနိုင်မှာ ကျိန်းသေနေပြီ"

ရွှေမိက စိတ်မရှည်တော့ဘဲ တီဗွီခလုတ်ကို ပိတ်လိုက်၏။ သက် ရှည် မချင့်မရဲ ဖြစ်သွားပြီး

"ဘယ်လို ဖြစ်တာလဲဟာ။ ဘာအရေးကြီးလို့လဲ"

"ပြောစရာရှိလို့။ ဒါနဲ့ ကိုရင်တက်ပုကကော"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူးလေဟာ။ စောစောကတော့ ဆာတယ်ဆိုပြီး ထမင်းစားခန်းထဲ ဝင်သွားတာပဲ"

"ဒါဆိုလာ လိုက်ခဲ့"

ရွှေမိက သက်ရှည်ကို ထမင်းစားခန်းထဲ ဆွဲခေါ်သွားသည်။ အထဲရောက်သောအခါ တက်ပုသည် ကြက်ပေါင်တစ်ချောင်းကို ကိုက်နေရာမှ ရွှေမိကို မြင်သောအခါ လက်ကို နောက်ပစ်ပြီး ဖွက်လိုက်တာ တွေ့ရ၏။

"ကိုရင်တက်ပု၊ ဟင်းတွေ ခိုးစားနေလား"

ရွှေမိက မေးသည်။

"တစ်တုံးတည်းပါဟာ"

"ညနေတအတွက် ဟင်းနည်းနေဦးမယ်"

"နင်ကလည်းဟာ ငါတို့မှာ ပိုက်ဆံတွေ အများကြီး ရှိတာပဲ။ ဟင်းများများ ချက်စမ်းပါ"

"ဘယ်ရမလဲ။ စည်းနဲ့ကမ်းနဲ့ပဲ။ အဘွားက ဒီအတိုင်း မှာသွားတာ"

သက်ရှည်က

"ကဲ ပြောစရာရှိတယ်ဆို ပြောလေ"

"တခြားမဟုတ်ဘူး။ ကိုကြီးဘိုကေက မူယာဆိုတဲ့ ကောင်မကို သိပ်အရေးပေးတာပဲ။ တစ်ခါတလေ ပန်းခြံထဲမှာ နှစ်ယောက်တည်း စကားပြောပြောနေတတ်တယ်။ ဒီကောင်မနဲ့ ကိုကြီးဘိုကေနဲ့ ကြည့်ပုံရှုပုံကလည်း တစ်မျိုးပဲ။ ကျများ ကျနေကြသလား မသိဘူး"

ရွှေမိက ပြောသည်။ သက်ရှည်က



"သူဟာသူ ကျလည်း ဘာဖြစ်သလဲဟ"

"ကျုပ်ကတော့ ဒီကောင်မကို သိပ်သဘောမကျဘူး။ ကိုကြီးဘိုကေကို မြူဆွယ်ပြီး စားနေတယ်လို့ ထင်တာပဲ"

"နင်ကလည်းဟာ အလုပ်မရှိ အလုပ်ရှာလို့ ဘာများ အရေးကြီးတာ ပြောမလဲလို့။ အလကား၊ ကစားရတာတောင် အာရုံပျက်တယ်။ သွားမယ်"

ဆိုပြီး သက်ရှည်က ထွက်သွား၏။ တက်ပုကလည်း

"ဟုတ်တယ်။ ငါလည်းစားရတာ အရသာပျက်တယ်။ သွားမယ်"

ကြက်ပေါင်ကိုကိုက်ပြီး ထွက်သွားပြန်၏။ ရွှေမိမှာ မကျေမနပ်နှင့် ကျန်ခဲ့သည်။

သက်ရှည်တို့ တက်ပုတို့ကို ပြောလို့မရတော့ ကျော်အေးကို ပြောကြည့်သည်။ သူကတော့...

"ဟုတ်တယ် ရွှေမိ။ အစ်ကိုလည်း သိပ်သဘောမကျဘူး။ အစကတည်းက လူစိမ်းတွေ ခေါ်ထားချင်တာ မဟုတ်ဘူး။ ကိုဘိုကေကို ပြောမရလို့ ကြည့်နေရတာ။ သတိတော့ထားမှ ဖြစ်မယ်။ ရွှေမိလည်း နည်းနည်း စောင့်ကြည့်နေပေါ့"

ဟု ပြောသည်။

၁ ၁ ၁

မူယာက အိမ်ရှေ့ခန်းမှာ လှည်းကျင်းနေတုန်း ကျော်အေး ရောက်လာသည်။ ဧည့်ခန်းထဲ မျက်လုံးဝေ့ကြည့်ပြီးမှ...

"ကိုဘိုကေရော"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးသည်။

"သူ့အခန်းထဲမှာ ထင်တယ်"

ကျော်အေး အပေါ်ထပ်သို့ ခပ်သုတ်သုတ် တက်သွားသည်။ ကျော်အေးပုံစံမှာ တစ်စုံတစ်ခု အရေးကြီးတာ ပြောစရာရှိနေပုံရသည်။ လက်ထဲမှာလည်း စာအုပ်တစ်အုပ် ကိုင်သွားသည်။ အကြောင်းထူးတော့ ရှိပြီဟု တွက်လိုက်သည်။ ထို့ကြောင့် အပေါ်ထပ်သို့ ခြေဖော့နင်းပြီး လိုက်တက်သွားသည်။

ဘိုကေသည် ခုတင်ပေါ် လှဲရင်း ပန်းသီးစားနေ၏။ ကျော်အေးက သုတ်သီးသုတ်ပျာ ဝင်လာပြီး

"ကိုဘိုကေ ကျွန်တော် သိပြီဗျ။ သိပြီ"

"ဘာ ဘာသိတာလဲ"

"မြေပုံထဲက စကားဝှက်ကို ထပ်ဖော်နိုင်ပြီလို့ ပြောတာ"

ဘိုကေ လှဲနေရာမှ ခေါက်ခနဲ ထထိုင်ပြီး

"ပြောစမ်းပါဦး။ ပြောစမ်းပါဦး ဘာတဲ့လဲ"

ကျော်အေးက ကုလားထိုင်ဆွဲယူ၍ ထိုင်လိုက်ပြီး

"မနေ့ညက ကျွန်တော် ချောင်းဆိုးချင်သလို ရင်ကျပ် ချင်သလို ဖြစ်တာနဲ့ ဘာဆေးသောက်ရကောင်းမလဲ စဉ်းစားရင်း ဆေးနည်းတွေ မှတ်ထားတဲ့ စာအုပ်သတိရလို့ ရှာကြည့်တော့ ဟောဒီမှာ ကျွန်တော်ဖတ်ပြမယ်"

ကျော်အေးက စာအုပ်ကို ဖွင့်လိုက်ပြီး မှတ်ထားသည့် နေရာမှ ...

"ကြံနဲ့ ချင်း၊ နွယ်ချိုသွင်း၊ ပိတ်ချင်းဖက်သာ၊ ပန်းနာရင်ကျပ် သတိချပ် မပြတ်သုံးဆောင်ပါတဲ့"





"ဟာ ဒါနဲ့ ဘာဆိုင်လို့လဲ၊ ခင်ဗျားဟာက ဆေးနည်းကြီးပဲ"

"ဆိုင်တာပေါ့ ကိုဘိုကေရ။ ကျွန်တော် ရှင်းပြမယ်။ စကားဝှက်ထဲမှာ ပါတဲ့ မိုးပေါ်က ကျသည့်ရေ ချောင်းဆိုးပျောက်သည် ဆိုတာကို နှစ်ပိုင်းခွဲကြည့်ရမယ်။ မိုးပေါ်ကကျတဲ့ရေဆိုတာ ဘာလဲ ရေတံခွန်ကို ပြောတာ မဟုတ်ဘူးလား။ ရေတံခွန်ဆိုတာ ဟိုး အပေါ်က ကျနေတာ မဟုတ်လား"

"ဒါတော့ ဖြစ်နိုင်တယ်ဗျ။ ဆက်ပြောပါဦး"

"နောက် စကားဝှက်တစ်ခုက ချောင်းဆိုးပျောက်သည်ဆိုတာ မဟုတ်လား။ ခုန ကျွန်တော်ဖတ်ပြတာက ချောင်းဆိုးပျောက် တဲ့ ဆေးနည်းပဲလေ။ အဲဒီ ဆေးအမည်တွေထဲမှာ ဘာပါသလဲ။ ပိတ်ချင်းမပါဘူးလား။ စောစောကပြောတဲ့ ရေတံခွန်နဲ့ ပိတ်ချင်းနဲ့ပေါင်းပြီး စဉ်းစားကြည့်တော့ ပိတ်ချင်းမြောင် ရေတံခွန်ကို ဆိုလိုတာပဲ။ ရှင်းမသွားဘူးလား"

ဘိုကေ လက်ထဲမှာ ကိုင်ထားသော ပန်းသီးလွတ်ကျသွားပြီး

"ဟာ ဟုတ်တယ်ဗျာ။ ကြည့်စမ်း။ တော်တော်နက်နဲတဲ့ စကား ဝှက်ပဲဗျနော်။ ခင်ဗျားမို့လို့ ဖော်နိုင်တာ။ ခင်ဗျားကျေးဇူးကို တော့ မမေ့ဘူး။ ရတနာတွေရရင် ခင်ဗျားကို ထိုက်ထိုက် တန်တန် ပေးမယ်"

"ရတနာတွေက အရေးအကြီးပါဘူးဗျာ"

ဟု ကျော်အေးက သူ့အဓိပ္ပာယ်နှင့် သူပြော၏။ ဘိုကေက

"အို ဘာပဲဖြစ်ဖြစ်ဗျာ။ ခင်ဗျားလိုချင်တာပြော။ ရရစေမယ်"

ကျော်အေးက ကျေနပ်ပြုံး ပြုံးနေ၏။ ဘိုကေက ဆက်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကြောင်အော်သံကြားရာအရပ်တို့ ဘာတို့ဆိုတဲ့ နောက်ထပ် စကားဝှက်တွေကကော"

"ဒါက ဟိုရောက်လို့ ဒေသအခြေအနေကြည့်ပြီး အဓိပ္ပာယ်ကောက်ယူရင် ရမှာပါ။ သိပ်မခက်နိုင်တော့ပါဘူး"

"အင်း ဟုတ်တယ်။ ဟိုကိုရောက်ရင် နောက်ပိုင်းစကားဝှက်တွေ ကို လွယ်လွယ်ကူကူ ဖော်နိုင်တဲ့ လမ်းစတော့ တွေ့မှာပဲ။ ပြောနေကြာတယ်ဗျာ။ နက်ဖြန်မနက်ပဲ ပြင်ဦးလွင်ကို သွားကြမယ်။ ပိတ်ချင်းမြောင် ရေတံခွန်ကို ရောက်ရင် ဆက်ရှာမယ်ဗျို"

"ကောင်းတယ်။ ဒါနဲ့ မြေပုံကိုလည်း သေသေချာချာ သိမ်းဦးနော်"

"မပူပါနဲ့ဗျာ။ ဒီ မီးခံသေတ္တာကြီးက လုံခြုံစိတ်ချပါတယ်ဗျ။ သော့ သုံးချောင်းနဲ့ ဖွင့်မှ ရတာပါ"

ကျော်အေးက ခေါင်းညိတ်ပြသည်။ ထို့အတူ အပြင်မှချောင်းနားထောင်နေသော မူယာကလည်း ခေါင်းတညိတ်ညိတ် လုပ်နေသည်။ ပြီးမှ ခြေဖျော့နင်းပြီး အောက်ထပ်ပြန်ဆင်းသွားလေ၏။

၁ ၁ ၁

"ဩော် ဒီလိုကိုး။ သူတို့က ရတနာမြေပုံ ရထားတာကိုး။ စားရက်ကြတော့ မုတ်ဆိတ်ဖျားဆွဲတယ်ဆိုတာ ဒါမျိုးပေါ့"

မောင်တီးက မုတ်ဆိတ်မွေးအတုကို ပွတ်ရင်း ပြောလိုက်သည်။

"သူတို့က နက်ဖြန်မနက်ဆိုရင် ပြင်ဦးလွင်ကို သွားကြတော့မယ်လို့ ပြောတယ်။ ဒီတော့ ကျွန်မတို့ ဘာလုပ်ကြမလဲ"





"ကျွန်မစဉ်းစားထားတာကတော့ သူတို့ ပြင်ဦးလွင်ကို တက်တဲ့အခါ ကျွန်မပါ လိုက်လို့ရအောင် လုပ်မယ်။ ရှင်က နောက်ယောင်ခံပြီး လိုက်ခဲ့။ ရတနာတွေ ဖော်နိုင်ပြီဆိုမှ လုလိုက်မယ် မကောင်းဘူးလား"

"အဲဒီနည်းက အန္တရာယ်မကင်းဘူးဟ။ သူတို့က လူများတယ်။ ပြီးတော့ အဆင်မသင့်ရင် လူကိုပါ ရှင်းချင်ရှင်းပစ်ရမှာ။ လူသတ်မှု ဖြစ်ပြီဆိုရင် နောက်ပိုင်းပြဿနာတွေ ရှုပ်လာမယ်။ ငါ့သဘောကတော့ ရတနာမြေပုံကို ရအောင်ခိုးပြီး ကိုယ့်ဘာသာ ရှာတာက ပိုကောင်းမယ်"

"မြေပုံထဲက စကားဝှက်ကို ပိတ်ချင်းမြောင်ရေတံခွန်ဆိုတာ အထိပဲ ဖော်လို့ရသေးတယ်။ ကျွန်မတို့ လက်ထဲမြေပုံရောက်ပြီဆိုပါတော့။ ကျန်တဲ့ စကားဝှက်တွေကို ဘယ်လိုဆက်ဖော်မလဲ"

"သူတို့ပြောတဲ့ စကားကို နင်ကြားခဲ့တယ် မဟုတ်လား။နောက်ပိုင်း စကားဝှက်တွေက ဟိုရောက်မှ နယ်မြေအခြေအနေကြည့်ပြီး ဖော်လို့ ရတယ်ဆို။ သူတို့လို တုံးအအတွေတောင် ဖော်နိုင်မယ်ဆိုရင် ငါတို့က ဘာလို့ မဖော်နိုင်ရမှာလဲ"

"ဒါလည်း ဟုတ်သားပဲ"

"ငါ့သဘောကတော့ ရတနာမြေပုံကို ဒီည ရအောင်ခိုးမယ်။ ပြီးတော့ ညတွင်းချင်း ပြင်ဦးလွင်ကို တက်မယ်။ ဖြစ်နိုင်ရင် ပိတ်ချင်းမြောင်ထိ တစ်ခါတည်း တန်းသွားမယ်။ မနက်အလင်းရောင်ရတာနဲ့ ရတနာသိုက်ကို ရှာမယ်။ ဒါဆိုရင် ငါတို့က သူတို့ထက် အချိန်တွေ အများကြီး ပိုရမယ်။ ဒီနည်းက



www.burmeseclassic.com

www.burmeseclassic.com



ပိုပြီးအန္တရာယ် ကင်းတယ်"

"အင်း ဟုတ်တယ်။ ကောင်းတယ်။ ဒီတော့ ကျွန်မက ဒီညနေ သူတို့စားမယ့် ဟင်းထဲမှာ အိပ်ဆေးခပ်ထားမယ်။ ညကျလို့ သူတို့ အားလုံး အိပ်မောကျနေတုန်း မြေပုံကို တက်ခိုးပေါ့"

"အေး ဟုတ်တယ်။ ဒီအကြံ ကောင်းတယ်"

"မီးခံသေတ္တာသော့က အခန်းနံရံမှာ စီတင်ထားတဲ့ ဘီယာဘူးခွံတွေထဲမှာ ထည့်ထားလိမ့်မယ်။ သော့ပေါက်သုံးခုရှိတော့ သော့ချောင်းကို ဘူးခွံတစ်ခုစီမှာ ခွဲထည့်ထားတာ ဖြစ်နိုင်တယ်။ ဘာကြောင့်လဲဆိုတော့ ဟိုတစ်နေ့က ကျွန်မအခန်းထဲဝင်ပြီး အခြေအနေ စုံစမ်းကြည့်နေတုန်း ကတုံးရောက်လာပြီး ဘီယာဘူးခွံတွေကို မကိုင်နဲ့၊ အရေးကြီးတယ်လို့ လှတ်ခနဲ ပြောတာ ကြားလိုက်တယ်။ သူ့ပုံစံကလည်း တစ်ခုခု စိုးရိမ်သွားသလိုပဲ။ ဒီတော့ သော့တွေဟာ အဲဒီဘူးခွံတွေထဲမှာပဲ ရှိရမယ်"

"အင်း ဒါကြောင့်လည်း နင့်ကို အားကိုးတားပေါ့ဟ"

"အားကိုးရင်လည်း ရှယ်ယာခွဲပေးဖို့ မမေ့နဲ့ဦး"

"စိတ်ချပါဟာ။ အင်း ဒီကိစ္စကလည်း မြန်မြန်အဆင်ပြေပါမှပဲ ဒီမုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေး အတုတွေတပ်ပြီး ရုပ်ဖျက်ထား ရတာ မစားသာဘူး။ ပြုတ်မထွက်အောင် အမြဲသတိထားနေ ရတယ်။ ယားကလည်း ယားသေး"

ဟု ပြောပြီး မုတ်ဆိတ်မွေး နှုတ်ခမ်းမွေးအတုတွေကို ဖြုတ်နေစဉ်

"ကိုမောင်တီးရေ။ ဗျို့ ကိုမောင်တီး"





အပြင်က ဘိုကေ၏ခေါ်သံကြားသဖြင့် ဟာ... အရေးထဲမှာ ဆိုပြီး မောင်တီးက "လာပြီ ဆရာရေ" ထထွက်မည်ပြုစဉ် မူယာက "ဟိုဟာတွေ ပြန်တပ်သွားဦးလေ" ဟု သတိပေးသည်။ ဘိုကေ ထပ်ခေါ်ပြန်သည်။ မောင်တီး ယောင်ယောင်ကန်းကန်းနှင့် လုပ်နေသဖြင့် နှုတ်ခမ်းမွေးနှင့် မုတ်ဆိတ်မွေး နေရာမှားနေသေးသည်။ ပြီးမှ အမြန်တပ်ပြီး ပြေးထွက်သွားသည်။

ခဏအကြာတွင် မောင်တီးခေါင်းကုတ်ပြီး စိတ်ပျက်လက်ပျက် ပုံဖြင့် ပြန်ရောက်လာသည်။

"ပြဿနာပဲဟာ"

"ဘာဖြစ်လို့လဲ"

"သူတို့က ဒီညနေ ဟင်းမချက်တော့ဘူးတဲ့။ စားသောက်ဆိုင်မှာ သွားစားမယ်တဲ့။ ဒီတော့ ဟင်းထဲ အိပ်ဆေးခတ်လို့ ဘယ်ရတော့ မလဲဟ"

"ရှင်က ကားနဲ့ လိုက်ပို့ရမှာပေါ့"

"အေးဟုတ်တယ်"

"ဒါဆို ပိုတောင်ကောင်းသေး။ သူတို့ အပြင်သွားနေတုန်း ကျွန်မ ရတဲ့နည်းနဲ့ အခန်းထဲဝင်ပြီး မြေပုံကို ခိုးလို့ရတာပေါ့ ဘယ့်နှယ်လဲ"

"မဖြစ်ဘူးဟ။ ကျော်အေးဆိုတဲ့ကောင်က နည်းနည်းလှုရည် လည်တယ်။ နင့်ကိုပါ စားသောက်ဆိုင် ခေါ်သွားဖို့ ပြောနေတယ်။ ဘိုကေကလည်း နင့်ကို ခေါ်ချင်နေတာ မဟုတ်သား"

"ခက်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး မူယာက အကြံထုတ် စဉ်းစားနေ၏။ ပြီးတော့

"အင်း ဟုတ်ပြီ။ ဒီလိုလုပ်။ ကတုံးကို ပြောစရာရှိလို့ ည ၁၂ နာရီလောက် ပန်းခြံထဲ ဆင်းခဲ့ပါလို့ လူအလစ်မှာ ပြောလိုက်မယ်။ အဲဒီအခါကျတော့ သူ့ကို အိပ်ဆေးခပ်ထားတဲ့ ဘီယာ တိုက်မယ်။ အဲဒီအချိန်ဆို တခြားလူတွေလဲ အိပ်ကုန်ပြီ။ ကျွန်မတို့ ပန်းခြံထဲမှာ ရှိနေတုန်း ရှင်က ကတုံးရဲ့ အခန်းထဲ ဝင်ပြီး မြေပုံကို ရအောင် ခိုးပေတော့။ မကောင်းဘူးလား"

"အေး ကောင်းတယ်"

"ကဲ အောင်မြင်ပါစေ"

တစ်ယောက်နှင့် တစ်ယောက် လက်ဝါးချင်းရိုက်လိုက်ကြသည်။

၁ ၁ ၁

ဘိုကေသည် ည ဆယ့်နှစ်နာရီ ထိုးသောအခါ နောက်ဖေးဘက်တံခါးမှထွက်ပြီး ပန်းခြံထဲသို့ လာခဲ့သည်။ ပန်းခြံထဲက ခုံတန်းလျားမှာ မူယာက စောင့်နေသည်။ ဘီယာနှစ်ဘူးကလည်း အဆင်သင့်။ ဘိုကေက မူယာ့ဘေးမှာ ဝင်ထိုင်လိုက်သည်။ အိမ်ဘေးမှာ ထွန်းထားသော မီးရောင်က သူတို့ဆီကို ကွက်တိကွက်ကြား တိုးဝင်နေသည်။

"လာမှ လာပါ့မလားလို့ အစ်ကိုကြီးရယ်"

မူယာက လှိုက်မောသောအသံဖြင့် ပြောလိုက်၏။

"မူယာကချိန်းရင် မလာဘဲ ဘယ်နေပါ့မလဲကွယ်"

ဘိုကေက ပြန်ပြောရင်း မူယာ့လက်ကို ကိုင်လိုက်၏။

"အစ်ကိုကြီး ကြိုက်တတ်မှန်းသိလို့ ဘီယာတွေတောင် ယူထား





တယ်။ သောက်လိုက်ပါဦး"

မူယာက ဘီယာဘူးတစ်ဘူးကို ဖောက်ပေးလိုက်၏။ အမှန်မှာ နဂိုကတည်းက ဖောက်ပြီးသား ဖြစ်၏။ လက်ကိုင်ကွင်းကို တည်းတည်းလေး ချန်ထားပြီး ခုမှ ဖောက်ဟန်လုပ်လိုက်ခြင်း ဖြစ်၏။

"ဒါကြောင့် မူယာ့ကိုချစ်နေရတာ။ သိပ် အလိုက်သိတာပဲ"

မူယာက ဘီယာဘူးကို ဘိုကေ့ပါးစပ်နားတေ့ပေးရာ ဘိုကေက နည်းနည်း မော့သောက်ပြီး

"ကဲ ပြောစရာရှိတယ်ဆို ပြောလေ"

"ကဲ ပြောပါ့မယ်။ ဒါလေးကုန်အောင် သောက်လိုက်ပါဦး"

"သောက်မှာပေါ့။ ဖြည်းဖြည်းပေါ့"

မူယာက စိတ်မရှည်နိုင်ဘဲ ဖြစ်နေ၏။ ထို့ကြောင့်

"ဟင်း... ဒီကတော့ သူသောက်စေချင်လို့ မရှိမဲ့ရှိမဲ့ ငွေကလေးကို မသုံးရက်ဘဲ ဝယ်ထားရတာ။ သူကတော့ ရေခဲစိမ် မဟုတ်လို့ မသောက်ချင်ဘူးပေါ့လေ။ ဒါဆိုလည်း ပေးသွန်ပစ်လိုက်မယ်"

ဆိုပြီး စိတ်ကောက်ဟန်ဆောင်လိုက်သည်။

"အို ဒီလို မဟုတ်ပါဘူး။ သောက်ပါ့မယ်၊ သောက်ပါ့မယ်"

ဘိုကေက ဘီယာဘူးကိုယူပြီး မော့သောက်သည်။

"ကုန်အောင်သောက်မှ ကျေနပ်မှာနော်"

မူယာက ထပ်ပြီးတိုက်တွန်းပြန်သဖြင့် အကုန်သောက်လိုက်ရသည်။

"အား စေတနာကြောင့်လား မသိဘူး။ ဒီတစ်ခါ ဘီယာက ပိုကောင်းသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဘိုကေကပြောပြီး မှုယာကို ဖက်လိုက်။ မှုယာက ဘိုကေမမြင်အောင် ပြုံးသည်။

၁ ၁ ၁

မောင်တီးသည် ဂိုဒေါင်ထဲမှ ထွက်လာပြီး တိုက်ဘေးမှ အသာကပ်လျှောက်လာခဲ့၏။ ပန်းခြံဘက် ချောင်းကြည့်သောအခါ မှုယာက ဘိုကေကို ဘီယာအတင်းတိုက်နေတာ မြင်ရသည်။ ဒီအတိုင်းဆို မှုယာက ကောင်းကောင်းထိန်းထားနိုင်ပြီ။ ထို့ကြောင့် တံခါးပွင့်နေသော နောက်ဖေးဘက်သို့ လာခဲ့၏။

အိမ်ထဲဝင်ပြီးနောက် လှေကားရှိရာသို့ ထွက်အလာမှာ သူလန့်သွားသည်။ ဧည့်ခန်းထဲမှာထိုင်ပြီး ဗီဒီယိုဂိမ်း ကစားနေသော သက်ရှည်ကို တွေ့လိုက်ရသောကြောင့်ပင် ဖြစ်၏။ ကြည့်ရတာတော့ ဗီဒီယိုဂိမ်းထဲမှာ တော်တော်စိတ်ဝင်စားနေပုံရသည်။ သူထိုင်နေပုံက လှေကားနှင့် ဘေးတစောင်း ဖြစ်နေသည်။ လှေကားပေါ်အတက်မှာ မြင်ကောင်းမြင်သွားနိုင်သည်။ သူအာရုံ ဘယ်လောက်စွဲနေသလဲ သိရအောင် အသင့်ပါလာသော ဝက်အူလှည့်ကို ကြမ်းပေါ် ခေါက်ခနဲ ပစ်ချပြီး အသာပုနေလိုက်သည်။ သက်ရှည်က သတိတောင် မထားမိ။

ထိုအခါကျမှ လှေကားနောက် အသာကပ်သည်။ လှေကားပေါ် ခြေဖျော့နင်းပြီး တက်လိုက်သည်။ နှစ်ထစ်လောက် တက်မိချိန်မှာပင်

"ဟား ဟား"

ဆိုသော သက်ရှည်၏ ရယ်သံကြားလိုက်သဖြင့် တွံ့ခနဲ ဖြစ်သွားပြီး ကြက်သေသေသွား၏။ တကယ်တော့ သက်ရှည်က သူ့ကို





မြင်လို့ မဟုတ်။ ဗီဒီယိုဂိမ်း ပွဲစဉ်တစ်ခုမှာ နိုင်လိုက်သဖြင့် ဝမ်းသာအားရ ထအော်ခြင်း ဖြစ်၏။ မောင်တီးမှာ အသက်တောင် မရှုရဲ။ သို့ရာတွင်သက်ရှည်က ပြန်ထိုင်ပြီးနောက်တစ်ပွဲ ဆက်ကစားဖို့ ပြင်နေ၏။ ဒီကောင် တစ်ခါတစ်ခါ ကစားလျှင် နှစ်နာရီ သုံးနာရီ ကြာတတ်သည်။ အလုပ်လုပ်ဖို့ အချိန်ကောင်းကောင်းရသည်။ ထို့ကြောင့် အပေါ်ထပ်သို့ ခြေသံမကြားအောင် တက်လာခဲ့၏။

သတိထားကာမှ ခလုတ်တိုက်ဖြစ်အောင် တိုက်လိုက်သေးသည်။ လှေကားပေါ် ဘယ်သူပစ်ချထားမှန်း မသိသော အချိုရည်ဘူး တစ်ဘူးကို တိုက်မိခြင်း ဖြစ်၏။ အချိုရည်ဘူးက ဂလုံဂလွမ်မြည်ပြီး လှေကားမှ လိမ့်ဆင်းသွားသည်။

ဒီတစ်ခါတော့ မိပြီဟု ထင်လိုက်၏။ သို့ရာတွင် သက်ရှည်က လှည့်မကြည့်ဘဲ…

"ဟေ့ ကိုကြီးဘိုကေ မအိပ်သေးဘူးလား။ ဘီယာတွေ နင်းကန်သောက်ပြီး အမူးလွန်နေလို့ နက်ဖြန် မြင်ဦးလွင် မသွားနိုင်ဘဲ နေဦးမယ်"

ဟု ပြောပြီး ကစားမြဲ ဆက်ကစားနေ၏။ မောင်တီးမှာ ကျဉ်းထဲကျပ်မှာပင် အသံမထွက်အောင် ကျိတ်ရယ်လိုက်မိ၏။

၁ ၁ ၁

ဘိုကေသည် နည်းနည်းတော့ အာလေးလျှာလေး ဖြစ်လာပြီ။ အိပ်ဆေးအရှိန်က ဘီယာအရှိန်နဲ့ရောပြီး တက်လာပြီ။ သို့ရာတွင် သုံးဝသတိလစ်တာမျိုးတော့ မဖြစ်သေး၊ စိတ်ချက်လက်ချ ထားလို့ ရသေး။ ဒီသေနာကြီးကလည်း တော်တော် ခံနိုင်ရည်အားကောင်း



www.burmeseclassic.com

www.burmeseclassic.com



တယ်။ တခြားလူဆို ခုလောက်ဆို ဒေါင်းနေပြီဟု မှုယာစိတ်ထဲက ညည်းညူမိ၏။

တတ်နိုင်သမျှ ပတ်ချွဲနပ်ချွဲထပ်လုပ်ရဦးမည်။ ဘိုကေ့ရင်ခွင်ထဲသို့ ဝိုး၍တိုးကပ်လိုက်သည်။ ချွေးစော်နံလှသဖြင့် အသက်အောင့်ထားရသေးသည်။

"ညီမလေ အစ်ကိုက ပစ်ပြေးသွားမှာကို သိပ်စိုးရိမ်တာပဲ"

"မြေပါဘူး"

စကားပြန်နိုင်သေးသဖြင့် အခြေအနေ မဟန်သေးကြောင်း သိသည်။

"ညီမကို ဘယ်တော့မှ မမုန်းရဘူးနော်"

"မုန်းပါဘူး"

စကားတော ဗလုံးဗထွေး ဖြစ်လာပြီ။ နည်းနည်း ထပ်တင်ပေးလိုက်ဖို့ပဲ လိုသည်။ မှုယာက ဘီယာနောက်တစ်ဘူးကို ယူ၍

"မမုန်းဘူးဆိုရင် သစ္စာရေ သောက်ပြလေ၊ ရော့"

ဘိုကေ၏ ပါးစပ်နား တေ့ပေးသည်။ ဘိုကေက ဘီယာဘူးကို ယူလိုက်ပြီး သူ့ဘာသာ မော့သောက်သည်။ သောက်ရင်းက ပါးစပ်ပေါက်နှင့် တည့်အောင် မကိုင်နိုင်တော့ဘဲ ဘီယာတွေ ဖိတ်စဉ်ကျကုန်သည်။ လက်တစ်ဖက်ကလည်း မှုယာကို ဖက်ထားသေးသည်။ ဘီယာတွေက မှုယာ့ခေါင်းပေါ် ဖိတ်ကျသဖြင့် မှုယာက "ကာလနာကြီး"ဟု အသံတိတ် ကျိန်ဆဲလိုက်၏။

ခဏအကြာတွင် ဘီယာဘူး လွတ်ကျပြီး မြေကြီးပေါ် လိမ့်ထွက်သွားသည်။ မှုယာကို ဖက်ထားသော လက်ကလည်း ပြေလျော့လာသည်။ မှုယာက ဖက်ထားသော လက်ကို ဖယ်ပြီး မော့ကြည့်သော





အခါ ဇက်ကျိုးကျနေတာ တွေ့ရသည်။ ထို့ကြောင့် အသာရုန်းထွက်ပြီး ဘိုကေ့ကိုယ်ကြီးကို ဘေးကသစ်ပင်ကလေးမှာ မှီထားလိုက်သည်။ ပြီးတော့

"အစ်ကိုကြီး အစ်ကိုကြီး"

ဟု လှုပ်နှိုးကြည့်သည်။ မထူးနိုင်တော့။ ခေါင်းကို ကိုင်မကြည့်သည်။ ငိုက်ငိုက်ပြန်ကျသွား၏။ သေချာအောင် ပါးကို တဖျပ်ဖျပ်ရိုက်ကြည့်သည်။ လှုပ်တောင်မလှုပ်။ နောက်ဆုံးကတုံးကို ဒေါက်ခနဲခေါက်ကြည့်လိုက်ပြီး သေချာမှ ပြန်ထွက်လာခဲ့၏။

၁၁၁

ဘိုကေ၏ အိပ်ခန်းထဲတွင် ညအိပ်မီးမှိန်ပျပျ ထွန်းထားသည်။ အလင်းရောင်မှာ မြင်သာထင်သာရှိရုံဖြစ်၍ မောင်တီးအလုပ်လုပ်ဖို့ကောင်းအောင် တမင်ထွန်းထားပေးသလား ထင်ရသည်။

မီးခံသေတ္တာကို တစ်ချက် ကြည့်လိုက်သည်။ ကံကောင်းလျှင် ရွှေတွေငွေတွေပါ ရနိုင်ကြောင်း သဘောပေါက်လိုက်၏။ မှုယာ ပြောသွားသည့်အတိုင်း ကြွက်လျှောက်ပေါ်မှာ စီတင်ထားသော ဘီယာဘူးခွံတွေကိုယူပြီး လှုပ်ကြည့်သည်။ တစ်ဘူးပြီး တစ်ဘူး လှုပ်ကြည့်ရာ ဘူးတွေသာ ကုန်သွားသည်။ သော့တွေကို မတွေ့ရ။

နေရာပြောင်းလိုက်ပြီ ထင်တယ်ဟု တွေးပြီး စိုးရိမ်သွားမိ၏။ အပွဲအံ့ဆွဲကို ဖွင့်ရှာသည် မတွေ့။ အိပ်ရာပေါ်မှာ မွေ့နှောက်ကြည့်သည် မရှိ။ အချိန်က နည်းနည်းလင့်သွားပြီ။ ကိုယ့်ဘာသာကြိုးစားရှာမည်ဟု စိတ်ကူးပြီး ကီရိယာတန်ဆာပလာတွေ ထည့်ထားသော အိတ်ငယ်ကလေးကို ထုတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မီးခံသေတ္တာနား လျှောက်သွားပြီး သော့ပေါက်တွေ စစ်ဆေးကြည့်လိုက်စဉ် သူ မျက်မှောင်တစ်ချက် ကုပ်သွား၏။ သေသေချာချာ ကြည့်လိုက်တော့ မီးခံသေတ္တာတံခါးမှာ လက်နှစ်လုံးလောက် ဟနေတာ တွေ့လိုက်ရသည်။ သူ ပြုံးလိုက်၏။ ဘိုကေသည် မီးခံသေတ္တာကို ပြန်ပိတ်ဖို့ မေ့သွားတာပါလား။ ကံကောင်းချင်တော့ ဒီလိုပဲ ဘာမှတောင် အပင်ပန်းခံနေစရာ မလိုတော့ဟု တွေးရင်း မီးခံသေတ္တာတံခါးကို ဆွဲဖွင့်လိုက်၏။ ထို့နောက် အထဲကို ချောင်းကြည့်လိုက်ရာ သူ့တစ်ကိုယ်လုံး ဖျင်းခနဲဖြစ်သွား၏။ အထဲမှ မျက်လုံးစိမ်းစိမ်းကြီး တစ်စုံက သူ့ကို စူးစိုက်ကြည့်နေသောကြောင့် ဖြစ်၏။

"အမယ်လေး၊ သရဲ"

သူ လန့်အော်ပြီး နောက်ကို ခုန်ဆုတ်လိုက်၏။ အထဲက မျက်လုံးပိုင်ရှင်ကလည်း အပြင်ကိုခုန်ထွက်လာပြီး

"ဘယ်မှာလဲ သရဲ"

ထိုသူမှာ တက်ပုပင် ဖြစ်၏။ တက်ပုနှင့် မောင်တီးတို့သည် တစ်ယောက်ကို တစ်ယောက် လက်ညှိုးထိုးပြီး "သရဲ" "သရဲ"ဟု အပြန်အလှန် အော်နေကြသည်။ ပြီးမှ တက်ပုက မောင်တီးကို မှတ်မိသွားပြီး

"မင်း မင်း ဘာလာလုပ်တာလဲ"

မောင်တီးမှာ အခြေအနေ မဟန်တော့မှန်း သိသွား၏။ ထို့ကြောင့် ဘီယာဘူးခွံတစ်လုံးကို ဆတ်ခနဲလှမ်းယူပြီး တက်ပုကို ပစ်ပေါက်လိုက်သည်။ တက်ပုလန့်ပြီး ငုံ့အရှောင်လိုက်မှာ ပြေးဝင်ပြီး ဖက်လုံးလိုက်၏။ တက်ပုမှာ တောသားပင် ဖြစ်သော်လည်း မြို့တက်ပြီး ဇိမ်ခံနေတာ ကြာပြီဖြစ်၍ သိပ်အမောမခံနိုင်တော့။ သူ့မှာ လုံးရင်း





ထွေးရင်း အောက်မှာချည်း ကျကျနေသည်။ မောင်တီးက အပေါ်က ခွပြီး ဆင့်ဆင့်ထိုးနေသဖြင့် မနည်း ကာကွယ်နေရ၏။

ထိုစဉ်မှာ ရွှေမိအခန်းထဲ ဝင်လာသည်။ သရဲ သရဲ အော်သံကြားစဉ်က ဘိုကေမူးပြီး လျှောက်အော်နေတာ ထင်မိသေးသည်။ အသံက နှစ်သံ ဖြစ်နေသဖြင့် မသင်္ကာဘဲ ပြေးဝင်လာခြင်း ဖြစ်၏။ သူ့လက်ထဲမှာ တစ်တောင်လောက် ရှည်သည့် သနပ်ခါးတုံး ပါလာသည်။

မောင်တီးက တက်ပုကို ခွထိုးနေတာ မြင်သောအခါ ပြေးသွားပြီး မောင်တီး၏ ခေါင်းကိုသနပ်ခါးတုံးဖြင့် ရိုက်ချလိုက်သည်။ "ခွပ်"ခနဲ မြည်သွားပြီး မောင်တီး ငိုက်စိုက်ကျသွား၏။

ထိုအခါကျမှ တက်ပုက လူးလွန့်ရုန်းဖယ်ပြီး ထလာသည်။ ပြီးတော့ လဲကျနေသော မောင်တီးကို ကြည့်၍

"ဟင်း မင်းခုတော့ ဘာတတ်နိုင်သေးလဲ"

ဆိုပြီး ခြေထောက်နှင့် တစ်ချက်ပိတ်ကန်သည်။ မောင်တီးက တုတ်တုတ်မျှ မလှုပ်တော့။ ရွှေမိက မောင်တီးကို ကြည့်ပြီး

"ဒီကောင် မြေပုံဝင်ခိုးတာပဲ ဖြစ်ရမယ်။ ဟင်း သူတို့ကို မသင်္ကာဖြစ်နေတာ ကြာပြီ"

"ဟုတ်လား" ဆိုသော အသံကို ကြားလိုက်သဖြင့် လှည့်ကြည့်သည်။ တံခါးဝမှာ မူယာရပ်နေသည်။

"ဘယ်လဲ လက်သံပြောင်ပါလား။ ဒါပေမယ့် ဟောဒါလေးကိုတော့ ယှဉ်လို့ မရနိုင်ပါဘူး"

ဆိုပြီး လက်ထဲက ပစ္စတိုသေနတ်လေးကို ယမ်းပြသည်။ ရွှေမိက ရှေ့တစ်လှမ်း တိုးမည်ပြုစဉ်



www.burmeseclassic.com

www.burmeseclassic.com



"မလှုပ်နဲ့နော်၊ ဒီသေနတ်ကျည်ဆံက မိန်းကလေးဆိုပြီး ညှာမှာ မဟုတ်ဘူး။ ကဲ ဘေးကို ကပ်လိုက်စမ်း။ နံရံဘက်ကိုကပ်"

တက်ပုနှင့် ရွှေမိတို့ နံရံဘက် ကပ်လိုက်ရသည်။ မူယာက သတိကြီးစွာထား၍ ရှေ့တိုးလာပြီး မီးခံသေတ္တာနားမှာ ရပ်သည်။

ထိုစဉ်တွင် ကျော်အေးအခန်းထဲ ဝင်လာသည်။ မူယာက သေနတ်နှင့် ထိုးချိန်လိုက်၏။ ကျော်အေးက အခြေအနေကို ရိပ်မိသဖြင့် ရွှေမိ၏ရှေ့မှ ဝင်ရပ်လိုက်ပြီး

"ပစ်ချင်ရင် ကျုပ်ကို အရင်ပစ်လိုက်"

"ဩော် သိပ်ချစ်နေကြတယ်ပေါ့။ ဟုတ်လား။ အခုတော့ မပစ်သေးပါဘူး။ လိုချင်တာလေး ယူပါရစေဦး။ လှုပ်မယ်တော့ မကြံနဲ့နော်"

မူယာက ကျော်အေးတို့ကို သေနတ်နှင့် ချိန်ထားရင်း မီးခံသေတ္တာနားကပ်သည်။ ပြီးတော့ မျက်ခြည်မပြတ်ကြည့်ရင်း မီးခံသေတ္တာထဲသို့ လက်နောက်ပြန်ထည့်ပြီး စမ်းလိုက်သည်။ သူမျက်လုံးပြူးသွားပြီး

"အမယ်လေး အာကြီးလဲ"

ဟု လှမ်းအော်လိုက်သည်။ ထိုစဉ်တွင် ကြက်ဖကြီး တစ်ကောင်မှာ ဂစ်ခနဲ အသံပြုပြီး ဝှီးခနဲပျံထွက်လာသည်။ မူယာက လန့်ပြီး မျက်နှာကို လက်နှင့် ကာလိုက်စဉ် ကျော်အေးက အလစ်မပေးဘဲ ပြေးဝင်ပြီး သေနတ်ကိုင်ထားသော လက်ကို ခြေနှင့် ခတ်ထုတ်လိုက်၏။ သေနတ် လွင့်ထွက်သွားသည်။ မူယာ တစ်စုံတစ်ခု တုံ့ပြန်မည် ပြုစဉ်မှာပင် ကျော်အေးက မျက်နှာကို လက်ပြန်ရိုက်ထည့်လိုက်သည်။ မူယာ စိုက်ဆင်းသွား။ ထိုအခါကျမှ တက်ပုက ပြေးပြီး မူယာ





ကို ဖမ်းချုပ်ထားလိုက်သည်။

ကျော်အေးက ကြောင်ကြည့်နေသော ရွှေမိဆီ လျှောက်သွားပြီး

"ရွှေမိ၊ ရွှေမိ ဘာမှ မဖြစ်ဘူးနော်။ ကံကြီးပေလို့သာပေါ့ ရွှေမိရယ်"

ဟု ပြောရင်း ရွှေမိ၏လက်ကို ဆုပ်ကိုင်လိုက်သည်။ ရွှေမိက

"ကိုကျော်အေးကို ကျေးဇူး ကျေးဇူး ကျေးဇူးတင်ပါတယ်"

ဟုပြောပြီး ပြုံးကြည့်လိုက်သည်။

ဒီအခန်းထဲမှာ ဖြစ်ပျက်ခဲ့သမျှကို လုံးဝမသိသူ နှစ်ယောက်တော့ ရှိ၏။

တစ်ယောက်က သက်ရှည်ဖြစ်၏။ သူသည် ဗီဒီယိုဂိမ်းနောက်ဆုံးပွဲစဉ်မှာ ဆက်တိုက်ရှုံးနေသဖြင့် အားမလိုအားမရ မကျေမနပ်ဖြစ်ပြီး သဲကြီးမဲကြီး ကစားနေရာ ဘာကိုမှ သတိမထားနိုင်အောင်ဖြစ်နေခြင်းကြောင့်။

နောက်တစ်ယောက်က ဘိုကေ။ သူကတော့ ဆေးခပ်ထားသောဘီယာတွေ သောက်ပြီး ခုထိ သတိပြန်မရသေး။ ပန်းခြံထဲက ထိုင်ခုံမှာ ဘေးကသစ်ပင်ကြီးကို ဖက်၍ မှီရင်း ပြုံးပြုံးကြီး အိပ်ပျော်နေလေသည်။

"ဒီလိုဗျ၊ ကျုပ်က ကျုပ်ရဲ့ တိုက်ကြက်မျိုးကောင်းလေးကို ပျောက်သွားမှာစိုးလို့ မီးခံသေတ္တာထဲမှာ သွားသိမ်းထားမယ်ဆိုပြီး သွားတာ။ နောက်တော့ ခြေသံကြားလို့ ဘိုကေ ပြန်ဝင်လာပြီ မှတ်နေတာ။ တော်ကြာ မီးခံသေတ္တာထဲ ကြက်ကိုသိမ်းရမလားဆိုပြီး ပူညံ ပူညံ လုပ်မှာစိုးလို့ မီးခံသေတ္တာထဲ



www.burmeseclassic.com

www.burmeseclassic.com



ဝင်ပုန်းနေလိုက်တာ။ သက်စေတ်တော့ ဟိုကောင်ဖြစ်နေ တာကိုး"

တက်ပုက ညတုန်းက အဖြစ်ကို ပြန်ရှင်းပြနေသည်။ ကျော်အေးက...

"ကျွန်တော်လည်း သူတို့ကို မသင်္ကာဖြစ်နေတာ ကြာပြီ။ အရေးကြီးတဲ့ စကားပြောနေရင် မူယာက မနီးမဝေးမှာ မယောင်မလည် လုပ်လုပ်နေတာ သတိပြုမိခဲ့တယ်။ ဒါကြောင့် ညညကျရင် သတိထား အိပ်ဖို့ ရွှေမိကို မှာထားခဲ့တာ"

"ကျုပ်ကတော့ ဒီကောင်မကို စရောက်ကတည်းက ကြည့်လို့ကို မရတာ။ အခုလည်း ကြည့်လေ၊ ကိုကြီးဘိုကေကို အပိုင်ကပ်ပြီး ကြံစည်သွားတာ။ ဟင်း ညတုန်းက ရဲစခန်းကို ခေါ်သွားခါနီးမှာတောင် ရက်စက်တော့မှာလား အစ်ကိုကြီးရယ်ဆိုပြီး ပတ်ချွဲနပ်ချွဲ လုပ်သွားသေးတယ်"

ရွှေမိကလည်း မကျေမနပ် ဝင်ပြော၏။ ဘိုကေမှာ ခုချိန်ထိ တဝါးဝါးသမ်းနေသေးသည်။ သက်ရှည်သည်လည်း တစ်ညလုံး ဗီဒီယိုဂိမ်း ကစားထားသဖြင့် မျက်လုံးတွေ နီရဲနေသည်။

"ကဲ အဲဒါက အရေးမကြီးဘူး။ ပြင်ဦးလွင်ကို တက်ဖို့ကိစ္စ စီစဉ်ကြဦးမှပဲ"

ကျော်အေးက ပြောသည်။ ဘိုကေက

"ဒီနေ့ပဲ သွားကြမယ်ဗျာ။ စောလေကောင်းလေ မဟုတ်လား"

တက်ပုသည် မေးစေ့ကို ပွတ်နေရာမှ

"အင်း ရတနာတွေ ရဖို့ကတော့ လက်တစ်ကမ်းပဲ လိုတော့တယ်။ ကျုပ်တို့ ချမ်းသာလာရင် ဘာလုပ်ကြမလဲဆိုတာ ကြိုပြီး

စဉ်းစားထားဖို့ လိုလိမ့်မယ်"

"ဘာစဉ်းစားစရာ လိုသလဲကွာ။ ရတနာတွေရလို့ ချမ်းသာလာရင် ဒီတိုက်ကြီးကို အပိုင်ဝယ်လိုက်ရုံပေါ့။ ပြီးတော့ ကားတစ်ယောက်တစ်စီး ဝယ်စီးမယ်။ မိန်းမယူမယ်"

သက်ရှည်က ပြောရာ ဘိုကေက...

"မင်းလိုကောင်ကို ဘယ်မိန်းမက ကြိုက်မှာလဲကွ"

"ဟား ဟား၊ ပိုက်ဆံကွ၊ ပိုက်ဆံ။ ပိုက်ဆံရှိရင် ဘာမဆို လုပ်လို့ရတယ်။ မင်းကိုတောင် ဟို မူယာဆိုတဲ့ကောင်မက ပိုက်ဆံလိုချင်လို့ ဝင်ကပ်တာ မဟုတ်ဘူးလား"

"သူ့အကြောင်း ပြောမနေစမ်းပါနဲ့ကွာ။ အလကားကောင်မ"

ကျော်အေးကတော့ ရွှေမိကကော သူ့ကို ကြိုက်နိုင်ပါ့မလားဟု တွေးမိပြီး ရွှေမိကို ဖျတ်ခနဲ ကြည့်သည်။ ရွှေမိက ဘာကိုမှ သိပ်စိတ်ဝင်စားဟန်မပြ။ တက်ပုက ဝင်ပြောပြန်သည်။

"ငါကတော့ ကြက်ခြံအကြီးကြီး ဆောက်မယ်။ တိုက်ကြက် တွေ အကောင်တစ်ထောင်လောက် မွေးမယ်။ မျိုးကောင်းတဲ့ ကြက်တွေကျတော့ တစ်ကောင်ကို မီးခံသေတ္တာ တစ်လုံးစီထဲမှာ ထည့်သိမ်းထားမယ်။ ပြီးတော့ ဒီမှာ သိပ်ပူတယ်ကွ။ အိမ်လောက်ရှိတဲ့ ရေခဲသေတ္တာ ကြီးဝယ်ပြီး အဲဒီထဲမှာ ဝင်နေမယ်"

ဘိုကေက တဟားဟား ရယ်လိုက်ပြီး

"မင်း တော်တော်ညံ့တဲ့ ကောင်ပဲ။ ပိုက်ဆံတွေ အများကြီးရမှတော့ ဒီမှာ ဘယ်နေတော့မလဲကွ။ ရန်ကုန်မှာ သွားနေမှာပေါ့။ ဟိုမှာ အခန်းတွေ အများကြီးပါတဲ့ တိုက်ကြီးတစ်လုံး ဆောက်







www.burmeseclassic.com

www.burmeseclassic.com



မယ်။ မိန်းမတွေ အများကြီးယူပြီး တစ်ခန်းကို တစ်ယောက်ထားမယ်။ ပြီးတော့ တိုက်ခေါင်မိုးပေါ်မှာ တိုင်ကီ အကြီးကြီး တပ်ပြီး ဘီယာတွေ အပြည့်ထည့်ထားမယ်။ ပြီးတော့မှ အခန်းတိုင်းကို ပိုက်နဲ့ သွားထားမယ်။ သောက်ချင်ပြီဆိုမှ ဘုံပိုင်ခေါင်းလေး ဖွင့်ပြီး သောက်လိုက်ရုံပဲ။ ဘယ်လောက် ဇိမ်ကျသလဲ"

ရွှေမိက မဲ့ရွဲ့လိုက်ပြီး နောက်ဖေးဘက် ထထွက်သွားသည်။ ဘိုကေက

"ဟေ့ ရွှေမိ နင်ကော ဘာလုပ်မလဲ။ ရတနာတွေရရင်"

ဟု လှမ်းမေးသည်။

"သိပါဘူးတော်။ ကျုပ်ကတော့ အဘွားနဲ့ပဲ နေချင်တာပဲ"

ဟု ပြန်ပြောပြီး အတွင်းခန်းထဲ ဝင်သွား၏။ ဘိုကေက ကျော်အေးဘက်လှည့်၍

"ခင်ဗျားကော၊ ဘာလုပ်မယ် စိတ်ကူးလဲ"

"ကျွန်တော်လည်း အဘွားနဲ့ပဲ နေ၊ အဲ မဟုတ်ပါဘူး၊ ကျွန်တော် ဘာမှ မစဉ်းစားရသေးပါဘူး"

ကျော်အေးက ယောင်ယောင်ကန်းကန်း ပြောသည်။

သက်ရှည်က ဝင်၍ပြောသည်။

"ဟော့ကောင် ငါကတော့ ရန်ကုန်မှာ မနေနိုင်ဘူး။ ရန်ကုန်က မိုးလည်း တအားရွာတယ်။ ကားတွေလူတွေလည်း ရှုပ်တယ် လူလိမ်တွေ လူရှုပ်တွေလည်း ပေါတယ်လို့ ကြားဖူးတယ်"

"မင်း မန္တလေးကကော ဘာထူးလဲ။ ဖုန်ထူတယ်။ ခြင်ပေါ တယ်။ စက်ဘီးတွေ ရှုပ်တယ်"





"ဘာပဲ ဖြစ်ဖြစ်ကွာ။ ငါကတော့ ရန်ကုန်မှာ မနေနိုင်ဘူး"

"ငါကတော့ ရန်ကုန်မှာပဲ နေမှာပဲ"

"မနေဘူးကွာ၊ မန္တလေးပဲ"

"ရန်ကုန်ကွ"

"မန္တလေးကွ"

"နေ နေကြပါဦးဗျာ။ ဒီကိစ္စက နောက်မှ"

ကျော်အေးက ဝင်ပြောသော်လည်း မရ။

"ဟော့ကောင်၊ ရတနာမြေပုံကို စတွေ့တာ ဘယ်သူလဲ"

"အောင်မာ၊ ငါက ဘာကြီးလဲ မသိဘူး။ ဆက်တူးဆိုလို့ စဉ့်အိုးကြီး ပေါ်လာတာ မဟုတ်လား"

တက်ပုကလည်း ဝင်၍ပြောပြန်သည်။

"ဟော့ကောင်တွေ ဘာပဲဖြစ်ဖြစ် ဒီမြေပုံ ဟိုကောင်တွေ လက်ထဲ ပါမသွားတာ ငါကြောင့်ကွ"

သက်ရှည်က

"အေး ဒါတော့ ဟုတ်တယ်ကွ။ ဘိုကေကတော့ ဟိုကောင်မကို တမ်းတမ်းစွဲ ဖြစ်နေလို့ ကံကောင်းလို့ ဇုက္ခမများတာ"

"အံမာ၊ မင်းကရော ဗီဒီယိုဂိမ်းထဲမှာ တမ်းတမ်းစွဲ ဖြစ်နေလို့ ဟိုကောင် အိမ်ပေါ်တက်သွားတာတောင် မသိလိုက်ဘူး။ မဟုတ်လား"

"တကယ်တော့ ငါက စွန့်စွန့်စားစား ဝင်ပြီး တိုက်ခိုက်လို့ ဟိုကောင်တွေကို ဖမ်းမိတာ။ ဒီတော့ ရတနာတွေရရင် ငါ့ကို တောင် အများဆုံး ပေးသင့်တယ်"

တက်ပုက ထပ်ကွန့်ပြန်ရာ ဘိုကေက...



www.burmeseclassic.com

www.burmeseclassic.com



"ဘာကွ မင်းကို ဟိုကောင်က ခွစီးပြီး ထိုးနေတာ။ ရွှေမိ ရောက်မလာရင် မင်း အသေပဲ မဟုတ်လား။ ဒါကိုများ မင်းက ပိုလိုချင်သေးလား။ ဒီမှာ ဟောကောင်တွေ တစ်ယောက်မှ စကားမရှည်နဲ့ အားလုံးထဲမှာ ငါအကြီးဆုံး။ ငါ ဆုံးဖြတ်တာကို နာခံရမယ်။ ဒါပဲ"

"ဘာလို့ နာခံရမှာလဲကွ"

တက်ပုက ထရပ်လိုက်သည်။ ဘိုကေကပါ ထရပ်သည်။ ပြီးတော့ တစ်ယောက်နှင့် တစ်ယောက် ပေစောင်းစောင်း ကြည့်နေကြ၏။ ကျော်အေးက...

"တော်ကြပါတော့ဗျာ။ ဒီအချိန်မှာ ဒါတွေပြောဖို့ မသင့်တော်ပါဘူး"

တက်ပုက ကျော်အေးဘက် လှည့်ကြည့်ပြီး...

"မဟုတ်ဘူးဗျ ကိုကျော်အေး။ ဒီကောင်က သူအကြီးဆုံး ဆိုပြီး အမြဲတမ်း အနိုင်ကျင့်ချင်တယ်"

"ဟုတ်တယ်။ ငယ်ငယ်ကတည်းက ဒီကောင်ဗိုလ်ကျခဲ့တာ" ဟု သက်ရှည်ကပါ ဝင်ပြောသည်။

"ဗိုလ်ကျတော့ ဘာဖြစ်သလဲ။ မင်းတို့က ဘာလုပ်ချင်သလဲ" ဘိုကေက မေးရင်း ရှေ့တစ်လှမ်းတိုးသည်။ တက်ပုက

"ဘာလုပ်ချင်သလဲဆိုတော့ ချချင်တယ်ကွာ"

ဆိုပြီး ဘိုကေကို ခုန်အုပ်လိုက်သည်။ သူတို့နှစ်ယောက်လုံးထွေးပြီး ကြမ်းပြင်ပေါ် ကျသွားသည်။ တစ်လှည့်တစ်ပြန်စီ အပေါ်စီးရသည်။ ဘိုကေ အပေါ်စီးရလျှင် သက်ရှည်က ဝင်တွန်းလှဲပစ်သည်။ နှစ်ယောက် တစ်ယောက်ဖြစ်သော်လည်း ဘိုကေမှာ အတောင့်တင်းဆုံးဖြစ်၍ မနိုင်ဘဲ ရှိနေကြ၏။ ကျော်အေးက ဝင်ဆွဲသော်လည်း မရ။

"ဟာ လုပ်ကြပါဦး၊ ရွှေမိရေ လာပါဦး"

ကျော်အေးက အော်သဖြင့် ပြေးထွက်လာသည်။အစ်ကို သုံးယောက်ကို တစ်ယောက် လုံးထွေးသတ်ပုတ်နေတာ မြင်သဖြင့် အတင်းဝင်ဆွဲသည်။ ကျော်အေးကပါ ဝင်ကူတော့မှ ရန်ပွဲပြီးသွား၏။

"ဘာဖြစ်ကြတာလဲ။ ဘယ်လို ဖြစ်ကြတာလဲ"

ရွှေမိက မေးသည်။ ဘိုကေတို့မှာ မဖြေနိုင်သေးဘဲ တစ်ယောက် မိုက်ကြည့် ကြည့်နေကြတုန်း။ ရွှေမိက အခြေအနေကိုရိပ်စားမိလိုက်၏။ ထို့ကြောင့်

"ဟင် ရတနာတွေတောင် မရသေးဘူး။ ခုလို ဖြစ်နေကြပြီဆိုရင် ရတနာတွေသာ တကယ်ရလို့ကတော့ တစ်ယောက်ကို တစ်ယောက် အသေသတ်ကြမှာ ကျိန်းသေတယ်။ တော်ပြီး အစ်ကိုတို့နဲ့ မလိုက်တော့ဘူး။ ကျုပ် အဘွားဆီ ပြန်မယ်။ တောပြန်မယ်"

ကျော်အေးက "ဟာမဟုတ်သေးပါဘူးလေ"ဟု ပြောလိုက်သော်လည်း ဘိုကေကတော့

"ကောင်းတယ်၊ ပြန်၊ ပြန်။ အခု ငါတို့သွားမယ့် ခရီးက ကြမ်းတမ်းတယ်။ မိန်းကလေးလိုက်လို့ မကောင်းဘူး။ ဒီတော့ နင်အဘွားဆီ ပြန်စောင့်နေတာ အကောင်းဆုံးပဲ"

"ဟုတ်တယ်၊ ဟုတ်တယ်"

ဒီအခါကျပြန်တော့ တက်ပုတို့ သက်ရှည်တို့က ဘိုကေကို ထောက်ခံနေပြန်၏။ ကျော်အေးက







www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း ရွှေမိကို ရွာအထိ ပြန်ပို့မှ ဖြစ်မှာပေါ့"

"ပို့စရာမလိုဘူး၊ ကျုပ်ကို ဘူတာရုံသာ ပို့ပေး။ ကျုပ်ဘာသာ ပြန်တတ်တယ်"

"ဘယ်ဖြစ်မလဲ။ ရွာထိရောက်အောင် ကျွန်တော်ပို့ပေးမယ်"

"ဟာ ကိုကျော်အေးက ကျုပ်တို့နဲ့လိုက်မှ ဖြစ်မှာပေါ့။ ရွာပြန်ပို့ပြီး ပြန်လာတဲ့အထိစောင့်ရင် အချိန်လင့်ကုန်မယ်"

"ဟုတ်တယ်။ သူ့ဘာသာ ပြန်ချင်လို့ ပြန်တာပဲ။ တစ်ယောက်တည်း ပြန်ပစေပေါ့"

ပြောလို့ရမှာ မဟုတ်မှန်း သိသဖြင့် ရွှေမိကို ဘူတာရုံလိုက်ပို့ရသည်။ ဘယ်ဘူတာမှာ ဆင်းပြီး ဘယ်လိုသွားဆိုတာကို ကျော်အေးက တတွတ်တွတ် မှာနေသည်။ သူက စိတ်မချနိုင်ဘဲ ဖြစ်နေ၏။ ဘိုကေတို့ကတော့ ရထားထွက်တောင် မစောင့်ဘဲ ပြင်ဦးလွင်ကို ထက်ချင်လှပြီ။

သူတို့မှာ လောဘစိတ်ကလေးတွေ ဝင်လာပြီး ကိုယ့်ညီမအရင်းကိုတောင် ဝရုမစိုက်နိုင်လောက်အောင် ဖြစ်နေကြပြီဟု ကျော်အေးသတိပြုမိလိုက်လေသည်။

၁ ၁ ၁

ပိတ်ချင်းမြှောင် ရေတံခွန်မှ ဆက်ထွက်လာကြပြီးနောက် တောင်ကုန်းမြင့် ထစ်ခုပေါ်မှာ နားကြသည်။ သွားရသည့်ခရီးမှာ ကုန်းအတက်အဆင်းများသဖြင့် ပင်ပန်းကြ၏။ အမောပြေနေသောက်နေချိန်တွင် ကျော်အေးက ပြောသည်။

"ကဲ အခုအရေးကြီးတဲ့ အချိန်ရောက်နေပြီ။ ဒီလို အချိန်မျိုး





မှာ အားလုံး ညီညီညွတ်ညွတ် ရှိကြဖို့လိုတယ်။ ဒီတော့ အားလုံး ညီညီညွတ်ညွတ် ရှိပါ့မယ်ဆိုတာ ကတိပေးရလိမ့်မယ်။ ဒါမှ အလုပ် ဆက်လုပ်လို့ ဖြစ်မယ်"

"ပေးပါတယ်ဗျာ"

ဟု ကျန်သုံးယောက်စလုံးက ပြောသည်။ ဘိုကေမှာ နေမထိထိုင်မသာ ဖြစ်နေ၏။ အခုလို ကိစ္စမျိုးမှာ တက်နိုင်သမျှ အမြန်ကင်းအောင် လုပ်ရမယ်ဆိုပြီး ကျော်အေးက ဘိုကေကို ဘီယာ လုံးဝသောက်ခွင့် မပြုခဲ့သောကြောင့် ဖြစ်၏။

"ကဲ၊ နောက်ထပ် စကားဝှက်ကို ဖော်ကြည့်ရအောင်။ ကြောင်အော်သံ ကြားရာအရပ် သို့သွားလော့တဲ့"

"မြေပုံအညွှန်းအရ ဆိုရင်တော့ ဟောဟိုတစ်ဝိုက်မှာ ရှာရမှာပဲ။ ကြောင်အော်သံ၊ ကြောင်အော်သံ၊ အဲ ဟုတ်ပြီ။ ကြောင်က ဘယ်လိုအော်သလဲ"

"ငိုး လို့အော်တာပေါ့"

ဟု သက်ရှည်က ဝင်ပြော်သည်။

"ဟာ၊ မဟုတ်ပါဘူးဗျ။ ကြောင်က ညောင်လို့ မအော်ဘူးလား"

"အော်တယ်"

"ဟုတ်ပြီ။ ဒါဟာ ညောင်ပင်ကို ဆိုလိုတာပဲ။ ဒီနားတစ်ဝိုက်မှာ အထိကရ ညောင်ပင်ကြီးတစ်ပင် ရှိရမယ်"

ကျော်အေးက ကျောပိုးအိတ်ထဲမှ မှန်ပြောင်းကို ထုတ်ပြီးကြည့်သည်။ မှန်ပြောင်းကို ဟိုဒီဝေ့ဝိုက်ကြည့်ပြီးနောက်

"တွေ့ပြီဗျို့"

"ရတနာတွေလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ၊ မဟုတ်သေးဘူး၊ ညောင်ပင်ကြီးကို တွေ့ပြီ။ ဒီမှာကြည့်"

ကျော်အေးက မှန်ပြောင်းကို ဘိုကေ့အား ကမ်းပေးသည်။ ထို့နောက် သက်ရှည်၊ ပြီးတော့ တက်ပု။

"ကဲ သွားကြစို့"

ညောင်ပင်ကြီး ရှာရာသို့ ဦးတည်ထွက်ခွာခဲ့ကြသည်။ ခရီးမှာ တစ်မိုင်ခန့် ဝေးမည်။ သစ်ပင်ချုံပင်တွေ၊ ကျောက်တုံးတွေကို ကျော်လွှားသွားကြမည်။ ဒီကြားထဲ သက်ရှည်နှင့် တက်ပုတို့ ပြဿနာ လုပ်ချင်ကြသေးသည်။ သက်ရှည်က သူထမ်းရသည့် ပေါက်ချွန်းကြီးမှာ တက်ပုထမ်းရသည့် ဝေါ်ပြားထက်အများကြီး ပိုလေးသဖြင့် လဲထမ်းဖို့ ပြောသည်။ တက်ပုက လက်မခံ။ ကိုယ်ကျရာပဲဟု ခပြောရာမှ ငြင်းခုံကြခြင်း ဖြစ်၏။ ကျော်အေးက ခင်ဗျားတို့ကို ညီညွတ်ကြ[...] ကတိခံခိုင်းထားတယ်နော်ဟုဆိုမှ ငြိမ်သွားကြ၏။

အတန်ကြာအောင် လျှောက်ပြီးနောက် ညောင်ပင်ကြီးဆီသို့ ရောက်လာကြသည်။ ညောင်ပင်ကြီးမှာ တကယ်ကအထိကရပင် ဖြ[...] ၏။ ပုံပြင်တွေထဲမှာပါသော လုည်းငါးရာ အရိပ်ခိုနိုင်သည်ဆိုတာမျိုး အကိုင်းကြီးတွေက ဖြာထွက်နေကြရာ မြေကိုပင် ထိလုမတတ် တွေ[...] ညွတ်ကျနေ၏။

"ကဲ ညောင်ပင်ကြီးကို တွေ့ပြီ။ နောက်ထပ်စကားဝှက်တစ်ခု[...] ဟန္နမာန်ညွှန်ပြရာဘက်သို့တဲ့။ အဓိ ဘာလဲ"

ဘိုကေက မေးသည်။ ကျော်အေးက ညောင်ပင်ကြီးကို မေ[...] ကြည့်ရင်း စဉ်းစားနေသည်။ တက်ပုက

"ဟိုအရင်က ဒီညောင်ပင်ပေါ်မှာ မျောက်တွေရှိလိမ့်မယ်။ အဲ[...] မျောက်တွေက လမ်းညွှန်ပြလိမ့်မယ်လို့ ပြောတာနဲ့တူတယ်"





ကျော်အေးက...

"ဒီလိုတော့ ဟုတ်မယ်မထင်။ အဲ ခင်ဗျားခုန ပြောတာဘာလဲ။ မျောက်တွေက လမ်းညွှန်၊ ဟာ သိပြီဗျ။ ဟန္နမာန်ဆိုတာ ဘာလဲ၊ မျောက် မဟုတ်လား။ ဒါဟာ ညောင်ပင်ကြီးကနေ မြောက်အရပ်ကို သွားရမယ်လို့ ဆိုလိုတာပဲ"

"ဖြစ်နိုင်တယ် ဆက်ပြီး စဉ်းစားပါဦး၊ မြေပုံထဲက နောက်ဆုံး စာကြောင်းက ဒဿဂီရိ ဆယ်ယောက်နဲ့ အတူသွားလေတဲ့။ ဒါဟာ အပြီးသတ်အညွှန်းပဲ။ အဲဒါ ဖော်နိုင်ရင် ရတနာတွေ တွေ့ပြီပဲ"

ကျော်အေးက အတော်ကြာအောင် စဉ်းစားနေပြီး

"ဒဿဂီရိဆိုတာ ခေါင်းဆယ်လုံးရှိတယ်။ ဆယ်ယောက်ဆိုတော့ ခေါင်းအလုံးတစ်ရာ အတူသွားဆိုတော့ ဟုတ်ပြီဗျ။ ဟန္နမာန် ညွှန်ပြရာဆိုတဲ့ မြောက်အရပ်ကို ခြေလှမ်းတစ်ရာ တိတိသွားရင် ရတနာသိုက်ကို တွေ့ပြီ"

"ဒါဆို သွားကြစို့"

"ခဏလေး"

ကျော်အေးက သံလိုက်အိမ်မြှောင်ကိုထုတ်ကြည့်သည်။ မြောက်အရပ် ညွှန်ပြထားသည့် အိမ်မြှောင်ထားရာဘက်ကို လှည့်လိုက်၏။

"ကဲ ဟောဒီညောင်ပင် ခြေရင်းကနေ ခြေလှမ်းကို စပြီးရေတွက်မယ်။ ကျွန်တော်နောက်က လိုက်ခဲ့ကြပေတော့။ တစ်၊ နှစ်၊ သုံး၊ လေး"

ကျော်အေးက ခြေလှမ်းကို ရေတွက်ပြီး လျှောက်သည်။ သူ့နောက်မှ တန်းစီပြီး လိုက်ကြ၏။ လူအားလုံးမှာ ကျော်အေး၏ခြေ



www.burmeseclassic.com

www.burmeseclassic.com



ထောက်ကိုသာ ကြည့်၍ စိတ်ထဲက လိုက်ရေတွက်နေကြသည်။ ဤသို့ဖြင့် ခြေလှမ်းအရေအတွက်မှာ တဖြည်းဖြည်း များလာသည်။

"ငါးဆယ့်ငါး၊ ငါးဆယ့်ခြောက်၊ ငါးဆယ့်ခုနစ်၊ ----------၊
ရှစ်ဆယ့်တစ်၊ ရှစ်ဆယ့်နှစ်၊ ----------၊ ကိုးဆယ့်ငါး၊
ကိုးဆယ့်ခြောက်၊ ကိုးဆယ့်ခုနစ်၊ ကိုးဆယ့်ရှစ်"

ထိုနေရာတွင် ကျော်အေး၏ ရေတွက်သံ ရပ်သွားသည်။ နောက်မှ လိုက်လာသူတွေက ကျော်အေးခြေလှမ်းကို ဂရုတစိုက်ကြည့်ပြီး မှတ်နေရာမှ ရေတွက်သံ ရပ်သွားသောအခါ ဘာဖြစ်တာပါလိမ့်ဆိုပြီး မော့ကြည့်လိုက်ရာ

"ဟာ"

အားလုံး ဟာခနဲ ဟင်ခနဲ ဖြစ်သွား၏။ ကျော်အေး၏ ကိုးဆယ့်ရှစ်လမ်းမြောက် ခြေလှမ်းမှာ စေတီငယ်တစ်ဆူ၏ ဖိနပ်တော် အစွန်းမှာ ကျရောက်နေကြောင်းပင် ဖြစ်၏။

ကျော်အေးက နောက်ကိုလှည့်ကြည့်ပြီး

"သဲ့အညွှန်းအတိုင်းဆိုရင်တော့ ဒီနေရာပဲ။ နောက်ထပ် ခြေလှမ်း နှစ်လှမ်းစာဆိုတော့ ဒီစေတီရဲ့ အောက်တည့်တည့်မှာ ရတနာသိုက် ရှိနေတယ်"

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြသည်။ ဘယ်လိုလုပ်ကြမလဲဆိုသော အမူအရာများဖြင့် ဘိုကေက စကားစပြောသည်။

"ဘာပဲဖြစ်ဖြစ် တူးဖို့ပဲ ရှိတော့တာပဲ"

ဟုပြောပြီး သက်ရှည်၏ လက်ထဲမှ ပေါက်ချွန်းကို ဆွဲယူလိုက်သည်။ ကျော်အေးက တစ်စုံတစ်ခု ပြောမည်ပြုသေးသည်။ ဘိုကေကတော့ ပေါက်ချွန်းကကို တအားလွှဲမြှောက်လိုက်ပြီ။ ထိုစဉ်မှာ





"ဟော့ ရပ်လိုက်စမ်း"

ဆိုသောအသံကို ကြားသဖြင့် လှည့်ကြည့်လိုက်ကြသည်။

"ဟင် အဘွား"

အဘွားနှင့် ရွှေမိတို့ ဖြစ်၏။ ရွှေမိက အဘွားကိုတွဲပြီး ခေါ်လာသည်။ အနားရောက်သောအခါ အဘွားက ပေါက်ချွန်းကြီးကိုင်မြှောက်ထားဆဲ ဖြစ်သော ဘိုကေ၏လက်ကို ဖမ်းဆွဲထားပြီး

"မိုက်လှချည်လားဟင်။ နင် ဘုရားကို ဖြိုမလို့ပေါ့လေ"

"ရတနာတွေက ဒီအောက်မှာ ရှိနေတာကိုးဗျ"

ဘိုကေက ပြန်ပြောသည်။

"ဒါဆို ဒီရတနာတွေဟာ ဘုရားပိုင်ပစ္စည်း ဖြစ်နေပြီပေါ့။ ဘုရားကို ဖြိုပြီး ရတနာတွေယူမယ်ဆိုရင် ဘုရားဌာပနာတိုက်ဖောက်တာနဲ့ အတူတူပဲ။ မလုပ်ကောင်းဘူးနော်"

"ဒီလောက်အထိ အပင်ပန်းခံလာခဲ့ပြီး လက်တစ်ကမ်းအလိုကျမှတော့ နောက်မဆုတ်နိုင်တော့ဘူး အဘွား"

"မင်း မလုပ်နဲ့နော် ဘိုကေ။ အဘွားပြောနေတယ်"

ဘိုကေသည် တွေတွေကြီး လုပ်နေသည်။ ပြီးတော့ အံတစ်ချက်ကြိတ်လိုက်ပြီး...

"ကျုပ်ကို မတားနဲ့တော့ အဘွား"

"ဘိုကေ မင်း ငရဲမကြောက်ဘူးလား"

အဘွား၏ စကားကို ဘိုကေ နားမဝင်တော့။ အဘွားလက်ကို ခုန်းဖယ်ပြီး ပေါက်ချွန်းကို လွှဲမြှောက်လိုက်သည်။ ထိုစဉ်မှာပင် သူ့မျက်လုံး ပြာခနဲ ဖြစ်သွားသည်။ စေတီ၏ အုပ်ခပ်တွေကြားမှ ပါးပျဉ်းထောင်နေသော မြွေဟောက်ကြီးတစ်ကောင် ထွက်လာသည်ကို မြင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသောကြောင့် ဖြစ်၏။ ဘိုကေသည် ပြုံးကြောင်ပြီး ကြည့်နေသည်။ တခြားလူများကလည်း ဘိုကေကို စူးစိုက်ကြည့်နေကြသည်။

"မင်းလက်ထဲက ပေါက်ချွန်းကို ချလိုက်စမ်း"

အဘွား၏ အသံထွက်လာသည်။ ဘိုကေလက်ထဲက ပေါက်ချွန်းကို တဖြည်းဖြည်း နှိမ့်ချလိုက်ပြီး မြေကြီးပေါ် လွှတ်ချလိုက်၏။ မြွေကြီးလည်း မြင်ကွင်းမှ ပျောက်သွားသည်။ အမှန်တော့ ဘိုကေသည် သူ့လောဘစိတ်ကို မြွေဟောက်တစ်ကောင်အသွင်ဖြင့် ပြန်မြင်လိုက်မိခြင်းသာ ဖြစ်လေသည်။

အဘွားက ဘိုကေ၏လက်မောင်းကို ဆုပ်ကိုင်ပြီး ညင်သာသော လေသံဖြင့်...

"စိတ်လျှော့လိုက်ပါတော့ ငါ့မြေးရယ်။ တို့တစ်တွေ ရသင့်သလောက်လည်း ရခဲ့ပြီးပြီပဲ။ ဒီအောက်က ရတနာတွေကိုတော့ ဘုရားကို လှူလိုက်တယ်လို့ပဲ သဘောထားလိုက်ပါတော့။ ဒီရတနာတွေရဲ့ ပိုင်ရှင် သူဌေးကြီးဦးသူရ မှာခဲ့သလို စေတီတစ်ဆူတည်ပြီးပြီလို့ မှတ်ယူပြီး ဦးသူရအတွက် အမျှအတန်းဝေပြီး ပြန်ကြပါစို့ရဲ့။ လောဘဆိုတာ မသတ်နိုင်ရင် အန္တရာယ် သိပ်ကြီးပါတယ်ကွယ်"

တက်ပုနှင့် သက်ရှည်တို့က ခေါင်းညိတ်သည်။ ကျော်အေးက ရွှေမိကို ကြည့်လိုက်သည်။ ရွှေမိကလည်း ခေါင်းညိတ်ပြသည်။ ဘိုကေသည် တွေတွေကြီး ရပ်နေရာမှ ဆတ်ခနဲ ထိုင်ချလိုက်ပြီး စေတီ ခေါင်းထိ၍ ဦးသုံးကြိမ်ချလိုက်သည်။

တခြားသူများလည်း ထိုင်၍လိုက်ကန်တော့ကြသည်။ ဆွဲလွှဲများကား လေပြည်တွင် သာယာစွာ ထွက်ပေါ်နေလေသည်။

))) 





ဘိုကေတို့ ပြဿနာဖြစ် သတ်ပုတ်ကြပြီးနောက် ရွှေမိရွာသို့ ပြန်ပြီး အဖြစ်အပျက်ကို အဘွားအား ပြောပြခဲ့သည်။ အဘွားက ဒီအတိုင်းဆိုရင် ဒုက္ခရောက်တော့မှာပဲဟု တွက်သည်။ ပိတ်ချင်းမြှောင်ရေတံခွန်ဆိုတာအထိ စကားဝှက်ကို ဖော်ထုတ်နိုင်ကြောင်း ရွှေမိက ပြောပြသည်။ ထိုအခါ ရှေးလူကြီးဖြစ်သော အဘွားတင့်က ကျန်သော စကားဝှက်များကို အနီးစပ်ဆုံး တွေးဆကြည့်နိုင်သဖြင့် ဘိုကေတို့နောက်သို့ လိုက်လာခဲ့ခြင်း ဖြစ်၏။

မန္တလေးရှိ တိုက်သို့ ပြန်ရောက်သောအခါ အဘွားက အားလုံးကို စုဝေးပြီး ဆုံးမစကားပြောသည်။

"ကဲ အားလုံး နားထောင်ကြ။ ငါတို့ ရွာပြန်ကြမယ်။ တို့တောသူ တောင်သားဆိုတာ တောမှာပဲ ပျော်သင့်တယ်။ လယ်ယာလုပ်ငန်းဟာ ငါတို့အတွက် အသင့်တော်ဆုံးပဲ။ ဒါကြောင့် ရွာမှာ ငါလယ်တွေ ငါးဆယ်ဝယ်ထားတယ်။ တို့အားလုံး တက်ညီလက်ညီ လုပ်ကြရင် တစ်သက်လုံး ချောင်ချောင်လည်လည် နေသွားနိုင်တယ်။ ဘယ်နှယ့်လဲ"

ရွှေမိက...

"ကျုပ်ကတော့ အဘွားပြောတာ သဘောကျတယ်။ မြို့မှာဆိုရင် ကျုပ်တို့က ဘာမှလုပ်ကိုင်စားသောက် တတ်တာ မဟုတ်ဘူး။ ရှိသမျှငွေတွေ ထိုင်ဖြုန်းပြီး စားသောက်နေတာနဲ့ ကုန်မှာပဲ"

တက်ပုက...

"အေးဟုတ်တယ်၊ ငါလည်း မြို့မှာနေရတာတစ်ခုခု လိုနေသလိုပဲ။ နောက်မှ စဉ်းစားမိတယ်။ တို့တောမှာလို ကြက်ဥ...သံ



www.burmeseclassic.com

www.burmeseclassic.com



မကြားရတော့ ရင်ထဲမှာ ဟာနေတယ်"

"ငါလည်း တုံးမောင်းခေါက်သံကို သတိရတယ်ကွာ။ မင်းကော"

သက်ရှည်က ပြောပြီး ဘိုကေကို လှည့်မေးသည်။ ဘိုကေက တိုက်ကြီးအတွင်း လှည့်ပတ်မျက်စိကစားလိုက်ပြီးမှ

"အေးကွာ။ လှောင်ပိတ်နေတဲ့ တိုက်ကြီးထဲမှာ ဘီယာသောက်ရတာထက် ထန်းပင်အောက်မှ လွတ်လွတ်လပ်လပ် ထန်းရည်မော့ရတာက ပိုကောင်းပါတယ်။ ဟုတ်တယ်။ ငါတို့ ရွာပြန်ကြမယ်"

အဘွားက ကျေကျေနပ်နပ်ကြီး ပြုံးလိုက်ပြီး...

"နောက်တစ်ခု ရှိသေးတယ်ကွဲ့။ မင်းတို့အတွက် အဘွားက ကားတစ်စီး ဝယ်ထားတယ်"

"ဘာ ကား ဟုတ်လား"

"ဟုတ်တယ်၊ မောင်ကျော်အေးကို သွားဝယ်ခိုင်းထားတယ်"

တစ်ယောက်ကို တစ်ယောက်ကြည့်၍ ဘယ်လိုလဲ ဆိုသောသဘော မေးငေါ့ပြကြသည်။ ထိုစဉ်တွင် ကျော်အေး ဝင်လာသည်။

"ကားရောက်ပါပြီ အဘွား"

"ကဲ လာ လိုက်ကြည့်ကြ"

အဘွားက ဦးဆောင်ပြီး တိုက်အပြင်သို့ ခေါ်သွားသည်။ တိုက်ရှေ့မှာ ရပ်ထားသော နောက်တွဲအသင့်တပ်ထားပြီးသော လက်တွန်းလယ်ထွန်စက်ငယ် တစ်စီး ဖြစ်၏။

"ဟောဒီကားက တို့အတွက် အသင့်တော်ဆုံးပဲ။ လယ်ထွန်လို့လည်း ရတယ်။ ရေတင်လို့လည်း ရတယ်။ စပါးသယ်၊ လူစီးလို့လည်း ရတယ်"

အဘွားက ပြောသည်။ ဘိုကေက ထွန်စက်ကို ပွတ်သပ်ကြည့်ပြီး...

"ကောင်းတယ် အဘွား၊ ကောင်းတယ်"

၁၁၁

ကားပေါ်ကို ပစ္စည်းတွေ သယ်နေကြစဉ် ရွှေမိသည် ပန်းခြံထဲမှာ ရပ်ပြီး တစ်ယောက်တည်း ငေးနေမိ၏။ သူသည် တောမှာသာ ပျော်သူ၊ တောမှာသာ နေချင်သူ ဖြစ်၏။ အခု တောကို ပြန်ရတော့မည်။ သို့ရာတွင် ထင်သလောက် ဝမ်းမသာသလို တစ်စုံတစ်ခု လိုနေသလို ဖြစ်နေ၏။

"ရွှေမိ"

ခေါ်သံကြား၍လှည့်ကြည့်သည်။ သူ့ဘေးမှာ ကျော်အေးလာရပ်သည်။

"ရွှေမိတို့ တကယ်ပြန်တော့မှာပေါ့နော်"

ကျော်အေးအသံက တစ်မျိုးဖြစ်နေကြောင်း ရွှေမိ သတိပြုမိသည်။

"တောသူ တောကိုပြန်တာ ဆန်းသလား ကိုကျော်အေးရဲ့"

"ဟုတ်ပါတယ်။ မဆန်းပါဘူး။ ဒါပေမဲ့ အစ်ကို့အဖို့တော့ ရွှေမိတို့နဲ့ တွေ့ဆုံရပြီး သံယောဇဉ်ဖြစ်ရတာ အိပ်မက်တစ်ခုလိုပါပဲ။ ခုလို ခွဲခွာရမယ့် အချိန်ရောက်လာတော့လည်း ရင်ထဲမှာ တစ်မျိုးကြီးပဲ"

ကျော်အေးက ပြောပြီး ရွှေမိကို တစ်ချက်အကဲခတ်သည်။ ရွှေ







www.burmeseclassic.com

www.burmeseclassic.com



မိက ဘာမှပြန်မပြော။ ကျော်အေးကပင်

"ရွှေမိကို အစ်ကိုတစ်ခုပြောချင်တယ်"

"ပြောလေ၊ ဘာပြောမလို့လဲ"

ကျော်အေးက တံတွေးမျိုချလိုက်ပြီးမှ...

"ဟို ဟို တစ်ခါတုန်းက ရွှေမိကို မေးဖူးတယ် မဟုတ်လား။ တစ်ယောက်ယောက်ကများ ရွှေမိကို ချစ်တယ်လို့ ပြောလာရင် ဘယ် လို တုံ့ပြန်မလဲလို့။ အဲဒီတော့ ရွှေမိက ပါးပိတ်ချလိုက်မှာ ပေါ့လို့ ပြောခဲ့တယ် မဟုတ်လား"

"အင်းလေ အဲဒါ ဘာဖြစ်လဲ"

"တကယ်လို့ တကယ်လို့ ရွှေမိကို ချစ်တယ်လို့ ပြောတဲ့သူဟာ အစ်ကို ကိုယ်တိုင်ပဲဆိုရင်ကော ရွှေမိက ပါးရိုက်မှာပဲလား"

ရွှေမိက ပြုံး၍...

"ကိုကျော်အေးကိုတော့ ဘယ်ရိုက်ပါ့မလဲ။ ကိုကျော်အေးက ကျုပ်တို့ရဲ့ ကျေးဇူးရှင်ပဲဟာ။ ဟိုညက ကျုပ်ကို ဟိုကောင်မက သေနတ်နဲ့ ချိန်တော့ ကျုပ်ရှေ့က ကိုကျော်အေးက ဝင်ကာ ခဲ့တယ်လေ။ အဲဒီကတည်းက ကိုကျော်အေးရဲ့ စေတနာကို ကျုပ်သိခဲ့တာပါ"

"ဒါဆို အစ်ကို့ကို ပြန်မချစ်နိုင်ဘူးလားဟင်"

"ဒါတော့ ကျုပ်မပြောတတ်ဘူးတော့။ ကျုပ်ကိုချစ်ရင် အဘွားကို လာပြောပေါ့။ အဘွား သဘောတူရင် ကျုပ်က မငြင်းပါဘူး။ တစ်ခုတော့ ရှိတယ်။ ကျုပ်က မြို့မှာတော့ မနေနိုင်ဘူး။ ကိုကျော်အေး တောမှာလာနေပြီး ကျုပ်တို့နဲ့ ဒိုးတူပေါင်ဖက် လယ်ယာလုပ်ငန်းကို လုပ်နိုင်မယ်ဆိုရင်တော့ ရွာကိုလာခဲ့ပါ။





ကျုပ် မျှော်နေပါ့မယ်"

ကျော်အေးက တွေဝေဝေ လုပ်နေ၏။ တစ်စုံတစ်ခု ပြောမည် ပြင်လိုက်စဉ်

"ရွှေမိရေ၊ သွားကြစို့ဟေ့။ အားလုံး အဆင်သင့် ဖြစ်နေပြီ"

အိမ်ရှေ့ဘက်မှ လှမ်းခေါ်သံ ကြားရသည်။

"ဟော အဘွားခေါ်နေပြီ။ ကျုပ်သွားတော့မယ်နော်"

ရွှေမိ လှည့်ထွက်သွားသည်။ ကျော်အေးမှာ တစ်ခုခု ပြောတော့ မလို လှမ်းခေါ်ရတော့မလို လက်မြှောက်လိုက် လက်ချလိုက် ဖြစ်ပြီးမှ ခပ်လေးလေးလျှောက်လိုက်သွားသည်။

လက်တွန်းထွန်စက်ကလေး၏ နောက်တွဲပေါ်မှာ ပစ္စည်းတွေရော၊ လူတွေရော တက်နေရာယူပြီးကြပြီ။ ဘိုကေက မောင်းသူနေရာကို ယူထားသည်။ ရွှေမိက နောက်တွဲပေါ် တက်၍ အစွန်းမှာထိုင်လိုက်သည်။ ကျော်အေးလည်း အနားမှာသွားရပ်ရင်း ခေါင်းငိုက်စိုက်ချလိုက်သည်။ ဘိုကေက လှည့်ကြည့်ပြီး...

"ကဲ ကိုကျော်အေး ကျုပ်တို့ကို အစစကူညီခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ။ ကျုပ်တို့ရွာကိုလည်း လာလည်ပါ။ ခင်ဗျားကို အချိန်မရွေး ကြိုဆိုပါ့မယ်။ ကဲ သွားမယ်ဗျာ"

အဘွားကလည်း...

"ကဲ၊ အဘွားတို့သွားမယ် မောင်ကျော်အေး"

ရွှေမိသည် ကျော်အေးကို တစ်ချက်ကြည့်လိုက်၏။ အလိုလိုနေရင်း မျက်ရည်ဝဲလာသည်။

"ကိုကျော်အေး၊ ကျုပ်သွားတော့မယ်နော်"

ကျော်အေးက ခေါင်းကို ခပ်ဖြည်းဖြည်း ညိတ်ပြသည်။ သူတို့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်၏ အမူအရာကိုကြည့်ပြီး အဘွားက ခေါင်းတညိတ်ညိတ် လုပ်နေသည်။

ဘိုကေက ထွန်စက်ကို စက်နှိုးသည်။ ပြီးတော့ ဂီယာသွင်း မောင်းထွက်သည်။ သို့ရာတွင် ဘက်ဂီယာကို မှားထိုးမိသဖြင့် ရှေ့ကို မထွက်ဘဲ နောက်ကိုဆောင့်ထွက်သွားသည်။ ထိုအခါ နောက်မှာ ရပ်နေသော ကျော်အေး၏ ခြေထောက်ကို ဝင်ဆောင့်မိပြီး ကျော်အေးမှာ နောက်တွဲပေါ်သို့ ဟပ်ထိုးလဲကျသွား၏။

ထိုအချိန်မှာပင် ဘိုကေက ဂီယာမှန်ပြန်ထိုးပြီး ရှေ့ကိုမောင်းထွက်သွားသည်။ ကျော်အေးလဲအကျမှာ ရွှေမိက စိုးရိမ်ပြီး လက်ကို ဖမ်းကိုင်ထားသဖြင့် ကျော်အေးမှာ နောက်တွဲပေါ်တွင် ကိုယ်တစ်ပိုင်း တန်းလန်းနှင့် ပါသွားသည်။

သက်ရှည်နှင့် တက်ပုတို့က ကျော်အေးကို နောက်တွဲပေါ် ဆွဲတင်သည်။ သက်ရှည်က

"ခင်ဗျားကလည်း လိုက်ချင်ရင် စောစောစီးစီးက တက်လိုက်လာတာ မဟုတ်ဘူး"

ဟု ပြောလိုက်သေးသည်။ ကျော်အေးမှာ နောက်တွဲပေါ် ရောက်သွားပြီးနောက် ရွှေမိကိုတစ်လှည့်၊ အဘွားကိုတစ်လှည့် ကြည့်နေမိ၏။ အဘွားက ပြုံး၍...

"မထူးပါဘူး မောင်ကျော်အေးရယ်၊ ရွာကို တစ်ခါတည်းသာ လိုက်ခဲ့ပါတော့"

ရွှေမိကလည်း...

" ဟုတ်သားပဲ ကိုကျော်အေးကလည်း"

ဟု ပြုံး၍ ပြောသည်။ ကျော်အေးက 'ဟီးဟီး'ဟု ရယ်လိုက်ပြီး





"ကျွန်တော်လည်း အဲဒါပြောမလို့ပါပဲ။ ရှတ်တရက် ပြောမထွက်လို့"

သူတို့၏ လက်တွန်းထွန်စက်ကလေးသည် မန္တလေးမြို့ လယ်ကောင်မှာ အရှိန်နှင့် ပြေးနေသည်။ လမ်းမှာတွေ့သမျှ လူများကို ဝမ်းမြောက်ဝမ်းသာ လက်ပြနှုတ်ဆက်ကြသည်။ မန္တလေးမြို့တော်သူ မြို့တော်သားများမှာ သူတို့ဘာကြောင့် ဒီလောက် ပျော်ရွှင်နေကြပါလိမ့်ဆိုပြီး တအံ့တသြ ငေးမောကြည့်နေကြလေသည်။

မင်းလူ

(၁-၄-၉၇)

(ရင်မောခြင်းနှင့် ရယ်မောခြင်း စာအုပ်၊

၁၉၉၇၊ ဒီဇင်ဘာ)



www.burmeseclassic.com